Weekly NEWS ELEVEN

No 17 Vol 7 January 25 Wednesday 2012

# မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု ရုပ်သင့်ပြီလား

# မြန်မာ့စီးပွားရေးကဏ္ဍ ၂၀၁၂ မှာ အလျင်အမြန်ပြောင်းလဲရတော့မည်

စာ ( ၂၅ ) သို့

## အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းအပါအဝင် အထက်လွှတ်တော်အမတ်လေးဦး မြန်မာနိုင်ငံသို့ လာရောက်

စာ ( ၃ ) သို့



ဓာတ်ပုံ ■ ထွန်းနေလှိုင် (နောင်ပိန်)

## မြန်မာနိုင်ငံ၌ လယ်သမားများထံမှ ပုဂ္ဂလိကကုမ္ပဏီသို့ လွှဲပြောင်းပေးသောမြေကေတိုးလာ လယ်ယာမြေဆုံးရှုံးမှုသည် နိုင်ငံလူဦးရေ၏ ၄၂ ရာခိုင်နှုန်းနေထိုင်ရာ တောင်ပေါ်တိုင်းရင်းသားဒေသများတွင် အဓိက ဖြစ်ပေါ်နေ

စာ ( ၆ ) သို့

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လယ်ယာမြေအချို့



ဓာတ်ပုံ ■ မြင့်မောင်ကျော်

## မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်ပိုင်ဆိုင်မှု ကမ္ဘာတွင်အဆင့်(၁၄)ရှိပြီး အာရှဒေသနိုင်ငံများတွင် အဆင့်(၅)တွင်ရှိ ရှိပြီးသော ရေအရင်းအမြစ်များကာကွယ်ထိန်းသိမ်းရန် ဥပဒေတစ်ရပ်အခိုင်အမာပြဋ္ဌာန်းရန်လိုအပ်နေကြောင်း ပညာရှင်များသုံးသပ်

စာ ( ၆ ) သို့

မြစ်ဆုံဒေသတစ်နေရာ

## ပြည်တွင်းအထည်ချုပ်လုပ်ငန်းများသို့ ပြည်ပနိုင်ငံများမှ အထည်အော်ဒါမှာယူမှုတွင် လတ်တစ်လော၌ ဂျပန်နိုင်ငံမှ အများဆုံးဖြစ်နေ

စာ ( ၅ ) သို့

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ခိုင်ဖြိုးပါတီ အထူးအစည်းအဝေးပြုလုပ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထူးအစည်းအဝေးကို ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ သူရဦးရွှေမန်း၊ ပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ် ၈၀၉ ဦး တက်ရောက်ခဲ့ကာ ယခင်အသင်းအနေမှ ပါတီအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းပြီးနောက် ပထမဆုံးကျင်းပသည့်အထူးအစည်းအဝေးဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ အစည်းအဝေးတွင် သူရဦးရွှေမန်းက ပါတီအနေဖြင့် ပြည်သူလူထုအတွင်းမှ အခြေအနေမှန်များကို ရှာဖွေလေ့လာသုံးသပ်ပြီး ပြည်သူ့အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများမှဆောင်ရွက်ဖြည့်တင်းပေးနိုင်ရေးများကို ပါဝင်ဆောင်ရွက်ရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေပြီဖြစ်သည့်အတွက် ပြည်သူ့သဘောထား၊ ပြည်သူ့ဆန္ဒများသည် ကောင်းမွန်အကျိုးရှိပါကရဲရဲဝံ့ဝံ့ သတ္တိရှိရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူများဒုက္ခမရောက်စေရန်၊ စိုးရိမ်သောကစိတ်များ မရှိစေရန်တို့ကို ပါတီအနေဖြင့် တတ်စွမ်းသမျှ ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။


| | |
|---|---|
| အယ်ဒီတာချုပ် | ဝေဖြိုး |
| အမှုဆောင်အယ်ဒီတာ | သန်းဇော်ထွန်း |
| သတင်းထောက်ချုပ် | မာန်သူရှိန် |
| အကြီးတန်းအယ်ဒီတာ | ဇော်ဇော်အောင်၊ အငယ်ထွေး၊ အောင်စည်ဟိန်း၊ ဟိန်းမင်းလတ်၊ ဖြူနု၊ နေထွန်းနိုင်၊ ကျော်ဇေယျ၊ ဇေဝင်းနောင် |
| အကြီးတန်းသတင်းထောက် | လင်းလင်းခိုင်၊ ရတနာဦး၊ ကျော်ထင်၊ ဝေယံဖြိုးဦး၊ ဝင်းမြင့်ကျော်၊ မင်းသီဟဇော်၊ စည်သူအောင်၊ ချမ်းမြေ့သူ |
| မျက်နှာဖုံးဒီဇိုင်း | မြင့်မောင်ကျော် |
| အတွင်းစာမျက်နှာဖွဲ့စည်းမှု | ELEVEN MEDIA GROUP |
| ကြော်ငြာမန်နေဂျာ | သန္တာအောင် |
| မန္တလေးရုံးခွဲ | |
| တာဝန်ခံ | စိုးထက်ခိုင် |
| နေပြည်တော်ပျဉ်းမနားရုံးခွဲ | |
| တာဝန်ခံ | နေရိုင်း |
| ထုတ်ဝေသူ | Eleven Media Group (ယာယီ/၁၀၅၉) |
| ပုံနှိပ်သူ | Eleven Press (ယာယီ/၁၆၃၉) |
| စောင်ရေ၊ တန်ဖိုး | ၁၅၀၀၀၊ ၃၅၀ ကျပ် |
| ဖြန့်ချိရေးနှင့်ဂျာနယ်တိုက် | အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄ |


# ၈၈ မျိုးဆက်ကျောင်းသားများ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး သဘောထားကြေညာချက်ထုတ်ပြန်




၈၈ မျိုးဆက်ကျောင်းသားများ၏သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့ တော်ဝင်စင်တာ၌ပြုလုပ်နေစဉ်

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဇန်နဝါရီလ ၁၃ ရက်နေ့ကလွတ်မြောက်လာခဲ့သည့် ၈၈ မျိုးဆက် ကျောင်းသားများသည် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ရှိ တော်ဝင်စင်တာတွင်ပြုလုပ်ခဲ့ပါသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် အချက်(၉)ချက်ပါဝင်သော ၈၈ မျိုးဆက်ကျောင်းသားများ၏သဘောထားထုတ်ပြန်ချက်ကိုထုတ်ပြန်ခဲ့ပြီး အဆိုပါသတင်းစာရှင်းလင်းပွဲသို့ပြည်တွင်းပြည်ပသတင်းစာဆရာများ အပါအဝင် လူဦးရေ ၆၀၀ကျော် တက်ရောက်ခဲ့သည်။ ၈၈ မျိုးဆက်ကျောင်းသားများ၏ သဘောထားထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**၈၈ မျိုးဆက်ကျောင်းသားများ၏ သဘောထားထုတ်ပြန်ချက်**

၁။ ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားများသည် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီးမှစတင်၍အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်နေကြသူများဖြစ်သည်။

၂။ ကျွန်ုပ်တို့နိုင်ငံသားများသည် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးမူဝါဒအမှားများ ဒီမိုကရေစီဆိတ်သုဉ်းမှုများကြောင့်ဆင်းရဲနွမ်းပါးမှု၊ ပညာရေး၊ ကျန်းမာရေးနိမ့်ကျမှုစသည့် လူမှုဒုက္ခအဝဝကိုဆယ်စုနှစ်ငါးခုကျော် ခံစားခဲ့ကြရပြီးဖြစ်သည်။

၃။ ယနေ့အချိန်သည် စစ်မှန်သော ဒီမိုကရေစီဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်သို့ ဦးတည်ကြိုးပမ်းကြရမည့်အချိန်ဖြစ်သည်ဟု ယုံကြည်သည်။

၄။ စစ်မှန်သော ဒီမိုကရေစီဖော်ဆောင်ရေးအတွက် လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဒေါ်အောင်ဆန်းစုကြည်၏ဆုံးဖြတ်ချက်အားထောက်ခံသည်။ ၈၈ မျိုးဆက်ကျောင်းသားများအနေဖြင့် အားပေးဝန်းရံသွားမည်။

၅။ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသော တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်များမှ တစ်ဆင့် ပိုမိုကျယ်ပြန့်ပြည့်စုံသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖြစ်ပေါ်စေရန် အမျိုးသားအင်အားစုအားလုံးနှင့်လက်တွဲဆောင်ရွက်သွားမည်။

၆။ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များအားပြန်လည်စုစည်းနိုင်ရန်၊ နိုင်ငံရေးအရ ထိန်းသိမ်းခံထားရသည့်ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားအားလုံးပြန်လည်လွတ်ပေးရေး၊ နိုင်ငံရေးအရတိုင်းပြည်မှ ထွက်ခွာခဲ့ရသော ပြည်ပရောက်နိုင်ငံရေးအင်အားစုများ ဂုဏ်သိက္ခာရှိရှိ ပြန်လာနိုင်ရေးတို့အတွက်ပြည်ထောင်စုအစိုးရမှအမြန်ဆုံးဆောင်ရွက်ပေးပါရန်ကျွန်ုပ်တို့မှအလေးအနက်တိုက်တွန်းအပ်ပါသည်။

၇။ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ဂုဏ်သိက္ခာမြင့်မားလာစေရေးအတွက် နိုင်ငံတကာနှုန်းစံများနှင့်အညီကျင့်သုံးဆောင်ရွက်မှုများ၊ အိမ်နီးချင်းနိုင်ငံများအပါအဝင်နိုင်ငံတကာမိသားစုများနှင့်ဆက်ဆံရေးတိုးမြင့်လာစေရန်ကြိုးပမ်းဆောင်ရွက်မှုများအား အားပေးထောက်ခံသွားမည်။

၈။ ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်သမ္မတဦးဆောင်သည့် အစိုးရအဖွဲ့၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တပ်မတော်အင်အားစု၊ နိုင်ငံရေးပါတီအသီးသီး၊ တိုင်းရင်းသားအင်အားစုများအပါအဝင် မြန်မာ့လူ့အဖွဲ့စည်းတစ်ရပ်လုံးရှိ ပြုပြင်ပြောင်းလဲရေးအင်အားစုများနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်သွားမည်။

၉။ မြန်မာနိုင်ငံဒီမိုကရေစီရေး၊ လူ့အခွင့်အရေးကြိုးပမ်းမှုများတွင် အားပေးကူညီထောက်ခံနေသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ နိုင်ငံတကာမိသားစုများနှင့် လက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ယုံကြည်ထက်သန်စွာအကောင်အထည်ဖော်နေသူအားလုံးအား ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားများမှ အလေးအနက်တန်ဖိုးထားအပ်ပါသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမြအေး၊ ကိုဌေးကြွယ်၊ ကိုလှမျိုးနောင်၊ ကိုမင်းဇေယျာ၊ ကိုဂျင်မီတို့က တက်ရောက်လာသည့်သတင်းမီဒီယာများ၏မေးခွန်းများကိုပြန်လည်ဖြေကြားခဲ့ပြီး ပြန်လည်ဖြေကြားခဲ့သည်များထဲတွင် အနောက်နိုင်ငံများ၏မြန်မာနိုင်ငံအပေါ်အရေးယူပိတ်ဆို့မှုများ၊ နိုင်ငံရေးအကျဉ်းသားများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ကြားဖြတ်ရွေးကောက်ပွဲ၊ စီးပွားရေးဆိုင်ရာအမြင်များ၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ၈၈ မျိုးဆက်ကျောင်းသားများ၏သဘောထားအမြင်များကိုဖြေကြားရှင်းလင်းခဲ့ပါသည်။

# ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ တရုတ်နိုင်ငံ ရွှေလီ၌ နှစ်ရက်ကြာတွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့်KIOကိုယ်စားလှယ်အဖွဲ့တို့ တရုတ်နိုင်ငံ ရွှေလီမြို့၌ ဇန်နဝါရီလ ၁၈ ရက်နှင့် ၁၉ ရက်နေ့များတွင်တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုအပြီးတွင်ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။

ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက်လုပ်ဆောင်မှုတစ်ရပ်အနေဖြင့် ပြုလုပ်ခဲ့သော အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဦးအောင်သောင်း ဦးဆောင်သောအဖွဲ့ဝင် ၁၃ ဦးနှင့် KIOအဖွဲ့မှအဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်ခေါင်းဆောင်သော အဖွဲ့ဝင် ၁၁ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးမှုအပြီး ထုတ်ပြန်ခဲ့သောကြေညာချက်တွင်အချက်လေးပါဝင်ခဲ့ကာ အဆိုပါ အချက်လေးချက်မှာ –

(၁) ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စု အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIOကိုယ်စားလှယ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းရေးနှင့် တည်တံ့ခိုင်မြဲ

*စာမျက်နှာ (၃)သို့* ➢

KIO/KIA အဖွဲ့၏ ဖြစ်သန်းမှုသမိုင်းအကျဉ်း

- ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)ကို ၁၉၆၀ပြည့်နှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင်စတင်ဖွဲ့စည်းခဲ့။ ဒူဝါဇော်ဆိုင်းက ဦးဆောင်။ ဒူဝါဇော်ဆိုင်းက ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့ပြီး ဒူဝါဇော်တူးက ဒုတိယဥက္ကဋ္ဌ၊ ဦးလမာလရိမ်က အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့။
- ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် လာရှိုးငွေတိုက်ကိုတိုက်သိမ်းယူခဲ့ခြင်းဖြင့် KIO ၏ လက်နက်ကိုင်တော်လှန်ရေးစတင်ခဲ့။ လက်နက်ကိုင်တပ်များဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ကချင်လွတ်လပ်ရေးကောင်စီ(KIC) တို့ကိုဖွဲ့စည်း။
- ၁၉၆၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်၌ ပထစအစိုးရမှထုတ်ပြန်သည့် နိုင်ငံတော်ဘာသာကိုဗုဒ္ဓဘာသာအဖြစ်ကြေညာခဲ့ပြီးချိန်နောက်ပိုင်းမှစတင်ပြီး KIO ၏လက်နက်ကိုင်တော်လှန်မှုပိုမိုကြီးထွားလာ။
- ၁၉၆၃ ခုနှစ်တွင် ဒူဝါဇော်ဆိုင်း၊ ဒူဝါဇော်တူးတို့၏ညီ ဒူဝါဇော်ဒန်ပြန်လည်လွတ်မြောက်ခဲ့ပြီး အဆိုပါသုံးဦးစလုံးမှာ KIO ၏အရေးပါးသော ခေါင်းဆောင်များဖြစ်လာခဲ့။ အဆိုပါနှစ်မှာပင် တော်လှန်ရေးကောင်စီ၏ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ နှစ်ကြိမ်တိုင်တက်ရောက်ခဲ့ပြီး သဘောတူညီမှုမရရှိခဲ့။ ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်နေ့တွင် တော်လှန်ရေးကောင်စီက တွေ့ဆုံဆွေးနွေးမှုကို ရပ်စဲကြောင်းကြေညာခဲ့။
- ၁၉၆၇ ခုနှစ်တွင် KIA ခေါင်းဆောင် ဒူဝါဇော်ဆိုင်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက်ပါတီခေါင်းဆောင် သခင်ဗသိန်းတင်တို့ တရုတ်နိုင်ငံတွင်းဆွေးနွေးမှုများပြုလုပ်ခဲ့။
- ၁၉၆၈ ခုနှစ်တွင် KIA နှင့် ဗကပတို့အကြား ပြဿနာအချို့ပေါ်ပေါက်။ ၁၉၇၂ ခုနှစ်တွင် KIA၌ တပ်မဟာလေးခုအထိရှိလာ။ ၁၉၇၅ ခုနှစ်တွင် ဒူဝါဇော်ဒန်ကျဆုံး။ KIA ထိပ်တန်းခေါင်းဆောင်များဖြစ်သည့် ဒူဝါဇော်ဆိုင်း၊ ဒူဝါဇော်တူးတို့လုပ်ကြံခံရ။
- ၁၉၇၆ ခုနှစ်တွင် မရမ်ဘရန်ဆိုင်းက KIO ၏ ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်။
- ၁၉၈၀ ပြည့်နှစ်အောက်တိုဘာလတွင် KIO နှင့် ဗကပပူးတွဲစစ်ဆင်ရေးကိုအကောင်အထည်ဖော်။ တော်လှန်ရေးကောင်စီအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်။ သုံးကြိမ်တိုင်ဆွေးနွေးခဲ့ပြီးနောက် သဘောတူညီမှုမရခဲ့ဘဲ ဆွေးနွေးမှုရပ်စဲကြောင်း အစိုးရဘက်မှထုတ်ပြန်ကြေညာ။
- ၁၉၉၃ ခုနှစ်အတွင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကိုယ်စားလှယ်များနှင့် KIO အဖွဲ့တို့ ငါးကြိမ်တွေ့ဆုံခဲ့ပြီး အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိခဲ့။
- ဦးဘရန်ဆိုင်းကွယ်လွန်ပြီးနောက် ဦးဇော်မိုင် ဥက္ကဋ္ဌဖြစ်လာ၊ ၂၀၀၂ခုနှစ်တွင် ဦးဇော်မိုင်နုတ်ထွက်ခဲ့ပြီးနောက် ဦးလမုန်တူးဂျိုင် ဥက္ကဋ္ဌဖြစ်ခဲ့၊ ၂၀၀၆ ခုနှစ်တွင် ဦးလမုန်တူးဂျိုင် ကွယ်လွန်ပြီးနောက်ပိုင်း ဥက္ကဋ္ဌတာဝန်ကို ဦးဇောင်းဟရားက တာဝန်ယူခဲ့။
- ၂၀၀၉ ခုနှစ်အတွင်း အပစ်အခတ်ငြိမ်းအဖွဲ့များ လက်နက်အပ်ရေးကို KIO မှ ငြင်းဆန်ခဲ့ပြီး နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းရေးကိုလည်း လက်မခံခဲ့။
- ၂၀၀၉ ခုနှစ် ဩဂုတ်လအတွင်း KIO ဒုတိယဥက္ကဋ္ဌ ဒေါက်တာတူးဂျာအပါအဝင် ခေါင်းဆောင်ငါးဦးကို ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီသစ်ဖြင့်ပါဝင်နိုင်ရန် နုတ်ထွက်ခွင့်ပြုခဲ့။
- ၂၀၁၁ ခုနှစ် ဇွန်လတွင် KIO နှင့် အစိုးရအဖွဲ့များအကြား ပဋိပက္ခစတင်။

၂၀၀၇ ခုနှစ် စက်တင်ဘာလှုပ်ရှားမှု၌ပါဝင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ထိန်းသိမ်းခံရကာ ထောင်ဒဏ်ရှစ်နှစ်ကျခံခဲ့ရသူ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့က နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် တောင်ကြီးထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သူ၊ လူငယ်ကျောင်းသားမျိုးဆက်ကိုကျော်ကိုကိုနှင့် တွေ့ဆုံ မေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြအပ်ပါသည်။

# “ဝေဖန်သုံးသပ်တာတွေက ဟိုဘက်၊ ဒီဘက် ရှိမှာပဲ”

## လူငယ်ကျောင်းသားမျိုးဆက်ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုကျော်ကိုကို နှင့် တွေ့ဆုံခြင်း

**မေး - ၁၉၈၈ ခုနှစ်မှာ ကိုမင်းကိုနိုင်တို့ လုပ်ဆောင်ခဲ့တဲ့အရာတွေကို ၂၀၀၇ ခုနှစ်မှာတော့ ကိုကျော်ကိုကိုတို့ ဦးဆောင်ပြီး ထပ်ပေါ်ခဲ့ပါတယ်။ (ကို) အောင်ဝေး ရေးသလိုဆိုရင်တော့ ကိုဇေယျာဟိန်းမှသည် ကျော်ကိုကိုအထိ။ တူညီတဲ့ စိတ်ဓာတ်တွေပေါ့ . . .**

**ဖြေ** - ကျွန်တော်တို့က ပထမပိုင်းမှာ ကျောင်းသားထုတစ်ရပ်လုံးရဲ့ ကြားထဲမှာ မခံမရပ်နိုင်အောင်ဖြစ်ပေါ်လာတဲ့ စိတ်ဓာတ်တွေပေါ့နော်။ အနိုမ်ခံ၊ အချိုးခံရလို့ဆိုပြီး ကျောင်းသားတွေကခံပြင်းတဲ့ဒေါသတွေထွက်တယ်ပေါ့။ အဲဒီဒေါသတွေက နေရာအနှံ့မှာစီးမျောတဲ့အခါကျတော့ ပေါက်ကွဲမှုတွေဖြစ်လာနိုင်တယ်။ ဒါဟာ ပရမ်းပတာပေါက်ကွဲသွားလို့ရှိရင် ကျောင်းသားထုလည်း နာမည်ပျက်မယ်၊ သိက္ခာကျမယ်။ ကျောင်းသားထုကို ဒီပေါက်ကွဲမှုအားလုံးကို control လုပ်မယ်။ lead လုပ်မယ်။ စုစည်းပေးပြီး မှန်ကန်တဲ့လမ်းကြောင်းပေါ်တင်ပေးနိုင်တဲ့ အဖွဲ့အစည်းမျိုးက အဲဒီအချိန်ကာလမှာ မရှိသေးဘူး။ ဒီအဖွဲ့အစည်းမျိုးဖြစ်အောင် ကျွန်တော်တို့ကဖန်တီးရမယ်၊ ကြိုးစားရမယ်။ အဲဒီအတွေးကိုရတယ်။ ရတဲ့အခါမှာကျွန်တော်ကစီးပွားရေးတက္ကသိုလ်ရှာသကြီးက။ အခြားသူငယ်ချင်းတွေကျတော့ ဒဂုံတက္ကသိုလ်ကပါမယ်။ အနောက်ပိုင်းတက္ကသိုလ် ပါမယ်။ အရှေ့ပိုင်းတက္ကသိုလ်ပါမယ်။ ကွန်ပျူတာတက္ကသိုလ်၊ GTC အစရှိသဖြင့် သူငယ်ချင်းတွေ အားလုံးက အမေရိကန်စင်တာမှာ Book Club တစ်ခုဖွင့်တယ်။ အဓိက ကတော့ စာပေဆွေးနွေးပွဲလေးတစ်ခုပါပဲ။ အဲဒီမှာ ကျွန်တော်တို့ တိုင်ပင်ကြတယ်။ တိုင်ပင်ကြတဲ့အခါ အစစ အရာရာပေါ့ဗျာ။ ကုန်ဈေးနှုန်းတွေကြီးမြင့်လာတယ်။ ကုန်းဈေးနှုန်းကြီးမြင့်လာတဲ့ ဂရက်က မိဘတွေကတစ်ဆင့်ကျောင်းသားတွေကို ရိုက်ခတ်လာတယ်။ တချို့ကျောင်းသားတွေဆိုရင် ကျောင်းတက်ဖို့၊ ကျောင်းကိုလာဖို့အတွက် တောင်လမ်းစရိတ်မဖူလုံတာတွေရှိလာခဲ့တယ်။ လမ်းစရိတ်ပေးလိုက်ရတဲ့အတွက် တစ်နေကုန်ဘာမှ မစားရတော့တဲ့ ကျောင်းသားတွေရှိလာတယ်။ စာပေသင်ကြားရေးအတွက် စာအုပ်စာတမ်းအခက်အခဲတွေ၊ ကျောင်းမှာလည်း အခြား facility မလုံလောက်မှုတွေရှိလာခဲ့တယ်။ အဲဒီအတွက် ကျွန်တော်တို့ဖြစ်နေတဲ့ အထွေထွေပြဿနာကို ဖြေရှင်းဖို့အတွက်ဆိုရင် ကျောင်းသားသမဂ္ဂဆိုတာရှိမယ်ဆိုပြီးတော့ ကျွန်တော်တို့ အကြံထုတ်ကြတယ်။ အရင်တုန်းက သမဂ္ဂကို ပြန်ပြီးကြည့်တဲ့အခါ သမိုင်းအစဉ်အလာကကြီးခဲ့တယ်ဗျ။ ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်မှာ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ(ဗကသ)ဆိုပြီး ပေါ်ပေါက်လာခဲ့တယ်။ အဲဒီကမှတစ်ဆင့်တောက်လျှောက်မှာ ကျောင်းသားတွေရဲ့ လိုအပ်ချက်ကို တောင်းဆိုရင်းနဲ့ ခေတ်အဆက်ဆက်အစိုးရတွေရဲ့ ဖိနှိပ်မှုကို တွန်းလှန်ရင်းနဲ့ ဗကသများ အဖွဲ့ချုပ်ဖြစ်ပေါ်လာခဲ့တယ်။ အဲဒါတွေကို သွားတွေ့ရှိတယ်။ သွားတွေ့ရှိတော့ ကျွန်တော်တို့လက်လှမ်းမီသလို စာအုပ်တွေဖတ်တယ်။ အရင်ဗကသဟောင်းမှာ ပါဖူးတဲ့သူတွေနဲ့ ချိတ်ဆက်တယ်။ အကြံဉာဏ်တွေယူတယ်။ လုပ်ပုံလုပ်နည်းတွေကို မေးတယ်။ မြန်းတယ်။ ဒါပေမဲ့ တကယ်တန်းဖွဲ့တဲ့အခါကျတော့ ကျောင်းသားတွေပဲ၊ လက်ရှိကျောင်းတက်နေတဲ့ကျောင်းသားတွေပဲ ဦးဆောင်ပြီးတော့ဖွဲ့ကြတယ်။ ကျွန်တော်တို့ကကြေညာချက်ထုတ်တယ်။ စာဝေရင်းနဲ့စာကြဲရင်းနဲ့အခြေခံကျောင်းသားတွေအပါအဝင် ကျောင်းသားအားလုံးကို စည်းရုံးထားတယ်။ လက်လှမ်းမီသလောက်ကို နီးစပ်ရာတူရာ တူရာစုထားတယ်။ အဖွဲ့တွေကို ဖွဲ့ထားတယ်။ အဲဒီကမှတစ်ဆင့် လူကြီးတွေ အပြင်မှာ ဘာလုပ်သလဲ ဆိုတာကို ကြည့်တယ်။ ရဟန်းတော်တွေ... ၈၈ကျောင်းသားအဖွဲ့က လောင်စာဆီအခက်အခဲဖြစ်ပေါ်လာတဲ့အချိန်မှာ လမ်းလျှောက်ဆန္ဒပြတာတွေရှိလာတယ်။ သူတို့မကြာခင်မှာ ပါသွားတယ်။ ဖမ်းဆီးခံရတယ်။ ဩဂုတ်မှာပါသွားတယ်။ ပါသွားတဲ့ အခါကျတော့ သမဂ္ဂအလံကို လဲမသွားအောင်ဆက်ထိမ်းဖို့၊ ဆက်ကိုင်ဖို့၊ ကျွန်တော်တို့ အဲဒီ ရည်ရွယ်ချက်နဲ့ သမဂ္ဂအလံကို ဆက်လွှင့်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ထွက်မှ ဖြစ်တော့မယ်ဆိုပြီးတော့ အခြေအနေအရ လမ်းပေါ်ထွက်လာရတာဖြစ်ပါတယ်။

**မေး - ကိုကျော်ကိုကို စီးပွားရေးတက္ကသိုလ်မှာ မဟာတန်းတက်နေစဉ်မှာ ၂၀၀၇ ခုနှစ် လှုပ်ရှားမှုမှာ ပါဝင်ဖို့ စိတ်က ဘယ်လိုကိန်းအောင်းခဲ့တာပါလဲ။**

**ဖြေ** - ဒီလိုဗျ။ ကျွန်တော်ရဲ့ ဘဝတစ်လျှောက်လုံးကို ငယ်ငယ်တည်းက ကျွန်တော်က သူများတွေလို ပြေးလွှားဆော့ကစားတဲ့အပိုင်းမှာ အားနည်းခဲ့တယ်။ အားနည်းတဲ့အပိုင်းကလည်း ကျွန်တော့်ကို စိတ်မချလို့၊ မိဘတွေအပိုင်းကလည်း အပြင်ကိုပေးမလွှတ်တာတွေ ဘာတွေပေါ့။ ကျွန်တော့် ကျန်းမာရေးကလည်း သိပ်ကောင်းတာ မဟုတ်တော့။ အဲလို အချိန်မျိုးမှာ အိမ်ထဲမှာ စာဖတ်တာတွေကို ကျွန်တော်တစ်လျှောက်လုံး လုပ်ခဲ့တယ်။ အိမ်မှာ စာအုပ်စာတန်းလည်း စုံတဲ့အခါကျတော့ ဟိုတုန်းက စာအုပ်အဟောင်းတွေ ပြန်ဖတ်မိတယ်။ အဲဒီထဲမှာ လက်လှမ်းမီသလို အိုးဝေမဂ္ဂဇင်းဟောင်းတွေ၊ ဟိုးရှေးခေတ်က သမဂ္ဂသမိုင်းတွေ၊ အဲဒါပြန်လေ့လာမိတာလေးတွေရှိတယ်။ အဲဒီမှာ ideal ဖြစ်ဖို့ person တွေပေါ့နော်။ ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုလှရွှေ အစရှိသဖြင့် ရာဇဝင်တွေကို လေ့လာတယ်။ လေ့လာရင်း ကျွန်တော် သူတို့ကို အားကျတယ်။ အားကျရတဲ့ အကြောင်းအရင်းက သူတို့ဟာ သမိုင်းပေးတာဝန်ကို၊ ပုခုံးပေါ်ကျလာတဲ့ သမိုင်းပေးတာဝန်ကို မညည်းမညူထမ်းဆောင်ခဲ့ကြတယ်။ ဒါကြောင့်မို့ သူတို့ဟာ သမိုင်းမှာ တင်ကျန်ရစ်ခဲ့တဲ့ လူတွေဖြစ်ခဲ့တယ်။ လက်ရှိမှာ လူအားဖြင့်တော့ အသက်မရှိကြတော့ဘူး။ ဒါပေမဲ့ သူတို့ရဲ့ လုပ်ရပ်ကို လူတွေက တသသနဲ့ ပြောကြတုန်းပဲ၊ ဆိုကြတုန်းပဲ။ ဒီလိုပြောကြ၊ ဆိုကြတာက သူတို့လုပ်ရပ်က အများပြည်သူအတွက် အကျိုးရှိလို့ပေါ့။ မှန်ကန်လို့



အခုခေတ်လူငယ်တွေရဲ့ သဘောတရားက လမ်းပျောက်နေတာများတယ်ပေါ့နော်။ လမ်းပျောက်ရတဲ့ အကြောင်းတရားကလည်း အခြေအနေအရပ်ရပ်ကြောင့်ပေါ့။ အထူးသဖြင့် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစတဲ့အခြေအနေအရပ်ရပ်ကြောင့် ရှေ့ဆက်ရမယ့် အနာဂတ်ကို မမြင်ဘူး။ မှုန်ဝါးနေကြတယ်။ အဲဒါက ကျွန်တော်တို့နိုင်ငံအတွက် အလားအလာမကောင်းဘူးဗျ။ သမိုင်းပေးတာဝန်က ဒီဟာကိုအရင်ဆုံးဖယ်ခွာရမယ်။ အကြောက်တရားတွေ၊ ထိုင်းမှိုင်းမှုတွေ၊ လေးလံမှုတွေကို ဖယ်ခွာရမယ်လို့ ကျွန်တော်က ယုံကြည်လိုက်တယ် . . .

ပေါ့။ ကျွန်တော်က အဲဒီလိုသွားပြီးတော့ ယုံကြည်လိုက်တယ်။ အဲဒီတော့ ကျွန်တော်လည်း လူငယ်ပီပီ၊ အဲဒီလို လူငယ်တွေကို အားကျချင်တဲ့ စိတ်ပေါ်ပေါက်လာတယ်။ ပြီးတော့ အခုခေတ်လူငယ်တွေရဲ့ သဘောတရားက လမ်းပျောက်နေတာများတယ်ပေါ့နော်။ လမ်းပျောက်ရတဲ့ အကြောင်းတရားကလည်း အခြေအနေ အရပ်ရပ်ကြောင့်ပေါ့။ အထူးသဖြင့် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစတဲ့ အခြေအနေအရပ်ရပ်ကြောင့် ရှေ့ဆက်ရမယ့် အနာဂတ်ကို မမြင်ဘူး။ မှုန်ဝါးနေကြတယ်။ အဲဒါက ကျွန်တော်တို့နိုင်ငံအတွက် အလားအလာ မကောင်းဘူးဗျ။ သမိုင်းပေးတာဝန်က ဒီဟာကိုအရင်ဆုံးဖယ်ခွာရမယ်။ အကြောက်တရားတွေ၊ ထိုင်းမှိုင်းမှုတွေ၊ လေးလံမှုတွေကို ဖယ်ခွာရမယ်လို့ ကျွန်တော်က ယုံကြည်လိုက်တယ်။ ဒါမှလည်း မျိုးဆက်တစ်ဆက်ကတစ်ဆက် အဆင့်မြင့်လာမယ်ပေါ့နော်။ ကျွန်တော်က အဲလိုထင်တယ်။ ထင်တဲ့အတွက်ကြောင့် အဲဒီကိစ္စကို ကြိုးစားဆောင်ရွက်ဖို့ အစဉ်တစိုက်အတွေးထဲမှာ ရှိတယ်။

**မေး - ကိုကျော်ကိုကို ရင်ဆိုင်ခဲ့ရတဲ့ တရားစီရင်မှု အတွေ့အကြုံကို ပြောပြပါဦး။**

**ဖြေ** - ကျွန်တော့်ကိုစဖမ်းတဲ့အခါမှာ ကိုညဏ်လင်းအောင်နဲ့ တွဲပြီးတော့ပေါ့နော်။ ၃၂(ခ)ဆိုတဲ့ ဗီစီဒီပေါ့။ တရားမဝင် လိုင်စင်မဲ့ ကိုင်ဆောင်မှုဆိုပြီးတော့ ဖမ်းတယ်ဗျ။ တော်တော်တော့ ရယ်စရာကောင်းတယ်။ ဘာလို့လဲဆိုတော့ အဲဒီဗီစီဒီဘာလဲဆိုတာ ကျွန်တော် မမြင်ဖူးဘူး။ ကြည့်လည်း မကြည့်ရဘူး။ ကျွန်တော်က အဲဒီဗီစီဒီမှာ ဘာပါသလဲဆိုတာ ဒီနေ့အထိ မမြင်ဖူးဘူး။ ကြည့်လည်း မကြည့်ဖူးဘူး။ ဒါပေမယ့် ချိတ်ချင်တဲ့အခါကျတော့ လှမ်းချိတ်လိုက်တာပဲ။ အဲဒီကိစ္စကြီးကလည်းပြောရခက်တယ်။ အမှန်တကယ်တော့ လူကိုဖမ်းတာပါ။ ကိုမင်းကိုနိုင်ပြောသလိုဆိုရင် ဖမ်းတာကလည်း နိုင်ငံရေး၊ အခုလွှတ်တာကလည်း နိုင်ငံရေးပါပဲ။ အဲဒီသဘောပါပဲ။ မကျူးလွန်ပေမယ့် ကျွန်တော့်ကို ဘာကြောင့်ဖမ်းဆီးရသလဲဆိုရင်လူကိုဖမ်းချင်တယ်။ လူကို ထိန်းထားချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးပါနေတယ်လို့တော့ ကျွန်တော်ထင်တယ်လေ။ အဲဒီလိုနဲ့ ပထမဦးဆုံးအကြိမ် အင်းစိန်ထောင်မှာ ကျွန်တော်ထောင်ကျခဲ့ပါတယ်။ အဲဒီကမှတစ်ဆင့် ကျွန်တော် တောင်ကြီးထောင်ကို ပြောင်းသွားပါတယ်။ ပြောင်းရွှေ့ခံရပြီးနောက်ပိုင်းမှာ ညွှန်ကြားချက်အရဆိုပြီး ကျောက်တံတားရဲစခန်းကနေတောင်ကြီးထောင်ကိုရောက်လာပြီးတော့ ပြန်လည်ခေါ်ဆောင်သွားတယ်။ ထပ်ပြီးတော့ အင်းစိန်ထောင်မှာ တရားရင်ဆိုင်ရတယ်။ အကြောင်းရင်းကတော့ ၂၀၀၇ ခုနှစ် စက်တင်ဘာမှာ ဆူးလေဘုရားလမ်းမှာ တရားဟောခဲ့တယ်တဲ့၊ အဲဒီအချက်ရယ် နောက် သင်း/ဖွဲ့ ဥပဒေပုဒ်မ ၆ နဲ့ ငြိစွန်းတယ်ဆိုပြီးတော့ ကျွန်တော့်ကို နောက်ထပ်သုံးနှစ်တစ်မှု၊ နှစ်နှစ်တစ်မှုထောင်ချလိုက်တဲ့အခါ စုစုပေါင်း ရှစ်နှစ်ဖြစ်သွားတယ်။ ကျွန်တော့်ကို မြို့နယ်တရားရုံးတွေ၊ အပြင်ပေါ့၊ ကျောက်တံတားမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် အဲဒီလိုမျိုး ရုံးတွေကိုတင်ပြီး စစ်ပါတယ်။ အဲဒီအနေအထားမှာ ဘယ်လိုရှိလဲဆိုတော့ လွှတ်လပ်မှုက အတွင်းတရားရုံးခေါ်တဲ့ အင်းစိန်ထောင်တွင်းက အထူးတရားရုံးမှာ စစ်တာထက်တော့ မိသားစုတွေ ဝင်တွေ့ခွင့်ရတယ်ဆိုတဲ့အချက်တစ်ချက်ပဲ ပိုတာရှိတယ်။ ကျန်တာကတော့ ဘာကိုမှုခုခံချေပခွင့်ကိုလည်း ဆုပ်ဆုပ်ကိုင်ကိုင်မပြနိုင်တဲ့သဘောဗျ။ ကိုယ့်ဖက်က ရှေ့နေပြောတာမှန်သမျှကို လည်းပယ်ချတာများပြီးတော့ တရားလိုရှေ့နေဖြစ်တဲ့ အစိုးရရှေ့နေပြောတဲ့ဟာတွေကို မှန်၏မမှန်၏ မစဉ်းစားဘဲနဲ့ တရားသူကြီးရဲ့ ဆုံးဖြတ်မှုတွေတွေ့ရှိရတယ်ဗျ။ ဒါတွေကတော့ တရားစီရင်ရေးစနစ်ရဲ့ အားနည်းချက်တွေပဲ။ တရားစီရင်ရေးရဲ့ အထက်မှာ တစ်စုံတစ်ရာရှိနေတယ်လို့တော့ ကျွန်တော်တို့ခံစားလိုက်ရတယ်။ အဲဒီတုန်းက အခြေအနေတွေပေါ့။ ဒါပေမယ့်အခုတော့ အားလုံး ပြန်လွတ်လာကြပါပြီ။

**မေး - လွတ်လာခဲ့ပြီးတဲ့နောက်ပိုင်း အခြေအနေနဲ့ပတ်သက်လို့ မေးချင်ပါတယ်။ တစ်ဖက်မှာက လူထုနဲ့ယှဉ်တဲ့ လူထုနိုင်ငံရေးကို အားသန်တယ်ဆိုတဲ့ကိုမင်းကိုနိုင်နဲ့ ၈၈ မျိုးဆက် ကျောင်းသားအုပ်စုရှိနေပါတယ်။ တစ်ဖက်မှာတော့ ကြားဖြတ်ရွေးကောက်ပွဲဝင်ပြီး လွှတ်တော်နိုင်ငံရေးမှာပါဝင်မယ့် ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ရှိနေပါတယ်။ ကြားထဲမှာ အသက်အငယ်ဆုံးမျိုးဆက်ဖြစ်နေတဲ့ ကိုကျော်ကိုကိုတို့ အုပ်စုက ဘယ်လိုဆက်သွားဖို့ စဉ်းစားထားလဲ။**

**ဖြေ** - ကျွန်တော်ရဲ့ အမြင်ပေါ့။ ကျွန်တော်ရဲ့ အမြင်ကို အရင်ဆုံးပြောချင်တယ်ပေါ့။ လွှတ်တော်တွင်းနိုင်ငံရေးကို ကျွန်တော်ကတော့တစ်ဦးတည်းအားဖြင့် စိတ်မဝင်စားဘူးဗျ။ လတ်တလောမှာ။ လွှတ်တော်ပြင်ပ နိုင်ငံရေးမှာ ကိုမင်းကိုနိုင်ပြောတဲ့ လူထုအကျိုးပြုတဲ့ လုပ်ငန်း၊ လူထုနဲ့တစ်သားတည်းကျတဲ့ နိုင်ငံရေး၊ လူထုလိုက်ပါဆောင်ရွက်နိုင်တဲ့ နိုင်ငံရေးမျိုးပဲ ကျွန်တော်က စိတ်ဝင်စားတယ်။ ကိုမင်းကိုနိုင်နဲ့ ကျွန်တော်သဘောထားချင်းတိုက်ဆိုင်မှုရှိပါတယ်။ ဒါဟာလည်း ဘာကြောင့်လဲဆိုတော့ သူဟာ ကျွန်တော်တို့ရဲ့စံပြ ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့တယ်။ ပြီးတော့သူ့ရဲ့ ရင်ခုန်သံကို ကျွန်တော်တို့ ဝတ်မှုန်ကူးခဲ့ကြတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ရင်ခုန်သံချင်းထပ်တူကျတယ်ပေါ့

**<u>Profile</u>**

**အမည် - ကိုကျော်ကိုကို**
**မွေးသက္ကရာဇ် - ဒီဇင်ဘာ ၉ ရက်၊ ၁၉၈၁ ခုနှစ်။**
**မိဘအမည် - ဦးကျော်အေး၊ ဒေါ်စိုးစိုးသော်**
**ပညာအရည်အချင်း - B.Com. (Hons.) ၂၀၀၅ ခုနှစ်၊ M.Com. ၂၀၀၆-၂၀၀၇ ခုနှစ်။**
**ဇာတိ - ရန်ကုန်**
**လူမျိုး - ဗမာ**
**ကိုးကွယ်သည့်ဘာသာ - ဗုဒ္ဓဘာသာ**

လေ။ အဲဒီပုံစံမျိုးရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မျိုးဆက်က ရှေ့မျိုးဆက်တွေနဲ့ယှဉ်လိုက်ရင် အင်မတန်မှ ငယ်လွန်းတဲ့ အရွယ်တွေပါတယ်။ ငယ်ပေမဲ့ လက်ရှိလူငယ်မျိုးဆက်ကို ကျွန်တော်တို့က ဦးဆောင်သွားနေရတဲ့အခါကျတော့ ဒီမျိုးဆက်ဟာ လမ်းကြောင်း တစ်ခုပေါ်ကို မှန်မှန်ကန်ကန်ရောက်ရှိဖို့အတွက် ကျွန်တော်တို့ ပြင်ဆင်ရမယ်၊ ကြိုးစားရမယ်၊ အဓိက ဘယ်လမ်းကြောင်းပေါ်ရောက်ဖို့လည်းဆိုတော့ Civil Society တွေပေါ်ထွန်းရေးလမ်းကြောင်းပေါ့နော်။ Civil Society တွေပေါ်ထွန်းရမယ်ဆိုတာ အလကားပြောတာမဟုတ်ဘူးဗျ။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံမှာ Civil Society ရဲ့ အားပေါ့နော်၊ အဲဒီမဏ္ဍိုင်ပေါ့။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထမဏ္ဍိုင်ကြီးတွေနဲ့အတူပေါ့နော်၊ အဲတာ မရှိလို့ရှိရင် ရရှိထားတဲ့ အခွင့်အရေးတွေ ဆုံးရှုံးသွားနိုင်တယ်။ အခြေအနေအရပ်ရပ်ကြောင့်ပေါ့နော်။ မူလအကျပ်အတည်းကို ပြန်လည်ဆိုက်ရောက်သွားနိုင်တယ်။ အဓိက ကတော့လူထုလူ့အဖွဲ့အစည်းတွေ အားကောင်းဖို့လိုတယ်။ အထူးသဖြင့်ကတော့ အမျိုးသားအချင်းချင်း စည်းရုံးညီညွတ်ရေး၊ တိုင်းရင်းသားအချင်းချင်းစည်းရုံးညီညွတ်ရေး၊ ပြည်သူအချင်းချင်း စည်းရုံးညီညွတ်ရေးကတစ်ဆင့် ထာဝရငြိမ်းချမ်းရေးဆီကို သွားမယ်။

*နေထွန်းနိုင်*

*ဆက်လက်ဖော်ပြပါမည်*

## နိုင်ငံခြားငွေလုပ်ကိုင်ခွင့်ရပုဂ္ဂလိကဘဏ်လေးခု ပြည်ပနိုင်ငံများ၌ ဘဏ်ရုံးခွဲများဖွင့်လှစ်နိုင်မှုမရှိသေး

လတ်တလောတွင် ပြည်ပနိုင်ငံများ၌ ဘဏ်ခွဲဖွင့်လှစ်ရန် ပုဂ္ဂလိကဘဏ်လေးခုကရရှိသည်ဆိုသော သတင်းများဖြစ်ပေါ်နေပြီး အဆိုပါသတင်းမမှန်ကန်ကြောင်း ကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်က ပြောကြားခဲ့သည်။

"အခုလောလောဆယ်မှာ ပြည်ပနိုင်ငံတွေမှာ ကိုယ်စားလှယ်ဘဏ်တွေဖွင့်နိုင်ဖို့စီစဉ်နေတုန်းပဲရှိပါသေးတယ်။ နိုင်ငံခြားမှာ ဘဏ်ခွဲသွားဖွင့်ခွင့်မရသေးပါဘူး။ ဗဟိုဘဏ်ကလည်း ဖွင့်ခွင့်မပေးသေးပါဘူး။ ဥပမာဒီကဘဏ်တစ်ခုက ပြည်ပနိုင်ငံမှာ သွားဖွင့်လိုက်မယ်ဆိုရင် အဲဒီကဘဏ်ကိုဒီမှာပြန်ဖွင့်ခွင့်ပေးရမှာပါ။ ဘဏ်လုပ်ငန်းဆိုတာက အပြန်အလှန်သွားရတဲ့ သဘောရှိပါတယ်။ တစ်ခုရှိတာက MFTB တို့ MICB တို့ဆိုရင်တော့ သူတို့မှာ ဟိုမှာ Correspondent Bank တွေရှိပြီးသားဆိုတော့ သူတို့ကဖွင့်မယ်ဆိုရင်ဖြစ်နိုင်ပါသေးတယ်။ အခု ပုဂ္ဂလိကဘဏ်တွေအနေနဲ့တော့ နှစ်ပေါင်း ၅၀ လောက်နောက်ကျကျန်ခဲ့တာကို အခုမှအစပျိုးနေရတဲ့အနေအထားမျိုးမှာ မဖြစ်နိုင်သေးပါဘူး"ဟု ၎င်းက ပြောကြားခဲ့သည်။

လက်ရှိထွက်ပေါ်နေသောသတင်းများအရ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ် ၁၁ ခုတို့အား နိုင်ငံခြားငွေ လုပ်ကိုင်ခွင့်အားခွင့်ပြုပေးလိုက်ပြီး ယင်းအနက်အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေး AGD ဘဏ်၊ သမဝါယမဘဏ်၊ ဧရာဝတီဘဏ်နှင့် ကမ္ဘောဇဘဏ်တို့အား ပြည်ပနေမြန်မာနိုင်ငံသားများငွေလွှဲပြောင်းမှုအဆင်ပြေစေရေးအတွက် ပြည်ပတွင် ဘဏ်ရုံးခွဲဖွင့်လှစ်ပေးလိုက်ကြောင်း သိရှိရသည်။

ထို့အတူ ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းအချိန်တွင် အကြွေးဝယ်ကတ်(အေဘီအမ်)လုပ်ငန်းကိုပုဂ္ဂလိကဘဏ်နှင့်အစိုးရပုဂ္ဂလိကဘဏ် ၁၀ ဘဏ်ဝန်းကျင်က နိုဝင်ဘာလဆန်းပိုင်းတွင်စတင်ဝန်ဆောင်မှုပြုနေပြီး ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိမြို့ကြီးများကိုပါဖြန့်ကြက်နိုင်ရန်လုပ်ဆောင်နေကြောင်းနှင့် Myanmar Payment Union(MPU)စနစ်ကိုပါအကောင်အထည်ဖော်နေကြောင်း သိရသည်။

## မြန်မာဘဏ်အားလုံးချိတ်ဆက်အသုံးပြုမည့် Myanmar Payment Union စနစ် ယခုနှစ်အတွင်းစတင်မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာတွင်ပါအသုံးပြုနိုင်မည်



ပြည်တွင်းပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သော ယူနိုက်တက်အမရာဘဏ်၏လုပ်ငန်းခွင်တစ်ခုအားတွေ့ရစဉ်

မြန်မာဘဏ်အားလုံးချိတ်ဆက်အသုံးပြုမည့် myanmar payment union(MPU) စနစ် ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်၌ နိုင်ငံတကာတွင်ပါ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဘဏ်လုပ်ငန်းအသိုင်းအဝိုင်းထံမှ သတင်းရရှိသည်။

"MPU စနစ်ကိုမကြာမီအသုံးပြုနိုင်တော့မှာပါ။ မြန်မာဘဏ်အားလုံးချိတ်ဆက်အသုံးပြုရမှာဖြစ်ပါတယ်။ ထုတ်ဝေထားပြီးဖြစ်တဲ့ အေတီအမ်ကတ်တွေလည်း ဒီစနစ်ကိုပြန်ချိတ်ဆက်ဖို့လိုတယ်။ မြန်မာဘဏ်အချင်းချင်းချိတ်ဆက်သလို နိုင်ငံတကာဘဏ်တွေနဲ့လည်းချိတ်ဆက်သွားမှာပါ။ ၂၀၁၃ ခုနှစ်မှာ နိုင်ငံတကာမှာ MPU ကတ်သုံးနိုင်ဖြစ်သလို မြန်မာနိုင်ငံမှာလည်းတခြားနိုင်ငံက ကတ်တွေ၊ နိုင်ငံတကာသုံးကတ်တွေဖြစ်တဲ့ VISA ကတ်တို့၊ Master ကတ်တို့ကိုလည်း မြန်မာပြည်မှာသုံးစွဲနိုင်မှာဖြစ်ပါတယ်"ဟု ပုဂ္ဂလိကဘဏ်တစ်ခုမှဒုတိယဥက္ကဋ္ဌတစ်ဦးက ပြောကြားပါသည်။

MPU စနစ်ဖြင့် မြန်မာဘဏ်အားလုံးကို ၂၀၁၂ခုနှစ်အတွင်း ချိတ်ဆက်သွားမည်ဖြစ်ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလက စတင်ထုတ်ပေးထားသောအေတီအမ်ကတ်များအပြင် Debit ကတ်နှင့် Credit ကတ်စနစ်များကိုလည်း အသုံးပြုနိုင်ရန်ပြင်ဆင်ထားကြောင်း သိရပါသည်။

အကြွေးဝယ်ကတ်ပြားများသည် ဘဏ်များ၏အဓိကလုပ်ငန်းဖြစ်သည့် အပ်ငွေလက်ခံခြင်းနှင့်ငွေထုတ်ချေးခြင်းတို့ကိုတစ်ပြိုင်နက်တည်းအကောင်အထည်ဖော်သောစနစ်တစ်ရပ်ဖြစ်သည်။ထို့ပြင်အခိုက်အတန့်ငွေကြေးလိုအပ်သူများကို ဝန်ဆောင်မှုပေးနိုင်သောစနစ်တစ်ရပ်ဖြစ်ပြီးအပ်ငွေလက်ခံသူနှင့် ငွေချေးသူတစ်ပြိုင်တည်းရနိုင်သော လက်လီဘဏ်လုပ်ငန်းစနစ်ဖြစ်ကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူများကပြောကြားသည်။

အေတီအမ်ကတ်အပါအဝင် အကြွေးဝယ်ကတ်များကို ၁၉၉၄ ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ပုဂ္ဂလိကဘဏ်များကဝန်ဆောင်မှုပေးခဲ့ဖူးပြီး ၂၀၀၃ ခုနှစ်တွင် ပုဂ္ဂလိကဘဏ်များတွင်ဖြစ်ပေါ်ခဲ့သောငွေကြေးအကျပ်အတည်းကြောင့် ပိတ်သိမ်းခဲ့သည်။ ထို့နောက်ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့် ၂၀၁၁ခုနှစ် နိုဝင်ဘာလမှစတင်ကာ ပြန်လည်အသုံးပြုနိုင်ခဲ့ခြင်းဖြစ်သည်။

***စည်သူအောင်***



ပြည်တွင်းအထည်ချုပ်လုပ်ငန်းခွင်တစ်ခုကိုတွေ့ရစဉ်

***မျက်နှာဖုံးသတင်း "ပြည်တွင်းအထည်ချုပ်လုပ်ငန်းများသို့ ပြည်ပနိုင်ငံများမှ အထည်အော်ဒါများယူမှု…"မှအဆက်***

ပြည်တွင်းအထည်ချုပ်လုပ်ငန်းများသို့ ပြည်ပနိုင်ငံများမှအထည်အော်ဒါမှာယူမှုတွင်လတ်တစ်လော၌ ဂျပန်နိုင်ငံမှအများဆုံးဖြစ်နေကြောင်း ပြည်ပသို့တင်ပို့ပေးနေရသည့်အထည်ချုပ်လုပ်ငန်းအသိုင်းအဝိုင်းမှ သတင်းရရှိပါသည်။

မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းများကို ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ခန့်မှစတင်ခဲ့သော်လည်း ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင်နိုင်ငံခြားကုမ္ပဏီများနှင့်ဖက်စပ်လုပ်ကိုင်၍အစပြုခဲ့ပြီး ဟောင်ကောင်၊ တောင်ကိုရီးယား၊ ဂျပန်နှင့် ဂျာမနီနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံခဲ့ကြကာတိုင်းရင်းသားပိုင်အထည်ချုပ်လုပ်ငန်းများကိုလည်း အဆိုပါအချိန်မှစ၍ထူထောင်ဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ထို့ကြောင့်မြန်မာနိုင်ငံ၌အထည်ချုပ်ခစျေးချိုခြင်းနှင့် လုပ်သားအင်အားပေါများခြင်းတို့ကြောင့် ၁၉၉၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ပြည်ပမှအော်ဒါများစွာရရှိခဲ့သော်လည်း ၂၀၀၃ ခုနှစ်မှစတင်၍ အမေရိကန်စီးပွားရေးပိတ်ဆို့သည့်ပြဿနာရပ်ကြောင့် အဆိုပါနှစ်အတွင်းအထည်ချုပ်လုပ်ငန်းတစ်ရာကျော်ခန့်ကိုပိတ်သိမ်းခဲ့ရကြောင်း သိရသည်။ "စီးပွားရေးပိတ်ဆို့မှုတွေမဖြစ်ခင်တုန်းကတော့ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေကိုအများဆုံးတင်ပို့ပေးခဲ့ရပြီး ၂၀၀၃ ခုနှစ်နောက်ပိုင်းမှာတော့အာရှနိုင်ငံတွေနဲ့အာဖရိကနိုင်ငံတွေကိုပြောင်းပြီးတင်ပို့ခဲ့ရတယ်။ အဲဒီဈေးကွက်ထဲမှာအာရှနိုင်ငံတစ်ခုဖြစ်တဲ့ဂျပန်နိုင်ငံကတော့စည်းကမ်းတင်းကျပ်တာတို့၊ စစ်ဆေးမှုများပြားတာတို့နဲ့အထည်ချုပ်ခနည်းတာကြောင့် ပြည်တွင်းလုပ်ငန်းရှင်တွေကဂျပန်အော်ဒါထည်တွေကိုချုပ်ဖို့စိတ်ဝင်စားမှုနည်းခဲ့တယ်။ ဒါပေမယ့် အမေရိကန်ဈေးကွက်မရှိတော့တာရယ်၊ အခြားဥရောပနိုင်ငံတွေလိုပိတ်ဆို့မှုမရှိတာတွေနဲ့မြန်မာနိုင်ငံကအထည်တွေကိုလိုလိုလားလားလက်ခံလာတဲ့အတွက် ဂျပန်အော်ဒါတွေကို တဖြည်းဖြည်းစမ်းချုပ်ရင်းကနေ ဂျပန်နိုင်ငံအကြိုက်အရည်အသွေးမြင့်မြင့်၊ အမှားအယွင်းနည်းနည်းနဲ့ချုပ်နိုင်ခဲ့တာကြောင့် ၂၀၁၀ ပြည့်နှစ် နှစ်လယ်ပိုင်းကစပြီး ဂျပန်နဲ့ကိုရီးယားနိုင်ငံတွေကအပ်ထည်တွေအများအပြားရရှိခဲ့တယ်။ လက်ရှိအခြေအနေမှာတော့ ဂျပန်နိုင်ငံကအခြားနိုင်ငံတွေထက်အော်ဒါလက်ခံရရှိမှုပိုမိုများပြားနေပါတယ်။ ဒါပေမယ့် အခြားနိုင်ငံတွေမှာရှိတဲ့လုပ်ငန်းတွေနဲ့နှိုင်းယှဉ်ရင်တော့ ပြည်တွင်းအထည်ချုပ်လုပ်ငန်းတွေရဲ့အားနည်းချက်က လျှပ်စစ်မီးအခြေအနေနဲ့စက်ဟောင်းတွေကိုသုံးနေရတဲ့အခြေအနေမှာပဲရှိပါသေးတယ်"ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူတစ်ဦးက ရှင်းပြပါသည်။

အထည်ချုပ်လုပ်ငန်းများသည် ကမ္ဘာ့ဝယ်လက်များ၊ နိုင်ငံတကာအထည်ကုမ္ပဏီများနှင့်အထည်ချုပ်လုပ်ငန်းများ၏သုံးပွင့်ဆိုင်ကုန်ထုတ်လုပ်မှု(Triangular Manufacturing)သဘောတရားအရလုပ်ငန်းများချိတ်ဆက်လျက်ရှိနေမှုကြောင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှလည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာကိုအသင်းဝင်အချုပ်လုပ်ငန်း ၇၅ ရုံပူးပေါင်းကာဖွင့်လှစ်ထားကြောင်း သိရသည်။ ထိုစင်တာမှ မြန်မာ့အထည်များအရည်အသွေးမြင့်မားစေရေးအတွက် နည်းပညာဆိုင်ရာဗဟုသုတများကို Semi-nar နှင့်အသေးစားသုတေသနပြပွဲများ ပြည်ပမှအထည်ချုပ်ပညာရှင်များဖြင့်ပြုလုပ်ကာ စက်ရုံများတွင်ဖြစ်လေ့ရှိသော Puckering ပိတ်တွန့်ခြင်းစသည့် ချုပ်ရိုးချုပ်ကြောင်းမလှသောပြင်ထည်များကိုတုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် သုတေသနပြပွဲများကိုစီစဉ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ Seminar များသို့ ပြည်တွင်းအထည်ချုပ်လုပ်ငန်းများရှိ Supervisor နှင့်စက်ပြင်များတက်ရောက်မှုရှိကြပြီး၊ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်းက ဂျပန်နိုင်ငံ၌အထည်ချုပ်စက်ရုံတည်ထောင်ခဲ့ဖူးသူ Mr.YOSHIT က စက်ညှိခြင်းနှင့်ပတ်သက်သည့်အခြေခံသဘောတရားများကိုလာရောက်ရှင်းလင်းပြောကြားမှုများပြုလုပ်ခဲ့သည်။ ထို့အပြင်အထည်ချုပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ ယင်းစင်တာမှအခြေခံစက်ချုပ်သင်တန်းများကိုဖွင့်လှစ်ခဲ့ပြီး အသင်းဝင်စက်ရုံများမှလူသစ်များ၊ အကူလုပ်သားများလာရောက်တက်ရောက်မှုရှိခဲ့သည့်အပြင်ရပ်ဝေးမှ လာတက်ရောက်သူများပါရှိခဲ့ပြီး အလျှဉ်းသင့်ရာအထည်ချုပ်စက်ရုံများသို့ပြန်လည်အလုပ်ဝင်ကြကြောင်း သိရသည်။

***ရတနာဦး***

## ကုန်သွယ်မှုလုပ်ငန်းများဖြေလျှော့မှုနှင့်ပတ်သက်၍ မူဆယ်နမ့်ခမ်းကုန်သည်များအသင်းမှ အချက်ငါးချက်ကိုတင်ပြထား

နယ်စပ်ဒေသရှိ ပို့ကုန်သွင်းကုန်လုပ်ငန်းများအဆင်ပြေချောမွေ့စေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများဖြေလျှော့ပေးရေးအတွက် မူဆယ်–နမ့်ခမ်းကုန်သည်ကြီးများအသင်းမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့တင်ပြထားကြောင်း သတင်းရရှိသည်။

အဆိုပါအချက်ငါးချက်တွင် သွင်းကုန်ပစ္စည်းများလိုင်စင်လျှောက်ထားရာတွင် ဈေးနှုန်းများအပတ်စဉ်မြင့်တက်နေခြင်းပါဝင်ပြီး အထူးသဖြင့်ကုန်ကြမ်းပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်းများပါဝင်ကြောင်း၊ အလားတူ သွင်းကုန်ပိုင်းတွင်လည်း လိုင်စင်ဈေးနှုန်းများမြင့်တက်နေခြင်းကြောင့် တရားမဝင်မှောင်ခိုကုန်သွယ်မှုများရှိနေကြောင်း၊ ယခင်ပို့ကုန်တွင်ကုန်သွယ်ခွန် ၈ ရာခိုင်နှုန်း၊ အမြတ်ခွန် ၂ ရာခိုင်နှုန်းကောက်ခံစဉ်ကတရားမဝင်ကုန်သွယ်မှုများရှိခဲ့သော်လည်း ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပေးသဖြင့် ပို့ကုန်လုပ်ငန်းများ တရားဝင်လမ်းကြောင်းပေါ်သို့ပြန်ရောက်လာသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။

အလားတူ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်နှင့်ပတ်သက်၍မှု ဂိုဒေါင်များတွင်ပစ္စည်းများသိုလှောင်ထားရှိမှုအား သွင်းကုန်ပို့ကုန်ခွဲခြားမှုမရှိဘဲ သိုလှောင်ထားခွင့်ပြုရန် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တည်ဆောက်စဉ်ကပို့ကုန်သွင်းကုန်သိုလှောင်ထားမှုအားခွဲခြားထားခြင်းမရှိသော်လည်း ယခုအခါပို့ကုန်သိုလှောင်သည့်နေရာ၊ သွင်းကုန်သိုလှောင်သည့်နေရာခွဲခြားသတ်မှတ်ပြီး အုတ်တံတိုင်းများ၊ အကာအရံများအခိုင်အမာတည်ဆောက်၍ကုန်သွယ်ရေးဇုန်အတွင်းသွားလာမှုနှင့်ကုန်သွယ်ရေးဆောင်ရွက်မှုလုပ်ငန်းများအခက်အခဲဖြစ်နေကြောင်းဖော်ပြထားသည်။

ထို့အတူလက်ရှိလိုင်စင်လျှောက်ထားမှုစနစ်နှင့်ပတ်သက်၍ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် လိုင်စင်များအားလျှောက်ထားခွင့်ပြုရန်နှင့်ပြည်ပပို့ကုန်မှရငွေဖော်ပြရန်မလိုဘဲ သွင်းကုန်ပစ္စည်းများအားလိုင်စင်လျှောက်ထားတင်သွင်းခွင့်ပြုရန်၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် လမ်းခရီးတွင်ယာဉ်ကြောပိတ်ဆို့မှုများလျော့နည်းစေရန်နှင့် လမ်းတံတားများပိုမိုကောင်းမွန်ကြံ့ခိုင်မှုရှိစေရန်ပြုပြင်ပေးရေးအတွက်တောင်းဆိုထားကြောင်း သိရှိရသည်။

"ကျွန်တော်တို့ သွင်းကုန်သမားတွေအဓိကကြုံတွေ့နေရတဲ့အခက်အခဲက လိုင်စင်ကြေးမြင့်တက်နေတဲ့အခက်အခဲပါ။ လိုင်စင်ကြေးမြင့်တဲ့အခါကျတော့ ကျွန်တော်တို့ဆောင်ရတဲ့အခွန်တွေကလိုက်မြင့်သွားတယ်။ ကုန်ပစ္စည်းတစ်ခုကိုတင်သွင်းမယ်ဆိုရင် အွန်လိုင်းကနေပြီးတော့ သက်ဆိုင်ရာပစ္စည်းရဲ့လက်ရှိပေါက်ဈေးကိုကြည့်ပြီးတော့ ပေါက်ဈေးအတိုင်းကျွန်တော်တို့လိုင်စင်လျှောက်ပါတယ်။ ဒါပေမယ့် လိုင်စင်ထုတ်ပေးတဲ့ဘက်ကသတ်မှတ်တဲ့ဈေးနှုန်းတွေကတကယ့်ပေါက်ဈေးထက်ပိုများနေတယ်။ အဲဒီအတွက်လိုင်စင်ကြေးကိုသင့်တင့်တဲ့ဈေးဖြစ်ဖို့သက်ဆိုင်ရာကိုတင်ပြတာပါ"ဟု လုပ်ငန်းရှင်တစ်ဦးက ပြောပြခဲ့သည်။

***မျက်နှာဖုံးသတင်း “မြန်မာနိုင်ငံ၏ရေအရင်းအမြစ်ပိုင်ဆိုင်မှုကမ္ဘာတွင်အဆင့် ၁၄ ရှိ”... မှ အဆက်***

မြန်မာနိုင်ငံ၏ ရေသယံဇာတအရင်းအမြစ်များပိုင်ဆိုင်မှုမှာ ကမ္ဘာ့တွင်အဆင့် ၁၄ ရှိနေပြီး အာရှဒေသနိုင်ငံများနှင့်နှိုင်းယှဉ်ပါကအဆင့်(၅)တွင်ရှိကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ နှစ်ပတ်လည်ညီလာခံတွင် ဆည်မြောင်းဦးစီးဌာနမှ အငြိမ်းစားဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးမှဖတ်ကြားခဲ့သောစာတမ်းအရ သိရှိရသည်။

ကမ္ဘာ့ပေါ်တွင် ရေအရင်းအမြစ်ပိုင်ဆိုင်မှုအခြေအနေကိုနှိုင်းယှဉ်ပါကဘရားဇီးလ်နိုင်ငံမှာအဆင့်(၁)တွင်ရှိနေပြီး ရုရှားနိုင်ငံမှာမူ အဆင့်(၂)နေရာတွင်ရှိနေပြီး အာရှဒေသတွင်းနိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အဆင့်(၅)ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံမှာ ကမ္ဘာ့အဆင့်(၆)နေရာတွင်ရှိနေကြောင်းလည်း သိရှိရသည်။

အာရှဒေသတွင်းနိုင်ငံများအနေဖြင့်နှိုင်းယှဉ်ကြည့်ပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာအာရှအဆင့်(၁)၊ အင်ဒိုနီးရှားနိုင်ငံမှာ အဆင့်(၂)၊ အိန္ဒိယနိုင်ငံမှာ အဆင့်(၃)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာအဆင့်(၄)နှင့်မြန်မာနိုင်ငံမှာ အဆင့်(၅)တွင် ရပ်တည်လျက်ရှိကြောင်းလည်း သိရှိရသည်။

ကမ္ဘာ့နိုင်ငံများတွင် ရေအရင်းအမြစ်များထိန်းသိမ်းနိုင်ရန်အတွက် water policy များရှိသော်လည်း မြန်မာနိုင်ငံ၌မူ ရေအရင်းအမြစ်များကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် Myanmar National Water Policy မရှိသေးသောကြောင့် ဥပဒေတစ်ရပ်အခိုင်အမာပြဋ္ဌာန်းရန် လိုအပ်နေကြောင်းလည်း ပညာရှင်များကသုံးသပ်ပြောကြားခဲ့သည်။

“မြန်မာနိုင်ငံမှာ ရေအရင်းအမြစ်ပိုင်ဆိုင်မှုက ကမ္ဘာ့အဆင့်(၁၄)မှာရှိတယ်။ ဒါပေမယ့် ရေချိုရေကောင်းကလည်း ရှားပါးလာတာတွေ့ရတယ်။ စိုက်ပျိုးမြေတိုးလာတယ်။ စက်မှုဖွံ့ဖြိုးလာတာနဲ့အမျှ ရေကိုဘယ်လိုရယူမလဲ၊ ဘယ်လိုစီမံခန့်ခွဲမလဲ၊ ရေနဲ့ပတ်သက်တဲ့ကဏ္ဍတွေ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီအတိုင်းနေလို့မရဘူး။ Water Policy ရှိရမယ်။ ရှိနေပြီးသားအရင်းအမြစ်တွေကို ဥပဒေတွေပြဋ္ဌာန်းပြီး ထိန်းသိမ်းဖို့လိုတယ်။ ဘာကြောင့်ဒီလိုချမှတ်ဖို့လိုလဲဆိုရင် လက်ရှိမြန်မာနိုင်ငံမှာရေချိုရေကောင်းက quality ရော quantity ပါကျလာပြီ။ ဒါတွေဟာထိန်းသိမ်းဖို့လိုနေပါပြီ”ဟုလည်း ဆည်မြောင်းဦးစီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်တစ်ဦးက ပြောကြားခဲ့သည်။

ဆက်လက်ပြီး ARDC (Agri-business and Rural Development)မှ အကြံပေးဖြစ်သူ ဦးဇော်ဝင်းကလည်း “မြန်မာနိုင်ငံမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီးဥပဒေပြဋ္ဌာန်း ဖို့လုပ်နေကြတယ်။ ဒီလိုဥပဒေပြဋ္ဌာန်းရာ မှာပဲဖြစ်ဖြစ်မြေပေါ်လစီ၊ ရေပေါ်လစီတွေထည့်သွင်းစဉ်းစားသင့်တယ်။ မြေပေါ်လစီက မူကြမ်းအဆင့်ပဲရှိနေသေးတယ်။ မြေ၊ ရေပေါ်လစီမရှိဘဲလုပ်ရင်အံချော်တတ်တယ်။ မြန်မာနိုင်ငံမှာ ရေသန့်ကတစ်နေ့တစ်ခြား ရှားပါးလာတယ်။ ရေအရည်အသွေးဆိုရင်လည်း WHO standard ပဲရှိတယ်။ မြန်မာနိုင်ငံအဆင့်သတ်မှတ်တာမျိုးမတွေ့ရသေးဘူး။ အာဆီယံနိုင်ငံတွေထဲမှာလည်း water policy မရှိသေးတာ မြန်မာနိုင်ငံပဲရှိတယ်။ ကမ္ဘောဒီးယား၊လာအိုတို့မှာတောင်ရှိတယ်။ ကမ္ဘာနဲ့ပဲယှဉ်ယှဉ်၊ ဒေသတွင်းနိုင်ငံတွေပဲယှဉ်ယှဉ် ကိုယ့်နိုင်ငံရဲ့လက်ရှိရေအရင်းအမြစ်တွေဟာ ထိန်းသိမ်းဖို့အတွက် ရေအရင်းအမြစ်ထိန်းသိမ်းရေးအဖွဲ့တွေကော်မတီတွေဖွဲ့စည်းပြီး ဆောင်ရွက်သင့်ပါတယ်”ဟုလည်းပြောပြခဲ့သည်။

အလားတူ ရေနှင့်ပတ်သက်ပြီးကျွမ်းကျင်သူတစ်ဦးကလည်း “မြန်မာနိုင်ငံက စက်ရုံအလုပ်ရုံ၊ အရက်ချက်စက်ရုံစတာတွေကထွက်တဲ့ရေဆိုးတွေကိုမြစ်ချောင်းထဲကိုတိုက်ရိုက်စွန့်ပစ်ကြတယ်။ ဒီတော့ မြစ်ချောင်းထဲကရေအရည်အသွေးကိုထိခိုက်တယ်။ ဒါတွေကိုထိထိရောက်ရောက်ဟန့်တားနိုင်ဖို့လိုတယ်။ ရေသယံဇာတတွေထိန်းဖို့လိုနေသလို ရာသီဥတုတွေပြောင်းလဲနေတော့ ရေကြီးမှုတွေလည်းဖြစ်ပွားလာတယ်။ ရေနဲ့ပတ်သက်တဲ့သဘာဝဘေးတွေအတွက် သတိ၊ ပြင်ဆင်၊ အဆင်သင့်အနေအထားဖြစ်နေဖို့လိုပါတယ်”ဟုလည်း စာတမ်းရှင်က သုံးသပ်ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံတွင် ရေကိုလယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ အဓိကသုံးစွဲလျက်ရှိသည်ဖြစ်ရာ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏စာရင်းများအရ ၂၀၀၀ ပြည့်နှစ်အတွင်းက ရေအသုံးချမှုစုစုပေါင်း၏ ၉၁ ရာခိုင်နှုန်းကိုလယ်ယာကဏ္ဍအတွက် အသုံးပြုလျက်ရှိသည်ကိုတွေ့ရကြောင်း၊ စက်မှုလက်မှုကဏ္ဍအတွက် သုံးစွဲသည့်ပမာဏမှာ ၃ ရာခိုင်နှုန်းနှင့်သောက်သုံးရေအတွက် ၆ ရာခိုင်နှုန်းသာရှိကြောင်းလည်းသိရသည်။ ***နီလာ***



| တစ်ကမ္ဘာလုံးဆိုင်ရာ ရေအရင်းအမြစ်ပိုင်ဆိုင်မှုအခြေအနေ(ထုထည်ပမာဏ) | | | | | |
|---|---|---|---|---|---|
| | | ပြန်လည်ပြည့်တင်းနိုင်သော ရေအရင်းအမြစ် | မြေအောက်ရေ ရေအရင်းအမြစ် | မြေပြင်ပေါ်ရှိရေပမာဏ ရေအရင်းအမြစ် | ပြည်လည်ပြည့်တင်းနိုင်သော ရေအရင်းအမြစ် |
| ၁။ | ဘရာဇီးလ် | ၅၄၁၈ | ၁၈၇၄ | ၅၄၁၈ | ၈၂၃၃ |
| ၂။ | ရုရှား | ၄၃၁၂.၇ | ၇၈၈ | ၄၀၃၆.၇ | ၄၅၀၇.၂၅ |
| ၃။ | အမေရိက | ၂၈၁၈.၄ | - | - | ၃၀၆၉.၄ |
| ၄။ | ကနေဒါ | ၂၈၅၀ | ၃၇၀ | ၂၈၄၀ | ၂၉၀၂ |
| ၅။ | တရုတ် | ၂၈၇၉.၄ | ၈၃၂.၈ | ၂၇၇၄.၅ | ၂၈၉၆.၅၇ |
| ၆။ | အင်ဒိုနီးရှား | ၂၈၃၈ | ၄၅၅ | ၂၇၉၃ | ၂၈၃၈ |
| ၇။ | ကိုလံဘီယာ | ၂၁၁၂ | ၅၁၀ | ၂၁၁၂ | ၂၁၃၂ |
| ၈။ | အမေရိကန် | ၂၀၀၀ | ၁၃၀၀ | ၁၈၆၂ | ၂၀၇၁ |
| ၉။ | ပီရူး | ၁၆၁၆ | ၃၀၃ | ၁၆၁၆ | ၁၉၁၃ |
| ၁၀။ | အိန္ဒိယ | ၁၂၆၀.၅၄ | ၄၁၈.၅၄ | ၁၂၂၂ | ၁၉၀၇.၇၆ |
| ၁၁။ | ကွန်ဂို | ၉၀၀ | ၄၂၁ | ၇၉၉ | ၁၂၈၃ |
| ၁၂။ | ဗင်နီဇွဲလား | ၇၂၂.၄၅ | ၂၂၇ | ၇၀၈၁၄ | ၁၂၃၃.၁၇ |
| ၁၃။ | ဘင်္ဂလားဒေ့ရှ် | ၁၀၅ | ၂၁.၀၉ | ၈၃၉၁ | ၁၂၁၀.၆၄ |
| ၁၄။ | မြန်မာ | ၈၈၀.၆ | ၁၅၆ | ၈၇၄၆ | ၁၀၄၅.၆ |

CARTOON



***မျက်နှာဖုံးသတင်း “မြန်မာနိုင်ငံ၌ လယ်သမားများထံမှပုဂ္ဂလိကကုမ္ပဏီသို့လွှဲပြောင်းပေးသော”... မှအဆက်***

မြန်မာနိုင်ငံတွင် ယခုနှစ်များအတွင်း လယ်ယာမြေဧကအနည်းငယ်သာလုပ်ကိုင်သော လယ်သမားများထံမှ ပုဂ္ဂလိက ကုမ္ပဏီများသို့ လွှဲပြောင်းပေးသောမြေဧကအကျယ်အဝန်းတိုးတက်လာကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည်။ ၂၀၁၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံတွင် မြန်မာပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်း ၂၁၆ ခုအားတရားဝင် လုပ်ကိုင်ခွင့်ပြုသော နယ်မြေဧရိယာအကျယ်အဝန်း စုစုပေါင်းမှာ ဧက ၁ ဒသမ ၇၅ သန်းနီးပါးရှိကာ အများဆုံးမှာတနင်္သာရီတိုင်းဒေသကြီးဖြစ်ပြီး ဒုတိယအများဆုံးမှာကချင်ပြည်နယ်ဖြစ်သည်။ အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများ၌လည်း လယ်ယာမြေနှင့် ဆက်စပ်၍ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်နေသည်ဟု သိရှိရသည်။

“မြေလွတ်မြေရိုင်းတွေကိုကုမ္ပဏီတချို့နဲ့ လူပုဂ္ဂိုလ်တချို့က ဦးပိုင်လက်ဦးမှုရအောင်လက်တွေ့မှာ စိုက်ပျိုးမွေးမြူမှုမလုပ်ဘဲနဲ့ ဦးပိုင်အမည်ခံပြီးတော့မြေရှင်ကြီးစနစ်ဖြစ်နေခြင်းစတဲ့အားနည်းချက်တွေ ကျွန်တော်တို့တွေ့ရပါတယ်။ ကျွန်တော်တို့နယ်တွေမှာဆိုရင်လည်း ပုဂ္ဂလိကတစ်ဦးကို လယ်ဧက ၅၀၊ ၁၀၀ ပိုင်ပြီးတော့မှ ကြိုးပြင်တော၊ သစ်တောကြိုးဝိုင်းနဲ့နီးစပ်တဲ့နေရာတွေမှာ လယ်ဦးပိုင်ခံတာပဲ။ ဘာမှလည်းမလုပ်ဘူး။ ဒီစနစ်တွေဟာ ဥပဒေကြမ်းအတည်ပြုချက်ချမှ သူဟာအော်တိုမက်တစ် မြေရှင်ဖြစ်ဖို့ရှိပါတယ်”ဟု ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ်မှ တောင်သူဦးအုန်းကြွယ်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် လယ်ယာမြေဆုံးရှုံးမှုဖြစ်ရပ်များသည် တောင်ပေါ်တိုင်းရင်းသားဒေသများတွင် အဓိကဖြစ်ပေါ်နေကာ နိုင်ငံလူဦးရေ၏ ၄၂ ရာခိုင်နှုန်းသည် အဆိုပါဒေသများ၌နေထိုင်လျက်ရှိကြသည်။ တောင်ပေါ်ဒေသများတွင်သာမက မြေပြန့်တွင်ပါ လယ်သမားများသည် မြေယာစီမံခန့်ခွဲရေးအတွက် မစိုက်ပျိုးဘဲ ချန်လှပ်လျက် မြေလွတ်ထားရှိသော စနစ်ကို ကျင့်သုံးလျက်ရှိကာ ယင်းသို့ မစိုက်ပျိုးဘဲ ချန်လှပ်ထားသောမြေများ၊ ရပ်ရွာက အသုံးပြုသည့် စားကျက်မြေနှင့် ထွန်ယက်စိုက်ပျိုးနေသော်လည်း မှတ်ပုံတင်ထားခြင်းမရှိသော မြေများကို မြေလွတ်မြေရိုင်းဥပဒေတွင် အကျုံးမဝင်စေရန်လိုအပ်နေကြောင်းလည်း သိရှိရသည်။

“ခုနှစ်ပိုင်းတွေမှာ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေဖို့ ရင်းနှီးမြှုပ်နှံမှုများစွာလုပ်လာတာကို ကျွန်တော့်အနေနဲ့ ဝမ်းမြောက်စရာတစ်ခုအနေနဲ့တွေ့ရသလို တစ်ဖက်မှာကျတော့လည်း ဒီတော ဒီတောင်ကို မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေဟာ သူတို့ ဘိုးဘွားပိုင်တဲ့မြေ၊ လယ်ယာမြေ၊ တောင်ယာမြေ၊ စားကျက်မြေနဲ့သစ်တောတွေကို လက်လွှတ်ဆုံးရှုံးနေရတာကိုလည်း တွေ့မြင်နေရပြီဖြစ်ပါတယ်”ဟုရှမ်းပြည်နယ် ကွတ်ခိုင်မြို့မှ ဦးစိုင်စမ်ခမ်းက ပြောကြားပါသည်။

“အင်္ဂလိပ်လက်ထက် မြေယာမှတ်ပုံတင်စနစ်ဆိုတာကို စတယ်။ မြေပုံဆွဲတယ်၊ ကောက်တယ်၊ လုပ်ခဲ့ကြတယ်။ သို့သော် တိုင်းရင်းသားဒေသတွေမှာတော့ဒေသအကြီးအကဲတွေကပဲ ဆက်ပြီးတော့ သူတို့သဘောတရားနဲ့သူတို့ အခွန်ကောက်၊ အဲဒီရတဲ့အခွန်ကောက်ထဲကမှ အခွန်သွင်းဆိုတဲ့ စနစ်ရှိခဲ့ပါတယ်။ သူတို့ရဲ့ ပိုင်ဆိုင်မှုဟာ အခု လွတ်လပ်ရေးလည်းရပြီ၊ ဘုရင်စနစ်လည်းမရှိတော့ဘူး။ ဒီခေတ်မှာ ဒီမြေတွေဟာ နိုင်ငံတော်ကပိုင်တယ်ဆိုတာရှိတယ်။ မြေယာမှတ်ပုံတင်ဟာတိုင်းရင်းသားတွေဆီမှာ ပြည့်ပြည့်ဝဝမရဘူး။ ကျွန်တော်တို့ ဒီတောင်တန်းဒေသတွေမှာ မြေယာမှတ်ပုံတင်ခြင်းအသက်ဝင်မှုကမေးခွန်းထုတ်စရာတွေရှိတယ်”ဟု ဦးဝင်းမျိုးသူ (Eco Dev)က ပြောကြားခဲ့ပါသည်။

ကချင်ပြည်နယ်တွင် ကုမ္ပဏီ ၁၁ ခုသည် ဧက ၄၀၀၀၀၀ နီးပါး လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ထက်ဝက်ခန့်မှာ ဟူးကောင်းဒေသမှ ပလောပီနံစိုက်ခင်းအတွက်ဖြစ်သည်။ ကချင်ပြည်နယ်၌ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက် ၁၄ ခုထုတ်ပေးထားကာ မြေဧက ၆၀၀၀၀၀ နီးပါးရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကုမ္ပဏီ ၁၇ ခုအား မြေဧက ၅၀၀၀၀ ကျော် လုပ်ပိုင်ခွင့်ပေးထားသည်။

လုပ်ကိုင်ခွင့်ပြုခြင်းအများစုမှာ ပြည်တွင်းကုမ္ပဏီများကို ခွင့်ပြုခြင်းဖြစ်ပြီး သက်ဆိုင်ရာ မြန်မာကုမ္ပဏီသည် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကိုရယူနေကာ ပြည်ပမှလုပ်ငန်းများအား ၁၀၀ ရာခိုင်နှုန်းစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ခွင့်ပြုရန်စီစဉ်နေသည်ဟု သိရှိရသည်။ ၂၀၁၀ ပြည့်နှစ်ဧပြီလတွင် ဗီယက်နမ်နိုင်ငံက ရခိုင်ပြည်နယ်၌ ရော်ဘာဧက ၁၂၀၀၀၀ စိုက်ပျိုးရန်လုပ်ပိုင်ခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံမြောက်ပိုင်း၌ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဖြင့် ရော်ဘာစိုက်ပျိုးမှုကို ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လယ်ယာမြေနှင့်ပတ်သက်သည့် ဥပဒေကြမ်းနှင့် မြေလွတ်မြေရိုင်းနှင့်ပတ်သက်သောဥပဒေကြမ်းတို့ကို တင်သွင်းထားကြောင်းလည်း သိရှိရပါသည်။ ***ဖြူနု***



## ၂၀၁၁ခုနှစ်အတွင်း မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားရှိမှုတိုးခဲ့ပြီးလျော်ကြေးပေးရမှုလျော့ကျ

၂၀၁၁ခုနှစ်တွင် မြန်မာ့အာမခံလုပ်ငန်းသည် အာမခံထားရှိမှုနှုန်းများ တိုးတက်ခဲ့ပြီး လျော်ကြေးပြန်လည်ပေးချေရမှုအနေအထားတွင် လျော့နည်းခဲ့ကြောင်း မြန်မာ့အာမခံလုပ်ငန်းအထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောပါသည်။

အာမခံထားရှိမှုအခြေအနေတွင် သဘာဝဘေးအန္တရာယ်များ၊ မီးဘေးအန္တရာယ်များစသည်ဖြင့်မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များကြုံတွေ့လာရခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများ၊ကုမ္ပဏီများ၊ဘဏ်များမှလည်း အာမခံအကာအကွယ်များ ပိုမိုပြုလုပ်လာကြပြီး ဝင်ငွေရရှိမှုပိုင်းတွင်လည်းတိုးတက်ခဲ့ကြောင်းသိရသည်။

"ဒီနှစ်ထဲမှာ တာလေလျောင်၊ ပခုက္ကူရေဘေးစတဲ့သဘာဝဘေးအန္တရာယ်တွေ၊မီးလောင်မှုတွေရှိခဲ့ပေမယ့် အာမခံထားရှိမှုမရှိတဲ့အခြေအနေတွေကြောင့် လျော်ကြေးပေးချေရမှု လျော့နည်းခဲ့ပါတယ်။ကူးတို့ဆိပ်မီးလောင်ပေါက်ကွဲမှုမှာလည်း မီးလောင်မှုဖြစ်တဲ့ဂိုထောင်တွေမှာ အာမခံထားရှိမှုမရှိတဲ့အတွက် လျော်ကြေးပေးချေရမှုမရှိပါဘူး။ ဒါပေမယ့် တစ်ဖက်ကလည်း အဲဒီလိုမမျှော်မှန်းနိုင်တဲ့ ဘေးအန္တရာယ်တွေကြောင့်၂၀၁၁ခုနှစ်အတွင်းမှာ အာမခံထားရှိမှုနှုန်း သိသိသာသာတိုးလာပါတယ်။နှစ်ချုပ်စာရင်းတွေမထွက်သေးတဲ့အတွက်စာရင်းဇယား အတိအကျ မပြောနိုင်သေးပေမယ့် ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်မှာရရှိတဲ့ စံချိန်တင်ဝင်ငွေထက် အခု ၂၀၁၁ ခုနှစ်မှာ ဝင်ငွေပိုတိုးလာပါတယ်လို့ သုံးသပ်နိုင်ပါတယ်"ဟု ဒေါက်တာမောင်မောင်သိမ်းက ပြောပြခဲ့သည်။

မြန်မာ့အာမခံ လုပ်ငန်းအနေဖြင့်၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၈၆၅၆ ဒသမ ၁၁၊၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် တွင် ၁၀၃၈၄ ဒသမ ၁၁၊၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်ကျပ် ၁၄၀၄၄ ဒသမ ၇၇၊ ၂၀၀၉–၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၁၅၀၇၇ ဒသမ ၃၄၈ ရှိခဲ့ကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ စံချိန်တင်လျော်ကြေးငွေအဖြစ်နာဂစ်မုန်တိုင်းဖြစ်ပေါ်ခဲ့သည့် ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် လျော်ကြေးငွေကျပ်သန်းပေါင်း ၆၀၀၀ ကျော်ပေးလျော်ခဲ့ကြောင်း သိရသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း လေအားလျှပ်စစ်စက်ရုံတစ်ရုံ တည်ဆောက်နိုင်ရန်စီစဉ်



ကိုရီးယားနိုင်ငံနှင့်ပူးပေါင်း ကာ ရန်ကုန်တိုင်း ဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံနှင့် ထိုင်းနိုင်ငံနှင့်ပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီးအတွင်း လေအားလျှပ်စစ်စက်ရုံတစ်ရုံတည်ဆောက်နိုင်ရန်စီစဉ်လျက်ရှိကြောင်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"၂၀၁၂–၂၀၁၃ ခုနှစ်မှာပဲ ရန်ကုန်မှာ ၅၀၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ဖို့ရှိတယ်။ ၂၀၁၅ ခုနှစ်မှာ သဘာဝဓာတ်ငွေ့ရလာနိုင်လို့ဖြစ်ပါတယ်။ ရှေ့ပြေး ၅၀၀ မဂ္ဂါဝပ်ထုတ်မယ်။ အခု Survey လုပ်နေပါပြီ။ ကိုရီးယားနဲ့ဖက်စပ်လုပ်မှာဖြစ်ပါတယ်။ ရန်ကုန်ကိုလျှပ်စစ်ဓာတ်အားအပြည့်အဝပေးနိုင်ဖို့ ရန်ကုန်မှာပေါ်လာမယ့် သီလဝါစက်မှုဇုန်ကိုပေးဖို့ဖြစ်ပါတယ်။ အရင်တုန်းက သီလဝါဆိုရင်ကျောက်မီးသွေးလုပ်ဖို့ရှိတယ်။ အခုရန်ကုန်အနီးတစ်ဝိုက်မှာကျောက်မီးသွေးမလုပ်ဘူး။ သဘာဝပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးမှာမျိုးမလုပ်ဘူး။ နိုင်ငံတော်အကြီးအကဲတွေကလည်းရေအားကိုရအောင်ယူ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံတွေကိုပဲ တည်ခိုင်းပါတယ်။ ဒါကိုကျွန်တော်တို့ ငါးနှစ်အတွင်းအကောင်အထည်ဖော်သွားမယ်။ နောက်တစ်ခုက လေအားကနေမဂ္ဂါဝပ် ၁၀၀၀ အထိ ငါးနှစ်အတွင်းထုတ်ဖို့ရှိပါတယ်။ ဒီစီမံကိန်းကို ထိုင်းနိုင်ငံနဲ့ပေါင်းပြီး လုပ်ပါမယ်။ လေအားက သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ပါဘူး။ ကမ္ဘာမှာလည်းလေအားလျှပ်စစ်ကကျယ်ကျယ်ပြန့်ပြန့်သုံးနေကြပြီ။ ကျွန်တော်တို့လည်း တနင်္သာရီမှာလုပ်မယ်။ လေတိုက်နှုန်းက လေအားလျှပ်စစ်စက်ရုံတွေ၊ တာဘိုင်တွေလည်နိုင်တဲ့အနေအထားဖြစ်လို့ပါ။ ရန်ကုန်၊ရခိုင်နဲ့အလယ်ရိုးမတစ်လျှောက် Survey လုပ်ကြည့်ပါမယ်။ လေအားလျှပ်စစ်က အခုလုပ်ထားတာက physical study ပေါ့။သူတို့ကို အချိန်တစ်နှစ်ပေးထားတယ်။ တစ်နှစ်ပတ်လုံး လေတိုက်နှုန်းကို ပြန်တွက်နေတယ်။ တစ်နှစ်ပြည့်လို့ physical study ပြီးတဲ့အခါမှာ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့သူတို့နဲ့စာချုပ်ပါမယ်။အဲဒီအခါမှာ ဓာတ်အားကို ကျွန်တော်တို့ပိုင်တာရှိမယ်။ ကျွန်တော်တို့ ဝယ်မယ့်ဓာတ်အားရှိတယ်။ ပိုလျှံတာကို ရောင်းမယ်"ဟု ပြောကြားခဲ့သည်။

ထိုပြင် လေအားဖြင့်လျှပ်စစ်ထုတ်ယူနိုင်ခြင်းရှိမရှိကို ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ပါ လေ့လာမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

## မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ် ၁၉ ဘဏ်အနက် ထက်ဝက်ကျော်မှာ မြန်မာ့အာမခံလုပ်ငန်းတွင် အပ်ငွေအာမခံထားရှိပြီးဖြစ်ကြောင်း သိရ

မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်၁၉ဘဏ်အနက်ထက်ဝက်ကျော်မှာ မြန်မာ့အာမခံလုပ်ငန်းတွင် အပ်ငွေ အာမခံထားရှိပြီးဖြစ်ကြောင်း သတင်း ရရှိပါသည်။

၂၀၁၁ခုနှစ်၊ အောက်တိုဘာလ၁ရက်နေ့မှစတင်ကာ ဘဏ်များအားလုံး အပ်ငွေအာမခံ (Deposit Insurance) စတင်ထားရှိရမည် ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်ခဲ့ကြောင်းသိရသည်။

အပ်ငွေအာမခံ အမျိုးအစားမှာ အာမခံကို ဘဏ်များက ထားရှိရမည်ဖြစ်ပြီး ခံစားခွင့်ရရှိမှုမှာအပ်နှံသူကရရှိမည်ဖြစ်ကာ အခြေခံလူတန်းစားများနှင့် လူလတ်တန်းစားများအတွက်ဦးတည်၍ ငွေကျပ်တစ်သိန်းမှငါးသိန်းအထိ အပ်နှံငွေများကိုကာကွယ်ပေးသွားမည့် အာမခံအမျိုးအစားဖြစ်ကြောင်း သိရသည်။

အပ်ငွေအာမခံ စနစ်သည် မြန်မာ့အာမခံလုပ်ငန်းမှ ၂၀၁၁ခုနှစ်တွင် အသစ်ထပ်မံတိုးမြှင့်လိုက်သည့် အာမခံအမျိုးအစားဖြစ်ပါသည်။

## အိမ်မှထွက်ပြေးလာသူ အမျိုးသမီးတစ်ဦးအား မွေးစားမည်ဟုစည်းရုံးပြီး နေအိမ်တွင်ခိုလှုံခွင့်ပေးကာ ပြည့်တန်ဆာအဖြစ်ခိုင်းစေသူ တရားခံတစ်ဦးအား အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်အမိန့်ချမှတ်

အိမ်မှထွက်ပြေးလာသူ အမျိုးသမီးတစ်ဦးအားမွေးစားမည်ဟုစည်းရုံးပြီး နေအိမ်တွင်ခိုလှုံခွင့်ပေးကာ အဓမ္မခြိမ်းခြောက်၍ ပြည့်တန်ဆာဖြစ်ခိုင်းစေသူတရားခံတစ်ဦးအား အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် အမိန့်ချမှတ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှသတင်းရရှိသည်။

ဖြစ်စဉ်မှာ မ–––––သည် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ကျေးရွာတစ်ခုတွင် မိခင်ဖြစ်သူနှင့်အတူ နေထိုင်ကြောင်း၊ မိခင်ဖြစ်သူမှနောက်အိမ်ထောင်ပြုခဲ့သဖြင့်လွန်ခဲ့သောရက်(မမှတ်မိနေ့)ည ၆ နာရီအချိန်ခန့်က ယင်းအိမ်မှထွက်ပြေးလာပြီး ကဒုံကနီ ကျေးရွာတွင် နေထိုင်သောအဒေါ်ဖြစ်သူနေအိမ်သို့သွားရောက်စဉ် ၎င်းနေအိမ်သို့မရောက်မီ ဆေးရုံရှေ့အရောက်၌ ပြစ်မှုကျူးလွန်သူ ဒေါ်မြင့်ရီဆိုသူနှင့်တွေ့ရာ ဒေါ်မြင့်ရီကအဒေါ်ဖြစ်သူ၏နေအိမ်သို့လိုက်ပို့ရာ အဒေါ်ဖြစ်သူကို၎င်း၏နေအိမ်တွင်မတွေ့ရသဖြင့် ဒေါ်မြင့်ရီမှ သူ၏အိမ်တွင်လိုက်နေရန်ခေါ်၍လိုက်သွားခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူဒေါ်မြင့်ရီကမ––––အားမွေးစားမည်ဖြစ်ကြောင်း ပြောဆိုပြီး ၎င်းအိမ်တွင်နေထိုင်ရန်ခေါ်ထားရာ အဆိုပါနေအိမ်တွင်နေထိုင်ခဲ့ကြောင်း၊ ယင်းသို့နေထိုင်ပြီး ငါးရက်ခန့်အကြာတွင်ဒေါ်မြင့်ရီကမ–––အားအမျိုးသားတစ်ဦးနှင့်ပြည့်တန်ဆာအဖြစ် အဓမ္မခြိမ်းခြောက်စေခိုင်းခဲ့ကြောင်း၊ ရရှိသောငွေကြေးများကို ဒေါ်မြင့်ရီကယူထားကြောင်း၊ နောက်နေ့တွင်အမျိုးသားသုံးဦးနှင့် ပြည့်တန်ဆာအဖြစ်ခိုင်းစေ၍ လုပ်ခဲ့ရကြောင်း၊ နောက်တစ်ရက်တွင် အမျိုးသားနှစ်ဦးနှင့်ထပ်မံနေခဲ့ရကြောင်း စစ်ဆေးချက်အရ သိရသည်။

၎င်းနောက်လွန်ခဲ့သောရက်က ဒေါ်မြင့်ရီကမ–––အားဧရာဝတီတိုင်းဒေသကြီးမှရန်ကုန်တိုင်းဒေသကြီးသို့ ခေါ်ဆောင်ခဲ့ကြောင်း၊ ဒလမြို့သို့ရောက်ရှိခဲ့ပြီး တည်းခိုခန်းတစ်ခုသို့ပို့ဆောင်နေထိုင်ခဲ့ကြောင်း၊ တည်းခိုနေထိုင်စဉ် အမျိုးသားသုံးဦးနှင့် တစ်ကြိမ်၊အမျိုးသားနှစ်ဦးနှင့်တစ်ကြိမ် ပြည့်တန်ဆာအဖြစ်ခိုင်းစေခဲ့ပြီး ဒေါ်မြင့်ရီတည်းခိုခန်း၌မရှိချိန် ထွက်ပြေးခဲ့ကာ ဒလမြို့နယ်မှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့သွားရောက်ကာ ရဲစခန်း၌တရားလိုပြုတိုင်ကြားထွက်ဆိုခဲ့ကြောင်း သိရသည်။

အမှုသက်သေထွက်ချက်များနှင့် သက်သေခံအထောက်အထားများအရ ပြစ်မှုကျူးလွန်သူ ဒေါ်မြင့်ရီအား ဒလရဲစခန်းစွဲချက်အမှတ် ၅၄၇(က)/ ၂၀၁၀ဖြင့်တရားစွဲဆိုတင်ခဲ့ရာ တရားရုံးမှ ရာကြီး(၉၄/ ၂၀၁၀) ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် တောင်ပိုင်းခရိုင်တရားရုံး၊ ဒုခရိုင်တရားသူကြီး(၂)ရုံးမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

## ဈေးကွက်အတွင်းရောင်းချလျက်ရှိသော နနွင်းမှုန့်များတွင် ခွင့်မပြုသည့် အရောင်ဆိုးဆေးများ ရောနှောထားကြောင်းသိရ



ရန်ကုန်မြို့ ဈေးများအတွင်း၌ရောင်းချလျက်ရှိသော နနွင်းမှုန့်များတွင်ခွင့်မပြုသည့်အရောင်ဆိုးဆေး (Metanil Yellow ) များရောနှောပါဝင်နေကြောင်းမြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ(၂၀၁၁)တွင်ဖတ်ကြားတင်သွင်းခဲ့သည့်"ဈေး၌ရောင်းချနေသော ဟင်းခတ်အမွှေးအကြိုင်များတွင် အရောအနှောပါဝင်နေမှုကိုလေ့လာခြင်းသုတေသန"စာတမ်းအရ သိရသည်။

အဆိုပါ အရောအနှောများတွေ့ရှိရမှုကို ဈေးအသီးသီးမှ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်တံဆိပ်ကွဲ ကိုးမျိုးစီ၊ငရုတ်ကောင်းမှုန့်သုံးမျိုးနှင့်ဇီယာမှုန့်တို့ကို ဝယ်ယူစစ်ဆေးခဲ့ရာ၌တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်းနှင့် အဆိုပါဆိုးဆေးများသည်ကင်ဆာဖြစ်စေမှုကိုမြင့်မားစေပြီး ရေရှည်စားသုံးပါကအသည်းကင်ဆာနှင့်ဗဟိုနာမ်ကြောမကြီးကိုထိခိုက်စေနိုင်ကြောင်းလည်းသိရသည်။

စစ်ဆေးခဲ့သည့် ငရုတ်သီးမှုန့် ကိုးမျိုးအနက် နှစ်မျိုးတွင် သဲမှုန့် ဖုန်မှုန့်များရောနှောပါဝင်နေပြီး ငရုတ်ကောင်းမှုန့်တစ်မျိုးတွင် အခြားအပင်အစိတ်အပိုင်းများပါဝင်နေကြောင်းနှင့် နနွင်းမှုန့်ကိုးမျိုးအနက်သုံးမျိုးမှာ ဆန်မှုန့်၊ပြောင်းမှုန့်များ ပါဝင်ပြီး နှစ်မျိုးတွင် ခွင့်မပြုသော အရောင်ဆိုးဆေး (Metanil Yellow) များ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိချက်များအရ သိရသည်။

" အရင်က နေမကောင်းဖြစ်ရင်အမေက နနွင်းတိုက်တယ်။ နနွင်းက ကျန်းမာရေးအရကောင်းမွန်ပြီး ခန္ဓာကိုယ်က အနံ့အသက်ဆိုးတွေကိုလည်းပျောက်စေတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာ အဲဒီလိုကျန်းမာရေးအရရော ဟင်းချက်ရာမှာ အဓိကအသုံးပြုရတဲ့ နနွင်းမှာ အရောင်ဆိုးဆေးတွေပါဝင်နေတော့ အသုံးပြုရတာ စိတ်မချရဘူးဖြစ်လာတယ်"ဟု တာမွေမြို့နယ်နေ အိမ်ရှင်မတစ်ဦးက ဆိုပါသည်။

ထို့အပြင် ရန်ကုန်မြို့ရှိဈေးများအားလုံးတွင် ဆိုးဆေးပါဝင်သည့်စားသောက်ကုန်ပစ္စည်းများ မရောင်းချရန် ၂၀၁၁ခုနှစ် စက်တင်ဘာလ၌ထပ်မံအသိပေးကြေညာခဲ့ပြီးစစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ ကြေငြာချက်ထုတ်ပြန်ထားခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ငြိမ်းဇော်လင်း၊အိသဥ္ဇာကျော်

# နေပြည်တော်ရှိဟိုတယ်များအား ကြယ်ပွင့်များအဆင့်သတ်မှတ်၊ ကြယ်သုံးပွင့် ဟိုတယ် ၁၃ ခု၊ ကြယ်နှစ်ပွင့်ဟိုတယ် ခုနစ်ခုနှင့် ကြယ်တစ်ပွင့်ဟိုတယ်တစ်ခုရှိကြောင်း သိရ


နေပြည်တော်ဟိုတယ်ဇုန်ရှိ ကြယ်ပွင့်သတ်မှတ်ပြီးဖြစ်သော ဟိုတယ်တစ်ခုကို တွေ့ရစဉ်

နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များအား ဟိုတယ်အဆင့်အတန်းကြယ်ပွင့်များ သတ်မှတ်ထားပြီး ကြယ်သုံးပွင့်ဟိုတယ် ၁၃ ခု၊ ကြယ်နှစ်ပွင့်ဟိုတယ်ခုနစ်ခု၊ ကြယ်တစ်ပွင့်ဟိုတယ်တစ်ခုရှိကြောင်း သတင်းရရှိသည်။

ယင်းကဲ့သို့ ဟိုတယ်အဆင့်အတန်းသတ်မှတ်ရာတွင် ဖွင့်လှစ်ထားပြီးဖြစ်သည့်ဟိုတယ် ၂၈ ခုအနက် ဟိုတယ် ၂၁ ခုကိုစစ်ဆေးပြီးဖြစ်သည့်အတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်းကြယ်ပွင့်များသတ်မှတ်ထားကြောင်း သိရှိရသည်။

ဟိုတယ် ၂၁ ခုကို ဟိုတယ်အဆင့်အတန်းကြယ်ပွင့်များသတ်မှတ်ပြီးသော်လည်း ကျန်ရှိနေသည့် ဟိုတယ် ခုနစ်ခုကိုမူ ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်နေဆဲဖြစ်သည့်အတွက် ကြယ်ပွင့်အဆင့်သတ်မှတ်ရန်ဆောင်ရွက်နေဆဲဖြစ်၍ ကြယ်ပွင့်သတ်မှတ်မှုမရှိသေးကြောင်း သိရပါသည်။

နေပြည်တော်ခရိုင်အတွင်း၌ ဟိုတယ်ဇုန်များကို ဇမ္ဗူသီရိမြို့၊ ဒက္ခိဏမြို့၊ ပုဗ္ဗသီရိမြို့နှင့် ဥတ္တရသီရိမြို့များတွင်တည်ဆောက်နေပြီး လက်ရှိတွင် ဟိုတယ် ၂၈ ခုဖွင့်လှစ်လည်ပတ်နေကာ ဟိုတယ် ၂၇ ခုမှာတည်ဆောက်နေဆဲဖြစ်သည်။ ကြယ်ပွင့်အဆင့်သတ်မှတ်ပြီးစီးသည့်ဟိုတယ် ၂၁ ခုတွင် အခန်းပေါင်း ၁၅၀၀ ကျော်ရှိကြောင်း သိရှိရသည်။

"ဟိုတယ်အခန်း ဖွဲ့စည်းမှု၊ အသုံးအဆောင်ပစ္စည်းများ အရည်အသွေး၊ ဝန်ထမ်းအရည်အသွေး၊ ဝန်ဆောင်မှု၊ အဆောက်အအုံရဲ့ အင်ဂျင်နီယာပိုင်း အရည်အသွေးတွေကို အဓိကထား စစ်ဆေးပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကြယ်သုံးပွင့်အဆင့် ဟိုတယ်များမှာရွှေနန်းတော်ဟိုတယ်၊ သင်္ဂဟဟိုတယ်၊ မြတ်တော်ဝင်ဟိုတယ်၊ ရွှေညော့်သည်ဟိုတယ်၊ တော်ဝင်နေပြည်တော်ဟိုတယ်၊ ကောင်းကင်နန်းတော်ဟိုတယ်၊ ရွှေမြန်မာဟိုတယ်၊ တော်ဝင်ကုမုဒြာဟိုတယ်၊ အမရဟိုတယ်၊ အိုအေစစ်ဟိုတယ်၊ ဇမ္ဗူသီရိဟိုတယ်၊ တံငပူရိဟိုတယ်၊ မောင့်ဟိုတယ်တို့ဖြစ်သည်။

ကြယ်နှစ်ပွင့်အဆင့်မှာ ရတနာသိဃ်ဟိုတယ်၊ ရွှေပြည်တော်ဟိုတယ်၊ မြတ်မင်္ဂလာဟိုတယ်၊ ဂျန်းရှင်းဟိုတယ်၊ မင်္ဂလာသီရိဟိုတယ်၊ မန်းမြန်မာဟိုတယ်နှင့် ဥတ္တရသီရိဟိုတယ်တို့ဖြစ်ပြီး ကြယ်တစ်ပွင့်အဆင့်မှာမြတ်နန်းယုံဟိုတယ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဟိုတယ်များကြယ်ပွင့်အဆင့်အတန်းသတ်မှတ်ခြင်းကို ၂၀၁၁ ခုနှစ်တွင် ခရီးစဉ်ဒေသအချို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

*နေပြည်တော်သတင်းအဖွဲ့*

# မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုအရ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့်အဲပုဂံတို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်ပျံသန်းခွင့်ရရှိ

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သော မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ လေကြောင်းပို့ဆောင်ရေးညှိနှိုင်းဆွေးနွေးမှုရလဒ်အရ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့် အဲပုဂံလေကြောင်းလိုင်းတို့ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်ပျံသန်းခွင့်စတင်ရရှိခဲ့ကြောင်း သိရှိရပါသည်။

ယင်းညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့် အဲပုဂံလီမိတက်တို့ကို မြန်မာနိုင်ငံ၏ ပျံသန်းခွင့်ရှိသော သတ်မှတ်လေကြောင်းများအဖြစ်သတ်မှတ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Biman Bangladesh Airlines၊ GMG Airlinesနှင့် United Airways (BG)တို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပျံသန်းခွင့်ရှိသော သတ်မှတ်လေကြောင်းများအဖြစ်လည်းကောင်းသတ်မှတ်ခဲ့သည်ဟု သိရှိရသည်။ လေကြောင်းလိုင်းများသည် နှစ်နိုင်ငံကြား ခရီးစဉ်များကို တစ်ပတ်လျှင် ခုနစ်ကြိမ်စီ ပျံသန်းခွင့်ရရှိခဲ့သည်ဟု သိရသည်။

ဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ၁၉၇၇ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သော နှစ်နိုင်ငံလေကြောင်းသဘောတူစာချုပ်ကို နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးဖြစ်ပေါ်တိုးတက်မှုနှင့် အညီပြင်ဆင်ချုပ်ဆိုနိုင်ရေးအတွက် စာချုပ်အသစ်မူကြမ်းတစ်ရပ်ကိုလည်း ရေးဆွဲခဲ့ကြသည်။

"ဘင်္ဂလားဒေ့ရှ်နဲ့ တိုက်ရိုက်ပျံသန်းခွင့်ရဖို့ လေကြောင်းလိုင်းတွေကို ကန့်သတ်ထားတာမျိုးမရှိပါဘူး။ ဘယ်လေကြောင်းလိုင်းမဆိုပြေးဆွဲချင်တယ်ဆိုရင် ခွင့်ပြုချက်ရဖို့ ညှိနှိုင်းပေးသွားမှာပါ"ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား တိုက်ရိုက် ပျံသန်းပြေးဆွဲခြင်းကို ယခင်က ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သော မြန်မာ့လေကြောင်းမှ ပြေးဆွဲခဲ့ဖူးကြောင်း သိရှိရပါသည်။

# ကွန်ကရစ်ဘလောက်တုံး အသုံးပြုအဆောက်အဦများ မြန်မာနိုင်ငံဒေသသုံးခုတွင် ဆောက်လုပ်သွားမည်

ကုလသမဂ္ဂလူနေမြို့ရွာဖွံ့ဖြိုးရေးအစီအစဉ်၏နည်းပညာပံ့ပိုးမှုဖြင့် ကွန်ကရစ်ဘလောက်တုံးအသုံးပြုအဆောက်အဦများ မြန်မာနိုင်ငံဒေသသုံးခုတွင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကုလသမဂ္ဂလူနေမြို့ရွာဖွံ့ဖြိုးရေးအစီအစဉ်(UN-Habitat) နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ အကြား လက်မှတ်ရေးထိုးထားသောနားလည်မှုစာချွန်လွှာပါ လုပ်ငန်းအစီအစဉ်အရ ကွန်ကရစ်ဘလောက်တုံးအသုံးပြုအဆောက်အဦများကို ဆောက်လုပ်သွားမည်ဖြစ်သည်။

အဆိုပါကွန်ကရစ်ဘလောက်တုံးကို manual ပုံဖော်ပုံသွင်းစက်ကိရိယာနှင့်ထုတ်လုပ်ခြင်း၊ ကွန်ကရစ်ဘလောက်တုံးအရည်အသွေးကို Hydraulicစမ်းသပ်စက်နှင့် စစ်ဆေးခြင်း၊ ကွန်ကရစ်ဘလောက်တုံးအသုံးပြုဆောက်လုပ်သော အဆောက်အဦများကို မြန်မာနိုင်ငံဒေသသုံးခုတွင် နမူနာပြဆောက်လုပ်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

"ကွန်ကရစ်ဘလောက်တုံးအသုံးပြုဆောက်လုပ်တဲ့အဆောက်အဦကို ပထမဦးဆုံးအနေနဲ့ သုဝဏ္ဏသင်တန်းကျောင်းမှာ စတင်ဆောက်လုပ်ခြင်းဖြစ်ပါတယ်။ နေပြည်တော်နဲ့ ရှမ်းပြည်နယ်တို့မှာလည်း ဆက်လက်ပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်။ UN-Habitat အဖွဲ့အစည်းရဲ့ ကျွမ်းကျင်သူများက ဦးဆောင်ပြီး ဆောင်ရွက်ရာမှာ နယ်မြေခံအင်ဂျင်နီယာတွေနဲ့ ဒေသခံပန်းရံတွေကို ဘလောက်တုံးထုတ်လုပ်မှု၊ အသုံးပြုဆောက်လုပ်မှုနည်းပညာတွေကိုလည်း လေ့ကျင့်သင်တန်းပေးသွားမှာ ဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်မြင့်က ဇန်နဝါရီလ ၂၀ ရက်နေ့က သုဝဏ္ဏသင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

# Android 4.0 ဖြင့် Tablet များ ပြည်တွင်းဈေးကွက်သို့စတင်ဝင်ရောက်

Android 4.0.1 အသုံးပြုထားသော N 90 Tablet ကွန်ပျူတာများ ပြည်တွင်းဈေးကွက်သို့ ဇန်နဝါရီလ လယ်ပိုင်းတွင် စတင်ဝင်ရောက်လာပြီး တရုတ်နှစ်ကူးပြီးမှသာထပ်မံဝင်ရောက်မည်ဟု စုံစမ်းသိရှိရသည်။

ယင်း Tablet မှာ Android4.0 (Ice Cream Sandwich) OS ကို အသုံးပြုထားပြီး ပရောဆက်ဆာမှာ Rockchip RK2918, RAM မှာ 1 GB DDR3, Internal Memory မှာ 16 GB ရှိကာ SD ကတ်ထပ်စိုက်၍ ရကြောင်းလည်း သိရသည်။ ရှေ့နောက်ကင်မရာနှစ်ခုပါဝင်ပြီး မျက်နှာပြင်အကျယ်မှာ ၉ ဒသမ ၇ လက်မရှိသည်။ Multitouchမှာ 10 points အထိရပြီး အလေးချိန်မှာ ၆၃၀ ဂရမ်ရှိသောကြောင့် iPad 2 ၏ အလေးချိန်နှင့် မတိမ်းမယိမ်းဖြစ်ကာ ဘက်ထရီမှာ 8000 mAH ရှိပြီး ၁၀ နာရီဝန်းကျင်ခန့်အသုံးခံကြောင်းသိရသည်။




"ပြပွဲမှာ N 90 Tablet တွေရောင်းကုန်သွားတယ်။ တရုတ်နှစ်ကူးရှိတာကြောင့် ပစ္စည်းထပ်မှာလို့မရသေးဘဲ နှစ်ကူးပြီးမှ ထပ်ဝင်လာဖို့ရှိပါတယ်"ဟု T land မှတာဝန်ရှိသူတစ်ဦးကပြောပြသည်။

"သုံးထားတဲ့ ဟာ့ဒ်ဝဲပစ္စည်းချင်းတူရင်တောင် Android အနေနဲ့ iOS ကိုယှဉ်နိုင်ဖို့ လိုပါသေးတယ်။ ဒါပေမယ့်သူ့အားသာချက်နဲ့သူတော့ရှိတယ်။ Android 4.0 နဲ့ Tablet တွေကတော့ဒီနှစ်မှာ စောင့်ကြည့်ရမယ့်ဈေးကွက်တစ်ခုပါ"ဟု ကွန်ပျူတာပစ္စည်းအရောင်းဆိုင်တစ်ခုမှ တာဝန်ရှိသူက သုံးသပ်ခဲ့သည်။ ■


ParkwayHealth

စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးများလာရောက်မည်။

- အသည်းအထူးကုသမားတော်ကြီး
  အသည်းရောဂါကုသရေးနှင့် အသည်းအစားထိုးစင်တာ
  (Gleneagles ဆေးရုံကြီး)
- အစာအိမ် နှင့် အူလမ်းကြောင်းဆိုင်ရာ သမားတော်ကြီး
  Dr. Cheng Jun (Mount Elizabeth ဆေးရုံကြီး) တို့

ရန်ကုန် မြို့သို့ ဇန်နဝါရီလ ( ၂၈ မှ ၂၉ ) ရက်နေ့ထိ လာရောက်မည် ဖြစ်ပါ၍ အသေးစိတ်သိရှိလိုသူများ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

24-Hours Helplines: Yangon : 09 430 66665
: 09 430 66666
Mandalay : 09 430 66667

ParkwayHealth မြန်မာပြည်ကိုယ်စားလှယ်ရုံး
YANGON : အမှတ် ၁၅ ဘီ၊ တော်ဝင်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးရုံးအနီး၊ ဒဂုံမြို့နယ်။
MANDALAY : Swan Hotel အမှတ် - ၄၄ ဘီ၊ ၂၆ လမ်း၊ ၆၆ လမ်းနှင့် ၆၈ လမ်းကြား။


# လာမည့်ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်အဆင့် အိုင်စီတီဖိုရမ်ကျင်းပသွားရန်ရှိ

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း နေပြည်တော်ရှိ MICC တွင် နိုင်ငံတော်အဆင့် အိုင်စီတီဖိုရမ်ပွဲတစ်ခု ကျင်းပသွားရန်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသတင်းအချက်အလက်နှင့်နည်းပညာဌာနမှ အင်ဂျင်နီယာချုပ် ဦးဇော်မင်းဦးထံမှ သိရှိရသည်။

အဆိုပါ နိုင်ငံတော်အဆင့် အိုင်စီတီဖိုရမ်တွင်ပြည်တွင်းပြည်ပမှ ပညာရှင်များပါဝင်ဆွေးနွေးမည်ဖြစ်ပြီး ပြည်တွင်းရှိ လူမှုစီးပွားရေးကဏ္ဍများတွင် ICT ကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည့် အကြောင်းအရာများအား အဓိကထား၍ ဆွေးနွေးသွားမည်ဟု သိရသည်။

"နိုင်ငံတော်အဆင့် အိုင်စီတီဖိုရမ်က ဖေဖော်ဝါရီလ ၂၄ ရက်နေ့နဲ့ ၂၅ ရက်နေ့တွေမှာ နေပြည်တော်က MICC မှာ ကျင်းပဖို့ လျာထားပါတယ်။ နိုင်ငံရဲ့ Private Sector တွေမှာ Social Economic ကို မြှင့်ရင်းနဲ့ ဒီ ICT Sector က ဘယ်လိုပါဝင်ဆောင်ရွက်နိုင်သလဲ ဆိုတာတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားမှာပါ။ ဒီဆွေးနွေးပွဲကို နိုင်ငံတကာကပညာရှင်တွေ ဖိတ်ခေါ်ပြီး အလုပ်ရုံဆွေးနွေးပွဲလုပ်မယ်။ ပြည်တွင်းက ပညာရှင်တွေလည်းပါမယ်။ နောက်ပြီး နိုင်ငံတကာမှာ အလုပ်သွားလုပ်နေတဲ့ မြန်မာနိုင်ငံသားပညာရှင်တွေလည်းပါမယ်"ဟု အင်ဂျင်နီယာချုပ် ဦးဇော်မင်းဦးက ပြောကြားသည်။

အဆိုပါ နိုင်ငံတော်အဆင့် အိုင်စီတီဖိုရမ်သို့ ပြည်တွင်းသတင်းမီဒီယာများလည်း တက်ရောက်သတင်းယူနိုင်မည်ဖြစ်သည်ဟု သိရသည်။ ■

# မန္တလေးရွှေကြက်ယက်ဆိပ်ကမ်းတွင် ရေကြောင်းကျဉ်းလာ၍ ကုန်တင်သင်္ဘောများ ဆိုက်ကပ်ရပ်နားရန်ခက်ခဲလာပြီး ရေလယ်တွင်ကျောက်ချရပ်နားလာရ

မြန်မာနိုင်ငံအထက်အောက် အစုန်အဆန် ကုန်တင်သင်္ဘောကြီးများ အဓိကဆိုက်ကပ်ရပ်နားရာ မန္တလေးမြို့ ရွှေကြက်ယက်ဆိပ်ကမ်းတွင်ရေကြောင်းကျဉ်းလာ၍ သင်္ဘောများဆိုက်ကပ် ရပ်နားရန်ခက်ခဲလာပြီး သင်္ဘောကြီးများမှာရေလယ်တွင် ကျောက်ချရပ်နားမှု ပိုမိုလာကြောင်း သိရှိရသည်။

ဧရာဝတီမြစ်ကြောင်းရွှေကြက်ယက်ဆိပ်ကမ်းတွင် သင်္ဘောကြီးများ ဆိုက်ကပ်ရပ်နားရန် လုံလောက်သောရေစူးရှိသေးသော်လည်း ယင်းကဲ့သို့ ရေကြောင်းကျဉ်းလာ၍ ဆိပ်ကမ်းတွင် ရပ်နားရန်နေရာအခက်အခဲ ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း သိရသည်။

"သင်္ဘောဆိုက်ကပ်ဖို့နေရာအခက်အခဲရှိပေမယ့် လွန်ခဲ့တဲ့နှစ်နှစ်ကလောက်တော့ မဆိုးသေးဘူး။ အခုရေစူးအနက်က လေးတောင်(ခြောက်ပေ)လောက်ရှိပြီး ရေကြောင်းကျဉ်းလာတာကြောင့်သာ သင်္ဘောတွေကိုမြစ်လယ်မှာ ကျောက်ချရပ်ထားကြရတာ။ ကုန်တင်ကုန်ချလုပ်မယ်ဆိုမှ ဆိပ်ကမ်းမှာလာပြီး အလှည့်ကျလုပ်ရတယ်"ဟု မော်တော်ဆလင်တစ်ဦးက ပြောကြားခဲ့သည်။



ရေလယ်တွင် ကျောက်ချရပ်နားထားသော သင်္ဘောများကို တွေ့ရစဉ်

"ရွှေကြက်ယက်ဆိပ်က မြစ်ကြောင်းအနေအထားအရ တစ်ဖက်ပိတ်နေပြီး ချောင်ကြီးလိုဖြစ်နေတာ။ ဒါကြောင့် သင်္ဘောတွေက နေရာကျဉ်းကျဉ်းလေးထဲမှာ ကွေ့ပတ်မောင်းပြီး ရပ်နားကြရတယ်။ ရေစူးအနက်ကတော့ ကောင်းပါတယ်။ ရေကြောင်းကတော့ တဖြည်းဖြည်းကျဉ်းလာပြီးဆိပ်ကမ်းမှာရှိတဲ့ ရေကမသန့်တော့ဘူး။ တော်တော်ဆိုးနေပြီ"ဟု ဆက်လက်ပြောကြားခဲ့သည်။

မန္တလေးမြို့ ရွှေကြက်ယက်ဆိပ်ကမ်းတွင် မြန်မာနိုင်ငံအထက်ပိုင်းမှဝင်ရောက်သော သစ်လုံးတွဲဖောင်များ၊ ဆီသင်္ဘောများအဓိကဆိုက်ကပ်ရပ်နားကြောင်းသိရသည်။

"ရေကြောင်းအနေအထားကသိပ်ပြီးမဆိုးသေးပေမယ့် လမ်းမှာ ၁၀ ရက်လောက်ကြာတယ်။ အခုချိန်ရေစူးအရ ဆီဂါလံ နှစ်သိန်းလောက်ပဲတင်ပြီး ရေကြောင်းရှာမော်တော်လေးတွေနဲ့ ရေကြောင်းစမ်းပြီးဂရုတစိုက် မောင်းနှင်နေရတာပေါ့။ ရွှေကြက်ယက်ဆိပ်ကမ်းမှာတော့ ရေကြောင်းကတော်တော်ကျဉ်းနေပြီ။ ရပ်နားဖို့အခက်အခဲကြီးမဟုတ်သေးပေမယ့် ဝင်ရောက်တဲ့ကုန်တင် သင်္ဘောအပေါ်မူတည်ပြီး ကုန်တင်ကုန်ချလုပ်ဖို့ အချိန်တွေပိုပေးလာရတယ်"ဟု ရန်ကုန်-မန္တလေးအစုန်အဆန်သွားလာနေသော ပုဂ္ဂလိကကုန်တင်သင်္ဘောပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။

မင်းသန့်

■

## Map ++ ဒစ်ဂျစ်တယ် မြေပုံလမ်းညွှန်စနစ်ကို Android ဖုန်းများနှင့် ကွန်ပျူတာများတွင်အသုံးပြုနိုင်

Myanmar Explore Map++ ဒစ်ဂျစ်တယ်မြေပုံလမ်းညွှန်စနစ်ကို Android ဖုန်းများနှင့်ပီစီကွန်ပျူတာများတွင်လည်း Offline အနေဖြင့် ထည့်သွင်းအသုံးပြုလာနိုင်ကြောင်း သိရှိရသည်။

"အရင်တုန်းက ဒီစနစ်ကိုအသုံးပြုဖို့ ဝက်ဘ်ဆိုက်ကိုဖွင့်ပြီးသုံးရပေမယ့် အွန်လိုင်းမလိုဘဲ ပီစီကွန်ပျူတာတွေနဲ့ Android ဖုန်း၊ သင်ပုန်းကွန်ပျူတာတွေမှာသုံးနိုင်တဲ့ဗားရှင်းကို အိုင်စီတီပြပွဲမှာမိတ်ဆက်ပေးခဲ့ပါတယ်"ဟု In Mai Kha ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောပြခဲ့သည်။

ယင်းမြေပုံလမ်းညွှန်စနစ်တွင် ဖော်ပြလိုသောအချက်အလက်များ၊ နေရာဒေသများကို မြေပုံပေါ်တွင် ဖော်ပြပေးသောစနစ်၊ လိုအပ်သောအချက်အလက်များကို အလွယ်တကူရှာဖွေနိုင်သောစနစ်၊ အနီးစပ်ဆုံးတွက်ချက်ပေးနိုင်သောစနစ်၊ အွန်လိုင်းပေါ်တွင်စီးပွားရေးလုပ်ငန်းများပြုလုပ်နိုင်သော eCommerce အခြေခံစနစ်များပါဝင်ပြီး www.myanmarexplore.com ဟူသောဝက်ဘ်ဆိုက်လွှင့်တင်ထားကြောင်းသိရသည်။

## နိုင်ငံတကာမှ ဘူမိဗေဒပညာရှင်များပါဝင်သော အပြည်ပြည်ဆိုင်ရာဘူမိဗေဒဆိုင်ရာ ညီလာခံကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည်

နိုင်ငံတကာမှ ဘူမိဗေဒပညာရှင်များပါဝင်သော အပြည်ပြည်ဆိုင်ရာ ဘူမိဗေဒဆိုင်ရာ ညီလာခံကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတာဝန်ရှိသူများထံမှသတင်းရရှိပါသည်။

International Geological Conference ကို မြန်မာနိုင်ငံတွင်လာ မည့် မတ်လ ၁ ရက်နေ့နှင့် ၂ ရက် နေ့တို့တွင်ကျင်းပမည်ဖြစ်ပြီး Geo Myanmar 2012 ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဓိကအားဖြင့်အဆိုပါညီလာခံတွင် နိုင်ငံတကာဘူမိဗေဒပညာရှင်များနှင့်ပြည်တွင်း၊ပြည်ပတွင်နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသား ဘူမိဗေဒပညာရှင်များမှ ဘူမိဗေဒပညာရပ်ဆိုင်ရာစာတမ်းအနည်းဆုံး ၁၅ စောင်အထိဖတ်ကြားမည်ဖြစ်ကြောင်းလည်း သိရသည်။

အာဆီယံနိုင်ငံများအတွင်း အခြားနိုင်ငံများတွင် ဘူမိဗေဒဆိုင်ရာညီလာခံကို အလှည့်ကျကျင်းပကြသော်လည်းမြန်မာနိုင်ငံတွင်မူယခုမှသာပထမအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

## သုတေသနပြုလုပ်ချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်း ချိုင့်ဝှမ်းဒေသအတွင်း လှုပ်ခတ်ခဲ့သောငလျင်ကြီးများကြောင့် ထိခိုက်ပျက်စီးမှုများ ထပ်မံတွေ့ရှိရ

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအတွင်းလှုပ်ခဲ့ဖူးသောငလျင်ကြီးများနှင့်ပတ်သက်ပြီးငလျင်ဗေဒဆိုင်ရာသုတေသနလုပ်ငန်းများကို ပြုလုပ်လျက်ရှိရာ ငလျင်ကြီးများလှုပ်ခတ်ခဲ့မှုကြောင့်ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကိုထပ်မံတွေ့ရှိခဲ့ရကြောင်း သိရှိရသည်။

ယင်းကဲ့သို့လေ့လာမှုများကို မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊မြန်မာနိုင်ငံမြေငလျင်ကော်မတီနှင့်ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ဘူမိဗေဒပညာရှင်များပူးပေါင်းလေ့လာခဲ့ကြခြင်းဖြစ်ပြီး ၁၉၇၅ ခုနှစ်တွင် လှုပ်ခတ်ခဲ့သောပုဂံငလျင်နှင့် ၂၀၀၃ ခုနှစ်တွင်လှုပ်ခတ်ခဲ့သော တောင်တွင်းကြီး ငလျင်တို့နှင့်ပတ်သက်ပြီး လေ့လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"မြန်မာနိုင်ငံအလယ်ပိုင်းမှာ ဆိုရင်မြိုင်မြို့နယ်ထဲကရွာတွေ၊ ကမ္ဘမြို့ဝန်းကျင်၊ ညောင်ဦးရဲ့ဧရာဝတီမြစ်တစ်ဘက်ကမ်းက မြစ်ခြေရွာ၊ ပခုက္ကူ၊ ပုဂံ၊ညောင်ဦး၊ ကျောက်ပန်းတောင်းနဲ့ တောင်တွင်းကြီးနယ်တစ်ဝိုက်ကိုလေ့လာခဲ့တာပါ။ အဓိက က ငွေးချိုပြတ်ရွေ့ကိုလိုက်လေ့လာတာပါ။ပုဂံငလျင်က ငွေးချိုပြတ်ရွေ့ရဲ့မြောက်ဘက်ခြမ်းမှာဖြစ်ပြီး တောင်တွင်းကြီးငလျင်ကတော့ ငွေးချိုရဲ့တောင်ဘက်ခြမ်းမှာလှုပ်ခဲ့တာပါ။ ကွင်းဆင်းလေ့လာကြည့်တဲ့အခါ ငလျင်ရဲ့ဗဟိုချက်နဲ့ထိခိုက်ပျက်စီးခဲ့မှုတွေကို ထပ်မံတွေ့ရပါတယ်"ဟုလည်းမြန်မာနိုင်ငံမြေငလျင်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"၁၉၇၅ ပုဂံငလျင်မှာဆိုရင် ပထမသိထားတာက ANSS ကပေးတဲ့ data အရ ပုဂံနဲ့စာရင် မြောက်ဘက်ခြမ်းပိုကျပြီးတန့်ကြည့်တောင်နဲ့ပိုနီးတယ်လို့သိရတယ်။ မြိုင်မြို့ရဲ့အနောက်ဘက်တန့်ကြည့်တောင်ရဲ့အရှေ့ဘက်ခြမ်းမှာ ပိုကျတယ်လို့ နဂိုကသိခဲ့ရတယ်။ တကယ်တမ်းသိသိသာသာပျက်စီးမှု အထောက်အထားမတွေ့ရဘဲ ပုဂံနဲ့နီးတဲ့ နေရာမှာပဲငလျင်ဗဟိုချက်ကရှိနိုင်တယ်လို့ သိရပါတယ်။လောလောဆယ်မှာ ငလျင်သက်ရောက်ခဲ့တဲ့နေရာ တွေကို ထပ်တွေ့တယ်"ဟုရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ဘူမိဗေဒဌာနမှတာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

"တောင်တွင်းကြီးကိုလေ့လာတဲ့အခါမှာလည်းအဓိက အပျက်အစီးများခဲ့တဲ့ ဆပ်သွားရွာနဲ့အနီးတဝိုက်လေ့လာတဲ့အခါ ဆပ်သွားရွာရဲ့အောက်က ညောင်ပင်သာရွာနားမှာလည်း ငလျင်သက်ရောက်မှုတွေရှိခဲ့တယ်ဆိုတာ ထပ်မံတွေ့ရှိခဲ့ရတယ်။အခုရတဲ့ data တွေအရ ဘူမိသဘောအရ လေ့လာရရှိတာတွေပေါင်းပြီး အချက်အလက်အသစ်တွေ ထပ်မံထုတ်ပြန်သွားဖို့ရှိပါတယ်" ဟုလည်း မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။




# ယာဉ်စည်းကမ်းလမ်းစည်းကမ်းစာမေးပွဲအား အိုင်တီနည်းပညာအသုံးပြု၍ စစ်ဆေးမှုစတင်

အိုင်တီနည်းပညာအသုံးပြု၍ ယာဉ်စည်းကမ်းလမ်းစည်းကမ်း စစ်ဆေးခြင်းအား နေပြည်တော်ရှိ ကုန်းလမ်းပို့ဆောင်ရေးအင်ဂျင်နီယာဌာန မှ ဖွင့်လှစ်ထားသည့် ယာဉ်မောင်းသင်တန်းကျောင်း၌ စတင်အသုံးပြု စစ်ဆေးလျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါစနစ်မှာ ကွန်ပျူတာအတွင်း၌ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန)၏ မေးခွန်းများ ထည့်သွင်းထားပြီး ဖြေဆိုမည့်သင်တန်းသားများအနေဖြင့် ယာဉ်စည်းကမ်း အခု ၂၀ နှင့် လမ်းစည်းကမ်း အခု ၂၀ ကိုဖြေဆိုရမည်ဟု သိရသည်။

မေးခွန်းတစ်ခုလျှင် ဖြေဆိုချိန် ၁၅ စက္ကန့်သာ ရရှိမည်ဖြစ်သည်။ ယင်းစနစ်အား Mr.Htet Computer VirusLab က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ ရေးဆွဲထားခြင်းဖြစ်သည်ဟု သိရှိရသည်။

ယင်းစနစ် အသုံးပြု၍ စာမေးပွဲဖြေဆိုရခြင်းကြောင့် အမှန်တကယ်တတ်ကျွမ်းမှသာ စာမေးပွဲအောင်မြင်မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

"ဒီစနစ်ကို ကညနက သတ်မှတ်ထားတဲ့ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေနဲ့အညီ ရေးဆွဲပေးထားတာပါ။ စာမေးပွဲဖြေတဲ့သူတွေအနေနဲ့ Touch screen ကွန်ပျူတာပေါ်မှာ အမှားအမှန်ကိုလက်ထောက်ပြီးဖြေဆိုရမှာပါ။ ဒီစနစ်သုံးထားတဲ့အတွက် တကယ်တတ်ကျွမ်းမှသာ စာမေးပွဲအောင်မှာပါ။ အခုဒီစနစ်ကို နေပြည်တော်က ကုန်းလမ်းပို့ဆောင်ရေးအင်ဂျင်နီယာဌာနက ဖွင့်ထားတဲ့ ယာဉ်မောင်းသင်တန်းကျောင်းမှာ လက်ရှိအသုံးပြုနေပါပြီ။ မကြာခင်ကာလမှာ ရန်ကုန်နဲ့ မန္တလေးက ယာဉ်မောင်းသင်တန်းကျောင်းတွေမှာလည်းအသုံးပြုဖို့ရှိတယ်" ဟု Mr. Htet Computer Virus Lab မှ ကိုထက်လင်းစိုးက ဆိုပါသည်။

ကေခိုင်ဝင့်



အိုင်တီနည်းပညာအသုံးပြု၍ ယာဉ်စည်းကမ်းလမ်းစည်းကမ်း စစ်ဆေးခြင်းအား ပြသထားစဉ်

# Tan Chay Bing ပညာသင်ဆု ယခုနှစ်မှစတင်၍ ပေးအပ်မည်

စင်ကာပူနိုင်ငံရှိ LASALLE College မှ Tan Chay Bing ပညာသင်ဆုကို ၂၀၁၂ ခုနှစ်မှစတင်ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကောလိပ်သို့ ၂၀၁၂ ခုနှစ် ဩဂုတ်လ၌တက်ရောက်မည့်သူများအတွက် Tan Chay Bing ပညာသင်နှင့် Future Leader ပညာသင်ဆုများပါ ပေးအပ်ချီးမြှင့်ပေးမည်ဖြစ်ရာ ပညာသင်ဆုများအတွက် ဇန်နဝါရီလမှစတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း Crown Education မှ သိရှိရပါသည်။

LASALLE College သည် အာရှ–ပစိဖိတ်ဒေသတွင်အနုပညာနှင့်ပတ်သက်သည့်ဘာသာရပ်များကို သင်ကြားပေးနေပြီး စင်ကာပူပညာရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုရရှိထားသည့်ကောလိပ်တစ်ခုဖြစ်သည်။ Design၊ Interior Design၊ Film၊ Fine Arts၊ Media Arts၊ Dance၊ Music၊ Theatre စသည့်ဘာသာရပ်များကို အခြေခံမှစတင်၍ ဒီပလိုမာ၊ ဘွဲ့နှင့် မဟာဘွဲ့တန်းများအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာအဆိုပါကောလိပ်သို့ဝင်ခွင့်ရရှိသည့် ကျောင်းသူ ကျောင်းသားများအနေဖြင့်လည်းစင်ကာပူပညာရေးဝန်ကြီးဌာနမှ ချီးမြှင့်သည့် Tuition Grant များ ရရှိမည်ဖြစ်ကာ ပညာသင်ထောက်ပံ့ကြေးရရှိပါက စင်ကာပူနိုင်ငံ၌သုံးနှစ်အလုပ်လုပ်ကိုင်ရန်အတွက် စာချုပ်ချုပ်ဆိုရမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများအပြင် ပညာသင်ဆုနှစ်မျိုးကိုပါ လျှောက်ထားနိုင်မည်ဖြစ်ပြီးပညာသင်ဆုအတွက် ပညာရေးမှတ်တမ်းများ၊ လက်ရာမြောက်သော Portfolio များနှင့်ခေါင်းဆောင်မှုအတွေ့အကြုံများပေါ်တွင်အကဲဖြတ်၍ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ ကောလိပ်သို့လျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးအင်္ဂလိပ်စာအရည်အချင်းIELTS 5.5 (သို့မဟုတ်) TOEFL(525) ရရှိရမည်ဖြစ်ပြီးအသေးစိတ်သိလိုပါကCrown Education ရုံးချုပ် Summit Park - view Hotel အခန်း(၂၂၈–၂၂၉) နှင့်မြေနီကုန်းရုံးခွဲ အမှတ်(၂၇၂) (၄) လွှာ အခန်းအမှတ်(၄၀၄) ပြည်လမ်း၊ ဓနလှိုင်တာဝါသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

# LCCI Level 4 အား ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ သင်တန်းကျောင်းများတွင် ဆက်လက်သင်ယူနိုင်ပြီဖြစ်ကြောင်းသိရ

ယခုနှစ်မှစ၍ LCCI Level 4 အား ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ သင်တန်းကျောင်းများတွင် ဆက်လက်သင်ယူနိုင်ပြီဖြစ်ကြောင်း ဗြိတိသျှကောင်စီမှ တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

"ကျွန်တော်တို့ LCCI Level 4 နဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းစာအုပ်တွေကို ရန်ကုန်မြို့က သင်တန်းကျောင်းတွေကို ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။ နှစ်နှစ်အတွင်း Level 3 ဖြေဆိုခဲ့ပြီးတဲ့သူတွေက ယူကေမှာ ဒီဂရီရတဲ့အထိ ဆက်လက်သင်ယူခွင့်ရမှာဖြစ်ပါတယ်။ ဒီ Level 4 နဲ့ပတ်သက်တဲ့ ဟောပြောပွဲတွေကိုလည်း မတ်လပိုင်းလောက်မှာလုပ်သွားဖို့စီစဉ်ထားပါတယ်။ နောက်နှစ်တွေမှာ Level 5 နဲ့ Level 6 ထိ ဆက်လက်သင်ကြားလာနိုင်အောင်စီစဉ်နေပါတယ်" ဟု ဦးကျော်ထင် (Business Development Consultant , LCCI ) ကပြောကြားခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍နှစ်နှစ်အတွင်းLCCI Level 3ပြီးဆုံးသူတိုင်း Level 4ကို စတင်သင်ကြားနိုင်ပြီး သင်တန်းကျောင်းနှင့်သင်တန်းသား၏ တက်ရောက်မှုပေါ်မူတည်၍သင်တန်းကာလ အနည်းဆုံးခြောက်လကြာမြင့်မည်ဖြစ်ကြောင်းနှင့် LCCI Level 4 စာမေးပွဲကြေးမှာ တစ်ဘာသာလျှင် အမေရိကန်ဒေါ်လာ ၅၅ ဒေါ်လာဖြစ်ပြီး စာမေးပွဲကို ဇွန်လတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# ပြည်တွင်းပြည်ပ သံဃာအပါး ၁၀၀၀ ဖြင့် သံဃာ့အစည်းအဝေးကျင်းပရန်ရှိ

ပြည်တွင်းပြည်ပ သံဃာတော်အပါး ၁၀၀၀ ဖြင့် (၁၈)ကြိမ်မြောက် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင် နိကာယသံဃာ့အစည်းအဝေးပွဲအခမ်းအနားကို ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ ဓမ္မဒူတဇေတဝန်တောရဆေကိန္ဒာရာမကျောင်းတိုက်၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်ဩဝါဒစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဒေါက်တာဘဒ္ဒန္တအဂ္ဂိယ (မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်သစ်)၊ ရွှေဟင်္သာတိုက်သစ်ဆရာတော် (ရန်ကင်း)၊ မဏ္ဍိတာရာမရွှေတောင်ကုန်းဆရာတော်၊ ချမ်းမြေ့ဆရာတော်စသည့်ဆရာတော်များဦးဆောင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ရွှေကျင်ဂိုဏ်းဝင်သံဃာတော်များ၊ အင်္ဂလန်၊ ဂျပန်၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်းစသည့် နိုင်ငံများမှ ရွှေကျင်နွယ်ဝင်သံဃာတော်အပါး ၁၀၀၀ တို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။




# အသည်း၊ ကျောက်ကပ်ဝေဒနာရှင်များကို အခမဲ့စမ်းသပ်ကြည့်ရှုစစ်ဆေးပေးမည်

အိန္ဒိယနိုင်ငံ Apollo ဆေးရုံအုပ်စုမှ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ မြန်မာနိုင်ငံသို့ လာရောက်၍ အခမဲ့စမ်းသပ်ကြည့်ရှုဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆရာဝန်ကြီးများမှာ အသည်းအစားထိုးကုခွဲစိတ်ဆရာဝန်ကြီး Dr. Subash Gupta နှင့် ပါမောက္ခ/ ကျောက်ကပ်အစားထိုး၊ အစာအိမ်အူလမ်းကြောင်းနှင့် အထွေထွေခွဲစိတ်ဆရာဝန်ကြီး Dr.(Prof) Sandeep Guleria တို့ဖြစ်ပြီး ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မန္တလေးမြို့ရှိ Hotel Mandalay ၌လည်းကောင်း၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌လည်းကောင်းအသည်း၊ကျောက်ကပ်လူနာများကို အခမဲ့စမ်းသပ်ကြည့်ရှုဆွေးနွေးပေးခြင်းများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးကုသလိုသောအသည်း၊ ကျောက်ကပ်ဝေဒနာရှင်များအနေဖြင့် KC ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ၀၉–၇၃၁၄၄၅၈၈ (ရန်ကုန်)နှင့် ၀၉–၄၃၁၂၇၉၇၀(မန္တလေး)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။





## အလိုရှိသည်

(၁) အလုပ်သင် (သို့) အငယ်တန်းသတင်းထောက် - ကျား (၃) ဦး၊ မ (၂) ဦး
အသက် (၂၃) နှစ်အောက်ဖြစ်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ရမည်။ ကိုယ်တိုင်ရေးအာဘော်သတင်းတစ်ပုဒ်နှင့် အတူလျှောက်ထားနိုင်သည်။
(၂) သတင်းထောက် - ကျား (၂) ဦး၊ မ (၁) ဦး
အသက်(၂၅)နှစ်အောက် ဘွဲ့ရ၊ သတင်းတစ်ပုဒ်နှင့်အတူ လျှောက်ထားနိုင်သည်။
(၃) မန္တလေးရုံးခွဲအတွက် အလုပ်သင် (သို့) အငယ်တန်းသတင်းထောက် - ကျား (၁) ဦး
အသက် (၂၃) နှစ်အောက်ဖြစ်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ရမည်။ ကိုယ်တိုင်ရေးအာဘော်သတင်းတစ်ပုဒ်နှင့်အတူ လျှောက်ထားနိုင်သည်။

လျှောက်ထားသူများသည် သတင်းမီဒီယာလုပ်ငန်းကိုစိတ်ဝင်စားသူများဖြစ်ပြီး အများအကျိုးဆောင်ရွက်ရန် စိတ်ထက်သန်သူများဖြစ်ရမည်။ လျှောက်ထားသူများသည် မိမိရရှိလိုသည့်လစာကို ထည့်သွင်းလျှောက်ထားရမည်။ လျှောက်ထားသူအားလုံးကို အခြေခံပြင်ပဗဟုသုတများ မေးမြန်းမည်ဖြစ်သည်။

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။)

ဆက်သွယ်ရန် ➢ **Eleven Media Group** ၊ အမှတ် (၂၂) တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၄၀၀၅၂၄၊ ၄၀၀၅၂၈၊ ၄၀၁၄၁၁

# Call Center ဝန်ဆောင်မှုလုပ်ငန်းသို့ ကုမ္ပဏီ ၁၅ ခုခန့် ထပ်မံကမ်းလှမ်းထား ပြီးခဲ့သောလအတွင်း မိုဘိုင်းဖုန်းကြိုတင်ငွေပေးစနစ်အကြောင်း မေးမြန်းသူများပြားခဲ့




Call Center **အတွင်းအေးဂျင့်များမှ ဝန်ဆောင်မှုပေးနေစဉ်**

ပြည်တွင်း၌ ပထမဆုံးဖွင့်လှစ်ခဲ့သည့် Call Center ဝန်ဆောင်မှုလုပ်ငန်းတွင် ကနဦးအလုပ်အပ်နှံသောအဖွဲ့အစည်းနှင့်ကုမ္ပဏီ ၁၂ ခုရှိခဲ့ပြီး လက်ရှိတွင်ကုမ္ပဏီ ၁၅ ခုက အလုပ်အပ်နှံရန်ထပ်မံကမ်းလှမ်းထားပြီးအသေးစိတ်ဆွေးနွေးမှုများပြုလုပ်နေကြောင်းစုံစမ်းသိရသည်။

“အခုလက်ရှိမှာ ပြည်တွင်းက ကုမ္ပဏီ ၁၅ ခုလောက်ထပ်ကမ်းလှမ်းထားပြီးဆွေးနွေးညှိနှိုင်းမှုတွေပြုလုပ်နေပါတယ်။ ထပ်ကမ်းလှမ်းလာတဲ့ကုမ္ပဏီတွေထဲမှာ ပြပွဲတွေစီစဉ်တဲ့ကုမ္ပဏီ၊ အီလက်ထရောနစ်ကုမ္ပဏီကြီးတစ်ခု၊ အွန်လိုင်းကနေတစ်ဆင့်အမေရိကန်နိုင်ငံကပစ္စည်းတွေဝယ်ပေးနေတဲ့လုပ်ငန်း၊ ခရီးသွားကုမ္ပဏီ၊ ဆေးကုမ္ပဏီကြီးနှစ်ခု၊ အချက်အလက်တွေစုဆောင်းတဲ့ MMRD စတဲ့ကုမ္ပဏီတွေ၊ လုပ်ငန်းတွေပါဝင်ပါတယ်။ ဖုန်းအဝင်အထွက်ဝန်ဆောင်မှုတွေအပြင် အင်တာနက်ဝန်ဆောင်မှုတွေလည်း လုပ်ဆောင်ပေးရပါတယ်။ အမေရိကန်နဲ့ မြန်မာပြည်ဆိုရင်နေ့နဲ့ညပြောင်းပြန်ဖြစ်ပြီး ဒီမှာညဘက်ပိုင်းကိုအွန်လိုင်းကနေပစ္စည်းတွေ ဝယ်ပေးတာမျိုး ဝန်ဆောင်မှုပေးရတဲ့ပုံစံတွေလည်းပါတယ်။ ပြီးခဲ့တဲ့လအတွင်းမှာတော့ မိုဘိုင်းဖုန်းတွေကိုကြိုတင်ငွေပေးစနစ်ပြောင်းမယ်ဆိုတာနဲ့ပတ်သက်ပြီး Prepaid, Postpaid ကိစ္စတွေ ဖြေပေးရတာများခဲ့တယ်”ဟု အဆိုပါ Call Center မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

“အထွေထွေကိစ္စရပ်တွေကိုလည်း မေးမြန်းကြတာရှိပြီး တတ်နိုင်သလောက် ဖြေပေးပါတယ်။ မယ်လမုဘုရားနားက ဘုန်းကြီးကျောင်းရဲ့ဖုန်းနံပါတ်တောင်းတာဖြေပေးခဲ့ရတယ်။ ဒါပေမယ့်အဲဒါမျိုးကျတော့ ချက်ချင်းမဖြေနိုင်ဘဲ ခဏစောင့်ခိုင်းပြီး လိုက်စုံစမ်းရတာမျိုး၊ ဖုန်းနံပါတ်တောင်းပြီး ပြန်ဆက်ပေးတာမျိုး လုပ်ပေးခဲ့ရပါတယ်။ တကယ်တမ်းဖြေရမှာက အလုပ်အပ်ထားတဲ့ကုမ္ပဏီတွေနဲ့ပတ်သက်တာကိုအဓိကဖြေပေးရမှာဖြစ်ပေမယ့် တတ်နိုင်သမျှလုပ်ပေးတဲ့သဘောပါပဲ”ဟုအဆိုပါတာဝန်ရှိသူက ဆက်လက်ပြောပြခဲ့သည်။

လက်ရှိတွင် Call Center မှာ ပြည်လမ်း၌တစ်ခုသာရှိသေးပြီး အလုပ်အပ်နှံမှုအနေအထားပေါ်မူတည်၍ ရန်ကုန်မြို့အတွင်းထပ်မံတိုးချဲ့သွားရန်ရှိပြီး ထပ်မံတည်ဆောက်မည့်နေရာကိုမရွေးချယ်ရသေးဘဲ ဆက်သွယ်ရေးရုံးများ၏အနီးဝန်းကျင်တွင်သာဖြစ်မည်ဟုသိရသည်။ နေပြည်တော်တွင်တည်ဆောက်မည့် Call Center ကိုဆီးဂိမ်းအမီဖွင့်လှစ်သွားမည်ဖြစ်ပြီး မန္တလေးတွင်လည်း Call Center တစ်ခုဆောက်လုပ်သွားမည်ဟုသိရသည်။

အဆိုပါ Call Center ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင်စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ နေမျိုးထွန်း

# ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ မြန်မာအလုပ်သမား အရာရှိတစ်ဦးအား တွဲဖက်တာဝန်ပေးအပ်မှု စတင်ပြုလုပ်

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ မြန်မာအလုပ်သမားအရာရှိတစ်ဦးအား တွဲဖက်ထားရှိလျက် တာဝန်ပေးအပ်မှုစတင်ပြုလုပ်နေပြီဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ သတင်းရရှိပါသည်။

အဆိုပါအလုပ်သမားအရာရှိအနေဖြင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားရွှေ့ပြောင်းလုပ်သားများ၌ဖြစ်ပေါ်လာသည့် အခက်အခဲများ၊ အဆင်မပြေမှုများ၊ ဖြစ်ပေါ်လာသည့် ပြဿနာများနှင့် ပတ်သက်၍ အကူအညီများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“အခု ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးမှာ မြန်မာလုပ်သားအရာရှိကိုထားပေးတာ နိုင်ငံအနေနဲ့ပြောမယ်ဆိုရင် ဒုတိယမြောက်နိုင်ငံဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ မြန်မာနဲ့ G to G လုပ်သားစေလွှတ်မှုတွေဆောင်ရွက်နေတဲ့ ကိုရီးယားနိုင်ငံမှာ ကိုရီးယားရောက် မြန်မာတွေရဲ့အရေးကိစ္စအဆင်မပြေတာတွေဆောင်ရွက်ပေးနိုင်၊ အကူအညီပေးနိုင်အောင် ၂၀၁၁ ခုနှစ်အတွင်းက မြန်မာလုပ်သားအရာရှိတစ်ဦးကို သံရုံးမှာ ထားပေးခဲ့ပါတယ်။ အခု ထိုင်းနိုင်ငံမြန်မာသံရုံးမှာတော့ အလုပ်သမားအရာရှိကို ဒီဇင်ဘာလ ၁၈ ရက်ကနေစပြီးတော့ တွဲဖက်တာဝန်အနေနဲ့ ပေးအပ်ဆောင်ရွက်စေခဲ့ပါတယ်”ဟု အလုပ်သမားဝန်ကြီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့ပါသည်။

ထိုင်းနိုင်ငံသည် မြန်မာရွှေ့ပြောင်းလုပ်သားများ အများဆုံးသွားရောက်လုပ်ကိုင်သည့်နိုင်ငံဖြစ်ပြီး လက်ရှိအချိန်တွင် မြန်မာလုပ်သား နှစ်သန်းခန့်ရှိနေကြောင်းနှင့် ၎င်းတို့အတွက်လိုအပ်သော အလုပ်သမားယာယီနိုင်ငံကူးလက်မှတ်များထုတ်ပေးခြင်းနှင့် သားသမီးများပညာသင်ကြားနိုင်ရေးနှင့်ပတ်သက်၍နှစ်နိုင်ငံအစိုးရမှ ညှိနှိုင်းဆောင်ရွက်ပေးနေကြောင်း သတင်းရရှိပါသည်။

အလုပ်သမားအရာရှိများအား ပြည်ပရှိ မိမိနိုင်ငံဆိုင်ရာသံရုံးများ၌ထားရှိခြင်းကို ရွှေ့ပြောင်းလုပ်သားအဖြစ်သွားရောက်လုပ်ကိုင်မှုများသည့်နိုင်ငံများမှ မိမိနိုင်ငံသားအလုပ်သမားများ၏အရေးကိစ္စများဆောင်ရွက်ပေးနိုင်ရန် တွဲဖက်ထားရှိလေ့ရှိကြကြောင်း သိရှိရသည်။

# သတ်မှတ်စည်းကမ်းချက်များဖောက်ဖျက်သည့်မိုဘိုင်းဖုန်းများမှအပလိုင်းပိတ်ထားခြင်းမရှိဟုသိရ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းဌားရမ်းသုံးစွဲခွင့်များနှင့်ပတ်သက်၍သတ်မှတ်ထားသည့်စည်းကမ်းချက်များအား ဖောက်ဖျက်သည့်မိုဘိုင်းဖုန်းများမှအပမည်သည့်ဖုန်းမျိုးမှ အကြောင်းပြချက်မရှိဘဲ လိုင်းပိတ်ထားခြင်းမျိုးမရှိကြောင်း သိရသည်။

မိုဘိုင်းဖုန်းသုံးစွဲသူအချို့ နယ်စပ်ဖြတ်ကျော်သုံးစွဲသည်ဟုဆိုကာ လိုင်းပိတ်ခံရခြင်းများကြုံတွေ့နေရသည်ဟုသိရပြီး ၎င်းလိုင်းပိတ်ခံရသည့်ဖုန်းပိုင်ရှင်များအနေဖြင့် မိမိတို့ဖုန်းအားမည်သည့်အကြောင်းရင်းကြောင့် လိုင်းပိတ်ခံထားရခြင်းကိုမူ သေချာစွာမသိရှိရဟုသိရသည်။

“ကျွန်တော်သမီးရဲ့ ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းလိုင်း ပိတ်ခံထားရတာ နှစ်လကျော်ရှိပြီ။ စုံစမ်းကြည့်တော့သူတို့ဘက်ကအစပိုင်းက နယ်စပ်ဖြတ်ကျော်သံသယရှိလို့ ပိတ်တာလို့ပြောတယ်။ နေပြည်တော်မှာလျှောက်လွှာပြန်တင်ဆိုလို့ ၂၀၁၁ ဒီဇင်ဘာလ ၇ ရက်နေ့ကတည်းက တင်ထားတာ ခုထိဘာမှအကြောင်းမထူးလို့ထပ်သွားမေးတော့ ကျွန်တော်တို့လျှောက်လွှာက ရန်ကုန်ရွှေဂုံတိုင်ရုံးရောက်သွားပြီပြောတယ်။ နိုင်ငံခြားကဝင်တဲ့ ဖုန်းတွေက Oversea နံပါတ်တွေနဲ့မဝင်ဘဲပြည်တွင်းဖုန်းနံပါတ်တွေ ၀၉၅၀ တို့လို နံပါတ်တွေနဲ့ပြောင်းဝင်လို့တဲ့။ အဲဒီလိုဝင်တဲ့အတွက် ခိုးသုံးတဲ့သဘောမျိုးဖြစ်နေတဲ့အတွက် ခိုးသုံးတယ်လို့သံသယဝင်တဲ့ဖုန်းတွေကိုဖြတ်တာလို့ပြောတယ်”ဟုမိတ္ထီလာမြို့တွင် နေထိုင်သူတစ်ဦးက ပြောကြားသည်။

“နယ်စပ်ဖြတ်ကျော်သုံးစွဲလို့လိုင်းပိတ်တာမျိုးတွေ ကျွန်တော်တို့ဆီမှာမရှိပါဘူး။ ဘီလ်မဆောင်ရင်ပိတ်မယ်။ အများပြည်သူနှောင့်ယှက်တာမျိုး၊ နောက်အာဏာပိုင်အဖွဲ့အစည်းတွေက တရားမဝင်ဖုန်းသုံးစွဲလို့မြန်မာ့ဆက်သွယ်ရေးကိုလိုင်းပိတ်ခိုင်းတာမျိုးတွေကလွဲလို့ လိုင်းပိတ်တာမျိုးမရှိပါဘူး”ဟု သတင်းအချက်အလက်နှင့်နည်း ပညာဌာနမှ အင်ဂျင်နီယာချုပ် ဦးဇော်မင်းဦးက ပြောကြားသည်။

“တကယ်အပိတ်ခံရတယ်ဆိုရင်တော့ ဘယ်ဖုန်းနံပါတ်ဘယ်အချိန်အပိတ်ခံရတယ်ဆိုတာကို ရွှေဂုံတိုင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းအင်ဂျင်နီယာချုပ်ဆီကိုလိပ်မူပြီးလျှောက်လွှာတင်နိုင်ပါတယ်။စိစစ်ပြီးပြန်ချပေးမှာပါ။ မြန်မာ့ဆက်သွယ်ရေးအနေနဲ့ Service ပေးနေတဲ့နေရာမှာအခက်အခဲရှိအောင် ပိတ်တာမျိုးမရှိပါဘူး။ ဖုန်းအကြာကြီးပြောလို့ပိတ်တာမျိုးလည်းမရှိပါဘူး။ အချက်တစ်ချက်နဲ့ငြိစွန်းတယ်ကြွေးတင်တာမျိုးဆိုရင်ပိတ်မှာပါ”ဟု မိုဘိုင်းအင်ဂျင်နီယာချုပ်က ပြောကြားခဲ့သည်။

# အင်္ဂါဂြိုဟ်သိဟ်ရာသီခွင်အတွင်းရပ်တည်ကာဂြိုဟ်ဖောက်ပြန်မှုဖြစ်စဉ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဧပြီလ ၁၄ ရက်နေ့အတွင်းဖြစ်ပေါ်မည်




အင်္ဂါဂြိုဟ်သိဟ်ရာသီခွင်အတွင်းရပ်တည်ကာ ဂြိုဟ်ဖောက်ပြန်မှုဖြစ်စဉ်ဇန်နဝါရီလ ၂၅ ရက်နေ့မှဧပြီလ ၁၄ ရက်နေ့အတွင်းဖြစ်ပေါ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအင်္ဂါဂြိုဟ်သိဟ်ရာသီခွင်အတွင်းရပ်တည်ကာ ဂြိုဟ်ဖောက်ပြန်မှုဖြစ်စဉ်သည် ၃၂ နှစ်လျှင်တစ်ကြိမ် ဖြစ်ပေါ်လေ့ရှိကာ ၁၉၄၈ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၈၀ ပြည့်နှစ်တွင် တစ်ကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်အား နက္ခတ်ပါဠိအခေါ်အဝေါ်ဖြင့်ဇာိယထုံ(သို့)ဇုဠ္ဌစာကျင့်ကြံသောဖြစ်စဉ်ဟုခေါ်ပြီး ယင်းကာလ၌အင်္ဂါဂြိုဟ်မှစွမ်းအားအပြည့်အဝပေးစွမ်းနိုင်လေ့ရှိကြောင်း သိရသည်။ ထို့ကြောင့်ဇန်ဝါရီလ၂၅ ရက်နေ့မှဧပြီလ ၁၄ ရက်နေ့အတွင်း အင်္ဂါဂြိုဟ်သိဟ်ရာသီခွင်အတွင်း၌ရပ်တည်ကာဂြိုဟ်ဖောက်ပြန်မှုဖြစ်ပေါ်မည့်ဖြစ်စဉ်အားလေ့လာလိုပါကဖေဖော်ဝါရီလ ၁၀ ရက်၊ မတ်လ ၈ ရက်နေ့နှင့်ဧပြီလ ၄ ရက်နေ့တို့၌ လ၏အနီးအရှေ့ဘက်မိုးကောင်းကင်၌ အင်္ဂါဂြိုဟ်ကို မီးကျီခဲသဏ္ဍာန်တောက်ပစွာမြင်တွေ့ရမည်ဖြစ်ကြောင်းသိရှိရသည်။

ထို့အပြင်မတ်လ ၄ ရက်နေ့၌လည်းအင်္ဂါဂြိုဟ်သည်ကမ္ဘာနှင့်အနီးဆုံးဆုံမှတ်ကို ရောက်ရှိမည်ဖြစ်သည်။ ထို့အပြင်မတ်လ ၄ ရက်နေ့၌လည်းအင်္ဂါဂြိုဟ်သည်ကမ္ဘာနှင့်အနီးဆုံးဆုံမှတ်ကို ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။



# ကွမ်းစားရာ၌ထည့်စားသောဆေးအချို့ကြောင့် နောက်ဆက်တွဲရောဂါဖြစ်ပွားမှုများပြားလာ



ကွမ်းစားရာတွင် နိုင်တီတူး၊ ဖိုးတီဖိုက် စသည့်ဆေးပြင်းများထည့်သွင်းစားသုံးမှု များပြားလာသောကြောင့်ကွမ်းစားခြင်း၏နောက်ဆက်တွဲရောဂါဖြစ်ပွားမှုလည်း ပိုမိုများပြားလာကြောင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုဌာနမှ အငြိမ်းစားပါမောက္ခဌာနမှူးဦးကိုကိုမောင်က ပြောပြခဲ့ပါသည်။

အလားတူ ကွမ်းကို ကွမ်းသီး၊ ထုံး၊ ဆေးရွက်တို့ဖြင့် မိရိုးဖလာစားသုံးနေကြရာမှ နိုင်တီတူး၊ ဖိုးတီဖိုက်စသည့်ဆေးပြင်းများထည့်သွင်းစားသုံးလာမှုကြောင့်ခံတွင်းရောဂါဖြစ်ပွားမှုများသည်လည်းယခင်ကထက်သက်တမ်းထက်ဝက်ခန့်စော၍ ဖြစ်ပွားလာသည်ကိုတွေ့ရှိလာရကြောင်း သိရသည်။

လူထုလူတန်းစားမရွေးဈေးနှုန်းသင့်တင့်စွာဖြင့် နေရာအနှံ့ကန့်သတ်ချက်မရှိ အလွယ်တကူဝယ်ယူစားသုံးနိုင်ခြင်းတို့ကြောင့် ကွမ်းစားသုံးမှုနှုန်းမှာလည်းနိုင်ငံ၌မြင့်မားလျက်ရှိနေပြီး ဆယ်ကျော်သက်အရွယ်မှစတင်၍ကွမ်းစားသည့်အလေ့အကျင့်ရှိလာရာကွမ်းစားခြင်းနှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုအခြေအနေမှာလည်း ယခင်က အသက် ၄၀ ဝန်းကျင်နောက်ပိုင်းမှသာသွားဖုံးကင်ဆာဖြစ်ပွားမှုများ တွေ့ရှိရသော်လည်း ယခုအခါအသက် ၂၅ နှစ်ဝန်းကျင်အရွယ်မှစ၍ ဖြစ်ပွားနေမှုများရှိလာကြောင်းသွားဘက်ဆိုင်ရာဆေးတက္ကသိုလ် မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုဌာနမှ အငြိမ်းစားပါမောက္ခဌာနမှူးဦးကိုကိုမောင်ကပြောပြခဲ့ပါသည်။

"မြန်မာ့ရိုးရာထုံး၊ ကွမ်းသီး၊ ဗမာဆေးတွေနဲ့စားနေတာမဟုတ်ဘဲ ပြုပြင်ထားတဲ့ဆေးတွေနဲ့စားသုံးနေတာဖြစ်တဲ့အတွက် ကန့်သတ်ချက်တွေမရှိဘဲ လွယ်လွယ်ဝယ်လို့ရနေသမျှကာလပတ်လုံးကွမ်းနဲ့ပတ်သက်တဲ့ပြဿနာတွေနောက်ပိုင်းပိုများလာမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းဉက္ကဋ္ဌဦးစံရှိန်က ဆိုပါသည်။

"ကွမ်းသီးခြမ်းတွေကို ကန့်နဲ့စိမ်လိုက်တဲ့အခါ ကွမ်းသီးကပွလာတယ်။ ပွလာတဲ့ကွမ်းသီးကိုအရောင်ဖွေးပြီးလှနေအောင်ဓာတုချွတ်ဆေးတစ်မျိုးနဲ့အရောင်ချွတ်တယ်။ ပြီးတော့ရေဆေးပြီးနေလှန်းအခြောက်ခံတယ်။ ဆေးရွက်ကြီးကိုလည်း အရက်၊ ပျားရည်တွေနဲ့ရောစိမ်ထားပြီးတော့ နပ်ဆေးသဘောမျိုးအသွင်ပြောင်းထားတယ်။ ထုံးကိုလည်းရေနဲ့ဖျော်၊ အပေါ်ယံရေကြည်တွေကိုသွန်ပစ်ပြီးအနည်းထိုင်ကျန်ခဲ့တဲ့ထုံးအနှစ်သားကိုမှပျစ်ပျစ်ဖျော်ထားတဲ့နို့မှုန့်တွေနဲ့ရောလိုက်တယ်။ ထုံးကိုစားတဲ့အခါမှာနို့မှုန့်တွေပါတဲ့အတွက်ထုံးသားကဆိမ့်ဆိမ့်လေးဖြစ်နေတယ်။ ထုံးကလည်း ပြုပြင်ထားတဲ့အတွက်သဘာဝထုံးမဟုတ်တော့ဘူး။ ဒါတွေတင်မကပါဘူး။ အိမ်နီးချင်းနိုင်ငံတွေကနေတရားမဝင်လမ်းကြောင်းတွေကတစ်ဆင့် တင်သွင်းလာကြတဲ့နိုင်တီတူး၊ ဖိုးတီဖိုက်၊ စတားဗမာဆေး၊ ဆစ်ဂနယ်စတဲ့ဆေးပြင်းတွေကိုလည်းထည့်စားကြပါသေးတယ်။ ဒီဆေးတွေရဲ့သဘာဝကအလွန်ပြင်းထန်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ကနေဝင်တဲ့ပြုပြင်ထားတဲ့ကွမ်းသီးအထုတ်လေးတွေကိုဈေးကွက်ထဲမှာရောင်းချနေတာတွေလည်း ရှိပါတယ်။အဲဒါတွေအားလုံးဟာသဘာဝကိုဆန့်ကျင်ပြီးပြုပြင်ထားတဲ့ဓာတုဗေဒဒြပ်ပေါင်းတွေဖြစ်ပါတယ်။ စားကျင့်ပါသွားရင်လည်းစွဲလမ်းစေတတ်တဲ့အာနိသင်တွေရှိပါတယ်"ဟု ၎င်းကဆက်လက်ပြောပြခဲ့ပါသည်။ *အေးပပ*

# ၂၀၁၁ ခုနှစ်၌ စိတ်ကျန်းမာရေးဆေးရုံသို့ လူနာ ၇၄၆၇ ဦးတက်ရောက်ခဲ့

၂၀၁၁ ခုနှစ်အတွင်းဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်စိတ်ကျန်းမာရေးဆေးရုံကြီးသို့ အတွင်းလူနာအဖြစ်ဝေဒနာရှင်ပေါင်း ၇၄၆၇ ဦး ဆေးဝါးတက်ရောက်ကုသမှုခံယူခဲ့ကြောင်း သတင်းရရှိပါသည်။

စိတ်ကျန်းမာရေးဆေးရုံကြီးတွင် အတွင်းလူနာအဖြစ်ဆေးဝါးတက်ရောက်ကုသခံယူကြမှုတွင် ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်တာကာလမှစ၍ ၂၀၁၁ခုနှစ်အထိ ခုနစ်နှစ်တာကာလနှိုင်းယှဉ်ပါက ၂၀၁၁ ခုနှစ်၌တက်ရောက်ခဲ့သည့် လူနာအရေအတွက်မှာအများဆုံးဖြစ်နေကြောင်း သိရသည်။ "စိတ်ကျန်းမာရေးဆေးရုံကိုရန်ကုန်မှာရှိကြတဲ့လူနာတွေသာမကနယ်ဒေသ အသီးသီးကစိတ်ကြောင့်ဖြစ်တဲ့ရောဂါခံစားနေရတဲ့ဝေဒနာရှင်တွေပါတက်ရောက်မှုရှိကြပါတယ်။ လာတက်ကြတဲ့ လူနာတွေထဲမှာ ဝက်ရူးပြန်ရောဂါနဲ့ မူးယစ်ဆေးစွဲဝေဒနာရှင်တချို့ပါပြီး အများစုကတော့ အရက်စွဲ၊ စိတ်ကျ၊ စိတ်ကြွ၊ စိတ်ကစဉ့်ကလျားဝေဒနာရှင်တွေပါ။ ဆေးရုံတက်လူနာတွေကို ဆေးကုသပေးတဲ့အခါမှာလည်း ရောဂါအခြေအနေပေါ်မူတည်ပြီးအနည်းဆုံးနှစ်ပတ်တော့ဆေးရုံတက်ပြီးကုသစေပါတယ်"ဟု စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)မှတာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

စိတ်ကျန်းမာရေးဆေးရုံကြီးတွင် အတွင်းလူနာကုသဆောင်များအဖြစ်အမျိုးသားဆောင်သုံးဆောင်၊ အမျိုးသမီးဆောင်နှစ်ဆောင်၊ မူခင်းဆောင်တစ်ဆောင်နှင့်မူးယစ်ဆေးစွဲရောဂါကုသဆောင်တစ်ဆောင်ထားရှိကာသက်ဆိုင်ရာဝေဒနာအလိုက်လူနာများအားကုသပေးလျက်ရှိပြီးကလေးသူငယ်နှင့်စိတ်ကျန်းမာရေးကိုပါကုသပေးကြောင်း သိရှိရပါသည်။

**၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း နှစ်အလိုက်ဆေးရုံတက်ရောက်ခဲ့သည့်လူနာအရေအတွက်**

| ခုနှစ် | ဆေးရုံတက်လူနာအရေအတွက် |
|---|---|
| ၂၀၀၅ ခုနှစ် | ၅၆၄၅ ဦး |
| ၂၀၀၆ ခုနှစ် | ၅၈၆၀ ဦး |
| ၂၀၀၇ ခုနှစ် | ၆၁၃၉ ဦး |
| ၂၀၀၈ ခုနှစ် | ၆၁၂၂ ဦး |
| ၂၀၀၉ ခုနှစ် | ၆၀၆၀ ဦး |
| ၂၀၁၀ ခုနှစ် | ၆၃၇၆ ဦး |
| ၂၀၁၁ ခုနှစ် | ၇၄၆၇ ဦး |

# စီးပွားရေးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဖြန့်ဖြူးရေးနည်းပညာသင်တန်းဖွင့်မည်

ဂျပန်နိုင်ငံတွင် ကျင့်သုံးနေသည့် စီးပွားရေးလုပ်ငန်းများဆိုင်ရာထောက်ပံ့ပို့ဆောင်ရေးနှင့်ဖြန့်ဖြူးရေး (Logistics and Distibution) သင်တန်းအတွက် လျှောက်လွှာများခေါ်ယူလျက်ရှိကြောင်း မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

အဆိုပါ သင်တန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း Logistics and Distibution စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာနှင့်တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းသို့အင်္ဂလိပ်စာအခြေခံရှိပြီးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ မည်သူမဆို တက်ရောက်နိုင်ကာ လျှောက်လွှာများကို Logistic Training Center၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးဝင်းအတွင်း အဆောင် C၊ ပထမထပ်သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

# ဂဟေဆက်သင်တန်း အခမဲ့ပို့ချမည်

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဂဟေဆက်အခမဲ့သင်တန်းကို လာမည့်ဇန်နဝါရီလ ၂၅ ရက်နေ့၌ဖွင့်လှစ် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

အဆိုပါသင်တန်းကို ရန်ကင်းမြနန္ဒာလမ်းရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ပြီး ပညာအရည်အချင်းနှင့်အသက်အကန့်အသတ်မရှိသင်ကြားပေးသွားမည်ဖြစ်သည်။




# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်

ပစ္စိမာရုံ ပညာဒါနသင်တန်းကျောင်းတွင် ဘာသာစကားနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းများ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ပစ္စိမာရုံပညာဒါနသင်တန်းကျောင်းမှ သိရှိရသည်။

ပစ္စိမာရုံပညာဒါ သင်တန်းကျောင်းတွင်ဘာသာစကားသင်တန်း၊ စာရင်းကိုင်သင်တန်းနှင့်အသက်မွေးဝမ်းကျောင်းဘာသာရပ်များဖြစ်သည့် တီဗီ၊ ဒီဗီဒီပြုပြင်နည်းသင်တန်းများအပြင် လူ့စွမ်းအားအရင်းဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများကိုပါပို့ချပေးလျက်ရှိကြောင်းလည်း သိရှိရသည်။

"အခုဆိုရင် အပတ်စဉ် (၄၄) သင်တန်းကို ဖွင့်ပြီးပါပြီ။ အခုဆက်လက်ဖွင့်လှစ်မှာက အပတ်စဉ် (၄၅) ဖြစ်ပါတယ်။ သင်တန်းတက်ချင်တဲ့သူအနေနဲ့ သတ်မှတ်တဲ့ရက်မတိုင်ခင်ကျောင်းမှာ လာရောက်အပ်နှံရမှာဖြစ်ပါတယ်"ဟု ပစ္စိမာရုံပညာဒါနကျောင်းမှ တာဝန်ခံဆရာဦးအေးချစ်က ဆိုပါသည်။

(၂၀၁၀) ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိနိုင်မည့် မင်းသား (အမျိုးသားဇာတ်ဆောင်ဆု)၊ မင်းသမီး (အမျိုးသမီးဇာတ်ဆောင်ဆု) နှင့်

ဒါရိုက်တာဆုအမည်တို့ကို ခန့်မှန်းဖြေဆိုပြီး စုစုပေါင်း

ကျပ်သိန်း ( ၂၀ )တန်ဖိုးရှိ ဆုများ ရယူပါ။

ဖြေဆိုရမည့်မှုရင်းပုံစံစာရွက်များအား (၂.၁.၂၀၁၂)မှစ၍ စူပါကော်ဖီမစ် (၄၈)ထုပ်ဝင်၊(၃၀)ထုပ်ဝင်၊(၂၅)ထုပ်ဝင်၊စူပါအစိမ်းရောင်ကော်ဖီမစ်၊စူပါလီမွန်တီး နှင့် စူပါကွေကာ အထုပ်များတွင် ထည့်သွင်းပါရှိသည်။ စည်းကမ်းချက်များအတိုင်း မူရင်းစာရွက်တွင်ဖြည့်စွက်ပြီး စာတိုက်သေတ္တာအမှတ်(၈၂၀) (သို့) 18833 သို့ sms ဖြင့် ခန့်မှန်းပေးပို့ဖြေဆိုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက Super Coffeemix Help Desk Ph: 01-2399000 သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

# ရိုမေးနီးယားတွင် အစိုးရဆန့်ကျင်ဆန္ဒပြမှုထပ်မံဖြစ်ပွား




ဘူခါရက်စ်မြို့ ပီယာတာ တက္ကသိုလ်ရင်ပြင်တွင် ကန့်ကွက်ဆန္ဒပြနေသူများ

ရိုမေးနီးယားတွင် ဆယ်ကျော်သက်ကျောင်းသားများအပါအဝင် လူထောင်ပေါင်းများစွာသည် အစိုးရ၏ခြိုးခြံချွေတာရေးအစီအစဉ်များနှင့် ပတ်သက်၍ဆန္ဒပြခဲ့ကြပြီး အစိုးရတစ်ဖွဲ့လုံးနုတ်ထွက်ရန် ဇန်နဝါရီလ ၁၉ ရက်တွင် တောင်းဆိုခဲ့သည်။ နိုင်ငံစီးပွားရေးကျဆင်းနေသောကြောင့် နိုင်ငံတကာထံမှချေးငွေရရှိနိုင်ရေးအတွက် ရိုမေးနီးယားအစိုးရသည် နိုင်ငံတွင်း အသုံးစရိတ်လျှော့ချရေးအတွက်လုပ်ဆောင်ရခြင်းဖြစ်သည်။

ယခုဆန္ဒပြမှုမှာ မြို့တော်ဘူခါရက်တွင် မကြာသေးမီနှစ်များအတွင်း အကြီးမားဆုံးအစိုးရဆန့်ကျင်ဆန္ဒပြမှုဖြစ်ခဲ့သည်။ ပြီးခဲ့သောသီတင်းပတ်ကလည်း ဆန္ဒပြမှုဖြစ်ပွားခဲ့ပြီး အင်အားသုံးနှိမ်နင်းခြင်းခံခဲ့ရသည်။ တက္ကသိုလ်ရင်ပြင်သို့ ဆန္ဒပြသူများရောက်ရှိစဉ် လမ်းများကို ပိတ်ပြီးသမ္မတ Traian Basescu ကို ရာထူးမှ နုတ်ထွက်ရန် အော်ဟစ်တောင်းဆိုခဲ့သည်။

ယင်းရင်ပြင်မှာ ၁၉၈၉ ခုနှစ်က ကွန်မြူနစ်ဆန့်ကျင်ရေးလူထုတော်လှန်ရေးပေါ်ပေါက်ခဲ့ရာနေရာဖြစ်ပြီး ဒီမိုကရေစီစတင်မိတ်ဆက်ပေးခဲ့ရာတွင်သမိုင်းဝင်နေရာတစ်ခုဖြစ်ခဲ့သည်။

ဇန်နဝါရီလ ၁၉ ရက်က ဆန္ဒပြမှုအတွင်း ဆန္ဒပြသူများသည် သမ္မတနှင့်၎င်း၏မဟာမိတ်ခရီးသွားလုပ်ငန်းနှင့်ဒေသတွင်းဖွံ့ဖြိုးရေးဝန်ကြီး Elena Udrea တို့ကို ကြိုးပေးသည့် အသွင် ပြုလုပ်ခဲ့သည်။

ဆန္ဒပြသူ ၇၀၀၀ ခန့်ရှိသည်ဟု ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သော်လည်း ယင်းပမာဏထက်များပြားသည်ဟု ဆန္ဒပြမှုဦးစီးသူများက ပြောကြားခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ရိုမေးနီးယားသည် စီးပွားရေး ၇ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ဥရောပသမဂ္ဂ၊ ကမ္ဘာ့ဘဏ်တို့မှ နှစ်နှစ်သက်တမ်းဖြင့် ချေးငွေယူရို ဘီလျံ ၂၀ ရယူခဲ့ရသည်။ ယင်းအတွက် အစိုးရဝန်ထမ်းလစာများကို ၂၅ ရာခိုင်နှုန်းလျှော့ချခဲ့ပြီး အခွန်များကိုလည်း တိုးမြှင့်ကောက်ခံခဲ့သဖြင့် ယခင်ကတည်းက ခြစားမှုထူပြောနေသော အစိုးရအဖွဲ့ကို ကန့်ကွက်ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ *Ref:AP*

# မာဒါဂတ်စကာသမ္မတဟောင်း ပြည်တော်ပြန်မည့်အစီအစဉ် မအောင်မြင်

ဖြုတ်ချခံခဲ့ရပြီး ပြည်ပထွက်ပြေးတိမ်းရှောင်ခဲ့ရသော မာဒါဂတ်စကာသမ္မတဟောင်းရာဗာလိုမာနားနားသည် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် နိုင်ငံသို့လေယာဉ်ဖြင့် ပြန်လာခဲ့သော်လည်း လေပိုင်နက်အတွင်း ဝင်ရောက်ခွင့် ငြင်းပယ်ခံခဲ့ရခြင်းကြောင့် လှည့်ပြန်ခဲ့ရကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ပြန်ခဲ့သည်။

တောင်အာဖရိကတွင် နေထိုင်နေသူ ရာဗာလိုမာနားနားသည် ဂျိုဟန်နာစဘတ်မြို့လေဆိပ်မှ တစ်ဆင့် အိန္ဒိယသမုဒ္ဒရာအတွင်းမှ ကျွန်းနိုင်ငံငယ်မာဒါဂတ်စကာသို့ပြန်လာရေး ဒုတိယအကြိမ်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

၂၀၀၉ ခုနှစ်၊ မတ်လက စစ်ဘက်ကျောထောက်နောက်ခံပြု အာဏာသိမ်းမှုဖြင့် ရာဗာလိုမာနားနား ဖြုတ်ချခံခဲ့ရပြီးနောက် ငယ်ရွယ်သည့် အန်တာနာနာရီဗိုမြို့တော်ဝန်ဟောင်း အတိုက်အခံခေါင်းဆောင်အန်ဒရေရာဂျိုလီနာ သမ္မတဖြစ်လာခဲ့သည်။ *Ref: CNN*

# အိုင်အိုဝါအကြိုရွေးကောက်ပွဲတွင် မစ်ရွမ်နေ မနိုင်ခဲ့ဘဲ ဆန်တိုရမ်နိုင်ခဲ့ကြောင်း ပြင်ဆင်အတည်ပြု

ရီပတ်ဘလီကန်ပါတီ၏ အမေရိကန်သမ္မတလောင်း အကြိုရွေးကောက်ပွဲများတွင် အစောဆုံးဖြစ်သည့် အိုင်အိုဝါရွေးကောက်ပွဲတွင် ပင်ဆီလ်ဗေးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းနှင့် အထက်လွှတ်တော်အမတ် ရစ်ဆန်တိုရမ် အနိုင်ရခဲ့ကြောင်း အတည်ပြုခဲ့သည်ဟု သိရသည်။

အကြိုရွေးကောက်ပွဲ ပြီးစက အကြိုထုတ်ပြန်မှုတွင် မက်ဆာချူးဆက်ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း မစ်ရွမ်နေက ရှစ်မဲမျှ ကပ်သာပြီး နိုင်ခဲ့သည်ဟု ထုတ်ပြန်ခဲ့သော်လည်း အတည်ပြုရေတွက်မှုများအပြီးတွင် ဆန်တိုရမ်က ၃၄ မဲ အသာဖြင့် အနိုင်ရကြောင်း ရီပတ်ဘလီကန်ပါတီ အိုင်အိုဝါပြည်နယ်ဌာနခွဲက ပြင်ဆင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ *Ref: CNN*

# Kodak ကင်မရာကုမ္ပဏီ ဒေဝါလီခံ

လက်ကိုင်ကင်မရာကို တီထွင်ခဲ့သော Eastman Kodak ကုမ္ပဏီသည် ဇန်နဝါရီ ၁၉ ရက်နေ့က ဒေဝါလီခံရန် လျှောက်ထားခဲ့သည်။ သမားရိုးကျကင်မရာလုပ်ငန်းတွင် ရှေ့ဆောင်ကုမ္ပဏီဖြစ်ခဲ့သော Kodak သည် ပြိုင်ဘက်များ၏ ဒီဂျစ်တယ်ကင်မရာခေတ်ကူးပြောင်းမှုတွင် ၁၅ နှစ်ကြာအထိ နာခဲ့ရပြီး နောက် ဒေဝါလီခံရခြင်းဖြစ်သည်။ Kodak သည် ကင်မရာများ ထုတ်လုပ်တော့မည်မဟုတ်ဘဲ ပရင်တာများ ထုတ်လုပ်ခြင်းကို အာရုံစိုက်လုပ်ဆောင်နေသည်။ သက်တမ်း ၁၃၃ နှစ်ရှိပြီဖြစ်သော Kodak ကုမ္ပဏီသည် ဒီဂျစ်တယ်ခေတ်တွင် အလျင်အမြန်လိုက်မီရန် ရုန်းကန်ခဲ့ရသည်။

"Kodak က ဖလင်ရောင်းပြီး ဝင်ငွေတွေရရှိခဲ့ပါတယ်။ ဒီဂျစ်တယ်ကင်မရာခေတ်မှာ ဘယ်သူမှဖလင်မဝယ်တော့ပါဘူး။ ဒီလိုဖြစ်လာမယ်ဆိုတာကို သူတို့ကြိုမြင်ခဲ့ပုံမရပါဘူ" ဟု နည်းပညာဝက်ဘ်ဆိုက် ZDNet မှ အယ်ဒီတာဝုလ်ဘတ်ဂွတ်ဝင်းက ပြောကြားခဲ့သည်။

Kodak သည် ပြီးခဲ့သည့် ၁၀ စုနှစ်အတွင်း ရှယ်ယာများကျဆင်းခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အမေရိကန်၏ ထိပ်တန်းကုမ္ပဏီ ၃၀ စာရင်းမှ ဖယ်ပေးခဲ့ရသည်။

Kodak သည် ဒီဂျစ်တယ်ဓာတ်ပုံပညာကို မူလတီထွင်သူတစ်ဦးဖြစ်သော်လည်းဈေးကွက်တွင် ဖြစ်ထွန်းမှုများကို အလျင်မီအောင်မလိုက်နိုင်ခဲ့သောကြောင့် ဖူဂျီအပါအဝင် ပြိုင်ဘက်ကုမ္ပဏီများက ဈေးကွက်ဝေစုဖဲ့ပေးခဲ့ရသည်။

Kodak ကုမ္ပဏီကို ဂျော့အိစ်မန်းက ၁၈၉၂ ခုနှစ်တွင် တရားဝင်တည်ထောင်ခဲ့ပြီး ကမ္ဘာ့ပထမဆုံး လက်ကိုင်ကင်မရာကို တီထွင်ခဲ့သည်။ *Ref: AFP*




# Apple ၏ ပိုင်ဆိုင်မှုမှာ ဂရိနိုင်ငံထက်ပင်များပြားနေ

Apple ၏စတော့တန်ဖိုးသည် ဇန်နဝါရီ ၁၉ ရက်နေ့က ဒေါ်လာ ၄၀၀ ဘီလျံအထိမြင့်တက်ခဲ့ရာကမ္ဘာ့တန်ဖိုးအမြင့်ဆုံးနည်းပညာကုမ္ပဏီဖြစ်ခဲ့ပြီးသော ကုမ္ပဏီအတွက်စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

Apple ၏ရှယ်ယာတန်ဖိုးများသည် ဇန်နဝါရီ ၁၉ ရက်နေ့တွင် ၄၃၁ ဒသမ ၃၇ ဒေါ်လာအထိမြင့်တက်သွားခဲ့သည်။ Apple ၏ အထက်တွင် Exxon Mobil ကုမ္ပဏီကဒေါ်လာ ၄၂၀ ဘီလျံဖြင့် ရပ်တည်နေပြီး ပက်ထရိုချိုင်းနား ကုမ္ပဏီက ဒေါ်လာ ၂၇၀ ဘီလျံဖြင့် Apple ၏ နောက်တွင် ရပ်တည်နေသည်။ ထိုနောက်တွင် မိုက်ခရိုဆော့ဖ်က ဒေါ်လာ ၂၃၅ ဘီလျံဖြင့် ကပ်လျက်ရပ်တည်နေသည်။ Apple ၏ဈေးကွက်တန်ဖိုးသည် ဂရိ၊ ဩစတြီးယား၊ အာဂျင်တီးနား၊ တောင်အာဖရိက နိုင်ငံတို့၏ ဂျီဒီဘီထက်ပင် များပြားနေသည်။

Apple သည် လွန်ခဲ့သော ၁၀ စုနှစ်တစ်ခုက ဒေါ်လာ ၁၀ ဘီလျံခန့်သာ ဈေးကွက်တန်ဖိုးရှိခဲ့ပြီး အံ့သြဖွယ်အောင်မြင်မှုကို ရရှိထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ *Ref: CNN*

# ပနားမားတူးမြောင်း တိုးချဲ့မှုစီမံကိန်းတွင် လုပ်ခတိုးရရန် အလုပ်သမားများဆန္ဒပြ

ပနားမားတူးမြောင်းတွင် သင်္ဘောကြီးများ သွားလာနိုင်ရန်အတွက် ဒေါ်လာ ၅ ဒသမ ၄၂၅ ဘီလျံ ကုန်ကျမည့်တူးမြောင်းချဲ့ထွင်မှုစီမံကိန်းတွင် လုပ်အားခမြင့်မားစွာ ရရှိရန်အတွက် အလုပ်သမား ၆၀၀၀ ခန့်က ဆန္ဒပြခဲ့ကြသည်။

အလုပ်သမားများသည် အခြေခံလစာကို တစ်နာရီလျှင် ၂ ဒသမ ၉ ဒေါ်လာရရှိရာမှ ၄ ဒသမ ၉ အထိ တိုးမြှင့်ရယူလိုကြောင်းနှင့် ကျွမ်းကျင်လုပ်သားအများစုသည် တစ်နာရီလျှင် ၃ ဒသမ ၅၂ ဒေါ်လာမှ ၇ ဒေါ်လာထိ တိုးတောင်းခဲ့ကြောင်း အလုပ်သမားခေါင်းဆောင် Rolan-do Gonzalez က ပြောကြားခဲ့သည်။

နိုင်ငံမျိုးစုံတွင် အခြေစိုက်သော ဆောက်လုပ်ရေးလုပ်ငန်းစု Grupo Unidos por el Canal ရှိ အလုပ်သမားများက မိမိတို့ကုမ္ပဏီသည် အချိန်ပိုကြေးအချို့နှင့် အားလပ်ရက်ပေးမှုမရှိကြောင်း ပြောကြားခဲ့သည်။ မိမိတို့သည် လုပ်ငန်းခွင် ဘေးကင်းလုံခြုံမှုမရှိသည့်နေရာတွင်လုပ်ကိုင်နေရကြောင်းကိုလည်း ပြောကြားခဲ့သည်။

ဆန္ဒပြမှုများသည် အချိန်အကန့်အသတ်မရှိဆက်လက်ဖြစ်ပွား မည်ဖြစ်ကြောင်း Gonzalez က ပြောကြားခဲ့သည်။ကုမ္ပဏီ၏ လစာပေး စနစ်ပြောင်းလဲချိန်တွင် အချက်အလက်များမှားယွင်းမှုဖြစ်ခဲ့ကြောင်း အဆိုပါကုမ္ပဏီ၏ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ထုတ်ပြန်ခဲ့သည်။ *Ref:AFP*

# ဇင်ဘာဘွေသမ္မတနှင့်စီးပွားရေးဆက်ဆံမှုရှိသော အမေရိကန်၏အမည်ပျက်စာရင်းဝင်သူတစ်ဦးအား ဝန်ကြီးအဖြစ်ခန့်အပ်ခဲ့ခြင်းအပေါ် ထိုင်းအစိုးရကာကွယ်ပြောကြား

ဇင်ဘာဘွေသမ္မတ မူဂါဘီနှင့် စီးပွားရေးဆက်ဆံမှုရှိသည်ဟု စွပ်စွဲခံထားရသောကြောင့် အမေရိကန်က အမည်ပျက်စာရင်းထဲတွင် ထည့်သွင်းခံရသောသူကို ကက်ဘိနက်ဝန်ကြီးတစ်ဦးအဖြစ် ခန့်အပ်မှုကို ထိုင်းဝန်ကြီးချုပ်ယင်လပ်ခ်က ဇန်နဝါရီလ ၁၉ ရက်နေ့က ကာကွယ်ပြောကြားခဲ့သည်။

ယခုသီတင်းပတ်တွင် ဝန်ကြီးချုပ်ရုံးဝန်ကြီးအဖြစ်ခန့်အပ်ခံရသော နာလင်နီးတာဝီးဆင်သည် ၂၀၀၈ ခုနှစ်က မူဂါဘီအစိုးရကို ဘဏ္ဍာရေးနှင့်ထောက်ပံ့ပစ္စည်းများ ပံ့ပိုးပေးခဲ့သည်ဆိုသည့်စွပ်စွဲချက်များကြောင့် အမေရိကန်က သူမ၏ပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားသည်။

နာလီနီးကို ခန့်အပ်ခြင်းသည် အခြေခံဥပဒေနှင့်အညီပြုလုပ်ခြင်းသာဖြစ်ကြောင်းယင်လပ်ခ်ကသတင်းထောက်များကို ပြောကြားခဲ့သည်။ နာလီနီးသည်မူဂါဘီ၏ဇနီး ဂရေ့စ်ကိုယ်စားဘဏ္ဍာရေး၊ အိမ်ခြံမြေနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများကိုကူညီဆောင်ရွက်ပေးခဲ့သည်ဟု အမေရိကန်ဘဏ္ဍာရေးဌာနက ၂၀၀၈ ခုနှစ်က ထုတ်ပြန်ခဲ့သည်။ နာလီနီးက မူဂါဘီမိသားစုကို သိကျွမ်းခဲ့ဖူးသော်လည်း ၎င်းတို့နှင့် စီးပွားရေးဆက်ဆံမှုမရှိကြောင်း ဘန်ကောက်ပို့စ်သတင်းစာသို့ ပြောကြားခဲ့သည်။ *Ref:AFP*



# အင်တာနက်လွတ်လပ်ခွင့်ကို ထိပါးစေနိုင်သော အွန်လိုင်းမူပိုင်ခွင့်ချိုးဖောက်မှုများကို အပြင်းအထန်တားမြစ်မည့် ဥပဒေကြမ်း ဝိုင်းဝန်းကန့်ကွက်မှုများနှင့်ကြုံတွေ့ခဲ့ရအပြီးတွင် အမေရိကန်လွှတ်တော်တွင် အတည်ပြုနိုင်ချေနည်းပါးသွားခဲ့

အွန်လိုင်းမူပိုင်ခွင့်ချိုးဖောက်မှုများကို အပြင်းအထန် တားမြစ်ရန် ရည်ရွယ်ထားသော ဥပဒေကြမ်းကို အမေရိကန်လွှတ်တော်တွင် တင်ပြရန်စီစဉ်ထားသော်လည်း အင်တာနက်လွတ်လပ်ခွင့်ကိုထိပါးစေနိုင်သောကြောင့် အွန်လိုင်းစွယ်စုံကျမ်း ဝီကီပီးဒီးယား၊ အင်တာနက်အချက်အလက်ရှာဖွေရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း ဂူးဂဲလ်တို့က ဦးဆောင်ပြီး ဝက်ဘ်ဆိုက်ရာပေါင်းများစွာက ကန့်ကွက်ခဲ့ကြပြီးနောက် အတည်ပြုနိုင်ခြေနည်းပါးသွားခဲ့ကြောင်း သိရသည်။




ယင်းဥပဒေကြောင့် အမေရိကန်အာဏာပိုင်များက ပြည်ပမှ ဝက်ဘ်ဆိုက်များအပါအဝင် ဝက်ဘ်ဆိုက်အားလုံးကို အစစ်အဆေးမရှိ ပိတ်ပစ်နိုင်သည့်အနေအထားရောက်သွားနိုင်သောကြောင့် ဝိုင်းဝန်းကန့်ကွက်မှုကိုကြုံခဲ့ရခြင်းဖြစ်သည်။

အောက်လွှတ်တော်တွင် အွန်လိုင်းမူပိုင်ခွင့် ချိုးဖောက်မှုဆိုင်ရာအက်ဥပဒေ (Sopa) အထက်လွှတ်တော်တွင် အိုင်ပီကာကွယ်ရေးအက်ဥပဒေ (Pipa)အမည်တို့ဖြင့်တင်သွင်းရန် ကြိုးပမ်းခဲ့ရာတွင် ပါဝင်ခဲ့ကြသော လွှတ်တော်အမတ်အချို့ကပင်လျှင် ဥပဒေကြမ်းအပေါ်ထောက်ခံမှုကို ပြန်လည်ရုတ်သိမ်းခဲ့ကြသည်။

ဝီကီပီးဒီးယား ဝက်ဘ်ဆိုက်က ကန့်ကွက်သည့်အနေဖြင့် အင်္ဂလိပ်ဘာသာဖြင့် တင်သောအပိုင်းကို တစ်ရက်တိတိ ပိတ်ထားခဲ့သည်။

ဂူးဂဲလ်ကလည်း အမေရိကန်ဂူးဂဲလ်ပင်မစာမျက်နှာတွင် အမည်စာလုံးကို အမည်းရောင်ဖြင့်အုပ်ကာ “ကွန်ဂရက်ကိုပြောကြပါ၊ ကွန်ရက်ကို ဆင်ဆာမလုပ်ပါနဲ့”ဟုဖော်ပြခဲ့သည်။

Pipa ဥပဒေကြမ်းကို ပူးတွဲအဆိုပြုသူ ရီပတ်ဘလီကန်အထက်လွှတ်တော်အမတ် မာကိုရူဗီယိုကသူအနေဖြင့် ထောက်ခံမှုရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သလို အခြားအမတ်များကလည်းမထောက်ခံကြောင်းအသီးသီးထုတ်ပြန်ခဲ့ကြသည်။

အထက်လွှတ်တော်တွင် ယင်းဥပဒေကြမ်းကိုနောက်အပတ်၌ ဆက်ဆွေးနွေးမည်ဖြစ်သော်လည်းအောက်လွှတ်တော်တွင်မူ သဘောတူညီမှုရရှိနိုင်သည့်အနေအထားတွင်မရှိတော့ကြောင်း အောက်လွှတ်တော် ဥက္ကဋ္ဌ ရီပတ်ဘလီကန်အမတ်ဂျွန်ဘိုနာက ထုတ်ပြန်ခဲ့သည်။

အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ် ဂျေးကာနီကလည်း အွန်လိုင်းမှမူပိုင်ခွင့်ချိုးဖောက်မှုများသည် ကိုင်တွယ်ဖြေရှင်းရမည့်ကိစ္စဖြစ်သော်လည်း အင်တာနက်၏လွတ်လပ်မှုကိုမထိပါးစေသည့်နည်းလမ်းဖြင့်သာ သွားရမည်ဖြစ်ကြောင်းထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေကြမ်းကိုကန့်ကွက်ကြောင်းလက်မှတ်ရေးထိုးတင်ပြမှုတွင်လည်း လက်မှတ်ထိုးသူ တစ်သိန်းကျော်ရှိကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည်။

*Ref: AFP,Daily Mail*

## ပင်လယ်ရေမှော်ဇီဝလောင်စာသည် ရေနံနှင့်ကျောက်မီးသွေးနေရာအစားထိုးနိုင်ဖွယ်ရှိနေ

ပင်လယ်ရေမှော်၏ သကြားဓာတ်ကိုစွမ်းအင်အဖြစ်ပြောင်းလဲ နိုင်သည့် လျှို့ဝှက်ချက်ကို တွေ့ရှိပြီဖြစ်သောကြောင့် ပင်လယ်ရေမှော်ဇီဝလောင်စာသည် ရေနံနှင့်ကျောက် မီးသွေးနေရာကို အစားထိုးနိုင်ရန် အလားအလာအမြောက်အများရှိလာပြီဖြစ်ကြောင်း စွမ်းအင်သုတေသနပညာရှင်များက ထုတ်ပြန်ကြေညာခဲ့သည်။

မျိုးဗီဇပြင်ဆင်ဖန်တီးထားသည့် အဏုဇဝပိုးတစ်မျိုး က ပင်လယ်ရေမှော်အညို၏ သကြားဓာတ်အများစုကို ချေဖျက်ဖြစ်တည်သံသရာအရ ဝါးမျိုးပြီး အီသနောအဖြစ်ထုတ်ပေးသည့်နည်းကို တွေ့ရှိခဲ့ပြီဖြစ်သောကြောင့် ရုပ်ကြွင်းလောင်စာများနေရာတွင် အစားထိုးနိုင်ရန် ကုန်ကျစရိတ်အရယှဉ်ပြိုင်လာနိုင်တော့မည်ဖြစ်ကြောင်းအမေရိကန်သိပ္ပံဂျာနယ် Science တွင် ဖော်ပြထားသော စစ်တမ်းက ဖော်ပြသည်။

E. Coli ဘက်တီးရီးယား တစ်မျိုးကို မျိုးဗီဇပြင်မှုကို ကာလီဖိုးနီးယားအခြေစိုက် ဇီဝဗိသုကာဓာတ်ခွဲခန်းက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အခြားအဏုဇီဝပိုးများနှင့်မတူသည်မှာ ယင်းဘက်တီးရီးယားသည် ပင်လယ်ရေမှော်၏ အယ်လ်ဂျီနိတ်ဟုခေါ်သော အဓိကသကြားဓာတ်ဖွဲ့စည်းမှုကိုအဓိကပစ်မှတ်ထားနိုင်ခြင်းဖြစ်သည်ဟုသိရသည်။ *Ref: AFP*

## သာမန်ထက် အဆ ၃၀ ကြီးသည့်ကမ္ဘာ့အကြီးဆုံး ဂိမ်းခလုတ်ကို အင်ဂျင်နီယာကျောင်းသားများ တီထွင်ခဲ့



သာမန်ထက် ဂိမ်းခလုတ် တစ်ခု ထက်အဆ ၃၀ ကြီးသည့်ကမ္ဘာ့အကြီးဆုံး ဗီဒီယိုဂိမ်းခလုတ်ကို လန်ဒန်ရှိ လီဗာပူးလ် St Station တွင် ပြသခဲ့သည်။ အဆိုပါဂိမ်းခလုတ်သည်ဂင်းနက်စ်မှတ်တမ်း၏ Gamer ကဏ္ဍသစ်တွင်ထူးခြားသောပစ္စည်းတစ်ခုအဖြစ် ပွဲထုတ်ပြသခဲ့သည်။

နင်တန်းဒိုးဂိမ်း၏ NES( Nintendo Entertainment System) ခလုတ်ပုံစံအတိုင်း အရွယ်အစားကြီးပြီး တီထွင်ခဲ့သည့် အဆိုပါ ခလုတ်သည် အလျား ၁၂ ပေ၊ အနံ ၅ ပေ ၃ လက်မ၊ အမြင့် ၁ ပေ ၈ လက်မရှိပြီး အလေးချိန် ၂၆၅ ပေါင်ခန့်ရှိသည်။ အဆိုပါ ခလုတ်ကို ဖန်တီးရန်အတွက် အချိန် ငါးလကြာမြင့်ပြီး ပေါင် ၄၀၀၀ ကုန်ကျခဲ့သည်။

နယ်သာလန်ရှိ Delft နည်းပညာတက္ကသိုလ်မှကျောင်းသား သုံးဦးပါဝင်သည့် အဖွဲ့က Guiness World Records 2012 Gamer's Edition တွင် ပြသရန်အတွက် တီထွင်ခဲ့ ခြင်းဖြစ်သည်။

“ကျွန်တော်တို့ ကြိုးစားပမ်းစားတီထွင်ခဲ့မှုတစ်ခုပါ။ ဂိမ်းနဲ့ပတ်သက်ပြီးကျွန်တော်တို့အရူးအမူးကို စွဲလန်းကြပါတယ်”ဟု အဆိုပါအဖွဲ့ထဲမှ အသက် ၂၃ နှစ်အရွယ်ရှိ ဗြိတိန်အင်ဂျင်နီယာကျောင်းသား Ben Allen က ပြောကြားခဲ့သည်။

ဂိမ်းခလုတ်၏ အရွယ်အစားကြောင့် အဆိုပါခလုတ်ကို နှိပ်ရန် (သို့မဟုတ်) ခုန်ရန်အတွက် လူနှစ်ဦးထက်မနည်းလိုအပ်မည်ဖြစ်သည်။

*Ref:Daily Mail*

## စက္ကန့်ထပ်တိုးမှုစနစ်ကို ပယ်ဖျက်ရေးညှိနှိုင်းမှုမအောင်မြင်



ကမ္ဘာလည်ပတ်မှုအရ အမှန်တကယ်ရှိသည့်အချိန်နှင့် နာရီများတွင်ပြသသည့် အချိန်ကိုက်ညီစေရေး အခါအားလျော်စွာ နာရီတွင် တစက္ကန့်ပေါင်းထည့်သည့်စနစ်ကို ပယ်ဖျက်ရေး ဆွစ်ဇာလန်နိုင်ငံဂျနီဗာမြို့တွင် ပညာရှင်များညှိနှိုင်းခဲ့ကြသော်လည်း အောင်မြင်မှုမရခဲ့ကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာဆက် သွယ်ရေးသမဂ္ဂက အနှစ် ၄၀ ကြာ မြင့်ပြီဖြစ်သည့် ယင်းစက္ကန့်ထပ်ပေါင်းစနစ်ကို ပယ်ဖျက်ရန်သင့် မသင့်ဆွေးနွေးမှုအား ဆက်လက်လေ့လာရန်ရှိသေးသောကြောင့်ဟုဆိုကာ ရွှေ့ဆိုင်းရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လိုအပ်သလိုတစ်စက္ကန့်စီထပ်ပေါင်းသည့်စနစ်အရ အနှစ် ၄၀ အတွင်း ၂၄ စက္ကန့်ထပ်ပေါင်းပေးခဲ့ပြီဖြစ်သည်။ ယင်းစနစ်သည် အချိန်မှန်စေရေးအထောက်အကူပြုသော်လည်း ကမ္ဘာတစ်ဝန်းရှိ ချိတ်ဆက်သုံးရသော ကွန်ပျူတာများရှိ နာရီများကို တစက္ကန့်လိုက်ရွှေ့ပေးရခြင်းကြောင့် အခက်အခဲနှင့်အမှားအယွင်းများ ဖြစ်ပေါ်လေ့ရှိသည်။ အမေရိကန်၊ ပြင်သစ်၊ ဂျပန်တို့က ဦးဆောင်ပြီး ယင်းစနစ်ကို ဖယ်ရှားရန်တောင်းဆိုခဲ့ခြင်းဖြစ်သည်။ *Ref: AFP*

## ငှက်ဖျားဆေးအတုများကြောင့် လူသန်းပေါင်းများစွာအတွက် အန္တရာယ်ရှိလာနိုင်

ငှက်ဖျားဆေးအတုများနှင့် အဆင့်အတန်းမမီသော ငှက်ဖျားဆေးများကြောင့် ဘေးထွက်ဆိုးကျိုးများနှင့် ဆေးယဉ်ပါးမှုဖြစ်လာနိုင်သည့်အခြေအနေများ ကြုံတွေ့လာနိုင်သဖြင့် လူသန်းပေါင်းများစွာ၏ အသက်အန္တရာယ်အတွက် စိုးရိမ်ရကြောင်း အောက်စ်ဖို့တက္ကသိုလ်ဆေးသုတေသနအဖွဲ့က ၎င်းတို့၏သုတေသနတွေ့ရှိချက် မှတ်တမ်းများအရ ဖော်ပြခဲ့သည်။

ယင်းသုတေသနအဖွဲ့၏တွေ့ရှိချက်အရ ၂၀၀၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်းတွင်အာဖရိကနိုင်ငံ ၁၁ နိုင်ငံတွင်ငှက်ဖျားဆေးအတုများနှင့် အရည်အသွေးမမီသောငှက်ဖျားဆေးများကိုရောင်းချခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ဆေးအတုများတွင် မှုမမှန်သော အခြားဆေးဝါးများ ရောစပ်ပါဝင်နေပြီး အစပိုင်းတွင် ရောဂါလက္ခဏာများကို သက်သာစေနိုင်သော်လည်း အမှန်တကယ်ကုသမှုမပေးနိုင်ဘဲ ဘေးထွက်ဆိုးကျိုးကြီးမားစွာဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။ တွေ့ရှိချက်အရ ၂၀၀၉ ခုနှစ်တွင် လူပေါင်း ၆၅၀၀၀၀ ခန့်ဆေးဝါးအတုများကြောင့်သေဆုံးခဲ့ရကြောင်း သိရသည်။ ငှက်ဖျားရောဂါကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူရှစ်သိန်းဝန်းကျင်သေဆုံးနေပြီးကလေးများနှင့် ကိုယ်ဝန်ဆောင်အများစုဖြစ်သည်။

*Ref: AFP*



# ဆူဒန်တွင် ငတ်မွတ်မှုဘေးဆိုက်ကပ်မည့်အလားအလာနှင့် ကြုံတွေ့နေရကြောင်း အမေရိကန်ကိုယ်စားလှယ်သတိပေး

ဆူဒန်ရှိပဋိပက္ခဖြစ်ပွားရာ ဒေသအတွင်းသို့ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားသည့်အဖွဲ့များကို ဝင်ရောက်ခွင့် မပြုပါက အရေးပေါ်အခြေ နှင့် ကြုံတွေ့နေသည့် နယ်စပ်ဒေသရှိ လူသန်းတစ်ဝက်နီးပါးသည် မတ်လတွင် ငတ်မွတ်မှုဘေးဆိုက်ကပ်မှုနှင့်ကြုံတွေ့ရနိုင်ကြောင်း ဆူဒန်ဆိုင်ရာ အမေရိကန်အထူး ကိုယ်စားလှယ် ပရင်စတန်လီမန်း က သတိပေးခဲ့သည်။

"ဆူဒန်မှာ လူမှုဖူလုံရေးဆိုင်ရာ ကပ်ဘေးဖြစ်ပေါ်နေပါတယ်"ဟု လီမန်းက သတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ယူနီဆက်ဖ်ကဲ့သို့သောအဖွဲ့ များကို ဆူဒန် Kordofan နှင့် Blue Nile နယ်စပ်ဒေသအတွင်းသို့ ဝင်ခွင့်ပြုရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။အဆိုပါဒေသအတွင်းသို့ သွား ရောက်ခွင့်ပြုခြင်းသည် NGOs အဖွဲ့ များအတွက် အလွန်အန္တရာယ်များကြောင်း ဆူဒန်အစိုးရအဖွဲ့က ထုတ် ပြန်ပြောကြားခဲ့သည်။


ဆူဒန်နိုင်ငံ ဒါဖာရှိ ဒုက္ခသည် စခန်းတစ်ခုတွင်နေထိုင်သော ကလေးငယ်တစ်ဦးကို တွေ့ရစဉ်

ဆူဒန်နှင့် တောင်ဆူဒန်တွင် တောင်ဆူဒန်သည် မြောက်ဆူဒန်ထံမှ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် လွတ်လပ်ရေးရှိခဲ့ပြီးနောက် ရေနံထွက်ရှိရာ Kordofan၊ Blue Nile ၊Unity State နှင့် နိုင်းမြစ်အထက်ပိုင်းနယ်စပ်ဒေသများတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။မရေမတွက်နိုင်သော အသက်ပေါင်းများစွာဆက်လက် ဆုံးရှုံးနေပြီး နှစ်ဖက်စလုံးက ရေနံမှရသောဝင်ငွေအတွက်အငြင်းပွားနေသလို တောင်ဆူဒန်တွင်လည်း မျိုးနွယ်စုများအကြားတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။

တောင်အာဖရိကဆိုင်ရာ ဆူဒန် သံအမတ် အလီယူဆွတ်အယ်လ်ရှာရစ်ဖ်ကလည်း ဆူဒန်၏ အခြေအနေသည်ဆိုမာလီယာထက်ဆိုးနေကြောင်းပြောကြားခဲ့သည်။*Ref:CNN*

# နိုင်ငံခြားသားအလုပ်သမားများအတွက် နေထိုင်မှုသက်တမ်းကို ထိုင်ဝမ်က တိုးပေးမည်

ထိုင်ဝမ်ကျွန်း၏ သက်ကြီးရွယ်အိုများပြားလာခြင်းကြောင့် အလုပ်သမားလိုအပ်ချက်မြင့်တက်လာခြင်းကို ဖြည့်ဆည်းရန်အတွက် နိုင်ငံခြားသားအလုပ်သမားများကို နေထိုင်ခွင့်သက်တမ်းအားတိုးပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂၀ ရက်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံခြားမှအိမ်အကူလာရောက် လုပ်ကိုင်သူများကို ၉ နှစ်မှ ၁၂ နှစ်အထိ သက်တမ်းတိုးပေးမည့် ဥပဒေမူကြမ်းတစ်ရပ်ကို ထိုင်ဝမ်ပါလီမန် က ဇန်နဝါရီ ၁၉ ရက်နေ့တွင် အတည်ပြုခဲ့ပြီးဖြစ်သည်။ ထိုင်ဝမ်တွင် ၂၀၁၁ ခုနှစ်အကုန်၌ နိုင်ငံခြားသားအလုပ်သမား ၄၂၅၆၆၀ ဦးအထိရှိခဲ့ကြောင်း အလုပ်သမားရေးရာကောင်စီကဆိုသည်။ ထိုအထဲမှ ၂၀၀၀၀၀ ခန့်သည် အရှေ့တောင်အာရှနိုင်ငံများမှဖြစ်ပြီး အများစုမှာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့မှဖြစ်သည်။ *Ref: AFP*

# အီရန်နျူစီးယားစီမံကိန်းသည် စစ်ရေးအတွက် ရည်ရွယ်ခြင်းရှိ၊ မရှိ အိုင်အေအီးအေသွားရောက်စစ်ဆေးမည်

အငြင်းပွားဖွယ်ဖြစ်နေသော အီရန်နျူစီးမံကိန်းသည် စစ်ရေးအတွက် ရည်ရွယ်ခြင်းရှိ၊ မရှိကို အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) မှ အကြီးတန်း ကိုယ်စားလှယ်အဖွဲ့ သည် ဇန်နဝါရီ ၂၉–၃၁ရက်တွင် သွားရောက်စစ်ဆေးမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁၉ ရက် ထုတ်ပြန်ခဲ့သည်။

အီရန်နျူစီးမံကိန်းသည် စစ်ရေးအတွက် ရည်ရွယ်ခြင်းရှိ၊ မရှိ သွားရောက်စစ်ဆေးမည်ဖြစ်ပြီး အီရန်ကလည်း ပူးပေါင်းဆောင်ရွက်စေလိုကြောင်း IAEA ဥက္ကဋ္ဌ ယူကီယာအမာနိုက ဗြိတိန်သတင်းစာ Financial Times ၏ဂျာမန်ဘာသာဖြင့်ထုတ်ဝေသည့် သတင်းစာခွဲသို့ ပြောကြားခဲ့သည်။

ဇန်နဝါရီလ ၁၁ ရက်တွင် ကားဗုံးဖောက်ခွဲခံရမှု၌ အီရန်နျူသိပ္ပံပညာရှင်သေဆုံးမှုကိစ္စနောက် ကွယ်တွင် (IAEA) လည်း ပါဝင်နေကြောင်း တီဟီရန်၏စွပ်စွဲချက် ကို အမာနိုက ပယ်ချခဲ့သည်။ IAEA သည် ယင်း နျူသိပ္ပံပညာ ရှင် ၏ အမည်ကိုမည် သည့်အခါမှ ထုတ်ဖော်သုံးနှုန်းခဲ့ခြင်းပင်မရှိသလို သိလည်းသိရှိခဲ့ခြင်းမရှိကြောင်း အမာနိုကပြောကြားခဲ့သည်။

အီရန်သည် အမေရိကန်ဦးဆောင်သော စီးပွားရေးပိတ်ဆို့အရေးယူမှုကြုံတွေ့နေရချိန်တွင် နျူသိပ္ပံပညာရှင်အသတ်ခံရမှု၊ သူလျှိုမှုစသော ကိစ္စများလည်း ကြုံတွေ့နေရသည်။ နျူသိပ္ပံပညာရှင်လုပ်ကြံခံရအပြီး ယင်းပညာရှင်တို့အတွက် လုံခြုံရေးများတိုးမြှင့်ချထားပေးရန် အီရန်သမ္မတမာမွတ်အမာဒီနီဂျက်က ညွှန်ကြားထားသည်။

အီရန်သည် ပြီးခဲ့သောသီတင်းပတ်များက ယူရေနီယမ်သန့်စင်စက်ရုံသစ်ကို ထုတ်ပြန်ခြင်းနှင့်အတူ ဖေဖော်ဝါရီလတွင် ဟော်မုဇ်ရေလက်ကြား၌ ရေတပ်စစ်ရေးလေ့ကျင့်မှုထပ်မံပြုလုပ်ရန်ကြေညာခြင်းတို့ကြောင့် အနောက်နိုင်ငံများအတွက် စိုးရိမ်မှုမြင့်တက်စေခဲ့သည်။ *Ref:AFP*

# အီဂျစ်သမ္မတဟောင်းမူဘာရက် ကင်ဆာရောဂါအတွက် ဓာတ်ကင်ရမည်မဟုတ်



အီဂျစ်သမ္မတဟောင်း မူဘာရက်သည် ကင်ဆာရောဂါအတွက် ဓာတ်ကင်ရမည်မဟုတ်သော်လည်း ကြွက်သားများအားနည်းပြီး လှုပ်ရှားမှုမှာလည်း အကန့်အသတ်ရှိနေကြောင်း ဇန်နဝါရီလ ၁၈ ရက်နေ့က အင်တာဗျူးတစ်ခုတွင် မူဘာရက်၏ ဆရာဝန်ကပြောကြားခဲ့သည်။

"သူ့မှာ ဒီရောဂါ(ကင်ဆာ)မရှိဘူးဆိုတာ သေချာအောင်ခုထိစစ်ဆေး စမ်းသပ်မှုတွေ ပြုလုပ်နေပါတယ်။ ခုအချိန်ထိတော့ သူ့မှာအဲဒီရောဂါရှိနေတယ်ဆိုတာ ရာနှုန်းပြည့် မသေချာသေးပါဘူး။ နောက်ပြီးဘာဓာတုကုထုံးမှလည်း မလုပ်ရသေးပါဘူး"ဟု ကင်ဆာအထူးကုယာဆာ အက်ဘ်ဒဲလ်ကေဒါက အစိုးရသတင်းစာအယ်လ်အာဟရမ်သို့ ပြောကြားခဲ့သည်။

တရားခွင်ပြန်လည်စစ်ဆေးမှု ဒုတိယနေ့အဖြစ် စစ်ဆေးရုံတစ်ခုမှ လေယာဉ်ဖြင့်လာရောက်ပြီး မူဘာရက်သည် တွန်းလှည်းဖြင့်တရားရုံးထဲသို့ ဝင်ရောက်ကာ အမှုဆိုင်ပြီး နောက်ဆရာဝန်၏သုံးသပ်ချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

နှလုံးရောဂါအတွက် ကုသမှုခံယူနေရသော မူဘာရက်သည် လွန်ခဲ့သည့်နှစ် ဩဂုတ်လ ၃ ရက်နေ့က စတင် တရားခွင်စစ်ဆေးကတည်းက တစ်ကြိမ်သာထိုင်လျက် အစစ်ခံနိုင်ခဲ့ပြီး အမြဲတမ်းပင် ဆေးရုံအိပ်ရာပေါ်မှသာ အစစ်ခံခဲ့သည်။ *Ref:AFP*

# ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ဗီယက်နမ်အမျိုးသားတစ်ဦးနှင့် ကမ္ဘောဒီးယားကလေးငယ်တစ်ဦးသေဆုံး

ကြက်ငှက်တုပ်ကွေး ကူးစက်ခံရမှုကြောင့် ဗီယက်နမ်နိုင်ငံ တွင် ဇန်နဝါရီလ ၁၁ ရက်နေ့က အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး ကမ္ဘောဒီးယားတွင်လည်း ဇန်နဝါရီလ ၁၈ ရက်နေ့က နှစ်နှစ်သားကလေးငယ်တစ်ဦး သေဆုံးသွားခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ သေဆုံးသွားသူ အမျိုးသားမှာတောင်ပိုင်းမဲခေါင်မြစ်ဝှမ်းဒေသမှ ဘဲမွေးမြူသောလယ်သမားတစ်ဦးဖြစ်ပြီး ၎င်း၏ဘဲများမှတစ်ဆင့် ရောဂါကူးစက်ခံရခြင်းဟုတ်မဟုတ်ကို ပညာရှင်များက စုံစမ်းစစ်ဆေးနေကြသည်။

ဗီယက်နမ်တာဝန်ရှိသူများကမူ အရေးပေါ် အခြေအနေအဖြစ်ကြေညာရန်မလို အပ်သေးကြောင်းနှင့်တောင်ပိုင်း ပြည်နယ်များရှိ အခြေအနေကို စုံစမ်းရန် ကျန်းမာရေးအဖွဲ့များစေလွှတ်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံမှ သေဆုံးသွားသောကလေးငယ်မှာ ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဘန်တေးမင်းချေးပြည်နယ်မှဖြစ်ပြီး ရောဂါဖြစ်နေသောကြက်ငှက်တစ်ကောင်ကောင်နှင့်ထိတွေ့မိရာမှရောဂါကူးစက်ခံရခြင်းဖြစ်ဖွယ်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထုတ်ပြန်သည်။

ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ၂၀၀၃ ခုနှစ်မှစတင်ကာ ကမ္ဘာတစ်ဝန်းလုံးတွင် လူပေါင်း ၃၄၀ ကျော်သေဆုံးခဲ့ပြီးဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများထဲတွင် ဗီယက်နမ်သည် သေဆုံးမှု အများဆုံးနိုင်ငံဖြစ်ပြီး ၂၀၀၃ ခုနှစ်မှ စတင်ကာလူပေါင်း ၅၉ ဦးသေဆုံးခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံတွင်မူ ၁၇ ဦး သေဆုံးခဲ့သည်။ Ref;AFP

# ယီမင်သမ္မတသည် အယ်လ်ကေးဒါးများကို ရည်ရွယ်ချက်ရှိရှိ ဝင်ရောက်ခွင့်ပြုထားကြောင်းအတိုက်အခံညွန့်ပေါင်း စွပ်စွဲ

ယီမင်သမ္မတအလီအဗ္ဗဒူလာ ဆာလက်ဟ်၏မိသားစုသည် ဘက်သီယာပြည်နယ်ရှိ ရက်ဒါမြို့သို့ အယ်လ်ကေးဒါးများ ဝင်ရောက်မှုကို ရည်ရွယ်ချက်ရှိရှိ ခွင့်ပြုခဲ့ပြီး မတည်ငြိမ်မှုများဖြစ်ပေါ်စေရန် လုပ်ဆောင်ခဲ့ကြောင်းအကြီးဆုံးအတိုက်အခံညွန့်ပေါင်းက အပြစ်တင်ခဲ့သည်။

ယင်းကဲ့သို့ မတည်ငြိမ်မှုဖြစ်ပွားစေခြင်းဖြင့် သမ္မတရွေးကောက်ပွဲနှောင့်နှေးစေအောင်ပြုလုပ်ကာ အာဏာလွှဲပေးရေးကိစ္စအထမမြောက်စေရန် အကြံအစည်ဖြင့်လုပ်ဆောင်ခဲ့ကြောင်း Joint Meeting Parties (JMP) က စွပ်စွဲခဲ့သည်။

အယ်လ်ကေးဒါးစစ်သွေးကြွများသည်ရက်ဒါမြို့သို့ သေနတ်တစ်ချက်မဖောက်ရဘဲ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းမြို့တွင် ဆာလက်ဟ်၏အကြီးဆုံးသားအာမက်၏ တပ်များက လုံခြုံရေးတာဝန်ယူထားကြောင်းလူမျိုးစုခေါင်းဆောင်အများအပြားက စီအင်န်အင်န်သို့ ပြောကြားခဲ့သည်။

လုံခြုံရေးတာဝန်ယူထားသော သမ္မတ၏ တော်လှန်ရေးအစောင့်တပ်များက ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ အဘယ်ကြောင့် ရုတ်တရက်ဆုတ်ခွာသွားသနည်းဟု ရက်ဒါမြို့မှ လူမျိုးစုခေါင်းဆောင်အဗ္ဗဒူလာအယ်လ်ဘာရက်ကီက ပြောကြားခဲ့သည်။

ရက်ဒါမြို့မှာ နိုင်ငံမြို့တော်ဆာနာအရှေ့တောင်ပိုင်းမှ ၁၀၇ မိုင်အကွာတွင် တည်ရှိပြီး အစိုးရက လုံခြုံရေးတာဝန်များမယူသည်မှာ ခြောက်ရက်ကျော်လာပြီဖြစ်ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။ ယင်းမြို့ရှိ လူမျိုးစုခေါင်းဆောင်များက စစ်သွေးကြွများ မြို့ထဲမှငြိမ်းချမ်းစွာထွက်ခွာသွားစေရေး ညှိနှိုင်းဆွေးနွေးနေကြောင်း သိရသည်။

အစိုးရဆန့်ကျင်သူ ထောင်ပေါင်းများစွာက ဇန်နဝါရီလ ၁၈ ရက်တွင် ဆာလက်ဟ်၏တူနှင့် သားများသည် မြို့ကို အယ်လ်ကေးဒါးတို့ထံရောင်းစားပြီး နိုင်ငံမတည်ငြိမ်ဖြစ်အောင် ကြိုးပမ်းနေကြောင်း၊ အာဏာချုပ်ကိုင်နိုင်ရေးအတွက် တစ်နိုင်ငံလုံးကိုဖျက်ဆီးရန်ကြံနေကြောင်း ဆန္ဒပြခဲ့သည်။ *Ref:CNN*


ရေနှင့်လောင်စာ အခက်အခဲကြုံနေသော ယီမင်နိုင်ငံ၊ ဆာနာမြို့ရှိ မိန်းကလေးနှစ်ဦး အများသုံးရေဘုံဘိုင်မှ ရေသယ်လာစဉ် စကားရပ်ပြောနေကြစဉ်

# ဗီယက်နမ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ကမ္ဘာ့အများဆုံးဆန်တင်ပို့မှုနိုင်ငံနေရာတွင် ဝင်ရောက်လာနိုင်ဖွယ်ရှိ



ဗီယက်နမ်နိုင်ငံအလယ်ပိုင်း Tuy Hoa ပြည်နယ်ရှိ လယ်ကွင်းတစ်ခု

ထိုင်းအစိုးရ၏ ထိုင်းဆန်ဈေးနှုန်းများမြင့်တက်စေရမည်ဆိုသောကတိပြုမှုစီမံကိန်းကြောင့် ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့မှုနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏နေရာသို့ အစားထိုးဝင်ရောက်လာနိုင်ကြောင်း ပို့ကုန်ကျွမ်းကျင်သူများမှ ခန့်မှန်းထားကြပါသည်။

ထိုင်းဆန်တင်ပို့သူများ အဖွဲ့အစည်း၏စာရင်းများအရ ၎င်းတို့၏ဆန် တင်ပို့မှုသည် ယခုနှစ်အတွင်း ၆ ဒသမ ၅ သန်းအထိကျဆင်းသွားမည်ဖြစ်ပြီး ယင်းပမာဏသည် ယခုဆယ်စုနှစ်အတွင်း အနိမ့်ဆုံးပမာဏဖြစ်သည်။ ကမ္ဘာ့ဈေးကွက်အတွင်း ထိုင်းဆန်ဝေစုသည်လည်း ယမန်နှစ်က ၃၀ ဒသမ ၂ ရာခိုင်နှုန်းအထိရှိရာမှ ယခုနှစ်တွင် ၂၀ မှ ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားမည်ဖြစ်သည်ဟု ခန့်မှန်းထားသည်။

အခြားသော ထိုင်းဆန်တင်ပို့မှုအတွက် အနုတ်လက္ခဏာများမှာ ဖေဖော်ဝါရီလက တင်ပို့ရက်ကျော်လွန်သွားသောဆန်များအား အိန္ဒိယမှအစားထိုးတင်ပို့ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်သည် ယခုနှစ်အတွင်း ဂျက်စမင်ဆန်များအား နှစ်ဆတိုး၍ တန်ချိန် ၈၀၀၀၀ အထိ တိုးမြှင့်တင်ပို့သွားမည်ဖြစ်ပြီး အခြားသော ဆန်စိုက်ပျိုးသည့်နိုင်ငံများဖြစ်သည့် ဘရားဇီးနှင့်ဥရုဂွေးတို့၏ ဆန်တင်ပို့မှုများသည်လည်း မြင့်တက်လာခဲ့သည်။ ကမ္ဘောဒီးယားမှလည်း ယခုနှစ်အတွင်း ဆန်တန်ချိန်တစ်သန်းတင်ပို့ဖွယ်ရှိ၍ မြန်မာနိုင်ငံမှ ပေါင်းဆန်များ၏ တင်ပို့မှုသည်လည်း အရှိန်အဟုန်ဖြင့် မြင့်တက်လာပါသည်။

ကမ္ဘာပေါ်ရှိ စားသုံးသူများ၏တောင်းဆိုချက်များနှင့်ထိုင်းဆန်များ၏အရည်အသွေးကောင်းမွန်မှု မျှတသောအပေးအယူများကြောင့် ထိုင်းဆန်များသည်ဈေးကောင်းရလျက်ရှိပြီး ဆန်တင်ပို့မှုတန် ၆ ဒသမ ၅ သန်းအထိကျဆင်းသွားမည်ဆိုသည်မှာ ယုံကြည်နိုင်ဖွယ်မရှိကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ်နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးကစ်တီရက်နာရာရောင်းက ပြောကြားသွားပါသည်။

ထိုင်းပို့ကုန်တင်ပို့သူများ အဖွဲ့ဥက္ကဋ္ဌကော့ဘ်ဆွတ်ခ်အီယမ်ဆူရီက "ထိုင်းနိုင်ငံဟာ ပြိုင်ဘက်နိုင်ငံများနဲ့ယှဉ်ရင်ဆန်ဈေးနှုန်းဟာ အရမ်းမြင့်နေပါတယ်။ ထို့ကြောင့် အစိုးရရဲ့ ဆန်ဈေးနှုန်းမြင့်တက်စေရဆိုသောစီမံကိန်းကို လျှော့ချသင့်ပါတယ်"ဟု ပြောကြားသွားပါသည်။

"ထိုင်းဆန်တွေရဲ့ ဈေးနှုန်းမြင့်မားမှုကြောင့် ဒီနှစ်မှာမျှော်မှန်းသည်ထက် ဆန်တန်ချိန် တစ်သန်းနီးပါး လျော့ကျနိုင်ပါတယ်။ ထိုင်းရဲ့ ဂျက်စမင်ဆန်တွေဟာ တစ်တန်ကို ဒေါ်လာ ၁၃၀၀ ရှိနေချိန်မှာ ဗီယက်နမ်ရဲ့ ဂျက်စမင်ဆန်တစ်တန် ဈေးနှုန်းဟာ ဒေါ်လာ ၇၀၀ ပဲရှိပါတယ်"ဟု ထိုင်းပို့ကုန်တင်ပို့သူများအဖွဲ့ ဒုတိယဥက္ကဋ္ဌမှ ပြောကြားသွားပါသည်။

ထိုင်း၏ယခုနှစ် ဆန်တင်ပို့မှုမှာခန့်မှန်းခြေအတိုင်း တန် ၆ ဒသမ ၅ သန်းသာရှိပါက ယမန်နှစ် ဆန်တင်ပို့မှုနှုန်းတန် ၁၀ ဒသမ ၅ သန်းနှင့်နှိုင်းယှဉ်လျှင် ၃၈ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျသွားခြင်းဖြစ်ပါသည်။

*Ref:The Nation*



KINGS OF THE GRAIN

World's top rice traders

| | 2009 | 2010 | 2011* | 2012* |
|---|---|---|---|---|
| 1 Thailand | 8.57 | 9.05 | 10.00 | 8.00 |
| 2 Vietnam | 5.95 | 6.73 | 6.40 | 6.40 |
| 3 Pakistan | 3.19 | 4.00 | 2.80 | 3.90 |
| 4 India | 2.12 | 2.05 | 3.50 | 3.50 |
| 5 United States | 3.02 | 3.87 | 3.30 | 3.15 |
| 6 Cambodia | 0.80 | 1.00 | 1.00 | 1.00 |
| 7 Uruguay | 0.93 | 0.81 | 0.93 | 0.85 |
| 8 Myanmar | 1.45 | 0.45 | 0.80 | 0.80 |
| 9 Brazil | 0.59 | 0.43 | 0.75 | 0.70 |
| 10 Argentina | 0.59 | 0.47 | 0.60 | 0.60 |
| Others | 2.52 | 2.76 | 2.67 | 2.96 |
| All countries | 29.34 | 31.61 | 32.74 | 31.85 |

* Data as of August 2011 and estimated figures

ဘန်ကောက်ပို့စ်သတင်းစာက ဖော်ပြသည့် ဆန်စပါးကုန်သွယ်မှုပြဇယားဖြစ်ပြီး ယင်းဇယားအရမူ ထိုင်းက ထိပ်ဆုံးတွင်ရှိနေသည်

# ဗီယက်နမ်၏ ပထမဆုံးပြည်တွင်းထုတ်စစ်သင်္ဘောစတင်ရေချ

ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ Hong Ha သင်္ဘောတည်ဆောက်ရေးကုမ္ပဏီက ဆောက်လုပ်သည့်ပထမဆုံးပြည်တွင်းထုတ် TT400TP,HQ 272 ခေတ်မီစစ်သင်္ဘောကို ဇန်နဝါရီ ၁၆ ရက်နေ့တွင်ရေတပ်သို့ တရားဝင်လွှဲပြောင်းပေးခဲ့သည်။

အဆိုပါ စစ်သင်္ဘောတွင် AK 630 စက်သေနတ်၊ မြေပြင်မှဝေဟင်ပစ်ဒုံးစနစ်၊ ရေဒါနှင့်ရန်သူမှတ်သည့်စနစ်၊ ခဲယမ်းမီးကျောက်စသည့်ခေတ်မီလက်နက်များ တပ်ဆင်ထားသည်။

ပြည်တွင်းထုတ် စစ်သင်္ဘောသည် ဗီယက်နမ်ရေတပ်၏ တိုက်ခိုက်ရေးစွမ်းရည်ကို အင်အားဖြည့်တင်းပေးနိုင်မည်ဖြစ်ကြောင်း ရေတပ်ဗိုလ်ချုပ် Pham Ngoc Minh က ပြောကြားခဲ့သည်။

ပြည်တွင်းနည်းပညာများကို အသုံးပြုသည့်သင်္ဘောတည်ဆောက်မှုလုပ်ငန်းများကို Hong Ha ကုမ္ပဏီက ၂၀၀၉ ခုနှစ်၊ ဧပြီလတွင် စတင်ခဲ့ခြင်းဖြစ်သည်။

"သင်္ဘောဆောက်လုပ်မှုရဲ့ ကုန်ကျစရိတ်ဟာ အမေရိကန် ဒေါ်လာ တစ်သန်းဝန်းကျင်လောက်ရှိပါတယ်။ နိုင်ငံတကာဈေးကွက်မှာ ဒီသင်္ဘောနဲ့ အလားတူ သင်္ဘောရဲ့ဈေးနှုန်းက ဒေါ်လာ ၁၀ သန်းထိရှိပါတယ်။ ပြည်တွင်းမှာ ထုတ်လုပ်တဲ့အတွက် ၉၀ ရာခိုင်နှုန်းနီးပါးကုန်ကျစရိတ်သက်သာစေပါတယ်"Z 173 စက်ရုံ၏ဒါရိုက်တာ Nguyen Van Coung က ပြောကြားခဲ့သည်။ *Ref: AFP*

# ကားတိုက်ခံရသူ နှစ်နှစ်အရွယ်ကလေးငယ်အား ဆေးရုံပို့ပေးခဲ့သည့်အမျိုးသမီးလူမှုထူးချွန်ဆုရရှိ

တရုတ်နိုင်ငံ၌ ပြီးခဲ့သည့် အောက်တိုဘာလကဖြစ်ပွားခဲ့သော နှစ်နှစ်အရွယ်ကလေးငယ်အား ကားတိုက်မှုတွင် ၎င်းကလေးငယ်အား ဆေးရုံသို့ပို့ဆောင်ခဲ့သည့်အမှိုက်သိမ်းသူအမျိုးသမီးအား လူမှုထူးချွန်ဆုပေးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနမှ ထုတ်ပြန်ခဲ့ပါသည်။

အွန်လိုင်းဗီဒီယိုမှဖြစ်စဉ်တစ်လျှောက်လုံးအား ရိုက်ကူးထားရာ ၎င်းနှစ်နှစ်အရွယ် မိန်းကလေးငယ်သည် လမ်းပေါ်တွင် သွေးအလိမ်းလိမ်းဖြင့် သတိမေ့နေသော်လည်း ကလေးနံဘေး၌ဖြတ်လျှောက်သွားသူ အနည်းဆုံး ၁၈ ဦးရှိခဲ့ရာ တစ်စုံတစ်ဦးကမျှ ဂရုစိုက်လှည့်ကြည့်ခြင်းမရှိပေ။အဆိုပါဖြစ်ရပ်သည် တရုတ်တစ်မျိုးသားလုံးအား ထိတ်လန့်တုန်လှုပ်စေပြီး လျှင်မြန်စွာတိုးတက်လာသော မြို့ပြအင်္ဂါရပ်များကြောင့်ဖြစ်သည်ဟုသုံးသပ်ကြပါသည်။

ယင်းကဲ့သို့ယိုယွင်းလာသော စိတ်ဓာတ်များကြား၌ လေးစားဖွယ်ရာ ပေါ်ထွက်လာသောအသက် ၅၈ နှစ်အရွယ်၊ အမှိုက်သိမ်းသူအား တရုတ်ပြည်သူသန်းပေါင်းများစွာက အွန်လိုင်းမှတစ်ဆင့် ထောက်ခံမဲပေးခဲ့သောကြောင့် ဆင်ဟွာသတင်းဌာနသည် ရုပ်မြင်သံကြားမှတစ်ဆင့် ၎င်းအမျိုးသမီးအား လူမှုထူးချွန်ဆုပေးခဲ့ခြင်းဖြစ်ပါသည်။ *Ref: AFP*

# လူသေသည့်အထိ ညှင်းပန်းနှိပ်စက်မှုဖြင့် ကူဝိတ်ရဲအရာရှိနှစ်ဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်

၂၀၁၁ ခုနှစ်အတွင်း ကူဝိတ်ရှိရဲစခန်းတစ်ခုတွင် ထိန်းသိမ်းခံထားရသူတစ်ဦးကို အသက်သေသည်အထိ ညှင်းပန်းနှိပ်စက်ခဲ့မှုအတွက် ရဲအရာရှိနှစ်ဦးကို ထောင်ဒဏ် တစ်သက်တစ်ကျွန်းနှင့် အခြားအရာရှိသုံးဦးကို ထောင်ဒဏ် ၁၆ နှစ်စီဖြင့် ရာဇဝတ်မှုဆိုင်ရာ တရားရုံးတစ်ခုက စီရင်ချက်ချမှတ်ခဲ့သည်။

ပြစ်ဒဏ်ချမှတ်ခံရသည့် တရားခံအားလုံးမှာ Ahmadi ရဲစခန်းတွင် ထိန်းသိမ်းခံထားရသူ လေးဦးကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် ညှင်းပန်းနှိပ်စက်ခဲ့မှုဖြင့် တရားစွဲခံရသူများဖြစ်သည်။ ထိန်းသိမ်းခံထားရသူများထဲမှ အသက် ၃၅ နှစ်အရွယ်ရှိ Mohammad Ghazzai al Mutairi သည် နှိပ်စက်ခံရမှုများကြောင့် သေဆုံးခဲ့ရသည်။

Mutairi ကို ညှင်းပန်းနှိပ်စက်မှုတွင် ပါဝင်ပတ်သက်သည့် အခြားအရာရှိနှစ်ဦးကို ထောင်ဒဏ် ၁၅ နှစ်နှင့် ကျန်ရဲဝန်ထမ်းနှစ်ဦးကို ဒဏ်ငွေ ၂၀၀ dinars စီဖြင့် ရာဇဝတ်မှုဆိုင်ရာ တရားရုံးကပြစ်ဒဏ်ချမှတ်ခဲ့သည်။ ကျန်ရှိသည့် နိုင်ငံခြားသားနှစ်ဦး အပါအဝင်ရဲဝန်ထမ်း ၁၁ ဦးကို တရားသေလွှတ်ပေးခဲ့သည်။

ရဲများ၏ညှင်းပန်းနှိပ်စက်မှုကြောင့် ထိန်းသိမ်းခံထားရသူတစ်ဦး သေဆုံးခဲ့သည့်အဖြစ်အပျက်ကြောင်း ကူဝိတ်ပြည်သူများတုန်လှုပ်ခဲ့ရသလို ကူဝိတ်ပြည်ထဲရေးဝန်ကြီးဟောင်း Sheikh Jaber Khaled al Sabah ကိုလည်းရာထူးနုတ်ထွက်မှုဖြစ်စေခဲ့သည်။

Mutairi သည် အပြင်း အထန်ညှင်းပန်းနှိပ်စက်ခံရမှုကြောင့်ခြောက်ရက်အကြာတွင် သေဆုံးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

*Ref: AFP*

# ပါလက်စတိုင်းကို နိုင်ငံအဖြစ် ထိုင်းနိုင်ငံက အသိအမှတ်ပြု

ပါလက်စတိုင်းကို နိုင်ငံအဖြစ် ထိုင်းနိုင်ငံက အသိအမှတ်ပြုကြောင်း ဇန်နဝါရီလ ၁၉ ရက်တွင် ကြေညာခဲ့ရာ အစ္စရေးနှင့်မပြေလည်မှုရှိနေသော ပါလက်စတိုင်းအတွက် အားတက်စရာတစ်ခုဖြစ်ခဲ့သည်။

ပါလက်စတိုင်းကို နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုကြောင်းကို နယူးယောက်မြို့၊ ကုလသမဂ္ဂရှိ အမြဲတမ်းအဖွဲ့ဝင်များနှင့် လေ့လာသူအဆင့်နိုင်ငံအားလုံးကို အသိပေးခဲ့ကြောင်း ထိုင်းနိုင်ငံ၏သတင်းထုတ်ပြန်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၁၉၆၇ ခုနှစ်၊ ခြောက်ရက်စစ်ပွဲမတိုင်မီ တည်ရှိခဲ့သော နယ်စပ်စည်းအတိုင်း ပါလက်စတိုင်းကိုနိုင်ငံအဖြစ် ထိုင်းနိုင်ငံက အသိအမှတ်ပြုခဲ့သည်ဟု ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ၏အသိအမှတ်ပြုမှုသည် ၂၀၁၂ ခုနှစ်နှစ်သစ်အတွင်း ပါလက်စတိုင်းသံတမန်ရေးရာအောင်မြင်မှုတစ်ခုဖြစ်ခဲ့ကြောင်း ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီး ရီယက်ဒ်အယ်လ်မာလီကီ၏ပြောကြားချက်ကိုပါလက်စတိုင်းသတင်းဌာန WAFA ကဖော်ပြခဲ့သည်။ *Ref: AFP*

# ခေါင်းဆောင်သစ်ကင်ဂျုံအွန် မြောက်ကိုရီးယားစစ်တပ်သို့ အလည်အပတ်ရောက်ရှိ



နိုင်ငံ့ခေါင်းဆောင်သစ်အနေဖြင့် သာမက စစ်ဘက်ခေါင်းဆောင်အဖြစ်ပါ ယုံကြည်မှုတည်ဆောက်နေသော မြောက်ကိုရီးယားခေါင်းဆောင်သစ်ကင်ဂျုံအွန်သည် မြောက်ကိုရီးယား စစ်တပ်၊ တပ်ဖွဲ့တစ်ခုသို့ သွားရောက် လည်ပတ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ထုတ်ပြန်ကြေညာသည်။

ကင်၏စစ်စခန်းသို့ လာရောက်ပြီး စစ်သည်များနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးမှုတွင် စစ်သားများက စိတ်အားထက်သန်စွာဖြင့် မျက်ရည်လည်ရွှဲပျော်ပွဲဆင်ခဲ့ကြသည်ဟု ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဝါဒဖြန့်ချိထုတ်ပြန်သည်။ ကင်ဂျုံအီလ်နေရာဆက်ခံသူ ကင်ဂျုံအွန်၏ စစ်စခန်းသို့တစ်လအတွင်း ဒုတိယအကြိမ်မြောက် လည်ပတ်မှုဖြစ်သည်။

ကင်ဂျုံအွန်၏ခရီးစဉ်တွင် ထူးခြားချက်အနေဖြင့် သွားရောက်သည့်နေရာကို ဖခင်ကဲ့သို့လျှို့ဝှက်ထားခဲ့ခြင်းမရှိပေ။ မြောက်ကိုရီးယားအစိုးရသည် ကင်ဂျုံအွန်ကို ဖခင်ကင်ဂျုံအီလ်၊ အဘိုးကင်အီလ်ဆွန်းတို့ကဲ့သို့ပင် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုရှိစေရန် ဝါဒဖြန့်ချိရေးကို အားစိုက်လုပ်ကိုင်လျက်ရှိသည်။

*Ref: AFP*

## အီရန်အရေး အမေရိကန်စစ်ဦးစီးချုပ်အဖွဲ့ဥက္ကဋ္ဌ အစ္စရေးခေါင်းဆောင်များနှင့်လာရောက်ဆွေးနွေး



ဇန်နဝါရီလ ၂၀ ရက်နေ့က ဂျေရုစလင်တွင် အစ္စရေးသမ္မတရှီမွန်ပီရက်ဇ် နှင့် အမေရိကန်စစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌမာတင် ဒမ်ဆေးတို့တွေ့ဆုံစဉ်

အီရန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေစဉ် အမေရိကန်စစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမာတင်ဒမ်ဆေးသည် အစ္စရေးနိုင်ငံသို့ ဇန်နဝါရီလ ၂၀ ရက်နေ့တွင်လာရောက်ခဲ့ပြီး အစ္စရေးခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ကြောင်းသိရသည်။

အစ္စရေးသည် အီရန်နျူစက်ရုံများကို အချိန်မရွေးတိုက်ခိုက်လာနိုင်သောကြောင့် ဝါရှင်တန်နှင့်ဆက်သွယ်ရေးကို ချိတ်ဆက်ထားရန် အစ္စရေးခေါင်းဆောင်ပိုင်းကို ဒမ်ဆေးက တိုက်တွန်းသွားခဲ့သည်။

စစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌတာဝန်ကို ပြီးခဲ့သည့်နှစ်အောက်တိုဘာလက ဒမ်ဆေးရယူပြီးနောက်ပိုင်း ပထမဆုံးအကြိမ် အစ္စရေးသို့လာရောက်ရာတွင် အစ္စရေးသမ္မတ၊ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ စစ်ဦးစီးချုပ်တို့နှင့်တွေ့ဆုံခဲ့သည်။

ဆွေးနွေးမှုတွင်အရှေ့အလယ်ပိုင်းလုံခြုံရေးနှင့် အီရန်နျူအရေး၊ အီရန်၏ဟော်မုဇ်ရေလက်ကြားကို ပိတ်ပစ်နိုင်ချေတို့ကို အဓိကဆွေးနွေးခဲ့သည်။ အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက လုံလောက်ခြင်းမရှိသေးဟု ပြီးခဲ့သည့်အပတ်က ပြောခဲ့သော အမေရိကန်၏ အီရန်အပေါ်အရေးယူပိတ်ဆို့မှုနှင့် ပတ်သက်ပြီးလည်း ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။ အစ္စရေး သတင်းစာများ၏ဖော်ပြမှုအရ နှစ်ဖက်အဓိကသဘောကွဲလွဲသည်မှာအီရန်နျူစက်ရုံများကို တိုက်ခိုက်ရေးဖြစ်ကြောင်းသိရသည်။

*Ref: AFP*

## ဟော့မုဇ်ရေလက်ကြားအရှုပ်တော်ပုံတွင် ဒေသတွင်းနိုင်ငံများမပါဝင်ကြရန် အီရန်သတိပေး

အီရန်နိုင်ငံ၏ နျူကလီးယားလုပ်ငန်းစဉ်ကြောင့် တင်းမာမှုများဖြစ်ပေါ်လာသည့် ဟော့မုဇ်ရေလက်ကြားပြဿနာတွင် ဒေသတွင်းအာရပ်နိုင်ငံများသည် အမေရိကန်နှင့် အလွန်အကျွံလက်တွဲပြီး အန္တရာယ်တွင်းသို့ မဝင်ရောက်ရန်အီရန်နိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီလ ၁၉ ရက်နေ့တွင် သတိပေးပြောကြားခဲ့သည်။

"အန္တရာယ်ရှိတဲ့ အခြေအနေထဲကို ကိုယ့်ကိုယ်ကိုဆွဲမသွင်းကြပါနဲ့လို့ ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံတွေကို သတိပေးပြောချင်ပါတယ်" ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဆာလေဟီက ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် ကြိုတင်သတ်မှတ်ထားချက်များ မပါဝင်ဘဲ အီရန်နိုင်ငံနှင့်ဆွေးနွေးသင့်ကြောင်း၊ သမ္မတအိုဘားမားထံမှ ဟော့မုဇ်ရေလက်ကြားပြဿနာနှင့်ပတ်သက်သည့် ဖော်ပြထားသောစာတစ်စောင်ကို ရရှိထားကြောင်းလည်း ဆာလေဟီက ပြောကြားခဲ့သည်။

"အိုဘားမားက အီရန်အာဏာပိုင်တွေဆီကို စာတစ်စောင်ပေးပို့ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့အနေနဲ့ ကောင်းမွန်တဲ့ရည်ရွယ်ချက်ထားရှိဖို့ရယ် ကြိုတင်သတ်မှတ်ချက်တွေမပါတဲ့ ဆွေးနွေးမှုပြုလုပ်ဖို့ရယ် လိုပါတယ်။ ဒီတစ်ကြိမ်မှာ အမှန်တကယ်ဆွေးနွေးချင်တယ်ဆိုတာ လက်ခံရအောင် ရိုးသားတဲ့နည်းဗျူဟာတွေကို ကျင့်သုံးဖို့လိုအပ်ပါတယ်" ဟု ဆာလေဟီက ပြောကြားခဲ့သည်။

*Ref: Reuters*

## ဟော်မုဇ်ရေလက်ကြားကို ပိတ်ပစ်ရန်အစီအစဉ်မရှိခဲ့ဟု ပြောင်းလဲသွားသည့် သဘောထားကို အီရန်နိုင်ငံခြားရေးဝန်ကြီး ထုတ်ဖော်

ရေနံသယ်ယူမှုအတွက် အဓိကလမ်းကြောင်းဖြစ်နေသော ဟော်မုဇ်ရေလက်ကြားကို ပိတ်ပစ်ရန် မည်သည့်အခါကမျှ အစီအစဉ်မရှိခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအက်ဂ်ဘာဆာလေဟီက ဇန်နဝါရီလ ၁၉ ရက်နေ့တွင်ပြောကြားခဲ့သည်။

အီရန်သည် ပြီးခဲ့သည့် ဒီဇင်ဘာလက ကမ္ဘာ့တစ်ဝန်းရေနံတင်ပို့မှု၏ ငါးပုံတစ်ပုံဖြတ်သန်းရာ ဟော်မုဇ်ရေလက်ကြားကိုပိတ်ပစ်မည်ဟု တုံ့ပြန်ခဲ့ဖူးရာ ယခုစကားသည် သဘောထား ပြန်လည်ပျော့ပြောင်းလာခြင်းကို ပြသမှုအဖြစ် နိုင်ငံတကာက ရှုမြင်ခဲ့ကြသည်။

အီရန်ကို စစ်ရေးအရတိုက်ခိုက်လာမှု၊ အရေးယူပိတ်ဆို့မှုများ ထပ်မံတင်းကျပ်မှုပြုပါက ပိတ်ပစ်မည်ဟု မူလကခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။

လာမည့် ရက်သတ္တပတ်များအတွင်း ဟော်မုဇ်ရေလက်ကြားတွင် စစ်ရေးလေ့ကျင့်မှုများ ထပ်မံပြုလုပ်ရန် အီရန်က စီစဉ်ထားသလို အမေရိကန်ပြည်ထောင်စုကလည်း လေယာဉ်တင်သင်္ဘောနောက်တစ်စီးထပ်မံစေလွှတ်ထားသည်။ *Ref: AFP*

## ဟော်မုဇ်ရေလက်ကြားကို ဖွင့်ထားရန်လိုအပ်ကြောင်း တရုတ်ဝန်ကြီးချုပ်ပြောကြား

ရေနံတင်သင်္ဘောများသွားလာသော မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြားကို အီရန်က ပိတ်ပစ်မည်ဟုခြိမ်းခြောက်မှုဖြစ်ပေါ်နေစဉ် ယင်းရေလက်ကြားဖွင့်ထားရန်မှာ အရေးကြီးကြောင်း ရေနံကြွယ်ဝသော ပင်လယ်ကွေ့ဒေသသို့ ရေနံခရီးစဉ်ထွက်နေသော တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က ဇန်နဝါရီလ ၁၈ ရက်တွင် အလေးထားပြောကြားခဲ့သည်။

ဟော်မုဇ်ရေလက်ကြားလုံခြုံရေးရှိရန်မှာ နိုင်ငံအားလုံး၏အကျိုးစီးပွားအတွက် အရေးပါကြောင်း ကာတာနိုင်ငံ ဒိုဟာမြို့သို့ရောက်ရှိခဲ့သော ဝမ်ကျားပေါင်က ပြောကြားခဲ့သည်။

တရုတ်သည် အီရန်ရေနံနှင့် ဓာတ်ငွေ့ကို အဓိကဝယ်ယူနေသော နိုင်ငံဖြစ်သည့်အတွက် အီရန်ရေနံအပေါ် ပိတ်ဆို့အရေးယူမှုပြုလုပ်မည်ကို လက်မခံခဲ့ပေ။

အီရန်ရေနံပိတ်ဆို့အရေးယူမှုကြုံရနိုင်ချိန်တွင် တရုတ်ဝန်ကြီးချုပ်သည်အနှစ် ၂၀ အတွင်း ရေနံအများဆုံးထုတ်လုပ်သော ဆော်ဒီအာရေဗျသို့ ပထမဆုံးအကြိမ်သွားရောက်ခဲ့ခြင်းဖြစ်သည်။ *Ref: AP*

## ဥရောပသမဂ္ဂက အီရန်ရေနံတင်သွင်းမှုကို ဇူလိုင် ၁ ရက်မှ စတင်ပိတ်ပင်ရန်ဆွေးနွေး

ဥရောပသမဂ္ဂသည် အီရန်ရေနံတင်သွင်းမှုကို ဇူလိုင်လ ၁ ရက်နေ့မှစတင်ပြီး ပိတ်ပင်ရန်ဆွေးနွေးနေပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခြောက်လတာအတွင်း အီရန်နှင့်လက်ရှိလုပ်ဆောင်နေသော သဘောတူညီချက်များကို ပြီးပြတ်အောင်လုပ်ဆောင်ရန် အချိန်ပေးထားကြောင်း ဥရောပသမဂ္ဂအလှည့်ကျဥက္ကဋ္ဌတာဝန်ယူထားသော ဒိန်းမတ်နှင့် ဥရောပသမဂ္ဂသံတမန်များက ဇန်နဝါရီလ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

အီရန်ရေနံတင်သွင်းမှုအပေါ် ပိတ်ပင်ရန် ဥရောသမဂ္ဂက မူအားဖြင့် သဘောတူထားပြီးဖြစ်သည်။

ဥရောပသမဂ္ဂသည် အီရန်ထံမှ ပြီးခဲ့သောနှစ်တွင် ရေနံငါးပုံတစ်ပုံဝယ်ယူခဲ့ပြီး အဓိကဝယ်ယူသူတရုတ်နှင့် အပြိုင်အဆိုင်ဖြစ်ခဲ့သည်။ အီတလီ၊ စပိန်၊ ဂရိနိုင်ငံတို့မှာ အီရန်ရေနံကိုအဓိကဝယ်ယူသူများဖြစ်သည်။

တစ်နေ့လျှင်ရေနံစည် ၂ ဒသမ ၆ သန်းထုတ်နေသော အီရန်ရေနံတင်သွင်းမှုကိုပိတ်ပင်လိုက်ပါက နိုင်ငံတကာဈေးကွက်တွင်ရေနံဈေးမြင့်တက်သွားနိုင်သလို အီရန်ပြည်သူများအတွက်လည်းကုန်ဈေးနှုန်းမြင့်တက်ကျပ်တည်းမှုနှင့်ကြုံတွေ့ရနိုင်သည်။

*Ref: Reuters*

## USS Abraham Lincoln လေယာဉ်တင်သင်္ဘော အာရေဗျပင်လယ်သို့ ရောက်ရှိပြီး USS Carl Vinson လေယာဉ်တင်သင်္ဘောနှင့် ပူးပေါင်း

အမေရိကန်လေယာဉ်တင်သင်္ဘော USS Abraham Lincoln သည် ဇန်နဝါရီလ ၁၉ ရက်တွင် အာရေဗျပင်လယ်သို့ရောက်ရှိလာခဲ့ရာ ယင်းပင်လယ်တွင်ယခင်ရှိနေခဲ့သော USS Carl Vinson လေယာဉ်တင်သင်္ဘောနှင့် ပူးပေါင်းခဲ့သည်။ ဟော်မုဇ်ရေလက်ကြားပိတ်ပစ်မည်ဟု အီရန်က ခြိမ်းခြောက်မှုဖြစ်ပေါ်နေစဉ် အမေရိကန်ကလေယာဉ်တင်သင်္ဘောတစ်စီးထပ်မံစေလွှတ်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်တင်သင်္ဘောနောက်တစ်စီး USS John Stennis မှာ ပြီးခဲ့သောရက်ပိုင်း ယင်းနေရာမှ ပြန်လည်ထွက်ခွာခဲ့ပြီး ပစိဖိတ်အနောက်ဘက်ဒေသသို့ ဦးတည်ထွက်သွားခဲ့ကြောင်းသိရသည်။ USS Lincoln သင်္ဘောသည် ဟော်မုဇ်ရေလက်ကြားကိုဖြတ်၍ ပါရှန်းပင်လယ်ကွေ့သို့သွားရောက်မည်ဖြစ်သည်။ အမေရိကန်စစ်ဘက်သည် ပင်လယ်ကွေ့ဒေသတွင် လေယာဉ်တင်သင်္ဘောကိုတပ်စွဲထားခြင်းအား ဆက်လက်လုပ်ဆောင်မည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့ပြီး မည်သည့်အချိန်တွင် လေယာဉ်တင်သင်္ဘောအရွှေ့အပြောင်းပြုလုပ်မည်ကိုမူ မပြောကြားခဲ့ပေ။

USS Stennis သင်္ဘောသည် ပင်လယ်ကွေ့ဒေသမှ ပြီးခဲ့သောရက်ပိုင်းအတွင်းက ထွက်ခွာသွားခဲ့ရာ အီရန်တာဝန်ရှိသူများက အမေရိကန်လေယာဉ်တင်သင်္ဘောထပ်မံမစေလွှတ်ရန် သတိပေးခဲ့သော်လည်း အမေရိကန်ကထပ်မံစေလွှတ်ခဲ့ခြင်းဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း အမေရိကန်သည် ပင်လယ်ကွေ့ဒေသတွင် လေယာဉ်တင်သင်္ဘောတစ်စီး၊ အာရေဗျပင်လယ်တွင် လေယာဉ်တင်သင်္ဘောတစ်စီး တပ်စွဲခဲ့ပြီး ယင်းဒေသတွင် ယင်းကဲ့သို့ စစ်အင်အားချထားမှုကို ပြောင်းလဲသွားမည်မဟုတ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးလီယွန်ပန်နက်တာက ပြောကြားခဲ့သည်။

ယင်းဒေသရှိ အီရန်တော်လှန်ရေးအစောင့်တပ်မှူးများ၏သမိုင်းကြောင်းများကို အမေရိကန်ထောက်လှမ်းရေးများကနောက်ယောင်ခံလိုက်နေပြီး ယင်းတပ်မှူးများသည် တီဟီရန်ရှိ အကြီးတန်းတပ်မှူးများ၏ကွပ်ကဲမှုအောက်တွင် အပြည့်အဝရှိ၊ မရှိကို စောင့်ကြည့်နေကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

*Ref:CNN;USS*



USS Abraham Lincoln လေယာဉ်တင်သင်္ဘောနှင့် တစ်ပါတည်းပါရှိသော သင်္ဘောအုပ်စု

# နေပြည်တော် အနာဂတ်သဘောတူညီချက်

မျိုးဇော်



**နိဒါန်း**

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်လက်ထက်မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပေးထားချက်များကို အကောင်အထည်ဖော်သည့် လုပ်ဆောင်ချက်များပါဝင်နေသော်လည်း အဓိကအားဖြင့် သမ္မတကြီးနှင့် ခေါင်းဆောင်များ၏ နိုင်ငံရေးစိတ်ရင်းစေတနာမှ ထွက်ပေါ်လာသောရလဒ်များဖြစ်သည်။ သမ္မတကြီးအတွက် အဓိကစိန်ခေါ်မှုကြီး(၃)ရပ်(နိုင်ငံရေး၊ စီးပွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေး)သည် အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အရေးကြီးလှသော အနာဂတ်ဖြစ်နေသည်။ လက်ရှိဆောင်ရွက်မှုများသည် နောင်မျိုးဆက်များအထိကြီးမားစွာ သက်ရောက်မှုရှိနေမည်ဖြစ်၍ နိုင်ငံသားအားလုံးအတွက်အသက်တမျှ အရေးကြီးလှသော နိုင်ငံ့အရေးကို Stake Holder အားလုံးက အာရုံပြုကြရန် လိုအပ်ခြင်းဖြစ်သည်။ နိုင်ငံ့အရေးကိုသတိမမူဘဲ နိုင်ငံသား(အချို့)အရေးကို ဦးစားပေးရန်လုပ်ဆောင်လာနိုင်သောအလားအလာများမြင်တွေ့လာနိုင်ခြင်းကြောင့်နိုင်ငံသား(အချို့)အရေးနှင့် နိုင်ငံရေးကို မြင်အောင်ကြည့်ကြစေလိုသည်။

သမ္မတကြီးဦးသိန်းစိန်သည် နိုင်ငံ့အရေးအတွက် မှန်သည်ထင်သည်ကို ပြတ်ပြတ်သားသားလုပ်ဆောင်တတ်သူဖြစ်ခြင်းကို မြစ်ဆုံဆုံးဖြတ်ချက်၊ ကျောက်မီးသွေးစက်ရုံများစွန့်လွှတ်သည့် ဆုံးဖြတ်ချက်၊ (နောက်ဆုံးသော)လွှတ်ငြိမ်းချမ်းသာခွင့်ဆုံးဖြတ်ချက်တို့ မှတ်စ်ဆင့်မြင်တွေ့နေရခြင်းကြောင့်အခြားသော Stake Holder များအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး (၃)ရပ်ကိုအာရုံပြုသုံးသပ်ကြရန်လိုအပ်လာပြီဖြစ်သည်။ မိမိတို့ကိုယ်စားပြုသည့်လူ့အဖွဲ့အစည်း(အနည်းစု)အကျိုးနှင့်ဆန္ဒကိုရှေ့တန်းတင်မိသဖြင့် နိုင်ငံသားအားလုံးကိုယ်စားပြုသည့်လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး၏အကျိုးနှင့်ဆန္ဒကိုထိခိုက်နစ်နာစေမည့်အရိပ်အယောင်များမြင်လာနိုင်ဖွယ်ရာရှိသည့်သဘောကိုခြုံငုံမိသဖြင့်လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး၏ အကျိုးကို ဘုံရပ်တည်ချက်အဖြစ်သတ်မှတ်ပေးပါရန်အကြောင်းတင်ပြရခြင်းလည်းဖြစ်သည်။

## All Inclusive

လက်ရှိ နိုင်ငံရေး အခင်းအကျင်းသည် ပြည်တွင်း၊ ပြည်ပ ကမ္ဘာကြီးတစ်ခုလုံးက တောင်းဆိုသော All Inclusive ကြန်အင်လက္ခဏာများသို့ စတင်ရောက်ရှိပြီဖြစ်၍ ဒီမိုကရေစီရှင်သန်စေရာသော အဆင့်သစ်တစ်ဆင့်သို့ တက်လှမ်းလိုက်ပြီဟု ဆိုနိုင်သည်။ ကမ္ဘာတစ်ဝန်းလုံးမှ အံ့အားသင့်သော မျက်လုံးပေါင်းများစွာအကြား ယနေ့မြန်မာနိုင်ငံသည် ရဲရဲရင့်ရင့်တိုးထွက်လာခဲ့ပြီဖြစ်သလို ကြိုးတန်းလမ်းလျှောက်အနေအထားမျိုးဖြင့် မယုံမရဲစောင့်ကြည့်နေခြင်းများရှိနေခြင်းကြောင့် မြန်မာ့ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအနာဂတ်သည် နိုင်ငံသားအားလုံး၏ စဉ်းစားတွေးခေါ်ဆောင်ရွက်ချက်များပေါ်တွင် မူတည်နေသည်။ ဝါရှင်တန်သဘောတူညီချက်သည် ဘောဂဗေဒပညာရှင်များ၏ စဉ်းစားဆင်ခြင်ချက်မှ ထွက်ပေါ်လာခြင်းဖြစ်ပြီး ဘေကျင်းသဘောတူညီချက်သည် ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုများ၏ စဉ်းစားဆင်ခြင်ချက်မှ ထွက်ပေါ်လာခြင်းဖြစ်သော်လည်း နေပြည်တော် သဘောတူညီချက်မှာ လက်ရှိနိုင်ငံသားအားလုံး၏ တွေးခေါ်ဆောင်ရွက်ချက်နှင့် လာမည့်(၄)နှစ်အတွင်းဆက်လက်ဆောင်ရွက်ချက်များအပေါ်အခြေခံ၍ ဖြစ်ပေါ်လာမည် ဖြစ်ရာမြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးမော်ဒယ်လ်သည် နိုင်ငံသားအားလုံးကဖော်ဆောင်သည့်မော်ဒယ်လ်ဖြစ်လာမည်ဖြစ်သည်။

အားလုံးပါဝင်ခွင့်ရှိလာသည့် နိုင်ငံရေးအခင်းအကျင်းသစ်တွင် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သလို နိုင်ငံနှင့် ပြည်သူအတွက် လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ဆောင်ရန် StakeHolder အားလုံးလေးနက်ဆင်ခြင်ဆောင်ရွက်သင့်သလိုမလုပ်သင့်မလုပ်ထိုက်သည်ကိုလည်း သတိဖြင့် ဆင်ခြင်ရန် လိုအပ်ကြောင်းတွေ့ရှိရသည်။ ဤနေရာတွင် စာရေးသူအနေဖြင့် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးသို့ ချီရာလမ်းအတွက် ဖူကူယားမား၏ Institution(၃)ရပ်ကို မျက်မှောက်ပြုကြရန် တိုက်တွန်းလိုသည်။ ယင်း Institution(၃)ရပ်မှာ(၁) နိုင်ငံတည်ဆောက်ရေး State Building၊ (၂) တရားဥပဒေစိုးမိုးရေး Rule of Law နှင့်(၃)ဒီမိုကရေစီရှင်သန်ရေး Accountable Government and Responsible Citizen ဟူ၍ ဖြစ်သောကြောင့် မြန်မာတစ်နိုင်ငံလုံးသဘောဆောင်သော မဏ္ဍိုင်ကြီးများဖြစ်နေကြောင်း တွေ့ရှိနိုင်သည်။

လက်ရှိအခင်းအကျင်း(စီးပွားရေး၊ နိုင်ငံရေး၊ ငြိမ်းချမ်းရေး)သည် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်ဟူသော လမ်းကြောင်းပေါ်သို့ ရောက်ရှိနေခြင်းဖြစ်ပြီး တော်လှန်ရေးမျိုးဆက်များရင့်ကျက်ချိန်ကြနေပြီဟုလည်း သဘောရသောကြောင့် နိုင်ငံတည်ဆောက်ရေးတာဝန်ကို နိုင်ငံသားတိုင်းမျှဝေထမ်းဆောင်ကြရမည့်အချိန်အခါဟူ၍သုံးသပ်မိသည်။

နိုင်ငံတော်မှ ခင်းပြထားသောလမ်းကြောင်းသည် အမိန့်အာဏာ(အထက်မှ ခိုင်းစေခြင်း)မဟုတ်ဘဲ လစ်ဘရယ်ပုံစံဖြင့် ဆောင်ရွက်နေခြင်း၊ တွန်းအား မဟုတ်ဘဲ ဆွဲအားဖြစ်နေခြင်းတို့ကြောင့် လစ်ဘရယ်ပုံစံနှင့် လိုက်လျောညီထွေဖြစ်သော Agree to Disagree တို့သည် အထူးအထွေပြောစရာမလိုတော့သည့် ရေလဲသုံးတစ်ခုဖြစ်လာမည်ဖြစ်သည်။ လစ်ဘရယ်ပုံစံဖြင့်သွားမည့်သဘောရသောကြောင့်မိမိတို့အစုအဖွဲ့အလိုက် Idealism များ၊ Ideology များနိဂုံးချုပ်သွားပြီဖြစ်သည်။ ယနေ့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီစသည့် ၂၀၁၀ ရွေးကောက်ပွဲဝင်ပါတီများနှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစရှိသောကြားဖြတ်ရွေးကောက်ပွဲဝင်ပါတီများကို ဖြန့်ခင်းကြည့်လျှင် နိုင်ငံရေးသဘောတရားအရ တိုးတိုက်မှုများမရှိတော့သည်ကို တွေ့ရှိနိုင်သည်။ ဝါဒအကွဲအကွဲအပြားပြားမရှိတော့သည့်နည်းတူ အမျိုးသားရေးဝါဒ(နိုင်ငံဖွံ့ဖြိုးရေး၊ နိုင်ငံသားများ ကြီးပွားတိုးတက်ရေး)သည် ဘုံလမ်းစဉ်သဖွယ်ဖြစ်လာနေပြီဖြစ်၍ လက်ရှိမြန်မာ့နိုင်ငံရေးကို The Art of State Building အဖြစ်ရှုမြင်နိုင်မည်ဖြစ်သည်။

ပကတိအခြေအနေမှန် Reality ကို လေးလေးနက်နက်သုံးသပ်ပြီး လက်ရှိလိုအပ်ချက် Necessity ကို စိစစ်ဖော်ထုတ်ကာ အကျိုးစီးပွားများ Adjustmen လုပ်ကြရမည့် အခြေအနေဖြစ်သည်။ ယင်း Adjustment လုပ်ဆောင်ရန်အတွက်လည်း မည်သည့်ပုံစံ၊ မည်သည့်မူဘောင်မျှသတ်မှတ်ထားခြင်းမရှိဘဲ Liberalized Adjustment သဘောသို့ သက်ဝင်နေသောကြောင့် Stake Holder အားလုံးအနေ၏ လက်ရှိအခင်းအကျင်းအပေါ်ရှုမြင်သုံးသပ်ချက်၊ ပြုမူဆောင်ရွက်ချက်များမှာ အသက်သွေးကြောဖြစ်နေပြီဖြစ်သည်။

လစ်ဘရယ်ပုံစံသည် စံပြုသတ်မှတ်ချက်များမရှိဟု ဆိုနိုင်သော်လည်း ယင်းသတ်မှတ်ချက်မှာ ပြုမူလုပ်ဆောင်ချက်များအတွက်သာရည်ညွှန်းနေခြင်းဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးလျှောက်လှမ်းကျော်ဖြတ်ရမည့်အဆင့်(၃)ဆင့်ကိုမူ အောက်ပါအတိုင်းရှုမြင်နိုင်သည် (သဘောထားကွဲလွဲလိုကကွဲလွဲနိုင်သော်လည်း ယင်းကွဲလွဲချက်သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ပန်းတိုင်နှင့်ကင်းကွာမှုမရှိစေရန်အရေးကြီးကြောင်းသတိပြုစေလိုသည်)

**မြန်မာ့ဒီမိုကရေစီ၊ စီးပွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ Consilidation အဆင့်သို့ ရောက်/မရောက် (မြန်မြန်ရောက်မလား၊ ကြာရှည်မှရောက်မလား)ဟူသည်မှာ Field အမျိုးမျိုးတွင် ပါဝင်နေကြသော Player အားလုံး၏ Capacity အပေါ်တွင် မူတည်နေသည်။**

---

နိုင်ငံသားအားလုံး ထားရှိသင့်သော သန္နိဋ္ဌာန်မှာ နောက်ပြန်မလှည့်ကြေးဖြစ်၍နောက်ကြောင်းပြန်လှည့်လိုသော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအနေဖြင့် နောက်ကြောင်းပြန်လှည့်လိုသည့် အကြောင်းရင်းမှန်ကို ပွင့်ပွင့်လင်းလင်းရဲရဲတင်းတင်းထုတ်ဖော်ကြေညာရန် တိုက်တွန်းလိုသည်။ (ယင်းသို့ နောက်ကြောင်းပြန်လှည့်လိုသည့် သဘောကို ထုတ်ဖော်ပြောကြားမှသာStake Holder များအတွင်းတိုးတိုက်မိခြင်းကို ရှောင်လွှဲနိုင်မည်ဖြစ်သောကြောင့် ဖြစ်သည်။)

ထို့ကြောင့်လည်း လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး အခင်းအကျင်းတွင် အိုင်ဒီယိုလော်ဂျီမရှိ၊ သမိုင်းမရှိ ၊ The Art of State Building သာရှိသည်ဟု ဆိုရခြင်းဖြစ်သည်။ မြန်မာ့ဒီမိုကရေစီ၊ စီးပွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ Consilidation အဆင့်သို့ ရောက်/မရောက် (မြန်မြန်ရောက်မလား၊ ကြာရှည်မှရောက်မလား)ဟူသည်မှာ Field အမျိုးမျိုးတွင် ပါဝင်နေကြသော Player အားလုံး၏ Capacity အပေါ်တွင် မူတည်နေသည်။

**မြန်မာနိုင်ငံ၏ ဒီမိုကရေစီ၊ ထာဝရငြိမ်းချမ်းရေးနှင့် ဈေးကွက်စီးပွားရေးအဆင့်(၃)ဆင့်**

| | | Transition | Liberalization | Consilidation |
|---|---|---|---|---|
| ၁ | နိုင်ငံရေး | | | |
| | ၁.၁။ အခြေခံဥပဒေ | အငြင်းပွားမှုများရှိနေဆဲ။ | ဘုံတူညီချက်ရှာဖွေနိုင်ကွဲလွဲချက်များ တစ်ဖက်နှင့်တစ်ဖက် အသိအမှတ်ပြုလာ။ | အငြင်းပွားမှုမရှိတော့။ |
| | ၁.၂။ ရွေးကောက်ပွဲ | အငြင်းပွားမှုများရှိနေဆဲ | အာဏာရ၊ အတိုက်အခံသဘောထားတူညီလာခြင်း။ | အငြင်းပွားမှုမရှိတော့။ |
| | ၁.၃။ နိုင်ငံရေးပါတီများ | အချို့ဝင်လာ၊အချို့ကျန်ရစ်လျက် အငြင်းပွားမှုများရှိနေဆဲ။ | မတူတာခွဲလုပ်၊တူတာတွဲလုပ် အဆင့်သို့ရောက်ရှိပြီးအားလုံး ပါဝင်ခွင့်ရရှိလာ။ (တော်လှန်ရေးကိုရှောင်လွှဲလာ) | တစ်ပါတီမှအခြားတစ်ပါတီသို့ အာဏာလွှဲပြောင်းမှုများတည်ငြိမ်မှု ရရှိလာ။ (တော်လှန်ရေးမရှိတော့) |
| | ၁.၄။ မီဒီယာ | ဖြေလျှော့မှုများစတင်လာသော်လည်းအငြင်းပွားမှုများရှိနေဆဲ။ | လွတ်လပ်မှုနှင့်တာဝန်ယူမှုခွဲဝေမှုများစတင်လာ။ | မီဒီယာအကာအကွယ်ပေးမှုများ ရှင်သန်လာ။ |
| | ၁.၅။ လူ့အခွင့်အရေး | အငြင်းပွားမှုများရှိနေဆဲ။ | ယုံကြည်ချက်အကျဉ်းသားဟူ၍ မရှိတော့။ (အရပ်ဘက်လူ့အဖွဲ့အစည်း) အားကောင်းလာ) | အငြင်းပွားမှုများမရှိတော့။ (Rule of Law အပြည့်အဝဖြစ်လာ) |
| ၂ | ပြည်တွင်းငြိမ်းချမ်းရေး | | | |
| | ၂.၁။ ယုံကြည်မှု | သံသယများရှိနေဆဲ။ | အချို့ရရှိ၊ အချို့ကျန်။ (သံသယအချို့ရှိနေဆဲ) | နှစ်ဦးနှစ်ဖက်အခိုင်မာဖြစ်ထွန်း။ (သံသယဟူ၍မရှိတော့) |
| | ၂.၂။ နားလည်မှု | ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး။ (စတင်မျှော်မှန်းလာ) | ပစ်ခတ်တိုက်ခိုက်မှုအားလုံးစတင်ရပ်စဲ။(သေနတ်သံ၊ယမ်းငွေ့မမြင်ရတော့) | |
| | ၂.၃။ ပူးပေါင်းဆောင်ရွက်မှု | စေ့စပ်ညှိနှိုင်းမှုများစတင်။ | မတူတာခွဲ၊ တူတာတွဲသည့်အဆင့်သို့ ရောက်ရှိ။ | တစ်သားတည်းဖြစ်လာ။ |
| | ၂.၄။ထာဝရငြိမ်းချမ်းရေး | နှစ်ဦးနှစ်ဖက်မျှော်မှန်းလာ။ | လက်နက်များအချို့ စွန့်လွှတ်၊ အချို့ကိုင်ထားဆဲ။ | လက်နက်ကိုင်လမ်းစဉ်ဟူ၍ မရှိတော့။ |
| ၃ | စီးပွားရေး | | | |
| | ၃.၁။ ဈေးကွက်ယန္တရား | စတင်အသက်ဝင်စပြု။ | ဈေးကွက်ယန္တရားပီပီပြင်ပြင် အသက်ဝင်လာ။ (ပြည်ထောင်စုအဆင့်နှင့်ပြည်နယ်/တိုင်းဒေသကြီး အဆင့်နှစ်ခုစလုံး) | ယန္တရားခိုင်မာပြီးဆက်လက် တိုးတက်သည့်အဆင့်သို့ ရောက်ရှိ။ |
| | ၃.၂။ Sanction | ရပ်သိမ်းရေးအပေါ်ရပ်တည်ချက်ကွဲပြားနေဆဲ။(ရပ်စေလိုသည့်ဘက်နှင့်မရပ်စေလိုသည့်ဘက်) ဖြေလျှော့ရေးအဆင့်ကို နှစ်ဖက်စလုံးလက်ခံနိုင်။ | ဆန့်ရှင် ရုပ်သိမ်းရေးသည် Stake Holderအားလုံး၏ ဘုံရပ်တည်ချက်ဖြစ်လာ။ | ဆန့်ရှင်ဟူ၍ မရှိတော့။ |
| | ၃.၃။ ပုဂ္ဂလိကကဏ္ဍ | စတင်အသက်ဝင်လာ။ (Institution များ မပြည့်စုံသေး) | ခိုင်မာအားကောင်းစေမည့် ကြန်အင်လက္ခဏာများ ပြည့်စုံလာ။ (ဥပဒေ၊ နည်းဥပဒေ၊ပုဂ္ဂလိက အဖွဲ့အစည်းများ) | နိုင်ငံတော်စီးပွားရေးတွင် အဓိကမောင်းနှင်အား အဖြစ်သို့ရောက်ရှိလာ။ |
| | ၃.၄။ အခွင့်အရေး | Level Play Fieldသို့ ရောက်ရန်စတင်၍ဦးတည် ကြိုးပမ်းလာ။(အခွင့်အရေး မညီမျှမှုများရှိနေဆဲ) | Level Play Fieldသို့ စတင်ရောက်ရှိ။(အချို့ ဆက်လက်၍အခွင့်အရေး တောင်းဆိုနေကြဆဲ) | အခွင့်အရေးဟူ၍တောင်း နေစရာမလိုတော့သည့် အခြေအနေသို့ရောက် ရှိလာ။ |

# ခွင့်လွှတ်တယ်၊ မေ့ပစ်ဖို့တော့မဟုတ်ဘူး

ဇေဝင်းနောင်




*အဆုံးမရှိလို့တွေးခဲ့တဲ့ ပူဆွေးဝမ်းနည်းမှုတွေကို ခံစား*
*သေခြင်းတရားနဲ့ ညကာလထက် မှောင်မိုက်တဲ့ အမှားတွေကို ခွင့်လွှတ်*
*ထာဝရတည်မြဲမယ်ထင်ရတဲ့ အာဏာကို ဖီဆန်ရင်း*
*ဘယ်တော့မှ မပြောင်းလဲ၊ မပြိုလဲ၊ နောင်တမရတတ်တဲ့ မျှော်လင့်ချက် က*
*သူ ဟိုးအရင်ထဲက တွေးမျှော်ထားတဲ့ အရာကို*
*သူ့ရဲ့ အပျက်အစီးပုံထဲကနေပဲ ဖန်တီးလာနိုင်တဲ့အထိ*
*ချစ်ခင်၊ သည်းခံ၊ မျှော်လင့်ရဲ့*
*အိုး၊ အသင် တိုက်တန်၊*
*ဤ မျှော်လင့်ချက်သည်လည်း*
*ဂုဏ်သရေရှိသော အသင်နှင့် အလားတူပင်*
*ကောင်းမြတ်၊ ကြီးကျယ်၊ ပျော်ရွှင်၊ လှပ၊ လွတ်မြောက်ပေပြီ။*
*ဤ မျှော်လင့်ချက် သည်သာ ဘဝ၊ ပျော်ရွှင်မှု၊ အင်ပါယာ၊ အောင်ပွဲ . . .။*

**"ပီဘီရှယ်လီ၏ ပရိုမီးသီးယပ်စ် နှောင်တည်းမှ လွတ်မြောက်ခြင်း ကဗျာရှည်မှ"**

ညည့်နက်သန်းခေါင်ကျော်သည်အထိနေပြီး ဘယ်တော့မှ အစောကြီးမနိုးတတ်သော ကျွန်တော်ထိုနေ့က အစောကြီးနိုးနေပါသည်။ ရှယ်လီပြောခဲ့သော ဘယ်တော့မှ မပြောင်းလဲ၊ မပြိုလဲ၊ နောင်တမရတတ်တဲ့ မျှော်လင့်ချက်က ကျွန်တော့်ကို နိုးကြားစေခဲ့သည်ဟု ထင်သည်။ အနောက်တိုင်း အယူအဆအရ ကံမကောင်းတတ်သော ၁၃ ရက်၊ သောကြာနေ့သည် မြန်မာနိုင်ငံအတွက်တော့ ကံကြမ္မာကောင်းများကို ဆောင်ကြဉ်းလာမည့်နေ့ဖြစ်လာခဲ့ပြီလား မသိ။

နိုင်ငံရေးအကျဉ်းသား ဆိုသောစကားလုံးထက်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ(prisoners of conscience) ဟု နှစ်ဖက်အဆင်ပြေအောင်သုံးကြသည်။ ယုံကြည်ချက်ကြောင့်ဟုသုံးလျှင် အပြင်ကလူတွေက ယုံကြည်ချက်မရှိသလိုများဖြစ်နေသလားဟု တွေးမိသည်။ ဟုတ်လည်း ဟုတ်နိုင်ပါသည်။ သို့တည်းမဟုတ် ယုံကြည်ချက်ပြင်းထန်သောကြောင့် အကျဉ်းကျခံနေရသူများဟုသုံးရလျှင် ပိုကောင်းမည်ထင်သည်။ ကျွန်တော်ကတော့ မျှော်လင့်ချက်ကြောင့် အကျဉ်းကျခံနေရသူများဟု သုံးချင်ပါသည်။

ရှယ်လီပြောသော ဘယ်တော့မှ မပြောင်းလဲ၊ မပြိုလဲ၊ နောင်တမရတဲ့ မျှော်လင့်ချက်ကြောင့် . . .

အမှန်အတိုင်းပြောရလျှင် သမ္မတကြီးနှင့်တစ်မြို့တည်းသားဖြစ်ရခြင်းအတွက်ဒီတစ်ကြိမ်မှာ အမှန်တကယ်ဝမ်းမြောက်ဝမ်းသာရှိမိခြင်းဖြစ်သည်။တွေ့ဆုံညှိနှိုင်းမှုများ အတွက်ကောင်မလေး (The Girl)ကိုလည်း ကျေးဇူးတင်မိသည်။ (The Lady ဟု နိုင်ငံတကာ က သုံးကြသော်လည်း ကျွန်တော့်၏ တစ်ယောက်သောသူက ဒေါ်အောင် ဆန်းစုကြည်ကို ချစ်စနိုးနှင့် The Girl ဟု ရည်ညွှန်းလေ့ရှိပါသည်။အင်္ဂါရပ ဖြစ်နေသော်လည်းပိုပြီး နု သွားစေသည်ဟု ထင်သောကြောင့် အဲဒီ လိုပဲ ရည်ညွှန်းလိုပါသည်။သူ့ကို ကျွန်တော်ထာဝရနုပျိုစေလိုပါသည်။)

တိုင်းပြည်အနာဂတ်အတွက် ရဲရင့်သော ခြေလှမ်းအဖြစ် သမိုင်းမှတ်တမ်းဝင်နိုင်ပြီဟု ထင်မိသည်။

**ချိုးငှက်နဲ့ သံလွင်ရွက်**

သမ္မာကျမ်း၊ ဓမ္မဟောင်းထဲက ချိုးငှက်နှင့်သံလွင်ရွက်အကြောင်းကို နိမိတ်ပုံအဖြစ်တွေးမိသည်။ (သံလွင်ခက်မှာဂရိနှင့်ရောမတို့နှင့် ပတ်သက်ပြီးမှ ပါလာခြင်းဖြစ်ပါသည်။ ဓမ္မဟောင်းမှာကသံလွင်ရွက်ပဲဖြစ်သည်)။

ကမ္ဘာကို ဘုရားသခင်က ရေလွှမ်းစေချိန်မှာ ယုံကြည်သူ နောဧကမိသားစုများ၊ တိရစ္ဆာန်အထီးအမအစုံစုံတို့ကို လှေကြီးနှင့်တင်ပြီး လွတ်မြောက်သွားသည့်အကြောင်း ဖြစ်သည်။ ကုန်းမြေပေါ်၊ မပေါ်သိလိုသောကြောင့် ပထမတစ်ကြိမ်တွင် ကျီးအတစ်ကောင်ကို လွှတ်၏။ ဒုတိယတစ်ခါတွင်မူ ချိုးကိုလွှတ်၏။ ခြေချစရာမြေမရှိသောကြောင့် ချိုးသည်လှေသို့သာ ပြန်လာ၏။ တတိယတစ်ခေါက် ချိုးကို လွှတ်ပြန်သောအခါတွင်မူ သံလွင်ရွက်ကို ကိုက်လျက်ချိုးငှက်ပြန်လာခဲ့သည်။ ကုန်းမြေမှာအပင်တို့ ပေါက်ရောက်ကာ ရေကျပြီကို နောဧသိခွင့်ရ၏။ စတုတ္ထအကြိမ်ထပ်လွှတ်သော အခါတွင်ကား သတ္တဝါတို့ ရှင်သန်ကျက်စားနိုင်သော အနေအထားကို ရောက်ပြီဖြစ်သောကြောင့် ချိုးငှက်ငယ်သည် ပြန်မလာတော့။ နောဧတို့သည်လည်း မြေပေါ်ပြန်လည်ခြေချနိုင်ခဲ့သည်။

နောဧအတွက် စတုတ္ထအကြိမ်မြောက်ချိုးငှက်လွှတ်ခြင်းသည် ကမ္ဘာမြေပြန်လည်ရှင်သန်မှု၏ သတင်းစကားဖြစ်ခဲ့သလို စတုတ္ထအကြိမ်မြောက်လွှတ်ငြိမ်းချမ်းသာခွင့်သည်လည်း မြန်မာပြည်ပြန်လည်နိုးထမှုရဲ့သတင်းစကားဟု တွေးမိသည်။ ငြိမ်းချမ်းရေး၏ သင်္ကေတ၊ ငြိမ်းချမ်းရေး၏ နိမိတ်ပုံကိုလည်း ဖော်ကျူးပေးနိုင်ခဲ့သည်ဟု ထင်သည်။

**ပရိုမီးသီးယပ်စ်လွတ်မြောက်ခြင်း**

လွတ်မြောက်မှု အကြောင်း၊ အနှောင်အဖွဲ့မှ လွတ်မြောက်မှုအကြောင်း တွေးမိတော့ ခေါင်းထဲပေါ်လာတာက ပရိုမီးသီးယပ်စ်ဖြစ်သည်။ ပရိုမီးသီးယပ်စ်သည် တိုက်တန်ဟုခေါ်သော ဂိုင်ယာနှင့်ယူရေးနပ်စ်တို့မှ ဆင်းသက်သည့် ဂရိနတ်ဘုရားများထဲမှ တစ်ဦးဖြစ်သည်။ လူသားတို့မီးကို အသုံးချတတ်အောင် ဆောင်ကြဉ်းပေးခဲ့သောကြောင့် ဇုစ်နတ်မင်းကြီး၏ အကျဉ်းချခံရသူဖြစ်သည်။ ဂရိမှစာဆိုကြီးအက်ဆီးခီးလပ်စ်ကပရိုမီးသီးယပ်စ်အကြောင်း ပြဇာတ်သုံးပုဒ်ဖွဲ့ခဲ့ဖူးသည်ဟု ဆိုသည်။

**အမှန်တရားကို ကံကြမ္မာကောင်းက ဖေးမခဲ့သည်။ သို့ကြောင့်သာ ဒီကနေ့ Eleven သည် စတုတ္ထမဏ္ဍိုင်ဆိုသောစကားကို ကျယ်ကျယ်လောင်လောင်ပြောနိုင်ခြင်းဖြစ်သည်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဂန္ဒီကြီးပြောခဲ့သော သဘောထား . . .**

ပရိုမီးသီးယပ်စ်လွတ်မြောက်မှုကို ကျွန်တော်တို့ဆီမှာ တစ်ခေတ်တစ်ခါက အလွန်ကြိုက်ခဲ့ကြ သည့် ဗြိတိသျှကဗျာဆရာ ပီဘီရှယ်လီ (၁၇၉၂-၁၈၂၂) က သူ့ခံစားချက်အတိုင်း ကဗျာဆရာတစ်ယောက်၏ လွတ်လပ်မှုမျိုးဖြင့် ပြန်ဖွဲ့ခဲ့သည်။ ဒီကဗျာရှည်အကြောင်းကို ကြားဖူးခဲ့သည်။ အဲဒီနေ့ကမှ ပြန်ရှာဖတ်ရသည်။ နားလည်သလိုချရေးကြည့်မိသည်။(ကဗျာဉာဏ်နည်းလှသောကြောင့် အာဘော်ကို ငုံမိနိုင်ရေးမနည်း ကြိုးစားရသည်) ပရိုမီးသီးယပ်စ် လွတ်မြောက်မှု နှင့်အတူ မျှော်လင့်ချက်သည်လည်း လွတ်မြောက်လာခဲ့ပြီ။

ဘယ်တော့မှမပြောင်းလဲ၊ မပြိုလဲ၊နောင်တမရတဲ့မျှော်လင့်ချက်တွေအကြောင်းနဲ့အတူ ရင်ထဲရောက်လာတာက ခွင့်လွှတ်ဖို့။

**ခွင့်လွှတ်တယ်ဆိုတာ မေ့ပစ်ဖို့တော့မဟုတ်ဘူး**

တစ်ခါတစ်ရံကျတော့ လောကကြီးက ရယ်စရာတော်တော်ကောင်းသည်။ လွတ်မြောက်စေလိုသူတွေနည်းတူ သူတို့ကိုနှောင်တည်းခဲ့ကြရာမှာ အဓိကနေရာကပါခဲ့သူတွေသည်လည်း အတူတူနှောင်တည်းခံခဲ့ရသည်။ အခုတော့အနှောင်အဖွဲ့မှ တစ်ပြိုင်နက်လွတ်လာခွင့်ကြုံရပြန်သည်။

ဒီလူတွေနဲ့ ပတ်သက်လာရင်တော့ မဟတ္တမဂန္ဒီ၏ စကားက အမှတ်ရစရာ။ "ခွင့်လွှတ်ဖို့ဆိုတာ မေ့ပစ်ဖို့တော့မဟုတ်ဘူး"။ ကျွန်တော်တို့သည် အနာဂတ်အတွက် ခွင့်လွှတ်နိုင်ဖို့ ကြိုးစားရမည်ထင်သည်။ သင်ပုန်းချေကြဖို့တော့ လိုမည်ထင်သည်။ သို့ပေမဲ့ မေ့ပစ်ဖို့တော့ မဟုတ်။ ကျွန်တော်တို့မေ့များနေမိကြလေသလား။

ဒီအကြောင်းကို ပြောမိတော့ ဘိုးတော်ဟုခေါ်ကြသော ကျွန်တော်တို့ ဆရာက အတိတ်ကိုပြန်ပြောပြသည်။ Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်ဆိုသောဘဝနှင့် Eleven ဂျာနယ်များ၏သမိုင်းမှာမေ့ပစ်နိုင်မှာ မဟုတ်တဲ့ နေ့တစ်နေ့အကြောင်းဖြစ်သည်။ Eleven ကို ကျွန်တော်မရောက်သေးသော အချိန်ကဖြစ်သည်။

**၂၀၀၃ ဇူလိုင် ၁၇**

သူဘယ်တော့မှ မမေ့တဲ့နေ့။ Eleven မှာလုပ်ခဲ့ကြတဲ့ ကျွန်တော့်နောင်တော်၊ အမတော်များလည်း မမေ့တဲ့နေ့။ ဇာတ်ကွက်ဆင်ခံခဲ့ရသည်။ ဘယ်သူမှ ဘာမှန်းမသိသော ဇာတ်ကွက်တစ်ခုမှာ မဟုတ်ပါဘဲလျက် ကောက်ထည့်ခံခဲ့ရသော ဓားစာခံတွေဖြစ်ခဲ့ရသည်။ အဲဒီတုန်းကနယ်မှာနေသည့် ကျွန်တော်သိတာတစ်ခုပဲရှိသည်။ ကျွန်တော်စိတ်ဝင်စားသောဘောလုံးပွဲတွေနဲ့ ကျွန်တော်ချစ်သော မြန်မာအသင်းအကြောင်းတွေဖတ်ခွင့်မရတော့တာပဲဖြစ်သည်။ အဲဒီအပတ်က First Eleven ကျွန်တော်တို့နယ်ကိုရောက်မလာ။ (ရန်ကုန်မှာတော့တွေ့လိုက်ရသည်ဟု ပြန်လာသူတချို့က ပြောသည်) နောက်တစ်ပတ်ကျတော့လည်းထွက်မလာ။ နယ်မှာက သတင်းတွေအမျိုးမျိုးကြားရသည်။ မိုက်ကယ်အိုဝင်အဖုံးနဲ့ ဂျာနယ်လေးပြန်ရှာသိမ်းထားမိသည်။

အမှန်တရားကို ကံကြမ္မာကောင်းက ဖေးမခဲ့သည်။ သို့ကြောင့်သာ ဒီကနေ့ Eleven သည် စတုတ္ထမဏ္ဍိုင်ဆိုသောစကားကို ကျယ်ကျယ်လောင်လောင်ပြောနိုင်ခြင်းဖြစ်သည်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဂန္ဒီကြီးပြောခဲ့သော သဘောထားကို ဆရာခံယူထားသည်။

"အားလုံးကို ခွင့်လွှတ်နိုင်ပါတယ်။ ဒါပေမဲ့ ဘယ်တော့မှ မေ့ပစ်မှာမဟုတ်ဘူး" ဟု။

ခွင့်လွှတ်တယ် ဆိုတာသည် အမှားတွေကို ထပ်တလဲလဲ ကျူးလွန်ဖို့တော့မဟုတ်တာကို သူသေချာ

*စာမျက်နှာ (၂၈) သို့*



မျက်နှာဖုံးသတင်းမှအဆက်

ဥရောသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ထားသည့် စီးပွားရေး ပိတ်ဆို့မှု (Sanction)အား ယခုအခါ ပြန်လည်ရုပ်သိမ်းသင့် မသင့်ဆို သည့်အပေါ် မြန်မာနိုင်ငံ၏ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်စုံမှ ပညာရှင်များ၊ ပါဝင်လုပ်ဆောင်နေသူများမှ သုံးသပ်ချက်များစွာဖြင့် ပြောကြားခဲ့ကြပါသည်။

ဥရောပသမဂ္ဂအနေဖြင့် ၁၉၉၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုများကို ပိတ်ဆို့မှုပြုခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် အမေရိကန်မှ လူပုဂ္ဂိုလ်တစ်ဦးခြင်း၊ အဖွဲ့အစည်းတစ်ခုခြင်း၏ရင်းနှီးမြှုပ်နှံမှု အသစ်များကိုပိတ်ပင်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံနှင့်စီးပွားရေးအရဆက်ဆံမှုအားလုံးကို ရပ်ဆိုင်းပစ်ခဲ့သည်။အမေရိကန်သမ္မတဘာရက်အိုဘားမားက ၂၀၁၀ ပြည့်နှစ် မေတွင်အရေးယူပိတ်ဆို့မှုများသက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

“Sanctions တွေကို နိုင်ငံတွင်း တိုးတက်မှုတွေနဲ့အညီ တစ်ဆင့်ပြီး တစ်ဆင့် လျှော့ပေါ့စေသင့်ပါတယ်” ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဇန်နဝါရီလ ၁၅ ရက်နေ့တွင် သူမ၏ နေအိမ်၌ ပြင်သစ်မီဒီယာများနှင့် တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

“ပိတ်ဆို့အရေးယူမှုဆိုတာ သူ့အလိုလို မိုးပေါ်က ကျလာတာ မဟုတ်ပါဘူး။ အကြောင်းကြောင့် အကျိုး ဖြစ်လာတာပါ။ တရားတော်မြတ်အတိုင်း။ ဒါကြောင့် ပိတ်ဆို့အရေးယူမှုဆိုတဲ့ အကျိုးတရားကို ဖယ်ရှားချင်ရင် အကြောင်းတရားကို မသိချင်အောင်မဆောင်ပါနဲ့လို့ ပြောချင်ပါတယ်။ အကြောင်းတရားကို ဖယ်ရှားဖို့အတွက်ဆိုရင်တော့ ကျွန်တော်တို့အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ပါတယ်”ဟု ၈၈မျိုးဆက်ကျောင်းသားများ၏ ပထမဆုံး သတင်းစာရှင်းလင်းပွဲတွင် ကိုမင်းကိုနိုင်က ပြောကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးမြင့်က“Sanction ရုပ်သိမ်းဖို့လုပ်လာတာ ကောင်းတဲ့လက္ခဏာပါ။ ပိတ်ထားတာထက် ဖွင့်ထားတာပိုကောင်းတာပေါ့။ ဆက်ဆံရေးတွေ တိုးတက်ကောင်းမွန်လာမှာဖြစ်ပါတယ်။ စီးပွားရေးတိုးတက်လာနိုင်တယ်။ နိုင်ငံရဲ့ စီးပွားရေးပြောင်းလဲရေးမှာ အထောက်အကူဖြစ်စေမှာပါ။ တကယ်တမ်းပြောရရင် Sanction ရုပ်တာပဲဖြစ်ဖြစ်၊ မရုပ်သေးတာပဲဖြစ်ဖြစ် နိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုကတော့ အများကြီးဆက်လုပ်ဖို့လိုသေးတယ်။ ဆက်လုပ်သွားဖို့လည်းရှိတယ်။ စနစ်တွေ၊ဥပဒေတွေ၊ မူဝါဒတွေပြောင်းလဲဖို့လုပ်ရမှာတွေ တော်တော်များများရှိနေတယ်။အရင်ကမှားခဲ့တဲ့ဆိုးကျိုးတွေကိုအကောင်းဘက်ကိုရောက်အောင်ဦးတည်ပြင်ဆင်သွားနိုင်ဖို့လုပ်ရမှာပါ။ အခုချိန်ထိ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအကဲဖြတ်ချက်တွေမှာ မြန်မာက အောက်နားမှာပဲရှိနေတာဆိုတော့ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့်ပြီးဆက်လက်ဆောင်ရွက်ဖို့ရှိပါတယ်”ဟု သုံးသပ်ခဲ့ပါသည်။

ပါမောက္ခဒေါ်လှမြင့်က “Sanctions ကြောင့် လူတိုင်းထိခိုက်ခံစားရပါတယ်။ ဒါကြောင့်အမြန်ဆုံးဖြေလျှော့စေချင်တယ်။ စီးပွားရေးလုပ်ငန်းတွေလှုပ်သာလာမယ်၊ အခွင့်အလမ်းတွေပေါ်လာနိုင်တယ်။ နိုင်ငံရဲ့စီးပွားရေးဝန်ထုပ်ဝန်ပိုးလျော့လာနိုင်တယ်။ နိုင်ငံခြားလုပ်ငန်းတွေ အများကြီးဝင်လာမယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေအနေနဲ့ အခွင့်အလမ်းကိုယူနိုင်ဖို့ အဆင်သင့်ဖြစ်အောင်လုပ်ဖို့အရေးကြီးလာပါပြီ။ အရင်က Sanctions ကြောင့် စီးပွားရေးလုပ်ရတာခက်ခဲတယ်လို့လုပ်ငန်းရှင်တွေပြောခဲ့တယ်။ အခု Sanctions ရုပ်ပြီဆိုရင် စီးပွားရေးကမြန်နှုန်းမြင့်အနေအထားဖြစ်လာနိုင်တော့ ပြည်တွင်းလုပ်ငန်းရှင်တွေအမီလိုက်နိုင်ဖို့လိုပါတယ်။ နိုင်ငံတော်ပိုင်းကလည်း ဥပဒေပိုင်း၊ မူဝါဒပိုင်း၊ လုပ်ထုံးလုပ်နည်းပိုင်းတွေကိုအချိန်ကိုက်ပြင်ဆင်ပြောင်းလဲပေးဖို့လိုတယ်။ Sanctions ရုပ်ပေမယ့် နိုင်ငံရဲ့စီးပွားရေးအခင်းအကျင်းက မကောင်းရင် ပြည်ပရင်းနှီးမြှုပ်နှံမှုဝင်မှာမဟုတ်သလိုနိုင်ငံ့စီးပွားရေးလည်းတိုးတက်မှာမဟုတ်ဘူး။ သူတို့အဓိကကြည့်တဲ့အချက်တစ်ချက်ဖြစ်တဲ့ နိုင်ငံရေးတည်ငြိမ်မှုကတော့ အခုအလားအလာကောင်းနေပြီ။ တခြားအခွန်တို့ စွမ်းအင်ရရှိမှုတို့က ရင်းနှီးမြှုပ်နှံသူတွေကို မဆွဲဆောင်နိုင်သေးဘူး။ တစ်နိုင်ငံလုံးလျှပ်စစ်သုံးစွဲမှုရာခိုင်နှုန်းက ၂၂ရာခိုင်နှုန်းပဲရှိသေးတဲ့နိုင်ငံမှာ လုပ်ငန်းလုပ်ရင်လျှပ်စစ်ဘယ်လိုပေးမှာလဲလို့ နိုင်ငံခြားလုပ်ငန်းတွေက စဉ်းစားမှာပဲ။ ဒါကြောင့် အစိုးရပိုင်းအနေနဲ့ အခြေခံအဆောက်အဦကို နိုင်ငံတကာတန်းမီအအောင်အရှိန်အဟုန်မြှင့်လုပ်ဆောင်သင့်တယ်။ နောက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ငွေလဲနှုန်း၊ အခွန်နှုန်းနဲ့ စီးပွားရေးမူဝါဒပိုင်းပြောင်းလဲမှုတွေကို နိုင်ငံခြားလုပ်ငန်းရှင်စောင့်ကြည့်နေတယ်လို့သိရတယ်”ဟုဆိုပါသည်။



**ခေါင်းဆောင်ပိုင်းက ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးလို့ ဘယ်လိုပဲပြောပြော၊ ဆင်းရဲတဲ့ပြည်သူတွေပညာမတတ်တဲ့ ပြည်သူတွေက အများစုဖြစ်နေရင် ဒီမိုကရေစီနိုင်ငံဖြစ်မလာနိုင်ပါဘူး ။ ။ ။**

“နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုတာ အပြိုင်သွားရပါတယ်။ တစ်ခုခုကကျန်ခဲ့ရင် မှောက်ရက်လဲတတ်တယ်။ တစ်ဖက်ကလည်း အတိုက်အခံတွေဖက်က စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းရေးကူညီဆောင် ရွက်နေသလို တစ်ဖက်ကလည်း စီးပွားရေးအခြေခံကောင်းတွေ၊ ပြုပြင်မှုတွေကို အစိုးရကဆောင်ရွက်သင့်ပါတယ်။ စီးပွားရေးဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒအချို့နဲ့လုပ်ဆောင်ချက်အချို့က အားရစရာမကောင်းသေးဘူး။ တချို့ဌာနဆိုင်ရာနဲ့စီးပွားဆိုင်ရာအဖွဲ့အစည်းတွေမှာ ယုန်ကိုမုန်လာဥကိုဒေါင်စောင့်ခိုင်းသလိုမျိုးဖြစ်နေသေးတယ်။ ကျွန်တော်တို့အနေနဲ့အစိုးရကို အစိုးရကောင်းတစ်ရပ်ဖြစ်အောင်ဝေဖန်မှာ ဖြစ်သလိုအတိုက်အခံတွေကိုလည်းအတိုက်အခံကောင်းဖြစ်အောင် ဝေဖန်သွားရမှာပါ။ အတိုက်အခံကောင်းဆိုတာ မှားရင်မှားတာကို ရဲရဲရင့်ရင့် ထောက်ပြပြောဆိုရလို မှန်ရင်လည်း မှန်တာကို ထောက်ခံဖို့လိုတယ်။ အစိုးရလုပ်နေသမျှအားလုံးကို အစိုးရနဲ့တန်းတူသိရှိနေရမယ်။ Shadow Goverment ဖွဲ့နိုင်တဲ့အနေထားမျိုးရှိသင့်တယ်။ အစိုးရဘာလုပ်နေတယ်ဆိုတာတောင်နားမလည်ဘဲနဲ့ဝေဖန်နေတယ်ဆိုရင်ဒါအတိုက်အခံကောင်း ဘယ်ဟုတ်မလဲ။ မှန်မှန်ကန်ကန်ဝေဖန်နိုင်ပြီး မှန်မှန်ကန်ကန်လမ်းပြဆောင်ရွက်ပေးနိုင်ရမယ်။ ဒါအတိုက်အခံကောင်းပဲ။ အစိုးရကောင်းတွေလိုအပ်သလိုအတိုက်အခံကောင်းတွေလိုအပ်ပါတယ်။အတိုက်အခံကောင်းဖြစ်မှ တစ်ချိန်မှာအစိုးရကောင်းဖြစ်မှာပါ”ဟု Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်က ပြောကြားခဲ့ပါသည်။

“Sanctions ကတော့ အကြောင်းရှိပြီးဖြစ်လာတာပေါ့။ ဒါပေမယ့် အခုလို နိုင်ငံရေးအပြောင်းအလဲကြောင့် ပြန်ဖွင့်သင့်ပြီ။ ပြန်ဖွင့်တာကို ကြိုဆိုတယ်။ တိုင်းပြည်အတွက် နစ်နာလို့ပါ။ တစ်ကယ်တော့ Sanctions ကြောင့် Open စီးပွားရေးမဖြစ်ပဲ Permit စီးပွားရေးဖြစ်သွားတဲ့အတွက် နိုင်ငံမှာ Semi Goverment တွေ ပေါ်လာပြီး အဲဒီအဖွဲ့တွေကို မှီခိုလုပ်ကိုင်တဲ့ အခွင့်ထူးခံအလွှာပေါ်လာခဲ့တယ်။ အရည်အချင်းအမှန်နဲ့တက်လာတဲ့ စီးပွားရေးလုပ်ငန်းတွေအားလုံးကျပ်တည်းသွားတယ်။ ဒီလိုလုပ်ငန်းရှင်တွေကျပ်တည်းတော့ လုပ်ငန်းရှင်တွေအပေါ်မှီခိုနေရတဲ့အခြေခံလုပ်သားတွေအတွက် အလုပ်သစ်မဖန်တီးပေးနိုင်သလိုအလုပ်အကိုင်အခွင့်လမ်းနည်းပြီး တိုင်းပြည်ဆင်းရဲသွားတယ်။ ဒီထက်ဆိုးတာကသဘာဝသယံဇာတ သစ်၊ ကျောက်မျက်တွေဆိုရင် ပြည်ပနိုင်ငံတွေက တစ်ဆင့်ရောင်းနေရလို့ အဲဒီနိုင်ငံက လုပ်ငန်းရှင်တွေက မြန်မာ့သယံဇာတနဲ့ ချမ်းသာနေကြတယ်။ဥပမာ–တရုတ်၊ ဗီယက်နမ်၊ မလေးရှားနိုင်ငံတွေမှာ မြန်မာသစ်ကုန်ကြမ်းကို အနိမ့်ဆုံးဈေးနဲ့ဝယ်ပြီး ကုန်ချောထုတ်ရောင်းတဲ့အတွက် စီးပွားဖြစ်တယ်။ မြန်မာနိုင်ငံတွင်းမှာကျတော့ သစ်အခြေခံနဲ့ပတ်သက်တဲ့လုပ်ငန်းဖွံ့ဖြိုးတာမျိုး လောက်လောက်လားလားပြစရာမရှိသေးဘူး။ Sanctions ရုပ်တာတစ်ခုတည်းနဲ့တော့ မြန်မာ့စီးပွားရေး ပြောင်းသွားမှာမဟုတ်ဘူး။ Political Changes နဲ့ Economy Changes ချိန်ခွင်လျှာညီမှရမယ်။ နိုင်ငံရေး အပြောင်းအလဲတစ်ခုတည်းရှေ့ရောက်နေလို့မဖြစ်ဘူး။Economy Changes အတွက်ဆိုရင်နှစ်မျိုးထပ်ရှိတယ်။ External Economy Changes နဲ့ Internal Economy Changes ဆိုပြီးရှိတယ်။ အခု Sanctions ရုပ်တယ်ဆိုတာ ပြင်ပကစီးပွားရေးဆိုင်ရာပြောင်းလဲမှုတစ်ခုဖြစ်တယ်။ Top Down ပြောင်းလဲမှုတစ်ခုတည်းနဲ့ မရဘူး Bottom Up ပြောင်းလဲမှုလည်းပြုမှ Sanctions ရုပ်ခြင်းနဲ့အတူ မြန်မာ့စီးပွားရေးပြောင်းလဲမှာပါ” ဟု UMFCCI ၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က ပြောကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာနေဇင်လတ်က “အကျဉ်းကျခံနေရသူတွေ လွှတ်ပေးတာတို့၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးတာတို့ကို ပြုလုပ်နေတာကြောင့် အမေရိကန်နဲ့ ဥရောပအပါအဝင် နိုင်ငံတကာကချမှတ်ထားတဲ့ပိတ်ဆို့မှုတွေရုပ်သိမ်းလာမှာပါ။ တစ်ဦးတည်းအမြင်အရပြောရရင် ဧပြီလမတိုင်ခင် ပိတ်ဆို့မှုတော်တော်များများဖြေလျှော့ပြီးဖြစ်မယ်လို့ယူဆပါတယ်။တစ်ဆင့်ချင်းပဲဖြေလျှော့တာပဲဖြစ်ဖြစ် ချက်ချင်းဖြုတ်ပေးတာဖြစ်ဖြစ် ဘယ်နည်းမဆိုကောင်းပါတယ်။ မြန်မြန်ဆန်ဆန်ဖြစ်ရင်တော့ပိုကောင်းပါတယ်။ ဒါကြောင့်ဖြစ်နေတဲ့ နစ်နာမှုက ပမာဏကြီးပါတယ်။ ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။ Sanctions တွေရုပ်သိမ်းသွားမယ်ဆိုရင်တိုးတက်မှုအတွက် အဟန့်အတားဖြစ်စေတဲ့ဝန်ထုပ်ဝန်ပိုးတစ်ခုလျော့ သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ရှေ့လျှောက်စီးပွားရေး အလားအလာတွေ ကောင်းလာနိုင်တယ်။ နိုင်ငံတွင်းကို ပြည်ပအရင်းအနှီး၊ ပြင်ပအရင်းအနှီးတွေပိုပြီး စီးဝင်လာမယ်။ သူတို့လာချင်အောင်၊ ရင်းနှီးမြှုပ်နှံချင်အောင်မက်လုံးပေးရမယ်။ဘဏ်စနစ်တွေကောင်းအောင် လုပ်ပေးရမယ်။ ကုန်ထုတ်လုပ်ငန်းတွေ၊ စက်မှုလုပ်ငန်းတွေလုပ်လို့ ရအောင်ဆောင်ရွက်ပေးတာတို့၊ နိုင်ငံတကာကလက်ခံတဲ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့လုပ်နိုင်အောင်ပြင်ဆင်ပေးတာတို့လုပ်ပေးရမယ်။ အခွန်ကိစ္စတွေ၊ လုပ်ငန်းစဉ်တွေထင်သာမြင်သာဖြစ်အောင်၊ မျှတအောင်လုပ်ပေးဖို့လိုတယ်။ တစ်ဖက်မှာလည်း ပြင်ပကအင်အားကြီးလုပ်ငန်းတွေဝင်လာမယ့်အတွက်ပြည်တွင်းလုပ်ငန်းတွေအနေနဲ့ ယှဉ်နိုင်ပြိုင်နိုင်အောင် လုပ်ထားဖို့အရေးကြီးတယ် အစိုးရပိုင်းကလည်းပြည်တွင်းလုပ်ငန်းတွေ တိုးတက်ဖို့ အားပေးပံ့ပိုးပေးသင့်တယ်”ဟု သုံးသပ်ခဲ့သည်။

ကမ္ဘောဇဘဏ်ဒုဥက္ကဋ္ဌ ဦးသန်းလွင်က “မြန်မာနိုင်ငံကို ချမှတ်ထားတဲ့စီးပွားရေးပိတ်ဆို့မှုတွေရုပ်သိမ်းပေးသင့်ပါပြီ။အခုအကျဉ်းသားတွေလည်းလွှတ်ပြီးပြီ။ တိုင်းရင်းသားတွေနဲ့လည်း ငြိမ်းချမ်းရေးဆွေးနွေးနေတယ်။တခြားပြုပြင်ပြောင်းလဲရေးတွေလည်း လုပ်ဆောင်နေတာတွေ့ရတယ်။ ပြီးတော့ ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးဖို့ကြိုးစားနေတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ တကယ်တမ်းပြောရရင်တရုတ်နဲ့ဗီယက်နမ်တို့ထက်တောင်သာသေးတယ်။ စနစ်အရသာတယ်၊ရှေ့ရောက်တယ်။ ပြုပြင်ပြောင်းလဲနေတဲ့ခြေလှမ်းတွေအရ ဘာကြောင့်တစ်ဆင့်ချင်းလျှော့ပေးရမှာလဲ။ လုံးဝကိုမပိတ်ဆို့သင့်တော့ဘူး။ ဒီ Sanctions ကြောင့်တိုင်းပြည်မှာနစ်နာတာအများကြီးရှိတယ်။ ဘဏ်လုပ်ငန်းကဏ္ဍနဲ့ပဲပြောရင်တောင် ပိတ်ဆို့မှုကြောင့် အဆင့်ဆင့်လုပ်နေရတယ်။ ငွေကုန်ကြေးကျပိုများတယ်။ စင်ကာပူက UOB ဘဏ်ဆိုရင် မြန်မာပြည်ကဘဏ်တွေကြောင့် ဘီလျံနဲ့ချီပြီးမြတ်တယ်။ ဝန်ဆောင်ခကို နင့်နေအောင်ယူတယ်။ Sanctions ကြောင့် တိုက်ရိုက်မချိတ်နိုင်တာကို စင်ကာပူဘဏ်ကကူညီတယ်ဆိုပြီး ကျေးဇူးမတင်နိုင်ဘူး။ အဓိကကဒီ Sanctions ကြောင့် လုပ်ငန်းတွေအခက်အခဲဖြစ်တယ်။ နစ်နာမှုတွေအများကြီးရှိတယ်။စီးပွားရေးဆိုတာ လူတိုင်းနဲ့ဆက်စပ်တဲ့အတွက်အပေါ်ကနေအောက်အထိ အကုန်လုံးထိခိုက်နစ်နာတယ်။ ဒါကြောင့် ပိတ်ဆို့မှုကိုအမြန်ဆုံးရုပ်သိမ်းစေချင်တယ်” ဟု ပြောကြားခဲ့သည်။

“ကျွန်တော်တို့ပါတီကတော့ Sanctions နဲ့ ပတ်သက်လို့ စီးပွားရေးပိတ်ဆို့တာကို လုံးဝလက်မခံဘူး။ ဟိုးတုန်းကတည်းက စလုပ်ကတည်းကလက်မခံဘူး။ အခုလည်းလက်မခံဘူး။ ၂၀၁၁ ခုနှစ်က ဖြစ်ပျက်ခဲ့တဲ့အကြောင်း တရားတွေဟာ ၂၀၁၂ ခုနှစ်မှာ အကျိုးတရားတွေဖြစ်လာတယ်။ Targeted Sanctions လို့ပြောပြောသူတို့တင်မကဘူး။ ပြည်သူတွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းထိခိုက်စေပါတယ်။ကျွန်တော်တို့ပါတီအနေနဲ့ကတော့ ပြည်သူကို ထိခိုက်စေမယ့်ဘယ်လိုအကြောင်းကိစ္စမဆိုဆန့်ကျင်ပါတယ်”ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးဟန်ရွှေက ပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်သဘာပတိအဖွဲ့ဝင် ဦးဝင်းတင်က “ကျွန်တော်တို့ကတော့ ကျွန်တော်တို့ တစ်လျှောက်လုံးပြောနေတဲ့အတိုင်းပဲ ကျွန်တော်ပြောချင်ပါတယ်။ ဘာလဲဆိုလို့ရှိရင် တိုင်းပြည်မှာ ဖြစ်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စတွေ၊ ဒီမိုကရေစီရေး အခွင့်အရေးပိတ်ဆို့မှုတွေ၊ ပြည်တွင်းငြိမ်းချမ်းရေး တိုင်းရင်းသားလူမျိုးများနဲ့ လက်နက်ကိုင်ပဋိပက္ခဖြစ်နေတာတွေပပျောက်သွားခြင်းမရှိဘူးဆိုရင် ဒီ Sanctions တွေက အရေးယူထားတဲ့ဟာတွေတော့ ရုပ်သိမ်းဖို့ မသင့်ဘူးလို့ ထင်တယ်။ ရုပ်သိမ်းမယ်ဆိုလို့ရှိရင်လည်း အဲဒီခုနကပြောတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ ဒီမိုကရေစီရေး ပိတ်ဆို့မှုတွေ၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေ၊ ဒါတွေလျှော့ပါးသွားတာနဲ့အမျှ ဒီ Sanctions တွေဘက်က လျှော့ချရေးကိုလည်း တိုးမြှင့်လာမှာပဲလို့ ကျွန်တော်တို့ အဲလိုပဲပြောခဲ့ပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ဒီနေ့အထိ အဲဒီအတိုင်းပဲ ယူဆပါတယ်။ သမ္မတကြီးက နေပြီးတော့ အခုလိုတိုက်တွန်းတာတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က ကြားရတယ်။ အဲဒီထဲမှာ ထူးခြားတဲ့အချက်က နောက်ကြောင်း မပြန်တော့ဘူးဆိုတာကို အာမခံတယ်ပေါ့။ အဲဒါအတွက် ကျွန်တော်တို့ ဘာပဲပြောပြော အဲဒါသည်ပင်လျှင် အရေးကြီးတဲ့လျှော့ပေါ့ချက်တစ်ခု ဖြစ်တယ်လို့ ကျွန်တော်တို့သတ်မှတ်ပါတယ်။ သို့သော် သမ္မတကြီးပြောတာနဲ့ ဟုတ်ရဲ့လားလို့ အများကြီးမေးခွန်းမေးစရာတွေ ရှိနေမယ်လို့ကျွန်တော်က ထင်တယ်” ဟု ပြောကြားခဲ့သည်။

“နိုင်ငံရေးပြုပြင်ပြောင်းလဲမှု နဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု တစ်ပြေးညီဖြစ်ဖို့လိုတယ်။ အခု နိုင်ငံရေး ပြောင်းလဲမှုက ရှေ့ရောက်တဲ့သဘောဆောင်နေတဲ့တွက် စီးပွားရေးနောက်ကျကျန်နေရင်ပြဿနာပေါင်းစုံဖြစ်လာမှာ စိုးရိမ်မိတယ်။ ဒါကြောင့် Sanctions ကို အလျင်အမြန်ရုပ်သိမ်းသင့်ပါတယ်”ဟု စာရေးဆရာ ဒေါက်တာ ခင်မောင်ညိုက သုံး

စာမျက်နှာ (၂၆) သို့

*စာမျက်နှာ (၂၅) မှအဆက်*

သပ်ခဲ့ပါသည်။

"လက်ရှိမြန်မာနိုင်ငံမှာ ဖြစ်နေတာက education နဲ့ knowledge ကြားမှာ Gap ဖြစ်နေတယ်။Gap ဖြစ်လာတာကလည်း အကြောင်းရှိတယ်။ industry မဖွံ့ဖြိုးတော့ ကျောင်းသားကျောင်းသူတွေအနေနဲ့ လေ့လာရတာမလွယ်ကူဘူး။ ၂၀၁၅ မှာ AFTA လာတော့ ဖွင့်ချလိုက်ရမယ့် အချိန်မှာကိုယ့်ဘက်က မကျန်ခဲ့အောင်တော့ရတဲ့အခြေအနေနဲ့လုပ်ဖို့လိုနေတယ်။ Sanctions ရုပ်တာမရုပ်သိမ်းတာထက် HR ကို develop ဖြစ်အောင်လုပ်ထားရမယ်။ resource မှာ လူတင်မဟုတ်ဘူး။ အဆောက်အအုံပိုင်းကိုလည်း ပံ့ပိုးရမယ်။ Sanctions ရုပ်လိုက်လို့ နည်းပညာတွေ ဝုန်းကနဲဝင်လာချိန်မှာကိုယ့်ဘက်က ကျန်မနေခဲ့အောင်တော့ ပြင်ဆင်ထားဖို့လိုပါတယ်"ဟုလည်းဆောက်လုပ်ရေးပညာရှင်ဦးစောထွေးဇော်က ပြောကြားခဲ့သည်။

"sanctions ဟာ ဆင်းရဲမွဲတေမှုကိုတွန်းအားပေးတယ်။ ပြီးတော့ ကုမ္ပဏီအသေးလေး တွေသာမန်စီးပွားရေးလုပ်ငန်းရှင်တွေကို ထိခိုက်စေတယ်။ ယှဉ်ပြိုင်နိုင်မှုမဲ့စေတယ်။ ကုန်သွယ်မှုကိုအတားအဆီး ဖြစ်စေတယ်ဆိုတော့ တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေတယ်ဆိုပေမဲ့ sanctions ကိုအမေရိကန်က ရုတ်သိမ်းမယ် ဆိုရင်တော့ သူတို့ သပ်မှတ်ထားတဲ့ စံနှုန်းတွေနဲ့ ကိုက်ညီမှပဲပေးမှာပါ။ နိုင်ငံရေးအရ လက်ခံနိုင်တဲ့ဖြေ လျှော့မှုတွေလုပ်ရင် စီးပွားရေးအရ ဖြေလျှော့မှုတွေသူ့ဘာသာသူလုပ်လာမှာပါ။ ပြီးတော့ နိုင်ငံရေးနဲ့ စီးပွားရေးဆိုတာ နှစ်ခုလုံးပြိုင်တူလုပ်မှရမှာပါ။ တဘက်က sanctions မရှိမှလည်းပိုပြီး တိုင်းပြည်စီးပွားရေးအားကောင်းလာမှာပါ"ဟု စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြခဲ့သည်။

"၈၈ လူထုဒီမိုကရေစီအရေးတော်ပုံကချခဲ့တဲ့အမျိုးသားနိုင်ငံရေးလမ်းစဉ်က ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနဲ့အမျိုးသားသွေးစည်းညီညွတ်ရေးစတဲ့ အလံသုံးလက်ပေါ့။ အဲဒါအမျိုးသားနိုင်ငံရေးလမ်းစဉ်ပဲ။ ဒီမိုကရေစီဖော်ဆောင်တယ်ဆိုတဲ့ Step တစ်ခုမှာ အဓိကအနေနဲ့တောင်းတာတစ်ခုကနိုင်ငံရေးအကျဉ်းသားတွေလွတ်ပေးဖို့ပဲ။ အခုနောက်ဆုံးအချိန်မှာ တော်တော်များများလွတ်သွားပြီ။ အရေးကြီး လူပုဂ္ဂိုလ်အများစုလွတ်သွားပြီ။နည်းနည်းပဲကျန်တော့တယ်။၁၀၀ရာနှုန်းလို့မပြောနိုင်ပေမယ့် စိတ်ကျေနပ်စရာတစ်စုံတစ်ရာရှိလာပြီ။ပွင့်ပွင့်လင်းလင်းပြောရရင် စောစောကမယုံဘူး။ ဒါပေမယ့်အခုနောက်ဆုံး မင်းကိုနိုင်အပါအဝင်အများစုကို လွတ်လိုက်တော့ နိုင်ငံရေးအကျဉ်းသားနဲ့ပတ်သက်ရင် Majority တော့လွတ်သွားပြီ။ ဒုတိယတစ်ချက်ကငြိမ်းချမ်းရေးနဲ့ပတ်သက်ရင်အများစုကပြည်ထောင်စုအဆင့် ဆွေးနွေးရေးကိုရောက်နေပြီ။ ကေအိုင်အေနဲ့တောင် ၁၉ ရက်နေ့ကတွေ့ပြီ ကြေညာချက်ထွက်လာပြီ။အပစ်အခတ်ရပ်မယ်လို့မပါသေးပေမယ့် ဆိုးရွားသွားတာတွေမပါအောင်ထိန်းသိမ်းမယ်လို့ပါလာတဲ့အတွက် ငြိမ်းချမ်းရေးအတွက် တစ်စုံတစ်ရာလှုပ်ရှားလာပြီလို့ ပြောလို့ရတယ်။ ဒီအခြေအနေမှာ Sanctions ရုတ်မယ်ဆိုရင် ရုတ်နိုင်မယ့် အချက်အလက်တွေပေါ်ထွက်လာပြီလို့ ပြောလို့ရတယ်။ဒါပေမယ့် တိုင်းပြည်ဆင်းရဲရတာဟာSanctions ကြောင့်ပါလို့တော့ ပြောလို့မရဘူး။ နဂိုကတည်းကအစိုးရအဆက်ဆက် ဖောက်ပြန်မှားယွင်းတဲ့ စီးပွားရေးမူဝါဒတွေကြောင့်ဆင်းရဲတွင်းနက်နေရတာ။အထူးသဖြင့် Crony Capitalism ဆိုတဲ့ မျက်နှာကြီးရာဟင်းဖတ်ပါဘော်ဒါကဏ္ဍစီးပွားရေးစနစ်တွေ၊ လက်ဝါးကြီးအုပ်အခွင့်ထူးခံအဖွဲ့အစည်းတွေကြောင့်ပဲ။ သူတို့ရဲ့ မှားယွင်းတဲ့ စီးပွားရေးစနစ်တွေကြောင့်ပျက်စီးတာ။ကျွန်တော့်အနေနဲ့ကတော့ ဒီအခြေအနေဟာ Sanctions တွေ ရုပ်သိမ်းဖို့အခြေခံတွေ ပေါ်ပေါက်လာပြီလို့မြင်ပါတယ်။ ပြောင်းလဲမလားမပြောင်းလဲဘူးလားဆိုတာကတော့ စောင့်ကြည့်ရပါမယ်။ Sanctions ရုတ်မယ်ဆိုရင်တော့ ရုတ်သင့်တဲ့အခြေအနေကိုရောက်နေပြီ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ ဒီမှာရင်းနှီးမြှုပ်နှံမှုဥပဒေရှိတယ်။ အဲဒါနဲ့ မလုံလောက်ဘူး။အဓိကပြောနိုင်တဲ့အချက်တွေက မြေယာနဲ့ ပတ်သက်ပြီး ၁၉၄၇ မှာ ကန့်သတ်တဲ့ဥပဒေရှိတယ်။၁၉၈၇မှာ ပြန်ပြီးမွမ်းမံတယ်။ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းကန့်သတ်တဲ့ဥပဒေရှိတယ်။ရှိတဲ့အခါမှာ နိုင်ငံခြားသားတွေအနေနဲ့မြေပိုင်ခွင့်မရှိဘူး။တစ်နှစ်ထက်ကျော်ပြီးငှားရမ်းလို့မရဘူး။ အဲဒီအခါမှာသူတို့က ဒီမှာအကြီးအကျယ်လာပြီး Estate လုပ်တဲ့အပေါ်မှာဘယ်လို အာမခံချက်ရှိမယ်ဆိုတာမသိဘူး။ တိကျတဲ့စီးပွားရေးဥပဒေတွေမရှိဘူး။အခွန်ဥပဒေက ဘယ်လိုယူမှာလဲ။ အမြတ်အခွန်က ဘယ်လိုလုပ်မှာလဲ။ အဲဒီအခြေခံအချက်အလက်တွေရှင်းရှင်းလင်းလင်းရှိဖို့လိုပါသေးတယ်။အဲဒီအတွက်နိုင်ငံခြားက တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကလာဖို့ချိန်တော့ ချိန်ကြမှာပဲ။ လာတာကောင်းတယ်။ ကြိုလည်းကြိုဆိုတယ်"ဟု မန္တလေးမြို့နေ နိုင်ငံရေးနယ်ပယ်မှ ဦးသိန်းသန်းဦးကပြောကြားခဲ့သည်။

"နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုရင်နိုင်ငံရေးကတောင်ရှေ့ကိုအတော်ရောက်နေတယ်လို့ပြောရမယ်။ မြစ်ဆုံကနေအကျဉ်းသားတွေလွှတ်ပေးတဲ့အထိ ဘာမှမကြာလိုက်ဘူး။ပြောင်းတာ တော့ပြောင်းနေပြီ။ သို့သော်အပေါ်မှာ ပြောင်းပေမယ့်အောက်မှာဘာမှ ပြောင်းလဲမလာတာတွေရှိနေသေးတယ်။ ဒါကလည်း ဒီမိုကရေစီနဲ့အသားမကျသေးလို့ပေါ့။ အချိန်တော့ယူရအုံးမယ်"ဟု မန္တလေးမြို့နေ နိုင်ငံရေးနယ်ပယ်မှ ဦးသိန်းသန်းဦးကပြောကြားခဲ့သည်။

"အစိုးရဖွဲ့တာလည်း တစ်နှစ်ပြည့်တော့မယ်။ စီးပွားရေးပိုင်းမှာလည်း ခေါင်းတွဲကပဲသွားနေပြီးတော့ နောက်ကတွဲတွေလိုက်ဖို့လိုနေသေးတယ်။ ဒီမိုကရေစီအစိုးရရဲ့ ထုံးစံအတိုင်း ၆ လ သို့မဟုတ် တစ်နှစ်ပြည့်ရင်ကက်ဘိနက်ကို ပိုမိုသွက်လက်တဲ့ အစိုးရအဖွဲ့မျိုးဖြစ်အောင် Reshuffle ပြန်လုပ်သင့်တယ်။ စီးပွားရေးနဲ့ပတ်သက်တဲ့မူဝါဒတွေလည်းပိုမိုကောင်းမွန်အောင် ပြန်သုံးသပ်သင့်တယ်။ လုပ်နိုင်စွမ်းမရှိတဲ့သူတွေအစား လုပ်နိုင်စွမ်းရှိတဲ့သူတွေကို အစားထိုးသင့်တယ်။ ဒါ့အပြင် ဗဟိုဘဏ်လို၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်လို စီးပွားရေးအတွက် အရေးပါတဲ့နေရာတွေ ဒါတွေဟာ Political post မဟုတ်ဘူး၊ Technical post တွေဖြစ်တဲ့အတွက် ပညာရှင်တွေခန့်သင့်တယ်။ ဌာနဆိုင်ရာတွေမှာလည်း လူမှန်နေရာမှန်ချထားဖို့လိုအပ်တယ်။ ဥပမာ–အကောက်ခွန်၊ အခွန်ဦးစီး၊ တစ်ကယ့်စီးပွားရေးနဲ့ ပတ်သက်တဲ့ တံခါးစောင့်နေရာတွေမှာတစ်ကယ်ကိုအရည်အသွေးပြည့်ဝပြီးတော့ ကိုယ်ကျင့်တရားကောင်းမွန်တဲ့၊ လောဘသက်ကြာယနည်းတဲ့ သူတွေ၊ မျှမျှတတလုပ်လိုတဲ့ဆန္ဒရှိတဲ့သူတွေကို သက်ဆိုင်ရာဌာနတွေ၊ ဌာနဆိုင်ရာအကြီးအကဲနေရာတွေမှာ သေသေချာချာစိစိစစ်စစ်ရွေးချယ်ခန့်ထားသင့်တယ်။ တခြားစီးပွားရေးနဲ့ပတ်သက်တဲ့ ကုန်သွယ်ရေးလို ဌာနတွေ၊ နေရာတွေမှာ ပညာရှင်တွေကို ပိုခန့်ထားဖို့ ဒီထက်ပိုနေရာပေးဖို့လိုပါတယ်။ Political post ဖြစ်တဲ့ ဝန်ကြီးနေရာတွေကို မခန့်ထားရင်တောင်၊ ညွှန်ကြားရေးမှူးချုပ်တွေညွှန်ကြားရေးမှူးတွေနေရာမှာ ပညာရှင်တွေပိုခန့်ထားသင့်တယ်။ ရှေ့လျှောက်နိုင်ငံတကာနဲ့ ပိုမိုဆက်ဆံရတော့မယ်။ အခုနိုင်ငံတကာကလာတော့မယ်။ ရင်းနှီးမြှုပ်နှံမှုတွေလာတော့မယ်။ တစ်ကယ်တော့မှုတွေ ချည်းပဲပြင်လို့မရဘူး လူတွေပါ ပြင်ရမယ်။ ခိုင်မာတဲ့စီးပွားရေးမူဝါဒတွေလဲဆွဲရမယ်။ ဘောလုံးအသင်းလိုပဲ လက်ရှိအသင်းနဲ့တော့မရဘူး"Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်က သုံးသပ်ပြောကြားခဲ့ပါသည်။

"Sanctions က ဆင်းရဲသားတွေအပေါ်ထိခိုက်မှုရှိတယ်ဆိုတာ ကောင်းကောင်းကြီးယုံကြည်တယ်။ လက်လည်းလက်ခံတယ်။ ဥပမာပဲလောကက ဆုံးရှုံးမှုတွေကိုပြန်ကြည့်ရင်လည်း သိနိုင်တယ်။ ဟိုတုန်းက ပဲကိုကုမ္ပဏီအကြီးအသေး အကုန်လုံး ပို့ကြတယ်။ နောက်ပိုင်း sanction တွေများလာတော့ ကုမ္ပဏီအကြီးကြီးတွေပဲလုပ်နိုင်တော့တယ်။ အဓိကကတော့ letter of Credit ဖွင့်လို့မရလို့။ အဲဒီတော့ ကုမ္ပဏီတွေက တစ်ခါစင်ကာပူမှာ၊ ဟောင်ကောင်မှာ ကိုယ်ပိုင်ကုမ္ပဏီတွေ သွားဖွင့်ရတယ်။ အဲဒီမှာတင် transistion cost တွေတက်လာရော။ကုမ္ပဏီအသေးတွေက မတတ်နိုင်တော့ဘူး။ LC ဖွင့်တာမှာလည်းယူရိုနဲ့ဖွင့်တယ် ဒေါ်လာပြန်ပြောင်းတယ်။ ဒေါ်လာက ငွေမြန်မာငွေပြန်ပြောင်းတယ်။ အဲဒီမှာအဆင့်ဆင့်ဖြစ်နေတော့ transitional cost က သုံးရာခိုင်နှုန်းလောက်ရှိသွားတယ်။ ဒီအထဲမှာ ငွေကြေးအတက်အကျကြောင့် ဆုံးရှုံးသါးတဲ့ ပမာဏမပါသေးဘူး။ ကုမ္ပဏီအသေးတွေမလုပ်နိုင်ကြဘူး။ကိုယ်ပိုင်ရောင်းနေတာကနေကုမ္ပဏီအကြီးကြီးတွေဆီကိုပဲပေးလိုက်ရတယ်။ အဲဒီမှာတင်လိမ်လည်မှုတွေ၊ အလွဲသုံးစားမှုတွေလာတော့တာပဲ။ ပြီးတော့အခုစင်ကာပူမှာဖြစ်တဲ့ ဟွန်ဒီကိစ္စဆိုရင်လည်း အယ်လ်စီဖွင့်မရလို့ ဟွန်ဒီကိုအားကိုးရတာ။ နောက်ပိုင်းလိမ်လည်မှု ဖြစ်လာတာပဲ။ နောက်တစ်ခုက ပတ်ဝန်းကျင်ရေးရာတွေကိုပါထိခိုက်လာတယ်။ စားစရာမရှိတောထဲသွားလိပ်ဖမ်း၊ သတ္တဝါတွေဖမ်းတန်ဖိုးရှိတဲ့ species တွေဆုံးရှုံးကုန်တယ်။ နောက်ဆုံးတောထဲမှာမရမှ မလေးတို့ ထိုင်းတို့ထွက်ကုန်ကြတာပါ။ ဒီတော့ sanctions ကပြည်သူတွေရဲ့ နေစဉ်ဘဝတွေအပေါ်မှာသက်ရောက်တဲ့အတွက် sanctions မရှိဘူးဆိုရင် ဒီဘဝတွေကောင်းလာနိုင်တယ်။ သို့သော်လည်း တစ်ခုစဉ်းစားရမှာက sanctions သည် အပြောင်းအလဲတစ်ခုအတွက် တွန်းအားလည်း ဖြစ်နေတယ်။ဒီတွန်းအားတစ်ခုကလည်း လိုနေတဲ့ အနေအထားရှိတယ်။ ဒီအတွက် ဖြစ်လာခဲ့တာဆိုတော့ကျန်ရှိနေသေးတဲ့ နိုင်ငံရေး အကျဉ်းသားတွေ အမှေ့ခံအဆင့်နဲ့ရပ်မနေပဲလွတ်မြောက်လာဖို့၊ တိုင်းရင်းသားကိစ္စတွေမီဒီယာလွတ်လပ်ခွင့် ပီပီပြင်ပြင်ရဖို့ ကျောင်းသားသမဂဖြစ်လာဖို့၊ စီတန်းလှည့်လယ်ခွင့် ဥပဒေတွေပြဋ္ဌာန်းနိုင်ဖို့စတဲ့ ဒီမိုကရေဒီစံနှုန်းတွေရှိလာဖို့လိုနေပါတယ်။

**နဂိုကတည်းက အစိုးရအဆက်ဆက်ဖောက်ပြန်မှားယွင်းတဲ့ စီးပွားရေးမူဝါဒတွေကြောင့် ဆင်းရဲတွင်းနက်နေရတာ။ အထူးသဖြင့် Crony Capitalism ဆိုတဲ့ မျက်နှာကြီးရာဟင်းဖတ်ပါဘော်ဒါကဏ္ဍစီးပွားရေးစနစ်တွေ၊ လက်ဝါးကြီးအုပ်အခွင့်ထူးခံအဖွဲ့အစည်းတွေကြောင့်ပဲ။ သူတို့ရဲ့ မှားယွင်းတဲ့ စီးပွားရေးစနစ်တွေကြောင့် ပျက်စီးတာ။ ကျွန်တော့်အနေနဲ့ကတော့ ဒီအခြေအနေဟာ Sanctions တွေရုပ်သိမ်းဖို့ အခြေခံတွေပေါ်ပေါက်လာပြီလို့ မြင်ပါတယ် ...**

ဒါတွေဖြစ်လာရင် sanctions ဆိုတာရှိမှာတောင်မဟုတ်တော့ပါဘူး။အခုဆိုရင် အရေးအရာကိစ္စတွေအပေါ် ဥပမာ မူဝါဒတရပ်ချမှတ်ပြီး လွှတ်တော်ရော၊ executive level မှာလုပ်နေတာတွေရှိပါတယ်။ ဒါပေမယ့် အပေါ်ကလုပ်နေပေမယ့် အောက်ခြေမှာ အရင်ကရှိခဲ့တဲ့ ဗျူရိုကရေစီအတိုင်း သွားနေတယ်။ သူတို့ အကျိုးစီးပွားထိခိုက်မှာစိုးရိမ်နေတာလည်းရှိတယ်။ ဒါကြောင့်အောက်ခြေမှာလည်း လက်တွေ့ကျကျလုပ်နိုင်ဖို့လိုအပ်ပါတယ်။ ဒါဆိုရင် နိုင်ငံရေးမှာ တိုးတက်ကောင်းမွန်တဲ့ မြင်သာတဲ့ အပြောင်းအလဲဖြစ်ရင် စီးပွားရေးအရ ဆန်ရှင်က အလိုလိုပါသွားမှာပါ"ဟု သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာကျွမ်းကျင်သူတစ်ဦးဖြစ်သူ Eco Dev မှ ဦးဝင်းမျိုးသူက သုံးသပ်ပြပါသည်။

အလားတူပင်ပြီးခဲ့သည့် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက် ခဲ့ပြီးအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့သောအမေရိကန် ရီပတ်ပလီကင် အထက်လွှတ်တော်အမတ်မက်ကော်နယ်၏ ပြောကြားချက်အရမူ နိုင်ငံတော်သမ္မတဦးသိန်းစိန်အား စစ်မှန်သော reformer တစ်ဦးအနေဖြင့် အပြည့်အဝယုံကြည်ကြောင်း သမ္မတနှင့်တွေ့ဆုံပြီးနောက်ပိုင်းသတင်းထောက်များအားပြောကြား ခဲ့သည်ဟုသိရှိရသည်။ အလားတူမြန်မာနိုင်ငံအပေါ်ကန့်သတ်ထားသော စီးပွားရေးပိတ်ဆို့မှုများနှင့် ပတ်သက်လျှင်မူလာမည့် ဧပြီလကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် ဖြစ်လာနိုင်စရာရှိကြောင်းအရိပ်အမြွက်ပြောကြားသွားခဲ့သည်ဟု သိရှိရသည်။

ယင်းအနေဖြင့် စံသတ်မှတ်ချက်သုံးခုအား ချပြခဲ့ပြီး နံပတ်တစ်အနေဖြင့်လာမည့်ဧပြီလ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသည့်အချိန်တွင် အပြည့်ပြည့်ဆိုင်ရာလေ့လာစောင့်ကြည့်သူများအားခွင့်ပြုပေးရန်၊ တိုင်းရင်းသားလူမျိုးစုများနှင့် အပစ်အခတ်ရပ်စဲရန်နှင့် မြောက်ကိုရီးယားနှင့် ဆက်ဆံရေးတို့အားရပ်တန့်ရန်စသည့် စံသပ်မှတ်ချက်များ အားထည့်သွင်းပြောကြားသွားခဲ့ကြောင်းနှင့်ယင်းစံများနှင့်ညီညွတ်ပါက စီးပွားရေးပိတ်ဆို့မှုကို ပယ်ဖျက်ပေးနိုင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ အကြံညဏ်လည်းရယူသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်ဟုသိရှိရသည်။

"ပြုပြင်ပြောင်းလဲမှုတွေကို ယုံကြည်စိတ်ချမှုမရှိသေးဘူးလို့ဆိုသည့်တိုင်အောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးဖို့ Sanction ရုပ်သင့်နေပါပြီ။ စီးပွားရေးပြောင်းလဲမှုတွေ မလုပ်ဖူးဆိုရင် နိုင်ငံရေးအပြောင်းအလဲတွေက ခြေတုပ်ပြီးလဲသွားပါလိမ့်မယ်။ ခေါင်းဆောင်ပိုင်းကဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးလို့ ဘယ်လိုပဲပြောပြော၊ ဆင်းရဲတဲ့ပြည်သူတွေပညာမတတ်တဲ့ပြည်သူတွေကအများစုဖြစ်နေရင် ဒီမိုကရေစီနိုင်ငံဖြစ်မလာနိုင်ပါဘူး"ဟု Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်က သုံးသပ်ပြောကြားခဲ့ပါသည်။

*သတင်းအယ်ဒီတာအဖွဲ့*





# ပြည်သူချစ်တဲ့သူတွေ ပြည်သူနဲ့အတူ အမြဲရှိပါစေ

လှထုစိန်ဝင်း



၁၃-၁-၂၀၁၂ နေ့ဟာ အင်မတန်ဝမ်းမြောက်ပျော်ရွှင်စရာကောင်းတဲ့နေ့ဖြစ်တယ်။ နိုင်ငံတစ်ဝန်းလုံးက ပြည်သူအားလုံးလည်း အုန်းအုန်းကျွက်ကျွက်ဖြစ်အောင်ပျော်ကြတယ်။ ဒီလိုပျော်စရာကောင်းတာမျိုးကမ္ဘာပေါ်က ဘယ်နိုင်ငံဘယ်လူမျိုးမှ ခံစားဖူးလိမ့်မယ်မဟုတ်ဘူးလို့ တွေးကြည့်မိတယ်။

## တစ်နိုင်ငံလုံးပျော်

အင်းစိန်ထောင်ကြီးရှေ့မှာ လူတွေထောင်နဲ့ချီစုဝေးရောက်ရှိနေပြီး ထောင်ထဲကထွက်လာသူတွေကိုလက်ခုပ်သံတွေညံနေတဲ့ကြားက ပြေးဖက်သူကဖက်၊ ပန်းစည်းပေးသူကပေး၊ ပြုံးမျက်ရည်တွေနဲ့ငေးသူက ငေးဖြစ်နေကြတဲ့မြင်ကွင်းမျိုးလည်း ဘယ်နိုင်ငံမှ ကြုံဖူးကြမယ်မထင်ပါဘူး။ မြန်မာလူမျိုးတွေအဖို့တော့တစ်ကြိမ်တစ်ခါသာမဟုတ်ဘူး ဒီလိုပျော်စရာနေ့မျိုးတွေ ခဏ ခဏကိုကြုံတွေ့ခဲ့ကြဖူးတယ်။ ရှည်လျားတဲ့ နှစ်ငါးဆယ်ကာလကိုထည့်မပြောတော့ပါဘူး။ ဒီသုံးနှစ်လောက်အတွင်းမှာကို အကြိမ်တွေမနည်းလှဘူး။ မှတ်မှတ်ရရဆို ဦးဝင်းတင်လွတ်တုန်းက တစ်ကြိမ်ဒီလိုပျော်ခဲ့ကြရတယ်။ မနှစ်က ဒေါ်အောင်ဆန်းစုကြည်လွတ်တုန်းကလည်း တစ်နိုင်ငံလုံးအုန်းအုန်းကျွက်ကျွက်ဖြစ်အောင် အပျော်ကြီးပျော်ခဲ့ကြတယ်။

## ရင်ထဲကအလုံးကြီးကျ

အခု ဇန်နဝါရီ ၁၃ ရက်ကျတော့ မနက်အိပ်ရာကထလိုက်တာနဲ့ ကျက်သရေမင်္ဂလာရှိလှတဲ့သတင်းကို အရင်ဆုံးစကြားလိုက်ရတယ်။ ခွန်ထွန်းဦးနဲ့မင်းကိုနိုင်အပါအဝင် အနှစ်နှစ်အလလမျှော်လင့်စောင့်စားနေရသူတွေအားလုံး ပြန်ထွက်လာပြီတဲ့။ နားနဲ့ကြားရတာကိုအားမရလို့ကွန်ပျူတာကိုကြည့်လိုက်တော့ အားလုံးလွတ်တဲ့အကြောင်းဝက်ဘ်ဆိုက်သုံးလေးခုမှာရေးထားတာတွေ့တော့မှ စိတ်ချသွားတယ်။ ၁၂ ရက်နေ့က နိုင်ငံတော်သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်ထွက်ပြီးကတည်းက ဒီတစ်ခါပါမှာလား သေချာပြီလားနဲ့ ရင်တမမဖြစ်နေခဲ့တာ အခုမှရင်ထဲက အလုံးကြီးကျသွားတော့တယ်။ ညကဆိုတစ်ညလုံး မပျော်တစ်ချက်ပျော်တစ်ချက်ဖြစ်နေခဲ့ရတယ်။

## ဘယ်ကလူကြီးလဲ

နံနက် ၁၀ နာရီလောက်သတင်းထောက်တွေရဲ့ အမေးကို ဖြေနေတဲ့ မင်းကိုနိုင်ရဲ့အသံကိုကြားလိုက်ရတော့ စိတ်ချသွားပြီး လွတ်လွတ်လပ်လပ်ပျော်သွားတယ်။ သာယာဝတီထောင်ကလွတ်တဲ့ မနီလာသိန်းက သမီးလေးကိုပြန်တွေ့ရတော့ အရမ်းပျော်တယ်။ ဒါပေမဲ့ သမီးလေးကတော့သူ့ကိုစိမ်းနေသေးတယ်လို့ပြောတာကြားလိုက်ရတော့ ရင်ထဲမှာ မကောင်းဘူး။ ဆို့သွားတယ်။ ကိုယ်လည်း သူ့လိုနှစ်ခါကြုံဖူးခဲ့တာကိုး။ ပထမအကြိမ်မှာသားကို သုံးလအရွယ်နဲ့ထားခဲ့ရတယ်။ ဒုတိယအကြိမ်ကျတော့သမီးက ၁၀ လသမီး။ နှစ်တွေအကြာကြီးနေမှ ပြန်တွေ့ကြရတော့ အစမှာ ခပ်စိမ်းစိမ်းပါပဲ။ "အမေဘယ်ကလူကြီးလဲ"လို့ အမေးမခံရတာကိုပဲကျေးဇူးတင်နေရသေးတယ်လေ။

## ရုပ်သံနဲ့ မျက်စိမ္ဘာ

၁၃ ရက်နေ့တစ်နေ့လုံး ရုပ်သံစက်ရှေ့မှာပဲထိုင်နေတယ်။ လာသမျှလူတွေကိုလည်း ဒီဗီဘီနဲ့ပဲ ဧည့်ခံလိုက်တယ်။ တဂွမ်ဂွမ်နဲ့ဆက်သမျှဖုန်းတွေကိုလည်း ရုပ်သံကြည့်ရင်းဖြေလိုက်တယ်။ အသက်ကြီးလာတော့ လူကပိုပြီး ပူတတ်တယ်။ ဘာပြောပြောအိမ်ရောက်ပြီဆိုမှ စိတ်ချနိုင်မှာမို့ ရုပ်သံနဲ့ မျက်စိမခွာဘဲ စောင့်ကြည့်နေမိတယ်။ ရုပ်သံဖန်သားပြင်ပေါ်က ပျော်ရွှင်မြူးတူးနေကြတဲ့ လူတွေကိုကြည့်ရင်းနဲ့ စာအစမှာရေးခဲ့တဲ့ 'ဒီလိုပျော်စရာကောင်းတာမျိုးကမ္ဘာပေါ်က ဘယ်နိုင်ငံ ဘယ်လူမျိုးမှ ခံစားဖူးလိမ့်မယ်မဟုတ်ဘူး'ဆိုတဲ့ အတွေးဝင်လာခဲ့တာဖြစ်တယ်။

## အကျဉ်းစခန်းတွေထဲက

အဲဒီလို တွေးမိတာနဲ့တစ်ဆက်တည်းဒုတိယကမ္ဘာစစ်ကြီးပြီးပြီးချင်း အကျဉ်းစခန်းတွေထဲက အသက်မသေဘဲကျန်ရစ်နေသူတွေထွက်လာတာကို မိဘဆွေမျိုးသားချင်းတွေနဲ့ ဇနီးသားမယားတွေက ရင်တထိတ်ထိတ်နဲ့ စောင့်ကြိုနေကြတဲ့မြင်ကွင်းတွေမျက်စိထဲပြန်မြင်လာတယ်။ ကိုယ်ရှာနေသူကို တွေ့လိုက်ရတဲ့အခါ သူတို့မျက်နှာတွေပေါ်မှာ ဝမ်းသာခြင်းနဲ့ ဝမ်းနည်းခြင်းခံစားမှုနှစ်မျိုးတစ်ပြိုင်တည်းဖြစ်ပေါ်လာတာကို အရအမိရိုက်ယူထားနိုင်တဲ့ ဓာတ်ပုံဆရာရဲ့ လက်ရာဓာတ်ပုံစာအုပ်ကို သေတ္တာတွေထဲမှာ ပြန်ရှာ

> ဒီအချိန်မှာ ပြည်သူရဲ့ အရေးကိစ္စမှန်သမျှကို ပြည်သူတွေ အလိုကျလုပ်ကိုင်ဆောင်ရွက်မယ့် အဖွဲ့အစည်းမျိုး မရှိမဖြစ် လိုအပ်ပါတယ် ...

ဦးမှပဲလို့ ခေါင်းထဲမှာ မှတ်ထားလိုက်တယ်။

## ခွပ်ဒေါင်းအောင်လံတလူလူ

ရုပ်မြင်သံကြားရှေ့မှာတစ်နေ့လုံးထိုင်နေတယ်လို့ဆိုရပေမယ့် အာရုံကတော့အပြည့်မရောက်ပါဘူး။ ဧည့်သည်တွေဝင်လိုက်ထွက်လိုက်၊ ဖုန်းသံတဂွမ်ဂွမ်မြည်လိုက်ဖြစ်နေတော့ အာရုံတွေလည်းဟိုရောက် ဒီရောက်ပါပဲ။ အသေအချာမျက်စိထဲမှာစွဲသွားတဲ့မြင်ကွင်းကတော့သရက်ထောင်ကထွက်လာတဲ့ မင်းကိုနိုင်ကို သရက်မြို့သူမြို့သားများကခွပ်ဒေါင်းအလံတလူလူလွှင့်ပြီးကြိုဆိုတဲ့မြင်ကွင်းဖြစ်တယ်။ သရက်လိုမြို့ငယ်လေးမှာတောင် လူစုလူဝေးကရာနဲ့ချီပြီးရှိတယ်။ သရက်မြို့သူမြို့သားများရဲ့သတ္တိကိုလေးစားမိသလို မင်းကိုနိုင်ကိုချစ်ကြတာကိုလည်း ကျေနပ်အားရဖြစ်မိတယ်။ အောင်လံဘက်ကိုကူးတော့ ပရိသတ်ကကမ်းလုံးညွတ်မတတ်ရှိပြီး ခွပ်ဒေါင်းအလံတွေလည်း လေမှာ တဖျပ်ဖျပ်လွင့်ပျံနေကြတော့တယ်။

## သည်းသည်းလှုပ်အောင်ချစ်ကြ

မင်းကိုနိုင်ခများအိမ်ပြန်ခရီးကို အသော့နှင်မသွားနိုင်ဘူး။ ပြည်သူတွေက ဟိုကထွက်တား၊ ဒီကထွက်တားနဲ့ တစ်တားတည်းတားနေကြလို့ရောက်လေရာအရပ်မှာ နှုတ်ဆက်စကားတွေပြောရတယ်။ ပန်းကုံးစွပ်တာခံရတယ်။ အောင်သပြေတွေကမ်းတာယူရတယ်။ ပြည်သူတွေကချစ်ကြတာကိုး။ အသက်ထင်ရှားရှိနေဆဲမှာ တစ်တိုင်းတစ်ပြည်လုံးက 'သဲသဲလှုပ်' အောင်ချစ်ကြတဲ့နိုင်ငံရေးသမားဆိုလို့တစ်သက်မှာနှစ်ယောက်ပဲတွေ့ဖူးတယ်။ တစ်ဦးက ဒေါ်အောင်ဆန်းစုကြည်။ နောက်တစ်ဦးက မင်းကိုနိုင်။

## ငါတကောကောတတ်

ဒေါ်အောင်ဆန်းစုကြည်က အခုသမ္မတ ဦးသိန်းစိန်အစိုးရနဲ့ လက်တွဲပြီး လွှတ်တော်နိုင်ငံရေးလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်တယ်။ ဒီမိုကရေစီလမ်းခရီးမှာရွေးကောက်ပွဲတို့၊ လွှတ်တော် တို့ဆိုတာမရှိမဖြစ်အင်္ဂါရပ်တွေဖြစ်တယ်။ ဒါပေမဲ့ ပြီးပြည့်စုံပြီလို့တော့ မဆိုနိုင်ဘူး။ ရွေးကောက်ပွဲတို့၊ လွှတ်တော်တို့နဲ့ တက်လာပြီးမှ အာဏာရှင်ဆန်ဆန်အုပ်ချုပ်သွားတဲ့ အစိုးရမျိုးတွေလည်း အများကြီးရှိခဲ့ဖူးပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်ရှိကမ္ဘာ့နိုင်ငံတိုင်းမှာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီက 'ကိုယ်စားပြုဒီမိုကရေစီ' စနစ်ဖြစ်တယ်။ ကိုယ်စားလှယ်တွေကို ပြည်သူလူထုက ရွေးကောက်ပြီး လွှတ်တော်ထဲပို့လိုက်ပေမယ့် ကိုယ်စားလှယ်တွေဟာ လွှတ်တော်ထဲရောက်ပြီးတဲ့အခါ ပြည်သူ့ဆန္ဒကို ဦးထိပ်ပန်ဆင်ခြင်းမပြုတော့ဘဲ ငါတကောကောတာမျိုးတွေဖြစ်လေ့ရှိတယ်။

## ပြည်သူ့ဒီမိုကရေစီ

အကောင်းဆုံးကတော့ တိုင်းရေးပြည်ရာကိစ္စမှန်သမျှမှာ ပြည်သူပြည်သားတွေအားလုံး ပါဝင်ဆွေးနွေးဆုံးဖြတ်တဲ့ 'တိုက်ရိုက်ဒီမိုကရေစီ' ဒါမှမဟုတ် 'ပြည်သူ့ဒီမိုကရေစီ'ဖြစ်တယ်။ ဒါပေမဲ့ ဒါကလက်တွေ့လုပ်ဖို့ မဖြစ်နိုင်သေးဘူး။ ဒီအချိန်မှာ ပြည်သူရဲ့ အရေးကိစ္စမှန်သမျှကို ပြည်သူတွေအလိုကျလုပ်ကိုင်ဆောင်ရွက်မယ့် အဖွဲ့အစည်းမျိုး မရှိမဖြစ်လိုအပ်ပါတယ်။ ထောင်ကလွတ်လာတဲ့ မင်းကိုနိုင်တို့ လူငယ်အားလုံးက သူတို့ဟာ ပါတီမထောင်ဘူး၊ ရွေးကောက်ပွဲမဝင်ဘူး။ ပြည်သူတွေရဲ့ အရေးကိစ္စမှန်သမျှကို ပြည်သူတွေရဲ့ ရှေ့ကရပ်ပြီး ဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြောကြတာကို ကြားရတော့ အများကြီးစိတ်ချမ်းသာသွားတယ်။

## အဖွဲ့အစည်းတွေအများကြီး

သူတို့လူငယ်တွေကို ပြည်သူတွေကချစ်ကြတယ်။ ယုံကြည်အားကိုးကြတယ်။ လွှတ်တော်နိုင်ငံရေးမှာပါဝင်ဆောင်ရွက်မယ့် ဒေါ်အောင်ဆန်းစုကြည်ကို အရင်ကအတိုင်းဝန်းရံပေးရင်း ပြည်သူတွေရဲ့အသံကို ကိုယ်စားပြုပေးမယ့် အင်အားတောင့်တင်းတဲ့အဖွဲ့အစည်းကြီးအဖြစ်မြင်တွေ့လိုကြတယ်။ ဒီမိုကရေစီနိုင်ငံမှာ နိုင်ငံရေးပါတီတွေအပြင် တခြားအသင်းအပင်းအဖွဲ့အစည်းတွေလည်း မရေမတွက်နိုင်လောက်အောင်ရှိမြဲဖြစ်တယ်။ လိုအပ်လာရင် သူတို့လူငယ် တွေဟာ ၈၈ မျိုးဆက်လူငယ်များဆိုတဲ့ နာမည်နဲ့ပဲဖြစ်ဖြစ် အရပ်ဘက်လူထုအဖွဲ့အစည်းတစ်ရပ်အဖြစ်ရှိနေရင် သိပ်ကောင်းပါလိမ့်မယ်။

## အားကိုးအားထားပြုနိုင်တဲ့

နိုင်ငံရေးပါတီဆိုတာကလိုက်နာစောင့်ထိန်းရမယ့်စည်းကမ်းကျင့်ဝတ်တွေရှိတယ်။ ဒစ်ပလိုမေစီကျင့်သုံးရတာတွေရှိတယ်။ မှန်တိုင်းပြောမဖြစ်ဘဲ ထိန်းချုပ်ရတာတွေရှိတယ်။ အဲဒါကြောင့် ပြည်သူတွေအနေနဲ့ အချိန်မရွေး သူတို့ရှေ့ကမားမားမတ်မတ်ရပ်ပြီးပြောဆိုလုပ်ကိုင်ပေးမယ့် အဖွဲ့အစည်းမျိုးလိုအပ်တယ်။ ဒီမိုကရေစီခေတ်ရောက်ရင် နိုင်ငံသားအားလုံးရဲ့ အရေးကိစ္စအမျိုးမျိုးကို ဆောင်ရွက်ဖို့ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းတွေလည်း အများကြီးရှိလာဖို့ လိုအပ်လိမ့်မယ်။ ၈၈ မျိုးဆက်လူငယ်တွေကနဂိုကတည်းက ပြည်သူချစ်တဲ့ အဖွဲ့ဖြစ်တော့ ရှေ့လာမယ့်ကာလတွေမှာလည်း ပြည်သူလူထုအားကိုးအားထားပြုနိုင်မယ့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်လိမ့်မယ်လို့ မျှော်လင့်မိကြောင်း သိစေလိုက်ရပါတယ်။




## စာမျက်နှာ (၂၄) မှအဆက်

စေချင်သည်။ မှားတဲ့သူတွေသည် သူတို့အမှားအတွက် မဝန်ခံမချင်း သူတို့ကို ခေါင်းလျှိုးဆက်ဆံဖို့ မဖြစ်နိုင်။ သူတို့မျိုးဆက်၏ ဆည်းပူးမှုထဲမှာပါခဲ့သော မဟတ္တမဂန္ဒီ၏ အယူအဆတွေအကြောင်းလည်း ဆရာပြန်ပြောပြသည်။

ကိုယ့်အမှားကိုယ် မဝန်ခံဘဲနဲ့တော့ နိုင်ငံရေးဓာတ်ခုံမှာ ဝင်ကကြဦးမှာလား။ မျှော်လင့်ချက်အတွက် နှောင်တည်းခံခဲ့ကြသူတွေနဲ့ နှောင်တည်းမှုမှာအဓိကနေရာကပါခဲ့ကြသူတွေကို တစ်တန်းတည်းထားကြတော့မှာလား။ ဆရာ့စကားကို ကျွန်တော်ဆက်တွေးမိသည်။

ဒီထက်ပိုဒုက္ခရောက်ခဲ့ကြတဲ့ ဘဝတွေ၊ ဒီထက်ပိုခံစားခဲ့ရတဲ့ဘဝတွေအများကြီးရှိပါသေးသည်။ တစ်ပုံတစ်ပင်ရှိကြပါသည်။ ကျွန်တော်တို့ သည်းခြေကောင်းကြဖို့တော့ လိုသည်။

ဘာပဲဖြစ်ဖြစ်အနာဂတ်အတွက်၊ အနည်းဆုံးတော့ စတုတ္ထမျိုးဆက်အတွက်(၁၉၆၂ကစလို့ ကျွန်တော်တို့ အဘိုးများ၊ အဖေများနဲ့ ကျွန်တော်တို့ဆိုတဲ့မျိုးဆက်သုံးဆက်ရဲ့အလွန်အတွက်) ရှေ့ရှုပြီး ဗုဒ္ဓဟောခဲ့သော တရားတော်တစ်ပုဒ်ကို နှလုံးသွင်းရှေ့ဆက်ကြရမည်ထင်သည်။ ဓမ္မပဒ၊ ယမကဝဂ်၊ ကာဠယက္ခနီ ဝတ္ထုလာ တရားတစ်ပုဒ်။

"န ဟိ ဝေရေန ဝေရာနိ သမ္မန္တီဓ ကုဒါစနံ၊ အဝေရေန စ သမ္မန္တိ ဧသ ဓမ္မော သနန္တနော"

"ရန်ကိုရန်ချင်းတုံ့နှင်းခြင်းအားဖြင့် ရန်အပေါင်းတို့သည် မငြိမ်းကုန်။ ရန်ကိုရန်ချင်းမတုံ့နှင်းခြင်းဖြင့်သာ ရန်အပေါင်းတို့သည် ငြိမ်းကုန်၏။ ဤတရားသည် သာမဖောက်မပြန်မှန်ကန်သော တရားပေတည်း"

အားလုံးကို ခွင့်လွှတ်နိုင်ပါသည်။ အတိတ်ကို ဘယ်တော့မှပြန်မသွားလိုတော့။ ဒါပေမဲ့ ဆူပူအုံကြွခေါင်းဖြတ်လူသတ်ခဲ့တယ်ဆိုတာမျိုး၊ ရရင်ရ မရရင်ချ၊ ၈၈ ဆူပူအုံကြွမှုကြီး ဆိုတာမျိုး သမိုင်းအမှားတွေကို ကျွန်တော့် ညီငယ်၊ ညီမငယ်တွေ၊ သားသမီး တွေအဖတ်မမှား၊ အမြင်မမှားရ အောင်တော့ သမိုင်းစာအုပ်အမှန် ရေးဖို့လိုနေပြီ။

သမိုင်းဆိုတာ လူတွေကို မအအောင် လုပ်ပေးတဲ့အရာ။ သမိုင်းမှားရင်တော့ လူတွေ 'အ' သွားပါလိမ့်မည်။

၂၀၁၁ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တောင်သူလယ်သမားများအတွက် အိပ်မက်ကောင်းမက်ခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ် မိုးစပါးရိတ်သိမ်းပြီးချိန်၌ကြုံတွေ့ခဲ့ကြရသော ရာသီဥတုအခက်အခဲနှင့် ဈေးနှုန်းအခက်အခဲကြောင့် လက်မှိုင်ချခဲ့ရသော တောင်သူလယ်သမားများအနေဖြင့် ဆောင်းသီးနှံပဲကိုအားကိုး မျှော်မှန်းခဲ့ကြသည်။ ၂၀၁၁ ခုနှစ် ဧပြီလမှစတင်ပြီး ပို့ကုန်ရငွေဒေါ်လာဈေးနှုန်းကျဆင်းမှုကြောင့်လည်းကောင်း၊ ရာသီဥတုကြောင့်လည်းကောင်း ပဲစိုက်တောင်သူများအထိနာခဲ့ရပြန်သည်။ ထိုအခြေအနေသည် တောင်သူလယ်သမားများအတွက် အနာကြီးနာနေခဲ့သဖြင့် လယ်ယာလုပ်ငန်းကိုဆက်လက်လုပ်ကိုင်ရန်ပင် အခက်အခဲရှိနေခဲ့ကြသည်။

၂၀၁၁ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လွှတ်တော်အမတ်များ၏ ဆွေးနွေးချက်များ၊ ဂျာနယ်များ၏ ထောက်ပြရေးသားချက်များကြောင့် တောင်သူလယ်သမားများအတွက် အားတက်ခဲ့ကြရသည်။

လွှတ်တော်အမတ်များ၏ဆွေးနွေးချက်များ၊ ဂျာနယ်များ၏ထောက်ပြပြောဆိုမှုများတွင် ၂၀၁၁ ခုနှစ် မိုးစပါးပေါ်ချိန်တွင် စပါးဈေးနှုန်းကို ထုတ်လုပ်သူစရိတ်ထက်မနိမ့်ရုံသာမက တောင်သူလယ်သမားမိသားစုစားဝတ်နေရေးကိုပါ ကာမိစေမည့် စပါးဈေးနှုန်းအာမခံချက်ပေးမည့်သဘောမျိုးဆွေးနွေးလာခဲ့ကြသည်။ တစ်ခေတ်တစ်ခါကမြန်မာ့စီးပွားရေးလောကတွင်လက်ခံခဲ့ကြသော ညီမျှခြင်းကိုပင်ထောက်ပြပြောဆိုလာကြသည်။ ၎င်းညီမျှခြင်းမှာ စပါးတင်း ၁၀၀၊ ရွှေတစ်ကျပ်သားနှင့် ကျွန်းသစ်တစ်တန်၏ဈေးနှုန်းတူညီနေခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ကျွန်းသစ်သည် နိုင်ငံတော်ကသာတာဝန်ယူထုတ်လုပ်ရောင်းချခြင်းဖြစ်သဖြင့် ဖော်ပြပါညီမျှခြင်းမှ ဖယ်ထားမည်ဆိုပါက ရွှေတစ်ကျပ်သား၏တန်ဖိုးနှင့် စပါးတင်း ၁၀၀ ၏ တန်ဖိုးတူညီနေရမည်ဟုဆိုလိုခြင်းဖြစ်သည်။ ယခုအခါတွင် ရွှေတစ်ကျပ်သားတန်ဖိုးမှာ ကျပ်ခုနစ်သိန်းခန့်ရှိသဖြင့် စပါးတင်း ၁၀၀ ကိုကျပ်ခုနစ်သိန်းခန့်များရလာလေမလားဟု ခန့်မှန်းခဲ့ကြခြင်းဖြစ်သည်။ ထိုကဲ့သို့သော ဆွေးနွေးချက်များကို လယ်သမားများအတွက်တစ်သက်တာအတွင်းမကြားဖူးခဲ့သောစကားသံများဖြစ်ခဲ့သည်။ ယခုတော့ကြားလာရပြီ။ အိပ်မက်လှလှလည်းမက်ခဲ့ကြသည်။ အထူးသဖြင့် ၂၀၁၁ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တွေ့ကြုံခဲ့ရသည့်အခက်အခဲများကို ထိုအိပ်မက်ကြောင့်ကျော်လွှားနိုင်ခဲ့သည်။

မိုးစပါးစိုက်ပျိုးရာသီတွင် အောက်မြန်မာနိုင်ငံ၌ ဇူလိုင်လလယ်ခန့်မှမိုးမှန်လာခြင်းကြောင့်ပျိုးထောင်မှုနောက်ကျမှလုပ်ငန်းစတင်ခဲ့ကြရသည်။ သက်ကြီးစပါး (ပေါ်ဆန်းမွှေး၊ တောင်ပျံ) စိုက်ပျိုးသူများမှ အချို့သာလျှင်ကြိုတင်ပြီး ပျိုးခင်းကိုရေစုပ်စက်ဖြင့် ရေတင်၍ ပျိုးထောင်သူအနည်းအပါးရှိခဲ့ကြသည်။ အများအားဖြင့် ဇူလိုင်လဒုတိယနှင့်တတိယသီတင်းပတ်မှသာပျိုးထောင်နိုင်သူများခဲ့ကြသည်။ ထို့အပြင် အောက်တိုဘာလဆန်းခန့်တွင် မြန်မာနိုင်ငံ



# အိပ်မက်ထဲက ညီမျှခြင်း

မောင်သံဒိုင် (ဘောဂဗေဒ)

**နိုင်ငံအတော်များများသည် လယ်ယာထွက်ကုန်ဈေးနှုန်းအာမခံသည့်စနစ်ကျင့်သုံးလာကြသည်မှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းလုပ်ဆောင်ချက်ပင်ဖြစ်သည်။ တောင်သူလယ်သမားများ၏ ဝယ်လိုအားမြင့်မားလာမှုမှတစ်ဆင့် မြို့ပြထုတ်ကုန်ထုတ်လုပ်မှုတိုးတက်လာစေမည်ကို မျှော်မှန်းကြခြင်းဖြစ်သည်။ ဤနည်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုရရှိလာအောင်လုပ်ခဲ့ကြသည် ...**

တောင်ပိုင်းမုန်တိုင်းမှမုတ်သုန်ဆုတ်ခွာသွားခြင်းနှင့်အတူ မိုးလည်းခွာခဲ့သည်။ ထို့ကြောင့် စပါးသက်တမ်းရက် ၁၀၀ မှ ၁၂၀ ခန့်သာရှိသောစပါးများသာအောင်မြင်ဖြစ်ထွန်းခဲ့သော်လည်း ရက် ၁၂၀ ကျော်သော သက်လတ်နှင့် သက်ကြီးစပါးများအတွက် မိုးရေလိုအပ်မှုကြောင့် အဖျင်းများပြီး စပါးအထွက်သိသိသာသာကျဆင်းသွားခဲ့သည်။

စိုက်ပျိုးချိန်ကာလအတွင်း ရေကြီးခြင်းကြောင့် ပျိုးခင်းနှင့်စိုက်ခင်းများရေဝင်နစ်မြုပ်ကြရပြန်သည်။ သို့သော်ဖော်ပြခဲ့သောအိပ်မက်ကြောင့် လိုအပ်သည့်အရင်းအနှီးကိုဖျစ်ညှစ်ထုတ်ပြီး အကြိမ်ကြိမ်ပျိုးထောင်စိုက်ပျိုးကြသူများလည်း ရှိခဲ့သည်။ ဤတွင်မေးစရာမေးခွန်းနစ်ခုရှိသည်။ “တောင်သူလယ်သမားများစီးပွားရေးတွက်ခြေမကိုက်ဘဲ အဘယ်ကြောင့် လယ်ယာလုပ်ငန်းကိုဆက်လက်လုပ်ကိုင်နေကြသနည်း” ဟူ၍ဖြစ်သည်။ စာရေးသူလေ့လာထားချက်အရ မြန်မာလယ်သမားအများစုသည် မိုးရွာလာချိန်တွင် လယ်ထဲဆင်း၍ လယ်မလုပ်ရပါက မစားနိုင်၊ မအိပ်နိုင်သူများသာဖြစ်ကြသည်။ ၎င်းတို့အတွက် မိရိုးဖလာအလုပ်ဖြစ်သဖြင့် အရိုးစွဲနေသော အလုပ်ဖြစ်သည်။ စီးပွားရေးအရ တွက်ခြေကိုက်သည်၊ မကိုက်သည်မှာ အဓိကမဟုတ်ဘဲ လယ်မလုပ်ရလျှင် မနေနိုင်သူများသာဖြစ်ကြသည်။ ထို့ကြောင့်လည်း ပြန်ရချက်မသေချာသည့်တိုင် မိမိတို့မက်ခဲ့သောအိပ်မက်အတွက် အကြိမ်ကြိမ်ကုန်ကျစရိတ်စိုက်ထုတ်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ စပါးစိုက်ပျိုးချိန်ကလည်း ယခုနှစ် စပါးပေါ်လျှင် စပါးတင်း ၁၀၀ လျှင် ကျပ်လေးသိန်းခန့်အနည်းဆုံးအာမခံဈေးနှုန်းသတ်မှတ်ပြီး ဝယ်မည်ဟူသောကောလာဟလများကလည်းပေါ်ခဲ့ပြန်သဖြင့် တောင်သူလယ်သမားများအတင့်ရဲစွာ အရင်းအနှီးရှာဖွေချေးငှားပြီး အကြိမ်ကြိမ်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

ယခုအခါ စပါးထွက်လာပြီဖြစ်သဖြင့် လယ်သမားများရင်ဆိုင်ရသည့်စပါးဈေးနှုန်းမှာ ရင်နင့်ဖွယ်ပင်ဖြစ်သည်။ သက်ကြီးစပါးမှာ အထွက်နည်းသည်ကတစ်ကြောင်း၊ ပြည်တွင်းဈေးကွက်အတွက်စားသုံးသူကြိုက်နှစ်သက်မှုကြောင့် တစ်ကြောင်းကြောင့် တင်း ၁၀၀ ဈေးနှုန်းမှာ ကျပ်ငါးသိန်းခန့်ရှိသည်။ သို့သော်သက်ငယ်စပါးတင်း ၁၀၀ အတွက် ဈေးနှုန်းမှာမူ ကျပ်သုံးသိန်းနှင့် ကျပ်သုံးသိန်းအောက်တွင်သာဈေးဖြစ်လျက်ရှိသည်။ ယခုနှစ်စိုက်ပျိုးရာသီအတွင်း စာရေးသူလေ့လာခဲ့သော ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ တောင်သူလယ်သမားအချို့၏ပျမ်းမျှစပါးတစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်ကိုကြည့်ပါက အောက်ပါအတိုင်းတွေ့ရပါသည်။

ဇယားတွင်ဖော်ပြထားသည့်အတိုင်း စပါးတစ်ဧကအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ်မှာ ၁၄၇၅၀၀ ကျပ်ခန့်ရှိပြီးပျမ်းမျှတစ်ဧကအထွက်နှုန်း တင်း ၅၀ အတွက်ရရှိသောတန်ဖိုးငွေကျပ် ၁၅၀၀၀၀ ခန့်နှင့် နှိုင်းယှဉ်ပါက လယ်သိမ်းချိန်ပြီးပါက ‘လယ်ပိုင်ရှင်အတွက် ဆန်ကောနှင့်ကောက်ဆွသာကျန်မည်’ ဟူသောဆိုရိုးအတိုင်းပင်ဖြစ်မည်။ အကယ်၍များတစ်ကြိမ်မက ပျိုးထောင်စိုက်ပျိုးရခြင်း၊ လိုအပ်သည့်အရင်းအနှီးကိုအတိုးရနှင့်ချေးယူရခြင်းများရှိခဲ့ပါက အရှုံးကြီးရှုံးမည်သာဖြစ်သည်။ ဤတွင်ကိုယ်တိုင်လယ်ယာလုပ်ကိုင်နိုင်သူ၊ ကိုယ်ပိုင်ကျွဲနွားရှိသူများအတွက် ထိုက်သင့်သောအကျိုးကျေးဇူးရရှိနိုင်သည်။ ထိုဝင်ငွေသည်ပင် တောင်သူလယ်သမားများ၊ ၎င်း၏လုပ်အားစိုက်ထုတ်ခဲ့ရသည့်လုပ်ခသာဖြစ်ပြီး အလုပ်သမား၏လုပ်ခထက်ပင်နိမ့်ကျနေသည့်ဝင်ငွေဖြစ်သည်။ တောင်သူလယ်သမားမိသားစု၏စားဝတ်နေရေးအသုံးစရိတ်ကိုပါထည့်သွင်းစဉ်းစားပါက ယခုနှစ်ရရှိသောစပါးဈေးနှုန်းသည် တောင်သူလယ်သမားများအတွက်စီးပွားရေး တွက်ခြေကိုက်မှုလုံးလုံးလျားလျားကင်းမဲ့နေမည်သာဖြစ်သည်။

ဤဖြစ်ရပ်မျိုး အကြိမ်ကြိမ် အထပ်ထပ်ခံစားလာရသောလယ်သမားများအတွက်လယ်ယာကုန်ထုတ်လုပ်ငန်းအပေါ်အားထုတ်ကြိုးပမ်းလိုစိတ်လျော့ပါးလာစေရုံသာမက လယ်ယာလုပ်ငန်းကိုစွန့်ခွာလိုသူများပြားလာမည်ဖြစ်သည်။

အထက်တွင်ဖော်ပြထားသကဲ့သို့ ‘လယ်သမားများသည် စီးပွားရေးတွက်ခြေကိုက်သည်၊ မကိုက်သည်ကိုအဓိကမထားဘဲ ဝါသနာအရ လယ်ယာကို ဆက်လက်လုပ်ကိုင်နေကြမည်သာဖြစ်သည်’ ဟူသော ယူဆချက်ကြောင့် ၎င်းတို့ကို လျစ်လျူရှုထားမိကကာလရှည်တွင်မမျှော်မှန်းဘဲထွက်ပေါ်လာမည့် တောင်သူလယ်သမားများ၏အနုတ်လက္ခဏာတုံ့ပြန်ချက်သည်တိုင်းပြည်အတွက် အလွန်အမင်းအထိနာမည်သာဖြစ်သည်။

ဤပြဿနာကိုဖြေရှင်းရန်အချိန်ဆွဲ၍မဖြစ်။ လယ်သမားများအတွက် စပါးပေါ်လျှင် အများအားဖြင့် မရောင်းမဖြစ်ရောင်းချကြရသည်။ ဈေးတက်မည်ဟုခန့်မှန်းကြသည့်တိုင်အောင် သိမ်းဆည်းသိုလှောင်ထားနိုင်ခြင်းမရှိကြ။ ဆပ်ရမည့်အကြွေး၊ စားဝတ်နေရေးစရိတ်နှင့် အထွေထွေအသုံးစရိတ်တို့အတွက် ပေါက်ဈေးဖြင့်ရောင်းကြမည်သာဖြစ်သည်။ ယခုပင်ရောင်းနေကြရပြီ။ သူတို့၏အရှုံးကို သူတို့ပို၍ ပို၍သိလာကြသည်။ စပါးဈေးနှုန်းမြင့်မားရေးကို မျှော်မှန်းလာကြသည်။ စပါးစိုက်ပျိုးချိန်မက်ခဲ့သောအိပ်မက်နှင့်လက်တွေ့မှာ သိသိသာသာကွာခြားနေသည်။

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ကိုအမှီပြုနေသူများဖြစ်သည်။ ၎င်းတို့၏ ဝယ်လိုအားကျဆင်းမှုသည် မြန်မာ့ဈေးကွက်အတွင်း စုစုပေါင်းဝယ်လိုအားကိုသိသိသာသာကျဆင်းမည်သာဖြစ်သဖြင့် ထိုအချက်သည် စီးပွားရေးအဆောက်အအုံတစ်ခုလုံးကို စီးပွားရေးတုံ့ဆိုင်းသွားနိုင်သည်။

အိမ်နီးချင်းထိုင်းနိုင်ငံအပါအဝင်နိုင်ငံအတော်များများသည်လယ်ယာထွက်ကုန်ဈေးနှုန်းအာမခံသည့်စနစ်ကျင့်သုံးလာကြသည်မှာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုမျှော်မှန်းလုပ်ဆောင်ချက်ပင်ဖြစ်သည်။ တောင်သူလယ်သမားများ၏ ဝယ်လိုအားမြင့်မားလာမှုမှတစ်ဆင့် မြို့ပြထုတ်ကုန်ထုတ်လုပ်မှုတိုးတက်လာစေမည်ကိုမျှော်မှန်းကြခြင်းဖြစ်သည်။ ဤနည်းဖြင့်စီးပွားရေးဖွံ့ဖြိုးမှုရရှိလာအောင်လုပ်ခဲ့ကြသည်။

အကယ်၍များစီးပွားရေးတွက်ခြေမကိုက်မှုကြောင့် တောင်သူလယ်သမားများ၏ထုတ်လုပ်မှုကျဆင်းသွားခဲ့ပါက ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်ပပို့ကုန်တင်ပို့ရေးကိုပါထိခိုက်လာနိုင်မည်။ ဤအချက်ကို နိုင်ငံတော်အစိုးရသာမက လယ်ယာထွက်သီးနှံကိုပြည်ပပို့ကုန်အဖြစ်တင်ပို့နေကြသောလုပ်ငန်းရှင်ကြီးများပင် သတိချပ်သင့်သည့်အချက်ဖြစ်သည်။

ယခုတော့ဖြင့် ကယ်သူဝေးနေပြီဖြစ်သော တောင်သူလယ်သမားတို့၏အဖြစ်သည် တစ်မိုးတွင်းလုံးမျှော်မှန်းခဲ့ကြသည့် စပါးတင်း ၁၀၀ နှင့် ရွှေတစ်ကျပ်သားဟူသောညီမျှခြင်းသည် အိပ်မက်သာဖြစ်ခဲ့ကြပြီ။ အနိမ့်ဆုံးစပါးဈေးမျိုးတင်း ၁၀၀ အတွက် လေးသိန်းမှမရလျှင်တောင်သူလယ်သမားများ စိတ်ပျက်အားလျော့လာမည်။ ယခုနှစ် မတ်ပဲနှင့်ပဲတီစိမ်းစိုက်ဧကသိသိသာသာကျဆင်းသွားခြင်းသည်ပင် လယ်သမားများ၏ ဈေးကွက်အပေါ်အနုတ်လက္ခဏာတုံ့ပြန်မှုဖြစ်သည်။ အကယ်၍ လာမည့်စပါးစိုက်ချိန်တွင် တောင်သူလယ်သမားများက ယခုပဲစိုက်ချိန်ကဲ့သို့ သာတုံ့ပြန်ခဲ့ကြလျှင်ပြည်တွင်းစားသုံးမှုကိုပါထိပါးလာနိုင်မည်ဖြစ်သည်။ ထိုပြဿနာကိုဖြေရှင်းရန် အချိန်ဆွဲ၍မရ။ သေရေးရှင်ရေးတမျှအရေးကြီးလှသဖြင့် အမြန်နိုင်ဆုံးမြန်နိုင်သမျှ မြန်မြန်ဖြေရှင်းရမည့်ပြဿနာဟုပင် ဆိုလိုက်ပါရစေ။

**စပါးတစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်**

| စဉ် | အကြောင်းအရာ | ပျမ်းမျှစရိတ် (ကျပ်) |
|---|---|---|
| ၁။ | ပျိုးခင်း+စိုက်ခင်း၏ထွန်ယက်စရိတ် | ၃၅၀၀၀ |
| ၂။ | မျိုးစပါး | ၁၀၀၀၀ |
| ၃။ | ပျိုးနုတ်ခ | ၁၅၀၀၀ |
| ၄။ | ကောက်စိုက်ခ | ၂၂၅၀၀ |
| ၅။ | ဓာတ်မြေဩဇာ | ၂၅၀၀၀ |
| ၆။ | ကောက်ရိတ်ခ | ၁၈၀၀၀ |
| ၇။ | အထွေထွေလုပ်အားခ | ၁၀၀၀၀ |
| ၈။ | နယ်/လှေ့စရိတ် | ၁၂၀၀၀ |
| | တစ်ဧက၏စုစုပေါင်းကုန်ကျစရိတ် | ၁၄၇၅၀၀ |



# တာချီလိတ်တွင်လားဟူတိုင်းရင်းသား(စုပေါင်း)နှစ်သစ်ကူးပွဲတော် စည်ကားစွာကျင်းပ




တာချီလိတ်မြို့တွင် လားဟူတိုင်းရင်းသားရိုးရာ(စုပေါင်း)နှစ်သစ်ကူးပွဲတော်ကို ရှမ်းရိုးမကွင်းပြင်တွင် ဇန်နဝါရီလ ၁၉ မှ ၂၁ ရက်အထိကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါပွဲတော်သို့ တာချီလိတ်မြို့ပေါ်နှင့်တောင်ပေါ်ကျေးရွာနေလားဟူတိုင်းရင်းသား အများအပြားလာရောက်ခဲ့ပြီးအခြားတိုင်းရင်းသားများလည်း ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ပွဲတော်တွင် ခေတ်ပေါ်တေးဂီတစင်နှင့် လားဟူရိုးရာမြေဝိုင်းအတီးနှင့်အကများပါဝင်ခဲ့ပြီး ကျေးရွာများမှ လားဟူတိုင်းရင်းသားအကများကို ကပြခဲ့ကြကြောင်း၊ ခေတ်ပေါ်တီးဝိုင်းတွင် လားဟူအဆိုတော်များအပြင်နာမည်ကြီးအဆိုတော်များလည်းဖျော်ဖြေခဲ့ပြီး ညစဉ်တိုးမပေါက်အောင်စည်ကားခဲ့ကြောင်း၊ ပွဲတော်တွင်ကံစမ်းမဲများ၊ တိုင်းရင်းသားအဝတ်အထည်ဆိုင်များ၊ ရိုးရာအစားအစာဆိုင်များ၊ ပျော်ရွှင်ဖွယ်ကစားနည်းများလာရောက်ဖွင့်လှစ်သူအများအပြားရှိပြီး ရောင်းကောင်းခဲ့ကြောင်း သိရသည်။

"ကျွန်မက နမ့်တူးရွာကလာတာပါ။ အားလုံးအယောက် ၃၀ ကျော်လာပြီး နှစ်ညအိပ်ပါတယ်။ ကျွန်မတို့တိုင်းရင်းသားပွဲတော်လည်းဖြစ်တော့ အရမ်းပျော်တယ်။ ပွဲတော်လာတဲ့သူတွေက ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ အီတန်ကားတွေနဲ့ လာကြပါတယ်။ ရွာမှာအဘိုးအဘွားတွေပဲကျန်တယ်။ ရွာလုံးကျွတ်လာကြတယ်။ မြေဝိုင်းအကမှာ ရွာတိုင်းကကြတယ်"ဟုနမ့်တူးရွာမှမနန်းခမ်းက ပြောပြသည်။

ဆုလဏီး

# မန္တလေးပဲဈေးကွက်တွင် ဇန်နဝါရီလလယ်ပိုင်းအတွင်း ပဲမျိုးစုံအရောင်းအဝယ်အေး

မန္တလေးပဲဈေးကွက်တွင်ဇန်နဝါရီလလယ်ပိုင်းအတွင်း ပဲမျိုးစုံအရောင်းအဝယ် အေးလျက်ရှိကြောင်း မန္တလေးမြို့ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်းမှ အသင်းသားတစ်ဦးထံမှ စုံစမ်းသိရှိရပါသည်။

"ကုလားပဲက လှောင်သမားအများစုလက်ထဲမှာ အများဆုံး ကျန်သေးတယ်။ ကုလားပဲဈေးကွက် ဒီတစ်ပတ်အတွင်း ကျပ်၂၀၀၀ ကနေ ၂၅၀၀အထိ ဈေးအပြောင်းအလဲမြန်တယ်။ ဒီလ၁၄ ရက်နေ့ ကုလားပဲ ကျပ် ၅၀၀၀၀ကနေ ၅၁၀၀၀အထိ ရှိခဲ့တယ်။၁၉ရက်နေ့မှာကျပ်၄၈၀၀၀ ကနေ ၄၈၅၀၀ထိပြန်ကျသွားတယ်။ ဒီအချိန်မှာ စက်သမားတွေ အရောင်းမှား၊ အဝယ်မှားဖြစ်နိုင်တယ်။ စက်သမားအများစုက ကုန်ချောရောင်းအားရှိသလောက်ပဲ ကုန်ကြမ်းဝယ်ယူကြတယ်"ဟု ပဲခွဲစက်ပိုင်ရှင်တစ်ဦးက ရှင်းပြပါသည်။

"မတ်ပဲဈေးကလည်းအဟောင်း ကျပ်၃၉၀၀၀၊အသစ်ကျပ် ၄၀၀၀၀မှ ၄၂၀၀၀၊ပဲစင်းငုံနီအဟောင်း၄၃၀၀၀၊ ပဲစင်းငုံနီ အသစ်၄၆၀၀၀ မှ ၄၇၀၀၀ အထိ အဝယ်လိုက်တယ်။ ပဲစင်းငုံဖြူ(ရွှေဘို) အဟောင်း ၃၅၀၀၀ ဖြစ်ပြီး စက်သမားပုံမှန် ဝယ်ယူကြိတ်ခွဲကြတယ်။မြေထောက်ပဲအသစ် ၃၉၀၀၀ ရှိပြီး အရောင်းအဝယ်အေးတယ်။ ကုလားပဲဖြူလုံးကြီး အသစ်ထွက်မလာသေးဘူး။ အဟောင်းဈေး ကျပ် ၅၀၀၀၀ ရှိပြီး ပုံမှန်အရောင်းအဝယ်သာဖြစ်တယ်"ဟု ဆက်လက်ရှင်းပြပါသည်။

# ကြံဈေးနှုန်းလျှော့ချဝယ်ယူခြင်းကြောင့် ကြံစိုက်တောင်သူများ အခက်တွေ့နေ

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကြံဈေးနှုန်းလျှော့ချဝယ်ယူခြင်းကြောင့် ကြံစိုက်တောင်သူများ အခက်တွေ့နေကြောင်း စုံစမ်းသိရှိရသည်။

"သကြားဈေးမတည်ငြိမ်တဲ့အတွက် ကြံဈေးနှုန်းကို ပြင်ဆင်သတ်မှတ်မယ်ဆိုပြီး ဒီဇင်ဘာလထဲတုန်းကကြေညာခဲ့တယ်။ ကြံတောင်သူရဲ့ အကျိုးစီးပွားနဲ့ စက်ရုံရေရှည်ရပ်တည်နိုင်ရေးဆိုပြီးကြံတစ်တန်ကို ကျပ်၃၇၀၀၀ထိဈေးလျှော့ဝယ်တယ်။ အခုလို ဈေးလျှော့ဝယ်တဲ့အတွက် တစ်နှစ်မှာ တစ်ရာသီပဲမျှော်လင့်ချက်ရှိတဲ့တောင်သူတွေအတွက် တော်တော်လေးအခက်တွေ့နေပါတယ်" ဟု နောင်ချိုမြို့နယ်မှ ကြံစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

ယခင်က ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကြံစိုက်တောင်သူအများစုမှာ မိမိကိုယ်တိုင် သကာချက်လုပ်ပြီး မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ နေ့စဉ်ပေါက်ဈေးအတိုင်း ရောင်းချခဲ့ကြရာမှ ယခုအခါ စက်ရုံစိတ်ကြိုက်ဈေးနှုန်းအသေဖြင့် ဝယ်ယူလာခြင်းကြောင့် တောင်သူများမှာ ရွေးချယ်စရာမရှိဖြစ်လာကြောင်း သိရသည်။

"ဒီဒေသမှာ သကြားစက်ရုံလာမတည်ခင်တုန်းက ကျွန်တော်တို့ဟာ ကိုယ်တိုင်သကာချက်ပြီး မန္တလေးဈေးကွက်ကို တင်ပို့ခဲ့တာပါ။ နောက်ပိုင်းစက်ရုံတည်တော့ တောင်သူတွေကို မန္တလေးဒိုင်ပေါက်ဈေးအတိုင်းဝယ်မယ်ဆိုပြီး စည်းရုံးတယ်။ ကြံဈေးကို တစ်တန် ကျပ် ၁၆၀၀၀ ပေးပြီးဝယ်ခဲ့တယ်။သကြားဈေးတွေကောင်းတုန်းကကြံကိုသတ်မှတ်ထားတဲ့ဈေးနှုန်းနဲ့ပဲဝယ်ပြီးအခုဈေးကျနိုင်တဲ့အနေအထားရောက်တော့ နှစ်ဦးနှစ်ဖက်ဆုံးရှုံးမှုမရှိစေရန်ဆိုပြီး ဈေးလျှော့ဝယ်တယ်။မြတ်တုန်းကနှစ်ဦးနှစ်ဦးနှစ်ဖက်မျှပြီး မမြတ်ခဲ့ရဘဲ ရှုံးတော့နှစ်ဦးနှစ်ဖက်မျှရှုံးဆိုတဲ့သဘောဖြစ်နေတယ်"ဟု ကံကြီး ကျေးရွာတောင်သူတစ်ဦးက ပြောကြားပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကြံစိုက်ရာသီမှာ မေလတွင်စတင်ကာ ဖေဖော်ဝါရီလဆန်းပိုင်းတွင် စတင်ခုတ်ကြောင်း၊ ကြံတစ်ဧကစိုက်ပျိုးထုတ်လုပ်မှုစရိတ်သည် ကြံမျိုး ကျပ် ၃၀၀၀၀၀၊ မြေပြုပြင်စရိတ် ၇၀၀၀၀၊ သွင်းအားစုစရိတ်(ကွန်ပေါင်း၊ ဘိုင်အို၊ ပုလဲ) ၁၀၈၀၀၀ ၊ စိုက်ပျိုးစရိတ်(လုပ်သား ၁၀ ဦး) ကျပ် ၂၅၀၀၀၊ ပေါင်းလိုက်ခ(နှစ်ကြိမ်) ၅၀၀၀၀၊ ဘောင်လုံး၁၅၀၀၀၊ရေသွင်း၅၀၀၀၀၊ ခုတ်ခ၃၀၀၀၀၊တင်ခ၄၀၀၀၀၊ကားခ ၂၁၀၀၀၀တို့ဖြစ်ကြောင်းသိရသည်။

သန်းနိုင်စိုး







ELEVEN MEDIA GROUP Co., Ltd.
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄၊ ၄၀၁၄၁၁ ဖက်စ် - ၄၀၀၅၂၈



## စစ်ကိုင်းမြို့ရှိအိုးလုပ်ငန်းများတွင် ထင်းအကာသား၊ ကောက်ရိုးစသည့် လောင်စာစရိတ်ကြီးမြင့်မှုကြောင့် စုပေါင်းလုပ်ကိုင်သည့်ပုံစံသို့ပြောင်းလဲလာ



စစ်ကိုင်းမြို့ရှိအိုးလုပ်ငန်းများတွင်တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသည့် ကုန်ကြမ်းဈေးနှုန်းများအရ လုပ်ကိုင်သူအများစုမှာ နေ့စား၊ လက်ခစားအဖြစ်ပြုလုပ်လာခြင်း၊ အိုးဖုတ်သောထင်းအကာသား၊ ကောက်ရိုးဈေးနှုန်းစသည့် ထုတ်လုပ်မှုစရိတ်များကြောင့် အိုးဖုတ်ရာတွင်စုပေါင်းလုပ်ကိုင်သည့်ပုံစံသို့ ပြောင်းလဲလာကြောင်း သိရသည်။

ယင်းသို့ အခြေအနေတွင် စစ်ကိုင်းမြို့၊ အိုးဘိုရပ်မှထွက်ရှိသော နာမည်ကျော်ပြာသိုအိုးပြုလုပ်မှုများ လျော့နည်းသွားခြင်းမရှိသော်လည်း လုပ်ကိုင်မှုပုံစံများတစတစပြောင်းလဲလာကြောင်းသိရသည်။ အိုးဘိုရပ်အရှေ့ပိုင်းရှိဘိုးစဉ်ဘောင်ဆက်အိုးလုပ်ငန်းလုပ်ကိုင်သူ မစန်းတင့်က "မြေနီ၊ မြေနက်နှစ်မျိုးပေါင်း ထော်လာဂျီတစ်စီး ၁၈၀၀၀ ကျပ်နဲ့ သဲလှည်းတစ်စီးကို ၂၀၀၀ ကျပ်ရှိတယ်။တစ်ချို့ကတော့ ကိုယ့်ခြံဝန်းထဲကနေ မြေနီတူးပြီးလုပ်တာမျိုးလည်းရှိတယ်။ ဒါကလည်းမြေသားကောင်းမှလုပ်လို့ရတာ။ တစ်ရက်ကို အိုးအလုံးရေ ၅၀ လောက်ပြီးရင် အရင်းနှုတ်လိုက်တော့ နေ့တွက် ၂၀၀၀ ကျပ်လောက်ကျန်တယ်။ လုပ်ပြီးသားအိုးအစိမ်းတွေကိုတစ်လုံး ၂၀၀ကျပ်နဲ့ အိုးဖုတ်တဲ့ပွဲစားတွေကို ရောင်းရတယ်။ ကိုယ်တိုင်ဖုတ်ပြီးမှ ရောင်းမယ်ဆိုရင်တော့ အိုးတစ်လုံးကို ဖောက်သည်ဈေး ၄၅၀ ကျပ်၊ ၅၀၀ ကျပ်ရပြီး လက်လီရောင်းဈေးက ၇၀၀ကျပ်၊ ၈၀၀ ကျပ်ရှိတယ်။ ဒါပေမယ့် ကောက်ရိုးနဲ့ထင်းအကာသားဈေးနှုန်းတွေကြောင့် ကိုယ်တိုင်အိုးဖုတ်နိုင်ဖို့ခဲရင်းကြတယ်"ဟု ဆိုပါသည်။

"အိုးအလုံးတစ်ထောင်ဖုတ်ဖို့ဆိုရင် ထော်လာဂျီသုံးစီးတိုက် ထင်အကာသားအတွက် ခြောက်သောင်းကျပ်၊ ကောက်ရိုးအလိုင်း ၅၀၀ အတွက် လေးသောင်းကျပ်ကုန်ကျတာမို့စရိတ်ကမနည်းဘူးလေ။ ဒါကြောင့် အိုးလုပ်တဲ့သူတွေစုပေါင်းပြီး ဖုတ်ကြသလို ပွဲစားတွေဆီမှာပဲ အိုးအစိမ်းအတိုင်းရောင်းပြီး လုပ်ခနေ့တွက်သဘောမျိုးလုပ်နေကြတာ။ ထုတ်လုပ်မှုကတော့အရင်ထက် လျော့မသွားပါဘူး"ဟု ဆက်လက်ပြောပြပါသည်။

ပြာသိုလအတွင်းပြုလုပ်သောအိုးများမှာ အအေးဓာတ်ပိုမိုဖြစ်ပေါ်စေခြင်းကြောင့် အိုးလုပ်ငန်းလုပ်ကိုင်သူများမှာ ခြေခင်းလက်ခင်းသာသော ပြာသိုလတွင်နှစ်စဉ်ကဲ့သို့ အိုးအလုံးရေအမြောက်အမြားထုတ်လုပ်ကာနိုင်ငံအနှံ့သို့ သင်္ဘော၊ မီးရထားများဖြင့်တင်ပို့မှုရှိကြောင်းသိရသည်။ "ပြာသိုလမှာ နေရောင်မပြင်းတာကြောင့် အိုးလုပ်တဲ့အခါသဲများများသုံးပြီးလုပ်ရတယ်။ နေရောင်ပြင်းရင်မြေကမာလွယ်တာကြောင့် လုပ်ရကိုင်ရတာမကောင်းဘူး။ ပြာသိုအိုးက သဲများများသုံးပြီးလုပ်တော့ ပိုအေးတာပေါ့။ နတ်တော်၊ ပြာသိုက အိုးလုပ်ငန်းအတွက် အကောင်းဆုံးအချိန်ဖြစ်ပြီး တပေါင်း၊ တန်ခူးဆိုခြောက်သွေ့လာတော့ အိုးအထွက်နည်းသွားပြီ။ တပေါင်းဆိုရင်တော့ သင်္ကြန်အိုး(အတာအိုး)တွေစပြီးလုပ်ကြပါပြီ"ဟု အိုးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

မင်းသန့်

■

## အထောက်အထားမခိုင်လုံသော CNG ဓာတ်ငွေ့ယာဉ်များအား ဝယ်ယူခွင့်ယာယီရပ်နားထား

မန္တလေးမြို့တွင်း ပြေးဆွဲသော CNGယာဉ်များတွင် အထောက်အထားမခိုင်လုံသောယာဉ်များအား ဝယ်ယူခွင့် ယာယီရပ်နားထားကြောင်း သိရှိရသည်။

"အခုယာဉ်အိုယာဉ်ဟောင်း အပ်နှံတဲ့အထဲမှာ CNG ကားတွေလည်းပါတယ်။ တချို့ကားတွေက ယာဉ်သာအပ်နှံပြီး ဂတ်စ်အိုးတွေကို တခြားကားတွေ ပြန်ရောင်းကြတယ်။ မူလစာရင်းကို မဖျက်ဘဲနဲ့ ယာဉ်ပြန်သွင်းတဲ့အခါကြတော့ ဂတ်စ်ကားတွေပြန်သွင်းတယ်။ ဒါ့ကြောင့် ဓာတ်ငွေ့ကားတွေကတိုးလာတယ်။ ကျွန်တော်တို့အနေနဲ့ကားတွေတိုးလာရင် လုံလောက်အောင် မရောင်းချနိုင်မှာစိုးလို့ကားတွေကိုအထောက်အထားခိုင်လုံမှုရှိမရှိ စစ်ဆေးနေပါတယ်။ ဒီလိုစစ်ဆေးဆဲကာလမှာတော့ ဝယ်ယူခွင့်ကို ရပ်နားထားပါတယ်။ ခိုင်လုံတဲ့ကားတွေကိုတော့ ပုံမှန်အတိုင်းရောင်း ပေးနေပါတယ်"ဟု မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်အိုးယာဉ်ဟောင်း အပ်နှံသောယာဉ်မှ ဓာတ်ငွေ့အိုးကိုပြန်လည်ဝယ်ယူသောယာဉ်ပိုင်ရှင်များအနေဖြင့် ဓာတ်ငွေ့အိုးပြောင်းလဲတပ်ဆင်ခွင့်ကို ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က မန္တလေး–ကျောက်ဆည်ပြေးဆွဲတဲ့ကားကနေ တဆင့်ပြန်ဝယ်ခဲ့တာပါ။ ယာဉ်ပြောင်းလဲတပ်ဆင်တဲ့အခါမှာလည်း ရုံးလုပ်ငန်းလုပ်ထုံးလုပ်နည်းအတိုင်း လုပ်ခဲ့ပါတယ်။ မြန်မာ့ရေနံနဲ့သဘာဝဓာတ်ငွေ့လုပ်ငန်းကနေ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဝယ်ယူခွင့်စာအုပ် ထုတ်ပေးခဲ့ပါတယ်။ ခြောက်လလောက် ဝယ်ယူခွင့်ရခဲ့ပေမယ့် ဇန်နဝါရီလ ၁၈ရက်နေ့ကစပြီးဝယ်ယူခွင့်မရတော့ပါဘူး။ အရောင်းဆိုင်ကကျွန်တော်တို့ဝယ်ယူခွင့် စာအုပ်တွေကစာရင်းမပေါက်ဘူးလို့ပြောပါတယ်။ အခုဓာတ်ငွေ့ဝယ်ယူလို့မရတဲ့အတွက် လိုင်းပြေးတာရပ်ထားရတယ်။ တခြားကားတွေလို လမ်းဘေးက ဝယ်ဖြည့်လို့ရတဲ့ကားတွေလည်း မဟုတ်ဘူး"ဟုမန္တလေးမြို့တွင်းပြေးဆွဲသော ယာဉ် ပိုင်ရှင်တစ်ဦးက ပြောသည်။

စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိသည့် တရားမဝင် CNG ယာဉ်များသည် ပုံစံအမျိုးမျိုးဖြင့် CNG အရောင်းဆိုင်များတွင်း ဝယ်ယူနေသည့်အတွက်၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဖမ်းဆီးအရေးယူ လျက်ရှိကြောင်း၊ ကျန်ရှိနေသည့် တရားမဝင် CNG ယာဉ်များ၏ နံပါတ်များကိုလည်း ကွန်ပျူတာဖြင့်ဖော်ထုတ်စစ်ဆေးပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ထံ အပ်နှံ၍ ပူးပေါင်းအဖွဲ့များဖြင့် ဂိတ်များ၊ လမ်းမကြီးများပေါ်တွင် ဆက်လက်စစ်ဆေးဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

## ပွင့်သစ်လွင်ပြင်ပန်းချီပြပွဲ ကျင်းပမည်

မန္တလေးမြို့ ၈၄ လမ်း နှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလ ခန်းမတွင် ဖေဖော်ဝါရီလ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်နေ့များတွင် ပွင့်သစ်လွင်ပြင်ပန်းချီပြပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

"ပန်းချီဆရာ ၅၀ ကျော်ရဲ့ ပန်းချီကားပေါင်း ၂၀၀ ကျော်ပါဝင်ပြသမှာပါ။ ပန်းချီကားရောင်းရငွေရဲ့ ၃၀ ရာခိုင်နှုန်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)ရဲ့ ရန်ပုံငွေ အဖြစ် လှူဒါန်းသွားမှာဖြစ်ပြီး ကျန်တဲ့ ၇၀ ရာခိုင်နှုန်းကတော့ ပန်းချီဆရာအတွက်ပါ"ဟု ပန်းချီပြပွဲ ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောသည်။

■

## မန္တလေးမြို့တွင် တစ်ရက်တည်း အချိန်သုံးနာရီသာခြားကာ မီးလောင်ကျွမ်းမှုနှစ်ကြိမ်ဖြစ်ပွား

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်တွင် ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက်အစောပိုင်း၌ မီးနှစ်ကြိမ်လောင်ကျွမ်းခဲ့ပြီး လူနေအိမ်ခြေ(၂၆) လုံး မီးလောင်ဆုံးရှုံးခဲ့ရပြီး အိမ်ထောင်စု(၂၈)စုနှင့် လူဦးရေ (၁၀၆) ဦး မီးဘေးဒုက္ခခံစားခဲ့ရကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့၊မာလာကာခြံအရပ် အကွက်(၄၈၂)တွင် နံနက် ၂ နာရီ ၃၀မိနစ်ခန့်ကမီးလောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း၊ အလားတူ အချိန်သုံးနာရီခြားကာ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိအရပ် အကွက် (၁၄၀) ၁၇လမ်းနှင့် ၁၈ လမ်းကြား၊ ၈၂ လမ်းတွင် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်က မီးလောင်ကျွမ်းမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

"ဒီရပ်ကွက်အနေနဲ့ အခုလိုမျိုးမီးလောင်တာ မထမဆုံးအကြိမ်ပဲ။ မီးလောင်တဲ့အချိန်ကလည်း အိပ်မောကျနေတဲ့ အချိန်ကြီး။ ရပ်ကွက်ထဲကအမျိုးသမီးတစ်ယောက်က မီးလောင်နေတယ်လို့ အော်သံကြားတော့ ထွက်ကြည့်တဲ့အချိန်မှာ မီးတောက်ကတော်တော်လေးကြီးနေပြီ မနိုင်တော့ဘူး။ ဘာပစ္စည်းမှလည်းယူ ချိန်မရလိုက်ဘူး။ တစ်ဖက်အိမ်မှာရှိတဲ့အသက်(၈၀)ကျော်အမေနဲ့ (၁၀) တန်းကျောင်းသူ သမီးလေးကို ပြေးခေါ်ရတယ်။ ကျွန်တော်အိမ်ကတော့ မြင်တဲ့အတိုင်းပါပဲ ပြာပဲကျန်တော့တယ်"ဟု မဟာအောင်မြေမြို့နယ်၊ အကွက်(၄၈၂)



အတွင်းနေထိုင်သူ ကိုမိုးသူက ရှင်းပြသည်။

အဆိုပါမီးလောင်မှုနှစ်ကြိမ်တွင် မဟာအောင်မြေမြို့ နယ်၌ဖြစ်ပွားခဲ့သော မီးလောင်မှုမှာ မီးလောင်ချိန် ၅၀ မိနစ်ခန့် ကြာမြင့်ခဲ့ကာ RC နံကပ်နှစ်ထပ် ၄လုံး၊ တစ်ထပ် ၁လုံး အပါအဝင် သွပ်မိုးထရံကာ နှစ်ထပ် ၄ လုံး၊ တစ်ထပ် ၁လုံးနှင့် ဝါးကပ်ထရံကာနှစ်ထပ် ၄ လုံး၊ တစ်ထပ် (၁၃)လုံး စုစုပေါင်းအိမ်ခြေ (၂၆) လုံး ထပ်ဆုံးရှုံးခဲ့သည်။ အောင်မြေသာစံမြို့နယ်၌ လောင်ကျွမ်းခဲ့သောမီးလောင်မှုကြောင့် ၁၈ ပေ၊ ၂၅ပေနှင့် ၈ပေပတ်လည် RCနှစ်ထပ်မီးဖိုဆောင်အတွင်းရှိ ပန်းကန်စင်နှင့်သစ်သားစားပွဲခုံတစ်လုံး မီးလောင်ကျွမ်းဆုံးရှုံးခဲ့ကြောင်းသိရသည်။

ပထမအကြိမ်မီးလောင်ရာသို့ မီးသတ်ယာဉ်(၅၃)စီး အပါအဝင် သန္ဓေမီးသတ်အင်အား(၄၀)နှင့် အရန်မီးသတ်အင်အား(၂၃၅)တို့မှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း၊ဒုတိယအကြိမ် မီးလောင်ရာသို့ မီးသတ်ယာဉ် (၁၀)စီး၊ သန္ဓေမီးသတ်အင်အား(၁၀)ဦး အပါအဝင် အရန်မီးသတ်အင်အား(၃၀)တို့မှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြကြောင်း သိရှိရသည်။

■



# ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပိုမိုပြိုကျလာ၍ ကျေးရွာများနှင့် သီးနှံစိုက်ခင်းမြေများ နစ်စဉ်ဆုံးရှုံးမှုများလာ



ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ပခုက္ကူမြို့နယ်ရှိ မြစ်ကမ်းပါးပြိုကျမှုကို တွေ့ရစဉ်

ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ပခုက္ကူမြို့နယ်မြစ်ကမ်းပါးဘေးရှိ ကျေးရွာများနှင့်စိုက်ပျိုးမြေဧကပေါင်းများစွာ နစ်စဉ်ဆုံးရှုံးမှုများပြားလာကြောင်း၊ မြစ်ကမ်းပါးပြိုမှုကြောင့် ရွာမြေနေရာ ရွှေ့ပြောင်းရမှုနှင့် သီးနှံစိုက်ပျိုးရန် အခက်အခဲပေါင်းများ ကြုံတွေ့နေရကြောင်းလည်း သိရသည်။

ဧရာဝတီ(ပခုက္ကူ)တံတားကြီးအောက် မြစ်ကမ်းဘေးရွာများဖြစ်သောကုက္ကိုလှ၊ကုက္ကိုကုန်း၊ သဘော်ကုန်း၊စပယ်ကုန်း၊အနောက်မြင်းကျွန်း၊ မရိုးကုန်း၊ သိမ်ကုန်း၊ ရှားတော၊ ထနောင်းကုန်း၊ ရာကျော်ခုံရွာများအနက် အနောက်မြင်းကျွန်း၊ မရိုးကုန်း၊ သိမ်ကုန်း၊ ရှားတော၊ ထနောင်းကုန်းရွာများမှာအဆိုးဆုံးအခြေအနေရောက်ရှိနေကြပါသည်။ "ကျွန်တော်တို့ရွာရွှေ့ပြောင်းရတာဒါနဲ့ဆို သုံးခါရှိနေပြီ၊ ရွှေ့စရာမြေလည်းမရှိတော့ဘူး။ စိုက်ပျိုးလုပ်ကိုင်စားသောက်ဖို့မြေလည်း ကုန်နေပြီ"ဟုသိမ်ကုန်းရွာသားတစ်ဦးက ပြောပါသည်။ "ရွာရဲ့မူလပင်မနေရာက အခုသဘော်တွေခုတ်မောင်းနေတဲ့နေရာပေါ့။ ကမ်းပါးပြိုတိုင်းရွှေ့ခဲ့ရလို့ ငွေအခက်အခဲ၊မြေအခက်အခဲတွေကြောင့်လေးမိုင်ခန့်ဝေးတဲ့ပခုက္ကူမြို့တက်ပြီး ကြုံရာကျပန်းနေ့ချင်းပြန်သွားလုပ်နေရတယ်"ဟု မရိုးကုန်းရွာသားတစ်ဦးကလည်း ပြောပါသည်။ သိမ်ကုန်းရွာရှိ ပေ ၉၀ အရှည်၊ အမြင့် ၃၀ ပေ၊ ၁၁ ပင်၊ ၁၀ ခန်း၊ နှစ်ထပ်ကျောင်းတော်ကြီးအရေးကိုလည်း ဒေသခံများကစိုးရိမ်ပူပန်လျက်ရှိပါသည်။ "မြို့မှာလို ငွေရှိတိုင်းမြေကဝယ်မရဘူးဗျ။ စိုက်ပျိုးမြေမရှိတာထက် နေစရာမြေမရှိရင် ပိုဒုက္ခရောက်တော့မယ်"ဒေသခံရွာသားတစ်ဦးကပြောသည်။ ဒေသခံအများစုမှာ ဘိုးဘွားဘီဘင်လက်ထက်ကတည်းကနေထိုင်ခဲ့သော နေရာများကိုစွန့်ခွာလိုစိတ်နည်းကြကြောင်း၊ မြစ်ကမ်းပါးပြိုမှုဒဏ်ခံနိုင်စေရန် ယခင်နှစ်ကတတ်စွမ်းသမျှကျပ်သိန်း ၃၀ ကျော်တန်ရေကာတာလုပ်ဆောင်ခဲ့သော်လည်း အကျိုးမရှိဆုံးရှုံးခဲ့ရကြောင်း သိရသည်။

"ကျွန်တော်တို့ ရွာတွေဆီကို ဦးတိုက်နေတဲ့ ရေလမ်းကြောင်းကို ပြောင်းပေးဖို့လိုအပ်ပါတယ်။ ပခုက္ကူမြစ်ကြောင်းကောင်းသွားရင် ကမ်းပါးပြိုတာတွေသက်သာမယ်လို့ ထင်ပါတယ်"ဟု အနောက်မြင်းကျွန်းရွာသားတစ်ဦးက ပြောသည်။

ပခုက္ကူမြို့အနီး ဖြတ်သန်းစီးဆင်းသောမြစ်ကြောင်းသည်တပေါင်းတန်ခူးရေနည်းပါးလျက် သဲသောင်များ အမြဲပေါ်ထွန်းလျက်ရှိကြောင်း၊ ထိုသဲသောင်များကြောင့် လက်ပန်ခြေပေါ်ဘက်မှ စီးဆင်းလာသောဧရာဝတီမြစ်ရေမှာ မရိုးကုန်း၊ သိမ်းကုန်း၊ ထနောင်းကုန်းရွာဒေသများသို့ နှစ်စဉ်ဦးတိုက်စုန်ဆင်းနေ ကျေးရွာအများစုဒုက္ခကြုံတွေ့နေရကြောင်းလည်း သိရသည်။

*နေဦးမောင်(ပခုက္ကူ)*





## အထွက်နှုန်းနည်းသည့်အပြင် စပါးဈေးမကောင်း၍ တောင်သူများ ချေးငွေအတွက် အခက်အခဲရှိနေ

အထွက်နှုန်းနည်းသည့်အပြင် စပါးဈေးမကောင်းသောကြောင့် တောင်သူများချေးငွေအတွက်အခက်အခဲများရှိနေကြောင်း သိရသည်။

"သက်ဆိုင်ရာကတောင်သူတွေကို စပါးဈေးကောင်းရစေချင်တယ်။ ကျပ် ၃၂၀၀၀၀ ဈေးရစေချင်တယ်လို့ပြောနေပေမယ့်စပါးမရှိတော့ကျပ်သုံးသိန်းဈေးလည်းမရပါဘူး။ စပါးဈေးကွက်ကလည်း ပျောက်သလိုဖြစ်နေတယ်။ ကျွန်တော်တို့ဒေသမှာ အခုလက်ရှိကျပ် ၂၆၀၀၀၀၊ ၂၇၀၀၀၀ ဈေးပဲရှိပါတယ်။ ဒါပေမယ့်လည်း ဝယ်လက်ပျောက်နေပါတယ်။ရောင်းလို့ရရင်လည်း အကြွေးတွေကများတယ်။ စပါးဈေးမကောင်းတော့ အစိုးရကိုပေးရမယ့် ချေးငွေ၊ကုမ္ပဏီတွေကို ပေးရမယ့်ငွေတွေအတွက် အခက်အခဲရှိပါတယ်"ဟု လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စုမှ ဒေသခံတစ်ဦးက ပြောကြားသည်။

"ရန်ကုန်တစ်နေရာမှာ ကျပ် ၁၂၀၀၀ ဈေးရတယ်ဆိုလို့သွားရောင်းတဲ့အခါ ကျပ် ၁၀၈၀၀၊ ၁၀၅၀၀ ပဲရပါတယ်။ ဒီနှစ်မှာမိုးကြောင့် နှစ်ခါပြန်စိုက်ရလို့အထွက် မကောင်းရတဲ့အထဲဈေးကလည်းမရတော့တောင်သူတွေတော်တော်အခက်အခဲဖြစ်နေပါတယ်"ဟုဒေသခံတောင်သူတစ်ဦးကပြောကြားသည်။ *အောင်ကျော်မျိုး*

## မယ်တော်ကမ်းနဖူးရှိ သောင်ရင်းနယ်ခြားဈေးရုံကြီးတွင် နယ်စပ်တံတားဖွင့်လှစ်ပြီးနောက်အရောင်းအဝယ်ပိုသွက်လာ



မြဝတီတစ်ဖက်ကမ်းသောင်ရင်းမြစ်အနားသတ်စည်းတွင်ဖွင့်လှစ်ထားသည့် မယ်တော်နယ်ခြားဈေးရုံကြီးတွင်မြန်မာ့အနုပညာလက်ရာပန်းပုများကို တခမ်းတနားခင်းကျင်းရောင်းချလျက်ရှိခြင်းကြောင့် ပြည်တွင်းပြည်ပခရီးသွားများအားဆွဲဆောင်လျက်ရှိပြီး ၁၇ လကြာ ယာယီပိတ်ထားခဲ့သည့် နယ်စပ်တံတားပြန်လည်ဖွင့်လှစ်လိုက်ပြီးနောက် အရောင်းအဝယ်ပိုမိုသွက်လာကြောင်း အဆိုပါဈေးတွင်ပန်းပုဆိုင်ဖွင့်လှစ်ရောင်းချနေသူများထံမှ သိရသည်။

ထိုင်းနိုင်ငံ တာ့ခရိုင်ချစ်ကြည်ရေးတံတားထိပ် သောင်ရင်းမြစ်ကမ်းနဖူးရှိ နယ်ခြားဈေးရုံကြီးတွင်စားသောက်ကုန်ပစ္စည်းများရောင်းချခြင်းမရှိဘဲ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာ ပန်းပုရုပ်များ၊ ထိုင်းယဉ်ကျေးမှုပန်းပုရုပ်များ၊ ထိုင်းနိုင်ငံလုပ်လူ့အသုံးအဆောင်များ၊ တရုတ်နိုင်ငံထုတ်လူသုံးကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊အဝတ်အထည်များအဓိကရောင်းချလျက်ရှိကြောင်းသိရသည်။

နယ်ခြားဈေးရုံကြီးတွင် မြန်မာအနုပညာပန်းပုများအပြင်ယွန်းထည်များ၊ ရွှေချည်ထိုးငွေချည်ထိုးများ၊ ကျောက်စိမ်း၊ပယင်းနှင့်တိုင်းရင်းသားများ၏ရိုးရာဝတ်စုံများလည်းခင်းကျင်းရောင်းချလျက်ရှိကြောင်း သိရသည်။

## တာ့ခရိုင်အခြေစိုက် ကိုရီးယားလုပ်ငန်းရှင်များ နေပြည်တော်တွင် အလုပ်ရုံစက်ရုံခွဲများ ဖွင့်လှစ်မည်

အိမ်နီးချင်းထိုင်းနိုင်ငံ တာ့ခရိုင် မယ်ပနယ်အတွင်း အခြေချလုပ်ကိုင်လျက်ရှိသော ကိုးရီးယားနိုင်ငံသား စက်ရုံအလုပ်ရုံပိုင်ရှင်များအနေဖြင့် တရုတ်ပြည်စီးပွားရေးဈေးကွက်နှင့် ကုန်သွယ်မှုလွယ်ကူမည့်မြန်မာနိုင်ငံ နေပြည်တော်စက်မှုဇုန်တွင် စက်ရုံအလုပ်ရုံခွဲများဖွင့်လှစ်နိုင်ရန်အဆောက်အဦးပိုင်းများပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တာ့ခရိုင်အတွင်းရှိ မဲဆောက်၊ မယ်တော်၊ မယ်ပနယ်တွင်စက်ရုံအလုပ်ရုံအမြောက်အမြားရှိရာ ကိုရီးယားလုပ်ငန်းရှင်များ ပိုင်ဆိုင်သည့် လျှပ်စစ်ပစ္စည်းကျိုင်များ(အရွယ်အစားစုံ) ထုတ်လုပ်သည့်စက်ရုံတွင် မြန်မာအလုပ်သမား ၅၀၀ ကျော်ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။

“ညီမတို့ မကြာခင်နေပြည်တော်မှာသွားလုပ်ရမယ်။ ဘာလို့လဲဆိုတော့ ကိုရီးယားလူမျိုးသူဌေးက ပြောတယ်။ ထိုင်းမှာလုပ်လည်း မြန်မာအလုပ်သမားတွေပဲအားကိုးရတယ်။ တရုတ်ဈေးကွက်ကိုတင်ပို့ဖို့လွယ်ကူအောင် နေပြည်တော်မှာ စက်ရုံဖွင့်လှစ်ဖို့အဆောက်အဦပိုင်းတွေပြင်နေပါပြီ။ ပြီးရင်မြန်မာအလုပ်သမားတွေခေါ်မယ်။ ညီမတို့ကနည်းပြအနေနဲ့သွားလုပ်ရမယ်။ စက်ကရိယာတွေ ကတ်ကြေးကအစ ဂျပန်ဖြစ်ပဲသုံးတယ်။ ထိုင်းကတ်ကြေးတွေဆို ဝါယာကြိုးဖြတ်လို့မရဘူး။ စက်ကိရိယာတွေစုံမှဆိုတော့ ဧပြီလလောက်ဖြစ်မယ်လို့ ပြောပါတယ်”ဟု မယ်ပနယ်ရှိလျှပ်စစ်ဝါယာကြိုးကွိုင်များ ထုတ်လုပ်သည့် စက်ရုံမှမြန်မာအမျိုးသမီးတစ်ဦးက ပြောသည်။

“စက်ရုံထဲမှာ အလုပ်ခွင်အုပ်ချုပ်သူထိုင်းအမျိုးသမီးတွေတောင် သူဌေးရှိနေရင် သူတို့စတိုင်အတိုင်းအတိုအပြတ်မဝတ်ရဲကြဘူး။ မြန်မာတွေဝတ်သလိုပဲဝတ်ကြတယ်။ ဒီစက်ရုံမှာမြန်မာယဉ်ကျေးမှုလွှမ်းပါတယ်”ဟုဆက်လက်ပြောကြားသည်။

သောင်ရင်းတစ်ဖက်ကမ်း တာ့ခရိုင်အတွင်း စက်ရုံအလုပ်ရုံရာနှင့်ချီရှိနေပြီးယင်းစက်ရုံများတွင် မြန်မာအလုပ်သမားအမြောက်အမြားဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း၊ နိုင်ငံခြားလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင်လာရောက်ပြီး စက်ရုံအလုပ်ရုံများဖွင့်လှစ်လိုကြကြောင်း အဆိုပါစက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နေသူများထံမှသိရသည်။

*ကိုရွှေသိန်း(မြဝတီ)*

## နေပြည်တော်ပျဉ်းမနားမြို့နယ်တွင်း၌ မီးဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် လုပ်ငန်းများနှင့် ဓာတ်ငွေ့ပစ္စည်းများရှိသည့်နေရာများကို စစ်ဆေးမည်



၂၀၁၀ ပြည့်နှစ်အတွင်းက ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားခဲ့စဉ်

နေပြည်တော်ပျဉ်းမနားမြို့နယ်၌ မီးဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်မှုကို ကြိုတင်ကာကွယ်ရန်အတွက်စက်မှုလက်မှုလုပ်ငန်းများ၊ မီးဘေးအန္တရာယ်ဖြစ်စေနိုင်သည့်ဓာတ်ငွေ့ပစ္စည်းများရှိသည့်နေရာများနှင့် ဆေးရုံများကိုစစ်ဆေး၍လူထုကြား၌ အသိပညာဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ပွင့်လင်းရာသီရောက်ရင် ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ရပ်ကွက်တွေ၊ မြို့နယ်တွေမှာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုတွေပြုလုပ်ပါတယ်။ ပြီးခဲ့တဲ့လက ရန်ကုန်မြို့မှာဖြစ်ပေါ်တဲ့ ပေါက်ကွဲမှုဖြစ်စဉ်ပြီးတဲ့နောက်မှာ နေပြည်တော်မှာလည်း ဘေးအန္တရာယ်ဖြစ်စေနိုင်မယ့်ပစ္စည်းတွေကို ဒေသအာဏာပိုင်တွေနဲ့ပူးပေါင်းပြီး စစ်ဆေးဖို့ ညွှန်ကြားထားပါတယ်။ လက်ရှိမှာ ဆီဆိုင်တွေကို စစ်ဆေးတာရှိသလို လုပ်ငန်းခွင်ထဲမှာဆိုရင်အန္တရာယ်ရှိနိုင်တဲ့ လုပ်ငန်းတွေ၊ ဆေးရုံလိုနေရာမျိုးတွေမှာ မီးလန့်မယ်ဆိုရင် မီးခိုးငွေ့ရတာနဲ့ သေဆုံးနိုင်တဲ့လူနာတွေရှိတယ်။ ဒါကြောင့်ဒီလိုနေရာတွေကိုစစ်ဆေးပြီး လိုအပ်ရင်လိုအပ်တဲ့အသိပညာပိုင်းတွေဖြန့်ဝေသွားမှာပါ”ဟု ပျဉ်းမနားမြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုပါသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ဝင်များကို သင်တန်းများပို့ချခြင်း၊ စာသင်ကျောင်းအခြေပြုအသိပညာဖြန့်ဝေခြင်း၊ ဆေးရုံများ၊ ဆီဆိုင်များ၊ ဈေးများနှင့် စက်မှုလက်မှုလုပ်ငန်းများလုပ်ကိုင်သည့်နေရာများတွင် ရပ်ကွက်အလိုက်စစ်ဆေးမှုများကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ဖို့ စစ်ဆေးမှုပြုလုပ်တဲ့အခါလုပ်ငန်းတစ်ခုချင်းစီမှာအားနည်းချက်တွေရှိတာတွေ့ရတယ်။ ဥပမာအားဖြင့် အချို့လုပ်ငန်းတွေဆို ဓာတ်ကြိုးကိုယာယီသွယ်တန်းကြိုးသုံးတာများတယ်။ ရပ်ကွက်တွေမှာဆိုရင် မီးချိတ်၊ မီးကတ်ထားရှိရင်တောင်မှ စံချိန်စံညွှန်းမမီတာတွေတွေ့ရတယ်။မီးသတ်ဆေးဘူးထားရှိမှုလည်းနည်းပါးတာတွေ့ရတယ်”ဟုၦင်းကဆက်လက်ရှင်းပြခဲ့သည်။

ပြီးခဲ့သည့်၂၀၁၁ ခုနှစ်တစ်နှစ်တာကာလတွင် နေပြည်တော်ပျဉ်းမနားမြို့နယ်၌မီးလောင်ကျွမ်းမှု ၁၂ ကြိမ်ဖြစ်ပွားခဲ့ကာ မီးဖိုမီးနှင့်ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းမှု ၇၅ ရာခိုင်နှုန်းရှိပြီးလျှပ်စစ်မီးလောင်ကျွမ်းမှုမှာ ၂၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

*နေပြည်တော်သတင်းအဖွဲ့*

## မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပဲခူးအသင်းခွဲမှ အခမဲ့ကွင်းဆင်းကုသ

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပဲခူးအသင်းခွဲမှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကြီးကျေးရွာတွင် သွားနှင့်ခံတွင်းအခမဲ့ကွင်းဆင်းကုသပေးမှုအစီအစဉ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပဲခူးအသင်းခွဲအနေဖြင့် ပထမဦးဆုံးအကြိမ်ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး သွားဘက်ဆိုင်ရာ ဆရာဝန် ၁၃ ဦးဖြင့် လူနာဦးရေ ၁၅၀ ကျော်ကိုကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင်ကျန်းမာရေးအသိပညာဟောပြောပွဲကိုပါ ကျင်းပနိုင်ခဲ့ကြောင်း သိရှိရသည်။

လူနာများအား ဆေးဝါးများနှင့်အတူသွားတိုက်ဆေးဘူး၊ သွားတိုက်တံများကိုပါ အခမဲ့ဖြန့်ဝေပေးခဲ့သည်။ အဆိုပါကုမ္ပဏီအစီအစဉ်အတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို ပဲခူးမြို့ရှိမေတ္တာဦးဆေးစတိုးမှ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*ထင်ပေါ်(ပဲခူး)*

## ယခုနှစ်ရခိုင်ဒေသ ဆားအထွက်နှုန်းနည်းနိုင်ကြောင်း သိရ

ယခုနှစ်အတွင်းရခိုင်ပြည်နယ်မှဆားဈေးကွက်ပြန်လည်ရှင်သန်လာသည့်တိုင်ဆားအထွက်နှုန်းနည်းနိုင်ကြောင်းလုပ်ငန်းရှင်များက သုံးသပ်ပြောဆိုကြပါသည်။ ဆားသည်ပြည်နယ်တွင်းထွက်ကုန်တစ်ခုဖြစ်သည့်တိုင်ဝယ်လိုအား ကျဆင်းနေသဖြင့် ဆားဈေးကွက်အတွက် ဆားဈေးများအေးနေခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်ကြောင်း၊ ဆားဈေးပြန်ကောင်းလာသည်ဆိုသော်လည်းခဏတာဖြင့်ပြန်ကျသွားလေ့ရှိကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆားလိုအပ်ချက်ကိုအခြေခံကာ ထုတ်လုပ်နေရခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

ယခုအခါတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆားများဝယ်ယူမည်ဆိုသော်လည်း ရခိုင်မှဆားတင်ပို့နိုင်မှုသည် လွန်စွာနည်းပါးမည်ဖြစ်ကြောင်း၊ ယခင်လက်ဟောင်းဆားများကိုသာတင်ပို့ကြရမည်ဖြစ်ပြီးဆားသစ်ထွက်ရှိမှုမှာအရင်နှစ်များကထက် လျော့နည်းသွားနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်သည်။

“အခုမှ ဘင်္ဂလားဒေ့ရှ်ကိုဆားပို့မယ်ဆိုတော့ ဆားအထွက်နှုန်းက သိပ်မရှိတော့ဘူး။ ဆားဈေးကောင်းမရတဲ့အတွက်ထုတ်လုပ်သူတွေလည်း သိပ်မရှိတော့ဘူး။ ထုတ်လုပ်မှုစရိတ်နဲ့ကိုက်မှသာပြန်ရောင်းနိုင်ကြမှာကိုး။ ဆားဈေးကွက်ဟာဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ခုတည်းကိုမှီခိုနေရတာလည်းပါတာပေါ့။ ရိုးမရှေ့ဘက်ကိုတင်ပို့တာကပုံမှန်မရှိဘူး။ လိုအပ်တဲ့အချိန်မှတင်ပို့ရတာဆိုတော့ ဆားလုပ်ငန်းတွေ အခက်တွေ့ရတယ်။ ဒါပေမယ့် ဆားဂိုဒေါင်တွေထဲမှာတော့ မနှစ်ကဆားတွေတောင်ရှိသေးတယ်။ အခုဆားသစ်ပေါ်လာတော့ ဆားသစ်နဲ့ဆားဟောင်း နှစ်မျိုးဖြစ်လာတယ်။ တင်ပို့နိုင်မယ်၊ ဝယ်လိုအားတွေရှိလာတဲ့တိုင်နှစ်ဖက်အဆင်ပြေတဲ့ဈေးနှုန်းဖြစ်ဖို့တော့ လိုတယ်”ဟုဆားလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

ဈေးကွက်အတွင်း ဆားတစ်ပိဿာမှာကျပ် ၁၀၀ ကျော်ရှိသော်လည်း ဆားကြမ်းတစ်ပိဿာမှာ ၂၅ ကျပ်ခန့်ဈေးရှိကြောင်း၊ ကုန်ကျမှုများကိုထည့်ပေါင်းလျှင် ဂိုဒေါင်အရောက်ဆားတစ်ပိဿာဈေးမှာ ကျပ် ၄၀ ခန့်ကုန်ကျကြောင်း၊ လက်ရှိသတင်းများအရ ဆားတင်ပို့မှုများကို ဘင်္ဂလားဒေ့ရှ်မှ လက်ခံမည်ဆိုခြင်းမှာဆားလုပ်ငန်းရှင်များအတွက် ကောင်းသောအခြေအနေဖြစ်ကြောင်း သိရသည်။

*လှိုင်(စစ်တွေ)*

## မိလ္လာတွင်းထဲသို့ လက်စွပ်ဆင်းရှာသူ သုံးဦးအသက်ဆုံးရှုံး



မိလ္လာတွင်းထဲသို့ ဆာဖြူရစ်အက်ဆစ်ပြင်းထည့်ပြီး လက်စွပ်ဆင်းရှာသူသုံးဦးအဆိပ်ငွေ့ရှူမိပြီး အသက်ဆုံးရှုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီလ ၁၆ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်စံပြကျေးရွာ ပြည်တော်သာလမ်းနေ ကိုမျိုးမြင့်(ခ)ကွန်ဗလိုင်(၃၉)နှစ်၏ဇနီး မခင်ခင်မိုးသည် အိမ်သာတက်ရင်းငါးမူးသားရွှေလက်စွပ်တစ်ကွင်းမိလ္လာကျင်းသို့ ကျသွားခဲ့ရာ လက်စွပ်ပြန်လည်ရှာဖွေရန် အနီးနားနေထိုင်သူများကို အကူညီတောင်းခံခဲ့သည်ဟုသိရပါသည်။ ကိုမျိုးမြင့်သည်ဒေသတွင်း ရော်ဘာခြံများတွင်အသုံးပြုကြသော ဆာဖြူရစ်အက်ဆစ်သုံးပုလင်းရှာဖွေကာမိလ္လာကျင်းထဲလောင်းထည့်ပြီးနာရီဝက်ခန့်အကြာတွင်နော်ကိုကို(ခ)စိတ်တို(၃၄)နှစ်(ဘ)ဦးဥာဏ်သိန်းက ပထမဆုံးဆင်းသွားရာ အချိန်အနည်းငယ်ကြာသည်အထိ မည်သည့်အသံမကြား၍ ကိုမျိုးမြင့်လိုက်ဆင်းသွားပြီး ကျင်းထဲ၌လဲကျသွားကြောင်း၊ ကျင်းအနီးရှိနေသော ဦးအုံးတင်(ခ)ဖိုးညြ(၅၂)နှစ်(ဘ) ဦးအေးမောင်က အိမ်ရှင်အမျိုးသမီးကိုအသိပေးကာအကူအညီပေးရန်လိုက်ဆင်းခဲ့ပြီးကျင်းထဲအရောက်လဲကျငြိမ်သက်သွားကြောင်း၊ ကျင်းအနားရောက်နေသော ဦးအောင်မြတ်က ကူညီရန်ကျင်းထဲသို့ဆင်းနေစဉ်ပတ်ဝန်းကျင်အနီးအနားကလူအများဝိုင်းဝန်းဆွဲတင်ကာသတိရစေရန်ပြုလုပ်ပြီး သံဖြူဇရပ်မြို့နယ်ဆေးရုံသို့ပို့ဆောင်ခဲ့ရာပြန်လည်သက်သာလာကြောင်းသိရသည်။ ကျင်းထဲကျနေသူသုံးဦးအားဆယ်တင်နိုင်ခဲ့သော်လည်းအသက်ဆုံးရှုံးခဲ့ပြီးဖြစ်စဉ်အားအပိုင်ရဲစခန်းက သေမှုသေခင်း(၂/၂၀၁၂)ဖြင့်အမှုဖွင့်ထားကြောင်းဟုသိရသည်။

*မောင်မောင်ရွှေမြိုင်(မော်လမြိုင်)*

## ဆီးဝယ်လက်မရှိ၍ အညာဒေသဆီးဈေးကွက်အခြေအနေဆိုးဝါးလျက်ရှိ

ပြည်ပဝယ်လက်မရှိ၍ ၂၀၁၁ ခုနှစ်အတွင်း အညာဒေသဆီးဈေးကွက်အခြေအနေဆိုးဝါးနေကြောင်း၊ ပခုက္ကူဒေသမှ နှစ်စဉ်ဆီးရာသီအချိန်တင်းပေါင်း ၁၀ သိန်းဝန်းကျင်ထွက်ရှိကြောင်း သိရသည်။

ဆီးရာသီမှာ မတ်၊ ဧပြီ၊ မေလများဖြစ်ပြီးကျန်ရာသီ၌ခပ်ပါးပါးသာရှိကြောင်း၊ပခုက္ကူခရိုင်အတွင်းပေါက်၊ မြိုင်ဒေသများမှာ ဆီးထွက်အားအကောင်းဆုံးဖြစ်ကြောင်းသိရသည်။

“ဆီးကကြက်သွန်လို မဟုတ်ဘူး။ ဈေးကိုက်ရင်ခုလှောင်ခုရောင်းလို့ရတယ်။ ဆီးက ကုန်ကြမ်းကနေကုန်ချောဖြစ်အောင်အနိမ့်ဆုံးခြောက်လကြာမှရောင်းရတယ်။ဈေးကောင်းရလည်းရောင်းလို့မရဘူး။ ကုန်ချောရတဲ့အချိန်ဈေးကကျသွားရော”ဟု ဆီးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းဆီးဈေးကွက်အခြေအနေမှာ ဆီးခြမ်းတစ်တင်းခွဲတစ်အိတ်ကျပ် ၁၀၀၀၊ အချဉ် သီးဆီးဆံတစ်တင်းခွဲကျပ် ၇၈၀၀၊ ဆီးမှုန်တစ်အိတ်ကျပ် ၅၀၀၊ ဆီးအခွံတစ်အိတ်ကျပ် ၅၀၀၊ ဆီးသီးအခြောက်တစ်တင်းကျပ် ၁၅၀၀ မှ ၂၀၀၀၊ဆိတ်စားဆီးကျပ် ၄၀၀၀ မှ ၆၀၀၀ ဈေးရှိကြောင်း၊ ဆီးဆံကိုသာ တရုတ်နှင့်ကိုရီးယားက ဝယ်ယူကြကြောင်းသိရသည်။ ဆီးဆံနှုန်း ကျပ် ၁၈၀၀၀ အထိ ၂၀၁၀ ပြည့်နှစ်မေလပိုင်းကကောင်းခဲ့၍ တောင်သူနှင့် လုပ်ငန်းရှင်များအဆင်ပြေခဲ့ကြောင်း၊ ပြည်တွင်းစားသောက်ကုန်လုပ်ငန်းအများစုမှာအညာဒေသဆီးချဉ်ဖြန့်အားနည်းပြီးအချိုသီးကိုလည်း ပုလဲ၊ မုဒုံနယ်များမှတစ်ပိဿာ ကျပ် ၄၅၀ နှုန်းသာရ၍နှစ်စဉ်ပြည်ပဝယ်လက်ကိုအားထားနေရကြောင်း သိရသည်။

“ဆီးလုပ်ငန်းကလက်ဝင်တယ်။ ကြာကြာလှောင်ထားရင်လည်းအရောင်မလှဘူး။ အနံ့ကလည်းမကောင်းတဲ့အပြင် အရသာကလည်း နည်းသွားတယ်။ ဆီးဝယ်ယူပြီးခြမ်းရတယ်။ ပြာရတယ်။ အမှုန့်အဆံခွဲထုတ်ရတယ်”ဟု ဆီးလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ဆီးလုပ်ငန်း၌ နေ့စားအလုပ်သမားများသာရှိပြီး ကျပ် ၂၅၀၀၊ ၃၀၀၀ ဝန်းကျင်ဖြစ်ပြီး ပြာခမှာတစ်ပြည်ကျပ်၂၅၀ ဖြစ်ကြောင်း သိရသည်။

*နေဦးမောင်(ပခုက္ကူ)*

## ပဲခူးမြို့နှင့်သနပ်ပင်မြို့အကြား ကားလမ်းမပေါ်တွင် ထွန်စက် (ထွေလာ)တစ်စီး တိမ်းမှောက်

ပဲခူးမြို့နှင့်သနပ်ပင်မြို့အကြား ပဲခူး–သနပ်ပင် ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ်(၅/၃)နှင့် (၅/၄) အကြားတွင် ဇန်နဝါရီလ ၁၇ရက်နေ့ ည၁၀း၃၀နာရီအချိန်ခန့်၌ ထွန်စက်(ထွေလာ)တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီးလူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ခရမ်းမြို့နယ်ထွက် ဖရဲသီးအလုံး ၆၀၀ခန့်တင်ဆောင်ကာ ပဲခူးဘက်သို့မောင်းနှင်လာစဉ်(ZETOR) အမျိုးစားထွန်စက်မှာလက်ယာဘက်ရှေ့ဘီးပြုတ်ထွက်၍လမ်း၏ညာဘက်အခြမ်းသို့ကျပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကံထူးကျေးရွာနေယာဉ်မောင်း စိန်သန်း(၄၆)နှစ်မှာ ထွန်စက်ခေါင်းတွဲပိ၍ အခင်းဖြစ်နေရာ၌ပင်သေဆုံးခဲ့ကြောင်းသိရသည်။ *ထင်ပေါ်(ပဲခူး)*

## မြဝတီကုန်သွယ်မှုလမ်း(အာရှလမ်း)ပိုင်းရှိ လမ်းကျိုးချိုင့်ခွက်များကြောင့် ယာဉ်တိမ်းမှောက်မှုနှင့် ကုန်စည်စီးဆင်းမှုများနှောင့်နှေး

ပြည်တွင်းသို့ ကုန်စည်ထိုးဖောက်ဝင်ရောက်မှု အကောင်းဆုံးဖြစ်သော မြဝတီနယ်စပ်စီးပွားရေးကုန်သွယ်မှုလမ်းကြောင်းပေါ်မှ နေ့စဉ်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်ကြီးငယ် ၁၀၀၀ ကျော်ခန့်အတက်တစ်ရက်၊ အဆင်းတစ်ရက်သွားလာနေသော်လည်း မြဝတီကော့ကရိတ်လမ်းပိုင်းရှိ အချို့နေရာများတွင် ဖြစ်ပေါ်နေသော လမ်းကျိုးချိုင့်ခွက်များကြောင့် ဆိုင်ကယ်များမကြာခဏတိမ်းမှောက်မှုဖြစ်ပေါ်ပြီးကုန်စည်စီးဆင်းမှုကိုလည်း နှောင့်နှေးစေကြောင်း သိရသည်။



"ကုန်သွယ်ရေးဇုန်ကို ကိစ္စရှိလို့ အသွား အတူပါလာသူကလမ်းဘေးကသွား၊ကျွန်တော်က လမ်းအလယ်ကပုံမှန်လေးမောင်းသွားတာ၊ချစ်သူများ ဥယျာဉ်အလွန်ရောက်တော့ အာရှလမ်းမကြီးအလယ်မှာရုတ်တရက်ချိုင့်နက်ကြီးထဲကျပြီး ဆိုင်ကယ်မှောက်သွားတာ။ အခုထိဒဏ်ရာမပျောက်သေးဘူး"ဟုကိုယ်တိုင်ကြုံရသူတစ်ဦးက ပြောကြားသည်။

အာရှတိုက် တောင်ပိုင်းနှင့် အရှေ့တောင်အာရှဒေသ၏ စီးပွားရေးအချက်အချာကျသည့်လမ်းမကြီးအဖြစ် ဗီယက်နမ်နိုင်ငံဒါနန်းမှ လာအို၊ ထိုင်းနိုင်ငံမဲဆောက်–မြန်မာနိုင်ငံ မြဝတီ–မော်လမြိုင်ကို ဖြတ်၍ အနောက်ဖက်ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံထိသွားလာနိုင်မည့်အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းမ(East West Economic Corridor)၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မြဝတီ–သဃ်န်းညီနောင်လမ်းပိုင်းတွင် လမ်းချိုင့်ခွက်ကြီးများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ညဆိုတော့ ဘာမှမတွေ့ရဘူး။ အာရှလမ်းမို့ ပုံမှန်ထက်ပိုမောင်းမိတယ်။ လမ်းလယ်ချိုင့်ထဲ ကျပြီး မှောက်သွားတာ မျက်နှာ၊ လက်တွေ၊ ဒူးတွေစုတ်ပြတ်သွားတယ်။ဟိုင်းဝေးလမ်းမကြီးမှာဒီလိုလမ်းအပေါက်ကြီးတွေဖြစ်နေတော့ အန္တရာယ်အရမ်းများပါတယ်"ဟုမြဝတီမြို့ဘုရင့်နောင်ဈေး အနောက်ဘက်နေသူ ဒေသခံတစ်ဦးက ပြောကြားသည်။

မြဝတီဒေါနတောင်ကျော် ကုန်သွယ်လမ်းပိုင်း၊ ကော့ကရိတ် – အောက်ဖိုလ်တဲလမ်းပိုင်းတွင်လည်း မော်တော်ယာဉ် ဆိုင်ကယ်များသွားလာမရလောက်အောင်ပေါက်ပြဲ ပျက်စီးနေခြင်း၊ ကြံ့ခိုင်မှုမရှိဘဲသွားလာသည့်ယာဉ်များကြောင့်လမ်းပိတ်ဆို့မှုဖြစ်ခြင်း၊ ကုန်သွယ်ရေးဇုန်မှ ထွက်လာပြီးသော်လည်းစစ်ဆေးရေး ဂိတ်များတွင် အချိန်ပိုကြာနေရခြင်းတို့ကြောင့်ခရီးသည်နှင့်ကုန်စည်စီးဆင်းမှုကိုနှောင့်နှေးစေသည်ဟု မြဝတီမြို့မှ စီးပွားရေးလုပ်ငန်းရှင်များထံမှ သိရှိရသည်။ *ကိုရွှေသိန်း(မြဝတီ)*




## စစ်တွေကမ်းခြေတွင် ဘန်ဂလို မကြာမီ ဖွင့်လှစ်တော့မည်ဟု သိရှိရ

ပင်လယ်ကမ်းခြေတစ်ခုဖြစ်သောစစ်တွေပင်လယ်ကမ်းခြေတော်ဝင်ယျာဉ်တွင် တည်ဆောက်လျက်ရှိသည့်ဘန်ဂလိုများ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဘန်ဂလိုများသည် စစ်တွေကမ်းခြေတွင် ပထမဆုံးတည်ဆောက်သော ဘန်ဂလိုများဖြစ်ပြီး ပြည်တွင်းပြည်ပခရီးသွားများတည်းခိုနိုင်ရန်စီစဉ်ထားကြောင်းသိရသည်။ ယခုကာလသည် ခရီးသွားရာသီဖြစ်သဖြင့် ပြည်တွင်းပြည်ပခရီးသွားများအနေဖြင့် ကမ်းခြေဟိုတည်တွင် တည်းခိုနိုင်သကဲ့သို့မိသားစုများအနေဖြင့်လည်းထိုဘန်ဂလိုများတွင်တည်းခိုနိုင်ရန်အတွက် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကမ်းခြေမှာ ဟိုတယ်ရှိနေပြီ၊ ဘန်ဂလိုမရှိသေးဘူး။ဒါကြောင့် ခရီးသွားတွေအဆင်ပြေအောင် ဆောက်လုပ်တာပါ။ ခွင့်ပြုချက်ရတာနဲ့ ချက်ချင်းဖွင့်ဖြစ်မှာပါ"ဟု ဘန်ဂလိုတည်ဆောက်သူတစ်ဦးက ပြောကြားသည်။ *သားကြီးမြတ်(စစ်တွေ)*

## တနင်္သာရီတိုင်းဒေသကြီးရှိ လှေဝင်လှေထွက်စစ်ဆေးရေး (Check Point)တွင် နှ-က-သ မထားရှိတော့ကြောင်းသိရ




မြိတ်မြို့ အပြည်ပြည်ဆိုင်ရာ ငါးလေးလံတံတားနေရာမှ စစ်ဆေးရေးပြုလုပ်ရာနေရာ

တနင်္သာရီတိုင်းဒေသကြီးရှိ လှေဝင်လှေထွက် စစ်ဆေးရေး (check point) တွင် နှ.က.သ(နယ်စပ်ကုန်သွယ်ရေး)ရေး မထားရှိတော့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးရှိ ငါးဖမ်းလုပ်ငန်းများ၊ ငါးသယ်ရေယာဉ်များနှင့် ကုန်လှေများ ဝင်ထွက်သွားလာရာတွင် စစ်ဆေးသည့် (Check Point)တွင် နယ်စပ်ကုန်သွယ်ရေးကိုဇန်နဝါရီလ ၁၆ ရက်နေ့မှစတင်ပြီးမထားရှိတော့ကြောင်းသိရသည်။

"Check Point မှာက One stop servic စနစ်ထဲမှာ ငါးဦးစီး၊ အခွန်၊ စရဖ၊ နကသစတဲ့အဖွဲ့တွေ အပါအဝင်တခြားအဖွဲ့တွေလည်းရှိနေရာကနေ အခု နှ–က–သ ကို မထားရှိတော့ဘူးလို့ ကြားသိရပါတယ်။ ဇန်နဝါရီလ ၁၆ ရက်နေ့ကတည်းက နားလိုက်တာပါ။ အခုဆိုလှေဝင်လှေထွက်ကိစ္စတွေမှာ တခြားဖွဲ့တွေပဲ စစ်ဆေးထွက်ခွာခွင့်ပေးနေပါတယ်။ Check point ကတော့ မြိတ်မှာတစ်ခု မြိတ်ကျွန်းစုအတွင်းမှာဆိုဝါးကျွန်းမှာတစ်ခုပြရတယ်"ဟု အေးဂျင့်တစ်ဦးကပြောကြားသည်။

ယခုလက်ရှိ One stop servic စနစ်ဖြင့်စစ်ဆေးကာ လှေဝင်လှေထွက် ဆောင်ရွက်ခြင်းကိုမြိတ်မြို့ အင်းလေးမြိုင်ရှိ အပြည်ပြည် ဆိုင်ရာ ငါးလေလံဈေးနေရာတွင် ဆောင်ရွက်လုပ်ကိုင်ပေးနေကြောင်း သိရသည်။ *ဇော်မိုးဦး(မြိတ်)*

# နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ကံစမ်းမဲဖွင့်ပွဲ


ဒေါ်အေးအေးမော်(အုပ်ချုပ်မှုဒါရိုက်တာ၊ နီလာအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း)


ဦးအောင်ငွေး(ဒါရိုက်တာ၊ နီလာအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း)


ဗုဒ္ဓဂယာဘုရားဖူးအခမဲ့လိုက်ပါခွင့်ရရှိသည့် ကံထူးရှင်သုံးဦးအား တွေ့ရစဉ်

နီလာအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း၏ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်အေးအေးမော်၏ မွေးနေ့ပွဲနှင့် နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ အဖွဲ့အမှတ်စဉ် (၄၅-၄၆/၂၀၁၁-၂၀၁၂)၏ ကံစမ်းမဲဖွင့်ပွဲကို ဇန်နဝါရီလ ၁၉ ရက်နေ့က ရန်ကုန်မြို့ရှိ Traders Hotel တွင် ပြုလုပ်ခဲ့ပြီး အထူးဆုသုံးဆု ရွေးချယ်ပေးခဲ့ကာ ကံထူးသူများကို ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

# Myanmar Beer ၏ Chinese New Year 2012


Mr.Lim Yew Hoe (မြန်မာဘီယာရူဝါရီလီမိတက်)


ဦးမြင့်ဇော် (မြန်မာဘီယာရူဝါရီလီမိတက်)

Myanmar Beer ၏ Chinese New Year 2012 ကို ဇန်နဝါရီလ ၁၈ ရက်နေ့က ရန်ကုန်မြို့ လသာမြို့နယ် ၁၉ လမ်းထိပ်တွင် ပြုလုပ်ခဲ့ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

# BRAND ကြက်ပေါင်းရည်အကြောင်း ရှင်းလင်းပွဲ


Dr.Param Jeep (Chief Scientist, Cerebos Picific Limited)


ကိုကျော်ကိုကိုဝင်း (Marketing Manager, BRAND)


ကိုဖြိုးမင်းကျော်(Operation Director)

BRAND ကြက်ပေါင်းရည်တွင် ပါဝင်သည့် အာဟာရဓာတ်များအကြောင်း ရှင်းလင်းသည့်အခမ်းအနားကို ဇန်နဝါရီလ ၁၈ ရက်နေ့က ရန်ကုန်မြို့ရှိ Parkroyal Hotel တွင်ပြုလုပ်ခဲ့ရာ Cerebos Picific Limited မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

# COTTO Thank You Party


ဦးစိုင်းရီ (President, Focus Enterprise Company Limited)


ဒေါ်သင်းသင်း (MD,Focus Enterprise Company Limited)


တာဝန်ရှိသူများကို တွေ့ရစဉ်

COTTO ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ 1st Anniversary of Pride and Thank You Party ကို ဇန်နဝါရီလ ၁၆ ရက်နေ့က Sedona Hotel တွင်ကျင်းပခဲ့ရာ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

# LCCI Level 4 ပြဋ္ဌာန်းစာအုပ်များအား သင်တန်းကျောင်းများသို့ ပေးအပ်ပွဲအခမ်းအနား


Mr. Alan Smart (Country Director, British Council)


ဦးကျော်ထင် (Business Development Consultant, LCCI )


Mr. Alan Smart မှ သင်တန်းကျောင်းတစ်ခုအတွက် ပြဋ္ဌာန်းစာအုပ်ပေးအပ်စဉ်

LCCI Level 4 ပြဋ္ဌာန်းစာအုပ်များအားသင်တန်းကျောင်းများသို့ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၉ ရက်နေ့ကဗြိတိသျှကောင်စီတွင်ကျင်းပခဲ့ရာ ဗြိတိသျှကောင်စီမှ တာဝန်ရှိသူများ၊ သင်တန်းကျောင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

# အဇ္ဇာ ၂၀၁၂ အောင်ခြင်းရှစ်ပါးနှင့် မီဒီယာတို့တွေ့ဆုံပွဲ


ဗိုလ်ကလေးတင့်အောင်


မန္တလေးသိန်းဇော်


နှင်းရီသန့်

မန္တလေးသိန်းဇော်၏ အဇ္ဇာ ၂၀၁၂ အောင်ခြင်းရှစ်ပါးနှင့် မီဒီယာတို့တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၈ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် Central Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါပွဲတွင် ခေတ်ဟောင်းမြန်မာသီချင်းအဆိုတော်များက ဗုဒ္ဓဂုဏ်တော်ကိုရေးဖွဲ့ထားသောသီချင်းများကို သီဆိုခဲ့ကြသည်။

# Mon Shine ကုမ္ပဏီ၏ ကံစမ်းမဲဖောက်ပွဲနှင့် ကျေးဇူးတင်ညစာစားပွဲ


ဦးမြသောင်း(မန်နေဂျင်းဒါရိုက်တာ)


ဟိန်းဝေယံ


ချမ်းချမ်း

Mon Shine International Trading ကုမ္ပဏီမှ Dealerကြီးများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကံစမ်းမဲဖောက်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၉ ရက်နေ့က Chatrium Hotel တွင် ကျင်းပရာ ကုမ္ပဏီမှ တာဝန်ရှိသူများ ဖိတ်ကြားထားသူများနှင့် အနုပညာရှင်များ တက်ရောက်ခဲ့ကြပါသည်။




## ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများအား ဆင်ဆာစစ်ဆေးရန် တင်ပြရာ၌ ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ သရုပ်ဆောင်တို့၏ သဘောတူညီချက်ဖြင့် တင်ပြရန် ကြေညာချက်ထုတ်ပြန်

ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများအား ဆင်ဆာပြသစစ်ဆေးရန်တင်ပြရာ၌ ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ သရုပ်ဆောင်တို့၏ သဘောတူညီချက်လက်မှတ်အစစ်ဖြင့် တင်ပြရန် ကြေညာချက်အသစ်အား ထုတ်ပြန်ခဲ့သည်ဟု သတင်းရရှိသည်။ အဆိုပါထုတ်ပြန်ကြေညာချက်ကို ဇန်နဝါရီလပထမပတ်အပြီးတွင်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီးဂီရိမုန်တိုင်းရန်ပုံငွေအဖြစ်ကပြခဲ့သည့် 'ဘာဖြစ်လို့လဲ' ပြဇာတ်တိုအား ဗီဒီယိုဇာတ်ကားအသွင်ဖြင့် ဈေးကွက်အတွင်းဖြန့်ချိခဲ့ပြီးနောက်ပိုင်း၌ ဒါရိုက်တာ၊သရုပ်ဆောင်အမည်တပ်ခံရသည့်အနုပညာရှင်များကတိုင်ကြားခြင်းဖြစ်ပေါ်ပြီးနောက် ယခုကြေညာချက်အားထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

"ရုပ်ရှင်လောကသားတစ်ယောက်အနေနဲ့ ဆိုရင်တော့ ဒီစည်းကမ်းချက်က မြန်မာရုပ်ရှင်နဲ့ဗီဒီယိုဇာတ်ကားတွေထုတ်လုပ်ဖြန့်ချိရာမှာ နှောင့်နှေးကြန့်ကြာမှုတွေသာပိုများလာနိုင်တယ်လို့ ဆိုရမှာပါ။ ပြဿနာတစ်ရပ်ဖြစ်လာတယ်ဆိုရင် အဲဒီပြဿနာရဲ့ အခြေခံအကြောင်းရင်းကို အရင်မရှာဘဲ မတင်းကျပ်သင့်တာတွေထပ်ပြီး တင်းကျပ်တာမျိုးကအဖြေမှန်မဟုတ်ဘူးလို့ထင်ပါတယ်"ဟု ဒါရိုက်တာတစ်ဦးက ရှင်းပြခဲ့သည်။

ထို့အပြင်ဗီဒီယိုထုတ်လုပ်သူတစ်ဦးကလည်း "အရင်ကတော့ ထုတ်လုပ်သူရဲ့သိရှိကြောင်းလက်မှတ်နဲ့အတူ ဆင်ဆာကြည့်ရှုစစ်ဆေးခွင့်တင်ပြလို့ရပေမယ့် အခုကတော့ ဒါရိုက်တာ၊သရုပ်ဆောင်တွေရဲ့လက်မှတ်အစစ်နဲ့သာဆင်ဆာကြည့်ဖို့တင်ပြလို့ရမယ်လို့သိရပါတယ်။ မင်းသားမင်းသမီးတွေ နယ်ထွက်ရိုက်တာတို့ ပြည်ပသွားတာမျိုးဆိုရင် ပိုပြီးအချိန်ကြန့်ကြာသွားနိုင်တယ်လေ။ 'ဘာဖြစ်လို့လဲ'ဇာတ်ကားပြဿနာလိုကိစ္စမျိုးကို ထိထိရောက်ရောက်ဖြေရှင်းပြီး တကယ်ထိရောက်နိုင်တဲ့နည်းလမ်းမျိုးနဲ့ပဲ အဖြေရှာသင့်တယ်လို့ ထင်ပါတယ်"ဟု သူ၏အမြင်အား ဆက်လက်သုံးသပ်ပြခဲ့သည်။

ဂီရိမုန်တိုင်းရန်ပုံငွေအဖြစ်ကပြခဲ့သည့် 'ဘာဖြစ်လို့လဲ' ပြဇာတ်တိုအား ဗီဒီယိုဇာတ်ကားအသွင်ဖြင့်ဖြန့်ချိ၍ သရုပ်ဆောင်အနုပညာရှင်များ၏ခွင့်ပြုချက်မရရှိဘဲ ဖြန့်ချိခဲ့ခြင်းအပေါ်အနုပညာရှင်များ စုပေါင်း၍ သက်ဆိုင်ရာအဆင့်ဆင့်သို့တိုင်ကြားမှုများပြုလုပ်ထားသည်ဟုသိရှိရသည်။

## နယ်ကိုယ်စားလှယ်များမှ ဗီဒီယိုဇာတ်ကားများဝယ်ယူမှုနှုန်း ထက်ဝက်ခန့်ကျဆင်းသွား



ဗီဒီယိုဇာတ်ကားများအားနယ်ကိုယ်စားလှယ်များထံမှ ဝယ်ယူမှုနှုန်းမှာထက်ဝက်ခန့်ကျဆင်းသွားပြီး အချို့သောနယ်များတွင်အဝယ်လုံးဝရပ်ဆိုင်းသွားသည်အထိကြုံတွေ့ရပြီး နောက်ယခုအခါထုတ်လုပ်ရေးများမှသတ်မှတ်ရောင်းချသည့် ဈေးနှုန်းမဟုတ်ဘဲ နယ်ကိုယ်စားလှယ်များမှသတ်မှတ်ဝယ်ယူလိုသည့်ဈေးနှုန်းဖြင့်သာ ရောင်းချရခြင်းများပါရှိလာသည်ဟု သတင်းရရှိသည်။

ယင်းသို့ဗီဒီယိုဇာတ်ကားများ၏ နယ်ဖြန့်ချိရမှုအနေအထားအခက်အခဲများနှင့် ရင်ဆိုင်ရခြင်းမှာ ၂၀၁၁ ခုနှစ်ခန့်ကတည်းကစတင်ခဲ့ခြင်းဖြစ်ပြီး နှစ်ကုန်ပိုင်းကာလတွင် ယင်းကဲ့သို့ထက်ဝက်ခန့်ကျဆင်းသွားခြင်းဖြစ်သည်ဟုသိရသည်။ ဧရာဝတီတိုင်းဒေသကြီး၊ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်စသည့်ဒေသများတွင် ပိုမိုသိသာစွာကျဆင်းခဲ့ခြင်းဖြစ်သည်။

"နယ်ဈေးကွက်ကအသိသာဆုံးပဲ။ အရင်ယူနေကျထက် ထက်ဝက်လောက်ကိုလျှော့ချပြီးယူတယ်။ မင်းသားဆိုလည်းထိပ်တန်းငါးယောက်လောက်ကို အရင်ကမညည်းမညူ ဝယ်ပေမယ့်အခုတော့အဲဒီမင်းသားငါးယောက်လောက်ကိုတောင်အရင်ဈေးထက် ထက်ဝက်လျှော့ပြီးဝယ်မယ်။ ရောင်းရင်ရောင်း၊မရောင်းရင်မဝယ်တော့ဘူးဆိုတာတွေကြုံရပါတယ်။အဓိကပြဿနာကနယ်တွေမှာ sky net တို့ 5 movie တို့မှာပြသမှု ဗီဒီယိုဇာတ်ကားတွေပဲကြည့်ကြတယ်။ အခွေငှားကြည့်ကြတာအရမ်းကိုနည်းသွားပြီး ခိုးကူးတွေကလည်းနယ်မှာကျယ်ကျယ်ပြန့်ပြန့်ကိုလုပ်နေကြတယ်"ဟုထုတ်လုပ်သူတစ်ဦးက ရှင်းပြခဲ့ပါသည်။

## ၂၀၁၁ ခုနှစ်၌ ဆင်ဆာခွင့်ပြုမြန်မာရုပ်ရှင်ဇာတ်ကား ၂၁ ကားရှိခဲ့ပြီး ယခင်နှစ်ကထက် ပိုများခဲ့

၂၀၁၁ ခုနှစ်အတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ ရိုက်ကူးခွင့်တင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၂၁ ကားရှိခဲ့ကြောင်းသိရှိရပါသည်။

အဆိုပါ ၂၁ ကားမှာ 'ချစ်တယ်ပြောမှလွတ်မယ်'၊ 'ရင်ကွဲနာ'၊ 'ငါမင်းကို'၊ 'အမိုက်စား'၊ 'သွား ... လူဆိုး ဒါမျိုးတော့တတ်တယ်'၊ 'နှစ်ပင်လိမ်တဲ့ရည်းစားစာ'၊ 'ဥ'၊ 'အလန်းလွန် အလွန်လန်း'၊ 'ချစ်ပန်းဝေ'၊ 'ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ'၊ 'ထာဝရအလင်းတန်းများ'၊ 'ဟတ်ထိတယ် ၂'၊ 'အထာသစ်နဲ့နှစ်ခါချစ်မယ်'၊ 'ဝဋ်ကြွေး'၊ 'ဆယ့်နှစ်နာရီသတို့သား'၊ 'ဇာတ်လမ်းဟောင်းတွေရှိခဲ့ရင်'၊ 'ပြုံးပြုံးပျော်ပျော်ထော်လော်ကန့်လန့်'၊ 'အမုန်းမီးတောက်'၊ 'ဟိုင်းဘော့စ်'၊ 'ပန်းကြာဝတ်မှုံ'နှင့် 'လက်ပံ'ဇာတ်ကားများဖြစ်ကြောင်း သိရသည်။ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ နှစ်အလိုက် ဆင်ဆာခွင့်ပြုခဲ့သည့် မြန်မာရုပ်ရှင်ကားများမှာ ၂၀၀၉ ခုနှစ်တွင် ၂၇ ကားရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် ၁၆ ကားသာရှိခဲ့သည်။


ယာဉ်ပိုင်ရှင်ဖြစ်လိုသူများ ဝမ်းမြောက်ဖွယ်

ယာဉ်တန်ဖိုး၏ 30% ပေးသွင်းရုံဖြင့်

ကိုယ်ပိုင်ကားတစ်စီးပိုင်ဆိုင်စီးနင်းခွင့်ရပြီ

- ပြည်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူစီးနင်းနိုင်ရန်အတွက် **SSS Motors** မှ **အရစ်ကျငွေချေစနစ်**ဖြင့် ကူညီပံ့ပိုးပေးပါမည် . . .
- **SSS Showroom** ရှိ မည်သည့်မော်တော်ယာဉ်မဆို စိတ်ကြိုက်ရွေးချယ်၍ တန်ဖိုး၏ ၃၀%ပေးသွင်းပြီးနောက် **အရစ်ကျစနစ်ဖြင့် ပိုင်ဆိုင်ခွင့်ရပြီ** ဖြစ်ပါသည်။
- (၁)နှစ်မှ (၃)နှစ်အတွင်း အရစ်ကျငွေပေးချေနိုင်ပါသည်။
- အရစ်ကျ ငွေပေးချေမှုစနစ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက SSS Motors နှင့် ဆက်သွယ်ပါရန်

ဆက်သွယ်ရန်

Super Seven Stars Motors Industry Co., Ltd.

Yangon Showroom
No.(1), Corner of Damazadi Road & Kabar Aye Pagoda Road, Bahan Township, Yangon.
Tel : 01- 544415, 551203, 548261, 545060

Mandalay Showroom
Room No. (6/7), Yangon-Mandalay High Way Road, Chan Mya Thazi Township, Mandalay.
H.P : 09 - 2035054, 2015519, 49229617, 49229618, 02- 78919


## မှတ်တမ်းကားများနှင့် ဇာတ်လမ်းတိုများရိုက်ကူးခြင်းအား စိတ်ဝင်စားသူပိုများလာ




မှတ်တမ်းဇာတ်လမ်းများနှင့် ဇာတ်လမ်းတိုများရိုက်ကူးခြင်းအပေါ် စိတ်ဝင်စားသူပိုများလာကြောင်းအနုပညာအသိုင်းအဝိုင်းမှသိရှိရပါသည်။

"အခုနောက်ပိုင်း မှတ်တမ်းကား ဆိုတာကို မြန်မာပရိသတ် ကပိုပြီးရင်းနှီးလာတယ်။ အဲဒီလိုပဲ အနုပညာရှင်တွေ အထူးသဖြင့် ဒါရိုက်တာပိုင်းမှာမှတ်တမ်းဇာတ်လမ်းတွေနဲ့ ဇာတ်လမ်းတိုတွေရိုက်ကူးဖို့ စိတ်ဝင်စားတဲ့သူတွေလည်းများလာတယ်။ ဒါပေမယ့် မြန်မာပရိသတ်အတွက် လောလောဆယ် မှတ်တမ်းကား ဆိုတာထက် ဇာတ်လမ်းတွေက ပိုပြီးရင်းနှီးမှုရှိမယ်လို့ ထင်တယ်"ဟု ဒါရိုက်တာဝိုင်းက ဆိုပါသည်။

မြန်မာနိုင်ငံတွင်မှတ်တမ်းကားများကိုလွန်ခဲ့သည့် သုံးနှစ်လောက်တွင်မှအနုပညာသမားအချို့စိတ်ဝင်စားလာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"မှတ်တမ်းကားဆိုတာကနိုင်ငံတကာမှာရှိနေတာကြာပါပြီ။ မြန်မာနိုင်ငံမှာတော့ ခေတ်စားတာသိပ်မကြာသေးဘူး။ မှတ်တမ်းကားနဲ့ပတ်သတ်ပြီး နိုင်ငံတကာပွဲတွေမှာ မင်းထင်ကိုကိုကြီးတို့၊ ကြည်ဖြူသျှင်တို့တွေဆုရခဲ့ကြတယ်။ အဲဒီတော့ နိုင်ငံတကာကို ထိုးဖောက်ဖို့ဆိုရင် ဇာတ်ကားတွေထက် မှတ်တမ်းကားတွေကပိုလွယ်မယ်လို့ ယူဆလာကြတယ်။ အဲဒီလိုလည်း မြင်လာကြတယ်။ ဒါကြောင့် မှတ်တမ်းကားရိုက်တဲ့သူ ပိုများလာတယ်လို့ထင်ပါတယ်။ ဇာတ်လမ်းတိုတွေက မြန်မာပရိသတ် လက်ခံပြီးသားပါ။ ဆက်မလုပ်ကြလို့သာ ဈေးကွက်မှိန်နေတာမျိုးပါ။ ဒါကြောင့် မှတ်တမ်းကားနဲ့ ဇာတ်လမ်းတိုတွေရိုက်တဲ့သူ ပိုများလာသလို အဲဒါတွေက ဈေးကွက်တစ်ခုလည်းဖြစ်လာဖို့ အလားအလာရှိနေပါတယ်"ဟု ဒါရိုက်တာ မောင်မျိုးမင်းကဆိုပါသည်။ ■

## သည်းထိပ်ရင်ဖိုဇာတ်ကားများ ရိုက်ကူးရန်ပြင်ဆင်မှုများရှိနေ

သည်းထိတ်ရင်ဖိုဇာတ်ကားများအတွက် ထုတ်လုပ်ရေးလုပ်ငန်းအချို့နှင့် ဒါရိုက်တာအချို့ပြင်ဆင်မှုများပြုလုပ်လာကြကြောင်း သိရသည်။

"အခုလောလောဆယ်တော့ စီစဉ်ထားပြီးသား ဇာတ်ကားတွေပဲရိုက်နေတယ်။ ဒါပေမယ့် နောက်ရိုက်မယ့်ဇာတ်ကားကိုတော့ သည်းထိတ်ရင်ဖိုဇာတ်ကားရိုက်ဖို့ စီစဉ်ထားတယ်"ဟု ဒါရိုက်တာ ဝင်းထွန်းထွန်းက ဆိုပါသည်။

လက်ရှိအနုပညာရပ်ဝန်းတွင် သည်းထိတ်ရင်ဖိုဇာတ်ကားများရိုက်ကူးရန်စီစဉ်မှုများပြားလာခြင်းမှာ ယခင်ခွင့်ပြုမိန့် မရပ်သိမ်းခင်က ရိုက်ကူးရန်စီစဉ်ခဲ့သည့်ဇာတ်ကားများအား ပြန်လည်ရိုက်ကူးရန်စီစဉ်ခြင်းများရှိသကဲ့သို့ ဇာတ်လမ်းအသစ်အဆန်းရိုက်ကူးထုတ်လုပ်ရန်အတွက် ပြင်ဆင်မှုများကြောင့် လည်းဖြစ်ကြောင်း သိရသည်။

"တချို့ဇာတ်ကားတွေက သည်းထိတ်ရင်ဖိုဇာတ်ကားမျိုးမဟုတ်ဘဲ ဝိညာဉ်နဲ့ပတ်သက်တာမျိုးပါရင်တောင်မှ ဇာတ်ကားရိုက်ဖို့ အတော်စဉ်းစားခဲ့ရတာ။ တချို့ဇာတ်တွေဆိုရင်ကောင်းပေမယ့် သည်းထိတ်ရင်ဖိုဇာတ်လမ်းပုံစံမျိုးဖြစ်နေလို့ မရိုက်ရတာတွေရှိတယ်။ အခုတော့ အဲဒီဇာတ်ကားတွေရိုက်ဖို့ကိုထုတ်လုပ်သူတွေကရော ဒါရိုက်တာတွေကပါ ပိုပြီးစီစဉ်လာကြတယ်။ နောက်ပြီး အရင်ခွင့်ပြုတယ်ဆိုတုန်းက ရိုက်ခဲ့ပြီး ခွင့်မပြုတော့တဲ့အတွက်ပိတ်ခံလိုက်ရတဲ့ ဇာတ်ကားတွေကိုလည်း ပြန်ပြီးခွင့်ပြုပေးဖို့ မျှော်လင့်နေကြတယ်"ဟု ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုပါသည်။

# Book Catalogues

## မြန်မာ့နိုင်ငံရေးသမိုင်း

ဦးလေးမောင်




စာမူခွင့်ပြုချက် - ၃၁၀၁၉၆၀၉၁၁ တန်ဖိုး -၄၀၀၀ ကျပ်
ဖြန့်ချိရေး - စာပေလောက

၁၈၂၄ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလမှ ၁၉၄၃-၄၄ ခုနှစ် ဂျပန်များ မြန်မာပြည်တွင် အုပ်စိုးသော အချိန်ကာလအထိ ဖြစ်ပေါ်ခဲ့သော သမိုင်းတင်သင့်သည့် အဖြစ်အပျက်များကို သေချာကျနစွာ ဖော်ပြထားသော "မြန်မာ့နိုင်ငံရေး" သမိုင်းစာအုပ်ဖြစ်သည်။

ဗမာ့ခေတ်နေ့စဉ်သတင်းစာတွင် ၁၉၅၆ခု၊ ဇွန်လ ၁၆ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိဆောင်းပါးရှည်အဖြစ် ရက်ခြားဖော်ပြခဲ့ပြီး အဆိုပါဆောင်းပါးများကို စုပေါင်း၍ ထပ်မံပြင်ဆင်ရေးသားထားခြင်းဖြစ်သည်။

စာရေးသူက "နိုင်ငံရေးနယ်ပယ်တွင် နှစ်ပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့သော အတွေ့အကြုံနှင့် နိုင်ငံရေးလှုပ်ရှားမှု အဖြစ်အပျက်များသည် နောင်လာနောက်သားတို့ သိသင့်သိထိုက်သော ဗမာ့နိုင်ငံရေးသမိုင်း အချက်အလက်များဖြစ်ပေသည်။ ထိုတွေ့ကြုံသိရှိခဲ့သော ဖြစ်ရပ်အမှန်များကို ရေးသားပါဟု မိတ်သင်္ဂဟများကပင် တိုက်တွန်းပါသည်။သမိုင်းဖြစ်စဉ်အမှန်ကိုဝေဖန်သုံးသပ်၍ အကြောင်းအကျိုး အမှားအမှန်ကို အနာဂတ်နိုင်ငံအကျိုးအတွက် တင်ပြရခြင်းဖြစ်ပါသည်"ဟု ဆိုပါသည်။

## အလံနီတော်လှန်ရေး၏ သမိုင်းတကွေ့ တော်လှန်ရေးအတွက် ရင်သွေးငယ်များပေးအပ်ခြင်း

ရေးသားသူ - ဝမ်းအိုဝမ်း ကျော်ဝင်းမောင်



စာမူခွင့်ပြုချက် - ၃၁၀၂၁၉၁၀၁၁ တန်ဖိုး - ၁၀၀၀ ကျပ်၊
ဖြန့်ချိရေး - Silver Owl

"အလံနီတော်လှန်ရေး၏ သမိုင်းတကွေ့" မှာ အလံနီကွန်မြူနစ်ပါတီတွင်းမှ ဖြစ်ရပ်မှန်တစ်ခုကို ရေးသားထားခြင်းဖြစ်ပါသည်။

စာရေးသူက "ဒါက အလံနီကွန်မြူနစ်ပါတီအတွင်း တစ်ချိန်က တကယ့်ဖြစ်ရပ် ဖြစ်ပါတယ်။ ဒါဟာ နောင်ကြာသောအခါ သမိုင်းဝင်ဖြစ်ရပ်တစ်ခုဖြစ်လာပါတယ်။

အစိုးရထိုးစစ်တွေ စိပ်လာတာကြောင့် ပါတီတွင်းမှာ သားသမီးတွေနှင့်ဆိုရင် လှုပ်ရှားလို့မလွယ်ပါ။ သားငယ်သမီးငယ်တွေဆိုရင် ထိန်းလို့သိမ်းလို့ မလွယ်ပါ။ ကလေးတွေရဲ့ ငိုသံရယ်သံဟာ အစိုးရတပ်များကို ပင့်ဖိတ်ခေါ်သလိုလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် အလံနီကွန်မြူနစ်ပါတီတွင်းမှာ သားသမီးမွေးရင် မိမိရင်သွေးငယ်များကို ရွာတွေဆီသွားအပ်ကြပါလို့ ပါတီဌာနချုပ်ကညွှန်ကြားတယ်။ ဒီလိုအပ်ရတော့ နီနီရဲရဲ နုနုနယ်နယ် ချစ်လို့ နမ်းလို့မှ အားမရနိုင်၊ ကလေးငယ်ကလည်း မိခင်ရဲ့နို့ရည်ကိုဝအောင်တောင် မသောက်ရခင် မိခင်ရင်ခွင်မှ စွန့်ခွာခဲ့ရတဲ့ ကြေကွဲဝမ်းနည်းဖွယ်ရာ အတိဖြစ်ရမှာပါ"ဟု စာအုပ်ပါအဖြစ်အပျက်များနှင့်ပတ်သက်ပြီး နိဒါန်းတွင် ဆိုထားသည်။

## စစ်

ရေးသားသူ - လင်းဝေမြိုင်




စာမူခွင့်ပြုချက် - ၅၀၁၄၀၅၁၁၁ တန်ဖိုး - ၁၀၀၀ ကျပ်၊
ဖြန့်ချိရေး - Quality Publishing House

Mikhail Sholokov ၏ The Fate of a Man ကို ဆရာလင်းဝေမြိုင်က "စစ်"အမည်ဖြင့် ဘာသာပြန်ဆိုထားခြင်းဖြစ်ပြီး ဒုတိယအကြိမ်ပြန်လည်ထွက်ရှိခြင်းဖြစ်ပါသည်။

နိုဘယ်လ်ဆုရစာရေးဆရာကြီး မစ်ခေးရှိုလိုကော့ဗ်၏ ဝတ္ထုလတ်တစ်ပုဒ်ဖြစ်သော The Fate of a Man မှာ စစ်၏အနိဋ္ဌာရုံများကို ပီပြင်စွာရေးဖွဲ့ထားခြင်းဖြစ်ပြီး ရုပ်ရှင်အဖြစ်ရိုက်ကူးခဲ့ရာတွင် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။

ပထမဆုံးသော ဘာသာပြန်စာမူအဖြစ် မိုးဝေမဂ္ဂဇင်းတွင်ဖော်ပြခဲ့ဖူးပြီး အာရုံကောင်းကင်မှ စာအုပ်အဖြစ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယခု ဒုတိအကြိမ်အဖြစ်ထုတ်ဝေရာတွင်လူငယ်များအတွက်ရည်ရွယ်ပြီး အလွယ်တကူသယ်ဆောင်သွားနိုင်သည့် Pocket Size အရွယ်ဖြင့်ထုတ်ဝေထားခြင်းဖြစ်သည်။

နိုင်ငံတကာတွင် ထင်ရှားကျော်ကြားလှသော ဝတ္ထုတစ်ပုဒ်ဖြစ်သလို ကွယ်လွန်သူဆရာလင်းဝေမြိုင်၏ ဘာသာပြန်လက်ရာကိုလည်း ပြန်လည်ဖတ်ရှုခွင့်ရရှိစေမည့်စာအုပ်တစ်အုပ်ဖြစ်ပါသည်။

## မြန်မာပြည်အောက်ပိုင်းနှင့်အထက်မြန်မာပြည်ရုပ်ရှင်ရုံများတွင် ထက်ဝက်ကျော်ခန့်မှာရုပ်ရှင်ပြသမှုမရှိဘဲ ပိတ်သိမ်းရပ်နားထား၍ ရန်ကုန်၊ မန္တလေးရုပ်ရှင်ရုံများ၏ဝင်ငွေကိုသာ အဓိကအားထားနေရ


ဟသ်တာမြို့ရှိ အောင်မင်္ဂလာရုပ်ရှင်ရုံနေရာ အားတွေ့ရစဉ်

အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်ရုပ်ရှင်ရုံများတွင် ထက်ဝက်ကျော်ခန့်မှာရုပ်ရှင်ပြသမှုမရှိဘဲပိတ်သိမ်းရပ်နားထား၍ရုပ်ရှင်ဇာတ်ကားများ၏ဝင်ငွေမှာရန်ကုန်၊ မန္တလေးရုပ်ရှင်ရုံများ၏ ဝင်ငွေကိုသာ အဓိကအားထားနေရသည့် အခြေအနေနှင့် ကြုံတွေ့နေရသည်ဟု သတင်းရရှိသည်။

"ရုပ်ရှင်ဇာတ်ကားတွေ ရုံတင်ပြသမယ်ဆိုရင် အခုချိန်မှာ ဝင်ငွေအရ အားကိုးနိုင်တဲ့ရုံအရမ်းနည်းသွားပါပြီ။ ရန်ကုန်၊ မန္တလေးက အဓိကရုံတွေရဲ့ဝင်ငွေကိုပဲ မှီခိုရပ်တည်နေရတဲ့အတိုင်းအတာပါ။ နယ်မှာရှိနေတဲ့ ရုပ်ရှင်ရုံတွေရဲ့တစ်ဝက်ကျော်က ပြသမှုမရှိဘဲ ပိတ်သိမ်းထားကြပါပြီ။ တချို့ပြသမယ်ဆိုပြီး ယူထားတဲ့ရုံတွေကလည်းရုပ်ရှင်ကိုတစ်ပတ်လောက်ပဲပြပြီးကျန်တဲ့အချိန်တွေမှာကုန်ပစ္စည်းတွေသိုလှောင်ဖို့လက်ခံတာမျိုး၊ တခြားစီးပွားရေးလုပ်တာမျိုးတွေပဲများပါတယ်"ဟု ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးက ရှင်းပြခဲ့သည်။

ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ကူးပါကအဓိကသရုပ်ဆောင်များ၏သရုပ်ဆောင်ကြေးအပါအဝင် ရိုက်ကူးမှု ကုန်ကျစရိတ်မှာအနည်းဆုံးကျပ်သိန်းတစ်ထောင်ဝန်းကျင်ခန့် ကုန်ကျမှုရှိပြီး စတင်ရိုက်ကူးချိန်မှ နှစ်နှစ်ခန့်ကြာမြင့်ပြီးမှသာ ရုံတင်ပြသခွင့်ရရှိနိုင်ကြောင်း၊ ရုံတင်ပြသရာတွင်လည်း ရန်ကုန်၊ မန္တလေး ရုပ်ရှင်ရုံများရှိ အဓိကဝင်ငွေကိုသာ အားထားရကြောင်း၊ ယခုနောက်ပိုင်းတွင် ယှဉ်ပြိုင်ကြည့်ရှုစရာမီဒီယာ အခန်းကဏ္ဍကျယ်ပြန့်လာသည့်နည်းတူ ရုပ်ရှင်များအပေါ်တွင် ပရိသတ်စိတ်ဝင်စားမှု သိသာစွာလျော့ကျလာခြင်းစသည့်အချက်များ ဖြစ်လာကြောင်း သိရပါသည်။ ■

## တစ်ပတ်အတွင်းရုံတင်မည့် ရန်ကုန်ရုပ်ရှင်

| | |
|---|---|
| **သမ္မတ၊ သွင်၊ နဝဒေး Junction ဖော်တင်၊** | အမေ့ကျေးဇူးဆပ်ဖူးချင်တယ် ဒါရိုက်တာ ခင်စောမျိုး(အဖေ့ပညာ) (ပြေတီဦး၊ သက်မွန်မြင့်၊ လုအဥ္ဇလီတင့်) |
| **နေပြည်တော်** | THE TWILIGHT SAGA:BREAKING DAWN PART-1 KRISTEN STEWART, ROBERT PATTINSON, TAYLOR LOUTNER |
| **ရွှေ့ဆောင်** | MISSION: IMPOSSIBLE 4 Director - Brad Bird (Tom Cruise, Jeremy Renner) |
| **ဝဇီရာ ၁** | ဖလန်းဖလန်းဖြစ်တဲ့အချစ် ဒါရိုက်တာ ညီညီထွန်းလွင် (ရန်အောင်၊ နေတိုး၊ မို့မို့မြင့်အောင်၊ အိန္ဒြာကျော်ဇင်၊ မေသဥ္ဇာဦး၊ ချစ်စနိုးဦး) |
| **ရွှေပဟို၊ ဘုရင့်နောင်၊ ချိန်း** | ဒါရိုက်တာ သိန်းဟန်(ဗီးနစ်) |
| **ရောဝတီ** | (နေတိုး၊ ကျော်ကျော်ဗို၊ အိန္ဒြာကျော်ဇင်) |
| **ရွှေမန်း၊ စံပြ၊ သီတာ** | ရာဇဝင်ထဲကအလန်း ဒါရိုက်တာ ပြည်သိန်းသီဟ |
| **ဝဇီရာ ၂၊ မြရတနာ** | (ကျော်ကျော်ဗို၊ မိုးယုစံ) |
| **မဟာမြိုင်** | ငြိမ်းငြိမ်းချစ် ဒါရိုက်တာ ဝါဝါဝင်းရွှေ (ဝါဇင်၊ ရန်အောင်၊ ရဲအောင်၊ မိုးယုစံ၊ ခင်သန်းနု၊ ဝါဝါဝင်းရွှေ) |

## တစ်ပတ်အတွင်းထွက်ရှိမည့် မြန်မာဗီဒီယိုဇာတ်ကားများ

| ရက်စွဲ | ဇာတ်ကား | ဒါရိုက်တာ |
|---|---|---|
| ၂၃-၁-၂၀၁၂ | အချစ်+အချစ် အသစ်(ပ+ဇာတ်သိမ်း) (နေတိုး၊ သက်မွန်မြင့်) | ကိုဇော်(အရဏ်ဦး) |
| ။ | စိန်ခေါ်တဲ့လူ တို့ရန်သူ (သီဟတင်စိုး၊ ကျော်ဇောဟိန်း၊ လုအဥ္ဇလီတင့်) | သီဟတင်စိုး |
| ။ | ဖန်ဆင်းရှင်အငြိမ့် (ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ နန်းစုရတီစိုး၊ ကုသိုလ်၊ ကင်းကောင်၊ အရိုင်း) | ပီအိုက်လုံ |
| ၂၄-၁-၂၀၁၂ | အမုန်းဝက်ပါ (ခန့်စည်သူ၊ မေကဗျာ၊ ဘုန်းသျှ၊ ခရစ္စတီးနား) | သန့်စင်အောင် |
| ။ | သစ္စာပြိုင်ရှင်းတမ်း (ဟိန်းဝေယံ၊ သင်ဇာဝင့်ကျော်၊ မေသန်းနု၊ နန်းဒေဗီ) | ဇဗ္ဗူထွန်းသက်လွင် |
| ။ | ယုန်ထင်ကြောင်ထင် (မင်းဦး၊ မင်းအုပ်စိုး၊ နေရဲလင်း၊ ခင်ဇာခြည်ကျော်) | နန္ဒကျော် |
| ၂၅-၁-၂၀၁၂ | အာဖျံကြီး (လူမင်း၊ ကောင်းခန့်၊ ဝိုင်းစုခိုင်သန်း၊ သိင်္ဂီထွန်း၊ ပွင့်) | မောင်အောင် ရူပဗေဒ(ဗန်းကြီး) |
| ။ | ပုလဲနက်ဝက်ပါ (ဂျွန်ဂို၊ စံပယ်မိုး) | ထက်ပိုင် |
| ။ | သံဃာတော်နှင့်မိခင်အားပြစ်မှား၍ မိုးကြိုးပစ်ခံရသောမောင်နှမ (သီဟနိုင်၊ စံပယ်မိုး၊ မေမိုး) | ခင်နွဲ့နွဲ့မူ |
| ၂၅-၁-၂၀၁၂ | လမင်းနောင်တဲ့ကြိုး (စူးရှ၊ မေသက်ခိုင်၊ မေသဥ္ဇာဦး၊ ငှက်ပျောကြော်) | နေပိုင် |
| ၂၆-၁-၂၀၁၂ | ဂျက်မ (နေမင်း၊ အေးမြတ်သူ၊ နိဘယ်ကျော်ကျော်) | သီဟကျော်စိုး |
| ။ | မိဘဖြစ်မှားမိ၍မြေမြိုခံရသောမရင်ရွှေ (စိုးရွှေ၊ မြင့်မြင့်ခင်၊ အာကာမြင့်အောင်) | မဟာ(M.Sc) |
| ၂၇-၁-၂၀၁၂ | အချစ်၏ဒုတိယမြောက်နောက်ထပ်အစီအစဉ် (အောင်ရဲလင်း၊ စိုးမြတ်နန္ဒာ၊ ချောရတနာ) | နေပိုင် |
| ။ | မရဏာတံဆိပ်နဲ့ လူ (မင်းသစ္စာ၊ ကျော်ဇောဟိန်း၊ ပုလဲဝင်း၊ ရက်တယ်၊ ဉာဏ်) | သီဟမင်းညီ |
| ၂၈-၁-၂၀၁၂ | ဖျတ်ခနဲ‥ အငြိ (မိုးအောင်ရင်၊ ဝတ်မှုံရွှေရည်) | နေသူရိန် |
| ။ | ရွှေညာသားနဲ့ ရန်ကုန်သူ (ကျော်ကျော်ဗို၊ ခန့်ထက်နိုင်၊ ချမ်းမီမီကို၊ သိင်္ဂီထွန်း) | ဓါတ်ပုံအဏ်ထော်ဏီ |
| ။ | ခင်ဦးနှင့် သား (စွမ်း၊ မြတ်ကေသီအောင်၊ မေသက်ခိုင်၊ ပွင့်ရတနာကျော်) | ကျော်ဇ |
| ။ | ဆုံနိုင်ခွင့် (လင်းမင်းမြတ်၊ အေးမြတ်သူ၊ ခင်မို့မို့အေး) | စိုးကျော်ဆန်း |

## ဇန်နဝါရီလထုတ် တေးစီးရီး၊ စီဒီ၊ ဗီစီဒီ

| | | |
|---|---|---|
| အမြင် | အဲဇ် | စီဒီ |
| ငါ့ရဲ့အလင်းလေး | Krystal | ဗွီစီဒီ |
| ကြယ်စင်များရဲ့ဆုံမှတ် | လူစုံ | ဒီဗီဒီ |
| ဆူးစူးသူ | နေနေ | စီဒီ |
| အနီးဆုံးလူ--နမ်းမှာလား | အေးသင်ချိုဆွေ | စီဒီ |

## ဇန်နဝါရီလထုတ် စာအုပ်များ

| | | |
|---|---|---|
| စီအိုင်အေမွှေနေသော နိုင်ငံများ | တက္ကသိုလ်မြတ်သူ | ၃၈၀၀ |
| ယုန်နှစ်မှာ ယုန်သားစားခြင်း | လူထုစိန်ဝင်း | ၅၀၀ |
| ဘဝတွင် ထဲထဲဝင်ဝင်ပါဝင်လှုပ်ရှားခြင်း | မြနှင်းဆီ | ၂၀၀၀ |
| အခြားသူများကိုစီမံခန့်ခွဲနည်းလျှို့ဝှက်ချက်များ | ဒေါက်တာဉာဏ်ဟိန်းလတ် | ၂၀၀၀ |

## MRTV၊ MWD တို့မှ ပြသမည့် ဇာတ်လမ်းတွဲများ

| ဇာတ်လမ်းတွဲ | အချိန် | |
|---|---|---|
| ၁။ စိတ်ကူးနဲ့ကြမ္မာ | | MRTV |
| တနင်္လာ၊ အင်္ဂါ | ၇း၀၀ | ။ |
| ၂။ မွေးစားသား | | |
| တနင်္လာ၊ အင်္ဂါ | ၉း၃၀ | ။ |
| ၃။ အချစ်နဲ့ အမုန်း | | |
| ကြာသပတေး၊ သောကြာ | ၇း၀၀ | ။ |
| ၄။ ရေသူမလေးချစ်ပုံပြင် | | |
| ကြာသပတေး၊ သောကြာ | ၉း၃၀ | ။ |
| ၅။ အချစ်ချိုချိုအကြင်နာပို | | |
| စနေ၊ တနင်္ဂနွေ | ၇း၀၀ | ။ |
| ၆။ ကြယ်ပွင့်လေးရဲ့ ဒိုင်ယာရီ | | |
| စနေ၊ တနင်္ဂနွေ | ၉း၃၀ | ။ |
| ၁။ ငှက်ကလေးရဲ့ကောင်းကင် | | MWD |
| တနင်္လာ၊ အင်္ဂါ၊ တနင်္ဂနွေ | ၇း၀၀ | ။ |
| ၂။ အချစ်ကြီးချစ် | | |
| တနင်္လာ၊ စနေ၊ တနင်္ဂနွေ | ၉း၃၀ | ။ |
| ၃။ သစ္စာစေတမန် | | |
| ဗုဒ္ဓဟူး၊ ကြာသပတေး | ၇း၀၀ | ။ |
| ၄။ ငှက်ကလေး၏ကွန်းခိုရာ | | |
| အင်္ဂါ၊ ဗုဒ္ဓဟူး | ၉း၃၀ | ။ |
| ၅။ ချစ်ခွန်းဖွဲ့သီချစ်သူဆီ | | |
| သောကြာ၊ စနေ | ၇း၀၀ | ။ |
| ၆။ တစ်နေ့သောအခါ | | |
| ကြာသပတေး၊ သောကြာ | ၉း၃၀ | ။ |


ELEVEN MEDIA GROUP Co., Ltd.

■ရန်ကုန်
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄၊ ၄၀၁၄၁၁

■မန္တလေး(ရုံးခွဲ)
အမှတ် ၄/၃၊ မြစန္ဒာလမ်းသွယ်၊ (၆၂×၆၃) လမ်းကြား၊ (၂၄×၂၅) လမ်းကြား အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၁၁၇၂

■နေပြည်တော်ပျဉ်းမနား(ရုံးခွဲ)
အမှတ် ၁၁/၅၄၊ ပိုလ်တောက်ထိန်လမ်း၊ ရန်အောင်(၁) ရပ်ကွက်၊ နေပြည်တော်ပျဉ်းမနားမြို့ ဖုန်း ၀၆၇-၂၂၈၂၂


## Selection Writings of U Yi Sein

## ဦးရည်စိန်၏ လက်ရွေးစင်စာတမ်းများ

O]Domaumif pknfonf




ထွန်းဖောင်ဒေးရှင်း
အမှတ်(၅၃/၆၁)၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်။
ဖုန်း ၀၁-၂၉၆၃၂၅၊ ၀၉၇၃၁၀၄၄၈၇

မြန်မာ့သမိုင်းအဖွဲ့ဝင် ဦးရည်စိန် (၁၉၂၄-၂၀၀၅)၏ သမိုင်းဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းများကို ဦးသော်ကောင်းက စုစည်းထားခြင်းဖြစ်ပြီး ဤစာအုပ်တွင် ပျူခေတ်မှစ၍ ၂၀ ရာစုနှစ်ဦးပိုင်းအထိ မြန်မာ-တရုတ်ဆက်ဆံရေးသမိုင်းကြောင်းများကို တရုတ်မှတ်တမ်းအထောက်အထားများဆိုင်ရာ အင်္ဂလိပ်စာတမ်း(၇)ပုဒ်၊ မြန်မာစာတမ်း(၂၁) ပုဒ်၊ စုစုပေါင်း (၂၈)ပုဒ် ပါဝင်သည်။ ယင်းစာတမ်းများသည် ရှေးဟောင်းပျူနိုင်ငံ၊ ပျူလူမျိုးတို့၏အကြောင်းအရာများကို ရှေးတရုတ် မှတ်တမ်းအထောက်အထားများတွင် ဖော်ပြထားချက်များ၊ တိုင်းရင်းသားလူမျိုးများအကြောင်း၊ တရုတ်-မြန်မာဆက်ဆံရေးသမိုင်း အကြောင်းအရာတို့ကို တရုတ်မှတ်တမ်း အထောက်အထားများစွာတို့မှ သုတေသနပြုမှတ်တမ်းတင်ထားသည့် စာတမ်းများဖြစ်သည်။

## DJ သင်တန်းသို့ အမျိုးသမီးများလည်း တက်ရောက်သင်ယူလာ

DJသင်တန်းသို့အမျိုးသမီးများလည်း တက်ရောက်သင်ယူမှုရှိလာကြောင်း DJ အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရပါသည်။ DJ သင်တန်းများ စတင်ချိန်ကအမျိုးသားများသာတက်ရောက်မှုများပြားခဲ့ပြီးယခုအချိန်တွင် အမျိုးသမီးများလည်းတက်ရောက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

“DJ သင်တန်းက ကျွန်တော်တို့ဆီမှာနည်းပါတယ်။ အခုဖွင့်နေတဲ့ DJ သင်တန်းမှာ မိန်းကလေးတွေလည်း လာတက်ကြတယ်။ အခုနောက်ပိုင်းက DJဆိုပေမယ့်သီချင်းတီးပေးရတာပိုများတယ်။ ဒါကြောင့် သီချင်းတီးတာကိုပါ သင်ပေးတယ်။ DJ ကိုစိတ်ဝင်စားတဲ့ မိန်းကလေးတွေအတွက် ပိုပြီးအဆင်ပြေသွားတယ်”ဟု သင်တန်းဆရာတစ်ဦးဖြစ်သည့် DJ ဝိုင်က ရှင်းပြခဲ့ပါသည်။

## သင်္ကြန်ဗာတ်ကားများ စတင်ရိုက်ကူးချိန်သို့ ရောက်ရှိလာသော်လည်း ရိုက်ကူးရန်စိတ်ဝင်စားသူ နည်းပါးနေ

သင်္ကြန်မတိုင်မီ ဖြန့်ချိနိုင်ရန်အတွက် သင်္ကြန်ဗာတ်ကားများအား စတင်ရိုက်ကူးပြင်ဆင်လေ့ရှိသည့် အချိန်ကာလသို့ ရောက်ရှိလာသော်လည်းစိတ်ဝင်စားရိုက်ကူးမည့်သူမှာနည်းပါးနေဆဲဖြစ်ပြီးဇန်နဝါရီလလယ်ပိုင်းအထိသင်္ကြန်ဗာတ်ကားရိုက်ကူးပြင်ဆင်မှုမရှိသေးဟုသတင်းရရှိသည်။

“အရင်နှစ်တွေတုန်းက ဒီဇင်ဘာလောက်ဆို သင်္ကြန်ဗာတ်ကားရိုက်ကူးဖို့ကိုစပြီး ပြင်ဆင်နေပါပြီ။ ဗာတ်လမ်းရှာတာနဲ့၊ သင်္ကြန်ကားဖြစ်တဲ့အတွက် သီချင်းလေးတွေကြိုစတာနဲ့လုပ်ပြီးဇန်နဝါရီလောက်မှာရိုက်မှမတ်လကုန်ပိုင်းလောက်မှာဖြန့်နိုင်တာလေ။ အခုက ၂၀၁၀ ပြည့်နှစ်လောက်ကစပြီး သင်္ကြန်ဗာတ်ကားတွေအပေါ်စိတ်ဝင်စားမှုကသိသိသာသာလျော့ကျသွားတယ်။ လက်ရှိအခြေအနေအရ ဗီဒီယိုဈေးကွက်



ယခင်နှစ်က မြင်တွေ့ရသော သင်္ကြန်ရိုက်ကွင်းတစ်ခု

အနေအထားကလည်း ယိမ်းယိုင်နေတယ်ဆိုတော့ဘယ်သူမှသင်္ကြန်ဗာတ်ကားကို သီးခြားထုတ်ရိုက်ဖို့ကိုစိတ်ဝင်စားမှုတော်တော်နည်းသွားတာလို့ဆိုရပါမယ်။ မနှစ်ကလိုပဲ အနည်းစုတစ်ကား၊ နှစ်ကားလောက်လွဲရင် သင်္ကြန်ကား သီးသန့်ရိုက်ဖို့က မရှိလောက်ပါဘူး။ အခုချိန်မှာ အဲဒီလိုရိုက်မယ်ဆိုလည်းတော်တော်ကြီးကိုပြင်ဆင်ပြီး ကောင်းအောင်ရိုက်မှဖြစ်မှာပါ။ ပြီးစလွယ်ဗာတ်လမ်းမျိုးနဲ့ အရင်နှစ်တွေကသင်္ကြန်မြင်ကွင်းတွေဖြတ်ညှပ်ကပ်လုပ်ပြီးရိုးနေတဲ့သီချင်းဟောင်းတွေသုံးထားတာမျိုးက ပရိသတ်တော်တော်ငြီးငွေ့သွားပါပြီ။ ဒါကြောင့်လည်း သင်္ကြန်ကားတွေပေါ်စိတ်ပါဝင်စားမှုအရမ်းလျော့သွားတယ်လို့ဆိုရမှာပါ”ဟုဝါရင့်ဗီဒီယိုထုတ်လုပ်သူတစ်ဦးကရှင်းပြခဲ့သည်။

ထို့အပြင် ပရိသတ်တစ်ဦးကလည်း “ဟိုအရင်တုန်းကတော့ သင်္ကြန်နားနီးပြီဆိုရင် သင်္ကြန်ဗာတ်ကားသစ်တွေငှားကြည့်ပြီးရင်ခုန်ရတာကိုက အရသာတစ်မျိုးပါပဲ။ နာမည်ကြီးမင်းသားမင်းသမီးတွေကမတူကွဲပြားတဲ့ဗာတ်လမ်းပုံစံလေးတွေရိုက်ကြတာလေ။ အခုနောက်ပိုင်းကတော့ သင်္ကြန်လေးရက်မှာတွေ့ကြဆုံကြတဲ့ ရိုးအီနေတဲ့ဗာတ်မျိုးကိုပဲ သင်္ကြန်သီချင်းဟောင်းတွေ၊ သင်္ကြန်ကာလမှာ ရိုက်ထားတဲ့ မှတ်တမ်းပုံတွေသုံးပြီး အခွေဖြစ်ရုံလောက်လုပ်ထားကြတာဆိုတော့ငှားကြည့်ဖို့ကိုစိတ်မဝင်စားတော့ပါဘူး”ဟုသူ၏အမြင်ကို ပြောကြားခဲ့ပါသည်။

သင်္ကြန်ဗီဒီယိုဗာတ်ကားများ ရိုက်ကူးဖြန့်ချိရန်အတွက် ၂၀၁၀ ပြည့်နှစ်ခန့်မှစတင်၍ လျော့နည်းသွားခဲ့ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်သင်္ကြန်ကာလတွင်မူ သင်္ကြန်ဗာတ်ကားတစ်ကားမျှ ရိုက်ကူးဖြန့်ချိမှုမရှိခဲ့ကြောင်း သိရှိရသည်။




## Myanmar Underground Concert ကို ဇန်နဝါရီနောက်ဆုံးပတ်တွင်ကျင်းပမည်

Metal Music Band များသာ ပါဝင်ဖျော်ဖြေကြမည့် Myanmar Underground Concert ဖျော်ဖြေပွဲကို ၂၀၁၂ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့တွင် ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင်ကျွန်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

“ နိုင်ငံတကာမှာတော့ Metal Music က အခိုင်အမာဖြစ်တည်နေပြီ။ မြန်မာနိုင်ငံမှာတော့ နေရာတစ်ခုအခိုင်အမာမရှိသေးဘူး။ ထုတ်လုပ်သူတွေကိုယ်တိုင်ကလည်း ဒီဂီတကိုသိပ်ပြီးလက်မခံကြသေးဘူး။ ဒီတော့ ကျွန်တော်တို့ Metal Music Bandတွေအနေနဲ့ ပရိသတ်ရှိပေမယ့် Underground အနေနဲ့ပဲ ရှိနေကြသေးတယ်။ ဒါကြောင့် ကျွန်တော်တို့ Metal Music Band တွေသီးသန့်ဖျော်ဖြေမယ့် ဒီပွဲကို Myanmar Underground Concert လို့ပဲ အမည်တပ်လိုက်တာပါ”ဟု ပွဲစီစဉ်သူတစ်ဦးဖြစ်သည့် Nightmare Band မှ ကိုအောင်မျိုးလင်းက ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားခဲ့ပါသည်။ အဆိုပါပွဲတွင် Metal Music Band စုစုပေါင်း ၁၂ ဖွဲ့နှင့်အထက်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

## “ညီညွတ်ခြင်းနှင်းဆီ” ဖျော်ဖြေပွဲ စင်ကာပူနိုင်ငံတွင် တင်ဆက်မည်



ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)စီစဉ်သည့် ‘ညီညွတ်ခြင်းနှင်းဆီ’ဖျော်ဖြေပွဲအား စင်ကာပူနိုင်ငံတွင် ဧပြီလ ၁ ရက်နေ့၌ Kallang Theater (Stadium MRT)၌ ပြုလုပ်သွားမည်ဖြစ်ပြီး လက်မှတ်များကို ပင်နစူလာပလာဇာတွင်စတင်ရောင်းချလျက်ရှိသည်ဟုသတင်းရရှိသည်။

“ဦးမျိုးတို့နိုင်ငံရဲ့ကောင်းသောပြောင်းလဲခြင်းတွေက စပြီးမြင်တွေ့နေရပါပြီ။ ကောင်းသောပြောင်းလဲခြင်းတွေကိုအားလုံးဝိုင်းဝန်းဖော်ဆောင်ဖို့လိုပါတယ်။ အားလုံးညီညွတ်ဖို့လိုပါတယ်။ ဒါကြောင့် နှင်းဆီအဖွဲ့အနေနဲ့ ညီညွတ်ခြင်းနှင်းဆီအဖြစ်ပြန်လည်ကပြပါမယ်။ ဒီပွဲက ၂၀၁၂ ခုနှစ်အတွက် ပထမဆုံးပြည်ပဖျော်ဖြေပွဲလည်းဖြစ်ပါလိမ့်မယ်။ ဦးမျိုးတို့ တခြားနိုင်ငံတွေကလည်း ကပြပေးဖို့ ကမ်းလှမ်းထားတာတွေရှိပါတယ်”ဟု ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)က ရှင်းပြခဲ့သည်။

‘ညီညွတ်ခြင်းနှင်းဆီ’ဖျော်ဖြေပွဲတွင် လူရွှင်တော်များအဖြစ် နေတိုး၊ ကျော်ကျော်ဗို၊ မိုးမိုး၊ ထွန်းထွန်း၊ ရဲလေး၊ မင်းသမီး ဖူးစုံ၊ မေကဗျာ၊ မိုးယုစံ၊ မင်းသားတင်မောင်ဆန်း မင်းဝင်းတို့က ပါဝင်ကပြသွားမည်ဖြစ်ပြီး ဧည့်သည်အဆိုတော်အဖြစ် သန်းမြတ်စိုး၊ ဖိုးသောကြာ၊ ခင်ညွန့်ရည်တို့ပါဝင်ဖျော်ဖြေမည်ဟုသိရသည်။ အဆိုပါဖျော်ဖြေပွဲအား ဧပြီလ ၁ ရက်နေ့ မွန်းလွဲ ၂နာရီခွဲတွင် စတင်ပြုလုပ်သွားမည်ဟု သိရှိရသည်။

## ဂျော့ရှ်လူးကပ်စ် အနားယူတော့မည့် သတင်းများထွက်ပေါ်

အမေရိကန်ရုပ်ရှင်နယ်ပယ်၌ အအောင်မြင်ဆုံးဒါရိုက်တာနှင့်ထုတ်လုပ်သူဖြစ်ခဲ့သော ဂျော့ရှ်လူးကပ်စ် အနားယူတော့မည့်သတင်းများထွက်ပေါ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သတင်းများသည် နယူးယောက်တိုင်းမ် သတင်းစာတွင် ဖော်ပြခဲ့သော လူးကပ်စ်၏ ပြောစကားများအပေါ်အခြေခံပြီး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ နယူးယောက်တိုင်းမ်သတင်းစာတွင် ဖော်ပြခဲ့သောဆောင်းပါးတွင်လူးကပ်စ်က လုပ်ငန်းများနှင့် ဝေးရာသို့ သွားချင်ပြီဖြစ်ကြောင်း ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။

"ကျွန်တော် အနားယူချင်နေပြီ။ ဒီလုပ်ငန်းတွေနဲ့ဝေးရာကို ထွက်သွားချင်နေပြီ။ ဒီကုမ္ပဏီအပါအဝင် ဆက်စပ်နေသမျှ အရာအားလုံးရဲ့အဝေးကို သွားချင်နေပါပြီ"ဟု လူးကပ်စ်က နယူးယောက်တိုင်းမ်မှဖော်ပြခဲ့သော ဆောင်းပါးတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထိုသို့ပြောဆိုလာခဲ့သည့် အတွက် လူးကပ်စ်အနေဖြင့် အမှန်တကယ်အနားယူတော့မည်လားဟူသည့် မေးခွန်းများပါ ထွက်ပေါ်လာခဲ့ပါသည်။ Star Wars နှင့် Indiana Jones ကဲ့သို့သော ဝင်ငွေစံချိန်ချိုး ဇာတ်ကားများကို ဖန်တီးတင်ဆက်ခဲ့သည့် ဂျော့လူးကပ်စ်သည် အသက် ၆၇ နှစ်အရွယ်ရှိပြီဖြစ်ပြီး ၂၀၁၁ ခုနှစ်က ဝင်ငွေအမေရိကန်ဒေါ်လာသုံးဘီလီယံကျော်ရရှိခဲ့သည်။

## ၂၀၁၂ခုနှစ် ကန်းစ်ရုပ်ရှင်ပွဲတော်၏ ဂျူရီဥက္ကဋ္ဌနေရာအတွက် အီတလီဒါရိုက်တာအား ရွေးချယ်



၂၀၁၂ ခုနှစ် ကန်းစ်ရုပ်ရှင်ပွဲတော်၏ ဂျူရီအဖွဲ့ကိုဦးဆောင်မည့်သူအဖြစ် အီတလီရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ နန်နီမော်ရသီကို ရွေးချယ်ခဲ့ကြောင်း ဆုရွေးချယ်ရေးအဖွဲ့မှ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ကြေညာခဲ့သည်။ အသက် ၅၈ နှစ်အရွယ်ရှိ ဒါရိုက်တာ နန်နီမော်ရသီသည် ကမ္ဘာ့ရုပ်ရှင်စင်မြင့်ထက်၌ ထင်ရှားခဲ့သူတစ်ဦးဖြစ်ပါသည်။ သူ့အနေဖြင့် ၁၉၉၄ ခုနှစ်ကပြသခဲ့သော Caro Diario (Dear Diary) ဇာတ်ကားနှင့် ၂၀၀၁ ခုနှစ်က ပြသခဲ့သော La Stanza del figlio (The Son's Room) ဇာတ်ကားများဖြင့် ကန်းစ်ရုပ်ရှင်ပွဲတော်မှပေးအပ်သည့် ထူးချွန်ဆုများကို ရရှိခဲ့ဖူးသူဖြစ်သည်။ ထို့အပြင်အီတလီနိုင်ငံ၏ နိုင်ငံရေးစနစ်ကိုဝေဖန်ခဲ့သော Il Caimano" (The Caiman) ဇာတ်ကားဖြင့်လည်း နာမည်ကျော်ခဲ့သူဖြစ်သည်။

## အော်စကာ နိုင်ငံခြားဘာသာစကားပြောဇာတ်ကားဆု နောက်ဆုံးဆန်ခါတင်ငါးကားအတွက် ထည့်သွင်းစဉ်းစားမည့် ဇာတ်ကားများစာရင်း ထုတ်ပြန်






အော်စကာဆု အမျိုးအစားများတွင် တစ်ခုအပါအဝင် ဖြစ်သည့် နိုင်ငံခြားဘာသာစကားပြောဇာတ်ကားဆု နောက်ဆုံး ဆန်ခါတင်စာရင်းအတွက် ထည့်သွင်းစဉ်းစားမည့် ဇာတ်ကားများ စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါစာရင်းများကို ဇန်နဝါရီလ ၁၈ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ဇာတ်ကားစုစုပေါင်းကိုးကားဖြစ်ကြောင်း သိရှိရပါသည်။ ယင်းဇာတ်ကားများထဲတွင် ရွှေကမ္ဘာလုံးရုပ်ရှင်ထူးချွန်ဆုပေးပွဲ၌ အကောင်းဆုံး နိုင်ငံခြားဘာသာစကားပြော ဇာတ်ကားဆုရရှိခဲ့သည့် A Separation ဇာတ်ကားလည်း ပါဝင်ခဲ့သည်။

အော်စကာဆုနှင့် အမြဲလွဲချော်လေ့ရှိသောတရုတ်ဒါရိုက်တာ ကျန်ရိမူ၏ The Flowers of War ဇာတ်ကားမှာမူ နောက်ဆုံးဆန်ခါတင်အဖြစ် စဉ်းစားမည့် ဇာတ်ကားများစာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရပါသည်။ A Separation ဇာတ်ကားနှင့်အတူ စာရင်းတင်သွင်းခံခဲ့ရသည့် ဇာတ်ကားများမှာ ဂျာမနီ၊ ဒိန်းမတ်၊ ကနေဒါ၊ မော်ရိုကို၊ ထိုင်ဝမ်၊ ပိုလန်၊ အစ္စရေးလ်နှင့် ဘယ်လ်ဂျီယံနိုင်ငံများမှ ဇာတ်ကားများဖြစ်ကြပါသည်။ ထိုဇာတ်ကားများမှာ Pina၊ In Darkness ၊Footnote ၊ Omar Killed Me ၊ Warriors of the Rainbow: Seediq Bale၊ Bullhead ၊Monsieur Lazhar၊ Superclásico ဇာတ်ကားတို့ဖြစ်ကြသည်။

ယခု ရွေးချယ်ခဲ့သည့် ဇာတ်ကားကိုးကားအနက် ဇာတ်ကား ငါးကားဇန်နဝါရီလ ၂၄ ရက်နေ့တွင် ထုတ်ပြန်မည့်အော်စကာနောက်ဆုံးအဆင့် ဆန်ခါတင်စာရင်းအတွက် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

ယခုနှစ် နိုင်ငံခြား ဘာသာ စကားပြော အော်စကာဆုအတွက်နိုင်ငံပေါင်း ၆၃ နိုင်ငံမှ ဇာတ်ကား ၆၃ ကားပေးပို့ခဲ့ခြင်းဖြစ်သည်။ ယခင်နှစ် အော်စကာဆုပေးပွဲ၌ နိုင်ငံခြားဘာသာစကားပြော အကောင်းဆုံး ဇာတ်ကားဆုကို ဒိန်းမတ်ဇာတ်ကားဖြစ်သည့် In a Better World ဇာတ်ကားက ရရှိခဲ့သည်။

(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲအား ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင်ကျင်းပမည်ဖြစ်ပြီး ဆုအသီးသီးအတွက် နောက်ဆုံးဆန်ခါတင်စာရင်းကို ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။ ဆန်ခါတင်စာရင်းများအား အော်စကာဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဂျနီဖာလောရန့်စ်တို့က စာအိတ်ဖွင့် ဖောက်ကြေညာပေးမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၂ ခုနှစ်အတွက်အော်စကာဂုဏ်ထူးဆောင်ဆုများကို ဂျိမ်းစ်အာရ်ဂျုန်းစ်နှင့် ဒစ်(ခ်)စမစ်ချ်တို့ဖြစ်ကြပါသည်။ အော်ပရာဝင်းဖရေးကိုမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှုများအတွက်ဂုဏ်ပြုဆုတစ်ရပ် ချီးမြှင့်မည်ဖြစ်သည်။

## ၁၄ နှစ်တာကြာမြင့်ခဲ့သော ဂျွန်နီဒက်၏ အချစ်ဇာတ်လမ်း အဆုံးသတ်ချိန် နီးကပ်လာပြီဖြစ်ကြောင်း သတင်းများက ဖော်ပြ



၁၄ နှစ်တာကြာမြင့်ခဲ့သော ဂျွန်နီဒက်၏ အချစ်ဇာတ်လမ်းမှာ အဆုံးသတ်ချိန် နီးကပ်လာပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနအပါအဝင် သတင်းဌာန အများအပြားက ဖော်ပြခဲ့ကြပါသည်။

ဂျွန်နီဒက်သည် ပြင်သစ်အမျိုးသမီးသရုပ်ဆောင်နှင့် အဆိုတော် ဗန်နက်ဆာပရာဒီးစ်နှင့် ၁၄ နှစ်ကြာ ချစ်ကြိုးသွယ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် သူတို့နှစ်ဦး၏ ဆက်ဆံရေးမှာ ကျောက်တုံးသဖွယ်ဖြစ်နေခဲ့ကြောင်း People မဂ္ဂဇင်းမှ သတင်းဖော်ပြခဲ့ပါသည်။ ထို့အပြင် သူတို့နှစ်ဦး သီးသန့်အနေဖြင့် သီးခြားနေထိုင်မှုမှာလည်း လူသိထင်ရှားဖြစ်လာခဲ့ကြောင်း သတင်းတွင်ဖော်ပြခဲ့ပါသည်။ လက်ရှိအချိန်တွင် ဂျွန်နီဒက်၏ အသက်မှာ ၄၈ နှစ်အတွင်းသို့ရောက်ရှိနေပြီဖြစ်ပြီး ပရာဒီးစ်၏ အသက်မှာ ၃၉ နှစ်အရွယ်ရှိပြီ ဖြစ်ပါသည်။ တစ်ကြိမ်တစ်ခါမျှ လက်ထပ်ခဲ့ဖူးခြင်းမရှိသော်လည်း သူတို့နှစ်ဦးတွင် ရင်သွေးနှစ်ဦးရှိနေသည်။ ထို့အပြင် ပြင်သစ်နှင့် အမေရိကန်တွင် တစ်လှည့်စီနေထိုင်ရင်းဖြင့် သူတို့နှစ်ဦးမှာ ဘဝကိုဖြတ်သန်းခဲ့ကြောင်း သတင်းများတွင်ဖော်ပြခဲ့ပါသည်။ People မဂ္ဂဇင်း၌ ဖော်ပြထားချက်အရမူ ဂျွန်နီဒက်နှင့် ပရာဒီးစ်တို့သည် နှစ်ဦးအတူတွဲလျက် ပွဲမတက်ခဲ့သည်မှာလည်း အချိန်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်းနှင့် ပြီးခဲ့သည့်နှစ်က ပြုလုပ်ခဲ့သော ကန်းစ်ရုပ်ရှင်ပွဲတော်နှင့် ယခုနှစ်အတွက် ရွှေကမ္ဘာလုံး ရုပ်ရှင်ထူးချွန်ဆုပေးပွဲများတွင်လည်း ဂျွန်နီဒက်တစ်ဦးတည်းကိုသာ မြင်တွေ့ခဲ့ရကြောင်း ရေးသားခဲ့ပါသည်။ အဆိုပါသတင်းများနှင့်ပတ်သက်၍မူ ဂျွန်နီဒက်ဘက်မှ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

## ဗြိတိန်ရုပ်ရှင်ထူးချွန်ဆုများအတွက် ဆန်ခါတင်စာရင်း၌ အသံတိတ်ရုပ်ရှင် The Artist ဇာတ်ကားဦးဆောင်

ဗြိတန်ရုပ်ရှင်ထူးချွန်ဆု( BAFTA) အတွက်ဆန်ခါတင်စာရင်းများကို ဇန်နဝါရီလ ၁၇ ရက်နေ့ အစောပိုင်းက ထုတ်ပြန်ကြေညာခဲ့ရာ The Artist ဇာတ်ကားကပင် ဦးဆောင်နေခဲ့ကြောင်း သိရသည်။

အဖြူအမည်းဖြင့် တင်ဆက်ခဲ့သည့်အပြင် အသံတိတ်အနေဖြင့် ရိုက်ကူးခဲ့သော ထိုဇာတ်ကားသည် ယခုနှစ် အော်စကာရာသီ၌ ရေပန်းအစားဆုံးဇာတ်ကားဖြစ်နေပြီး ရွှေကမ္ဘာလုံးရုပ်ရှင်ထူးချွန်ဆုအပါအဝင် အခြားသော ဆုများစွာကို ဆွတ်ခူးရရှိခဲ့ပါသည်။

ပြင်သစ် ဇာတ်ကားဖြစ်သော The Artist ဇာတ်ကားသည် ဗြိတိန်ရုပ်ရှင်ထူးချွန်ဆုအတွက် ဆန်ခါတင် ၁၂ဆု စာရင်းဝင်ခဲ့ပြီး ဆုအများဆုံး စာရင်းဝင်ခဲ့ခြင်း ဖြစ်သည်။ စပိုင်ဇာတ်ကားဖြစ်သော Tinker Tailor Soldier Spy ဇာတ်ကားမှာ ဆန်ခါတင် ၁၁ဆု စာရင်းဝင်ခဲ့ပြီး ဒုတိယမြောက် ဆန်ခါတင်အများဆုံးအနေဖြင့် စာရင်းပါဝင်ခဲ့သည်။

မာတင်စကော့ဆေးဆေး၏အံ့သြဖွယ်ဖန်တီးမှုဖြစ်ခဲ့သည့် Hugo ဇာတ်ကားနှင့် မက်ဒေါနား၏ My Week with Marilyn ဇာတ်ကားမှာ ဆုခြောက်ဆုဆန်ခါတင်စာရင်းဝင်ခဲ့ပါသည်။ စတီဗင်စပီးဘတ်ရိုက်ကူးခဲ့သော War Horse နှင့် The Help ဇာတ်ကားတို့လည်း ဆုငါးဆုအတွက် ဆန်ခါတင်ဝင်ခဲ့သည်။

## Billboard ၏ အရောင်းရဆုံးစာရင်း၌ အဒဲလ်၏ အယ်လ်ဘမ်သစ် ရက်သတ္တပတ် ၁၆ပတ်ဆက်တိုက် ထိပ်ဆုံးမှ ရပ်တည်



Billboard ၏ အရောင်းရဆုံးတေးအယ်လ်ဘမ်များစာရင်း၌ ဗြိတိန် အဆိုတော် အဒဲလ်၏ အယ်လ်ဘမ်သစ်မှာ ရက်သတ္တပတ် ၁၆ ပတ်ဆက်တိုက် အရောင်းရဆုံးအယ်လ်ဘမ်အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

အဒဲလ်၏ အယ်လ်ဘမ်သစ်ဖြစ်သော 21 အယ်လ်ဘမ်၌ ပါဝင်ခဲ့သောခေါင်းစီးသီချင်း 21 သည် အယ်လ်ဘမ်ထွက်ရှိခဲ့ပြီး ရက်သတ္တပတ် ၃၃ ပတ်အတွင်း အကြိမ်တစ်သိန်းနှင့်အထက် ရောင်းချခဲ့ရပါသည်။ ထိုသို့ရောင်းချနိုင်ခဲ့ရမှုသည် ၁၉၉၇ ခုနှစ်က ထွက်ရှိခဲ့သော Titanic ၏ဇာတ်ဝင် သီချင်းရောင်းချခဲ့ရမှု၊ ၁၉၉၂ ခုနှစ်က ထွက်ရှိခဲ့သော ဝစ်နီဟူစတန်၏ The Bodyguard သီချင်း၊ ၁၉၉၂ ခုနှစ်ကပင် ထွက်ရှိခဲ့သော ဘီလီရေးဆိုင်းရပ်စ်၏ ome Gave All သီချင်းများ ရောင်းချခဲ့ရသည့် စံချိန်နှင့် တူညီခဲ့ကြောင်း သိရပါသည်။ ၂၀၁၂ ခုနှစ် နှစ်ဦးပိုင်း Billboard ၌ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့သည့်အဆိုတော်နှစ်ဦးမှာအဒဲလ်နှင့် ဂျေဆင်မက်ဇ်တို့ဖြစ်ကြောင်းသိရသည်။

## ကရာဆစ်အား ချဲလ်ဆီးနှင့်အပြိုင် လီဗာပူးလ် စိတ်ဝင်စား

လီဗာပူးလ်အသင်းသည် ဂျူဗင်တပ်စ်အသင်း၏ တောင်ပံကစားသမားဖြစ်သူ ကရာဆစ်အား ချဲလ်ဆီး၊ စပါးအသင်းတို့နှင့်အပြိုင်ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

လီဗာပူးလ်အသင်းသည် ဂျူဗင်တပ်စ်အသင်းနဲ့ သဘောတူညီမှုရရှိလိမ့်မည်ဟု ယုံကြည်ထားလျက်ရှိပြီး ချဲလ်ဆီးနှင့် စပါးအသင်းတို့ကို ကျော်ဖြတ်ကာ ကရာဆစ်အား ခေါ်ယူနိုင်ရန် ကြိုးစားနေလျက်ရှိသည်။ ကရာဆစ်သည် ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်က CSKA မော်စကိုအသင်းထံမှ ပေါင် ၁၄ သန်းဖြင့် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ အသက် ၂၇ နှစ်ရှိ ဆာဘီးယားတောင်ပံကစားသမား ကရာဆစ်ကို မန်ယူအသင်းကလည်း ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ခေါ်ယူရန်ကြိုးစားခဲ့ဖူးကြောင်း သိရသည်။

## နာဆရီနှင့် ရီဘာရီတို့ကို ခေါ်ယူရန် PSG ကြိုးပမ်း

ကာတာတော်ဝင်မိသားစုများပိုင်ဆိုင်သော ပြင်သစ်ထိပ်သီးကလပ် PSG အသင်းသည်မန်စီးတီးအသင်း၏ ကွင်းလယ်ကစားသမားဖြစ်သူ နာဆရီနှင့် ဘေယန်မြူးနစ်အသင်း၏ ကွင်းလယ်လူ ရီဘာရီတို့ကို ခေါ်ယူရန် ကြိုးပမ်းနေလျက်ရှိကြောင်း သိရသည်။

PSG အသင်းသည် အေစီမီလန်နှင့် ချဲလ်ဆီးအသင်းတို့၏ နည်းပြဟောင်း အန်ဆလော့တီကို နည်းပြအဖြစ် ခန့်အပ်ထားသည်။ PSG အသင်းသည် အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းကို ခေါ်ယူရန် နီးစပ်သည့်အခြေအနေရောက်ရှိခဲ့ပြီးမှ လက်လွတ်ခဲ့ရသောကြောင့် နာဆရီနှင့်ရီဘာရီတို့ကိုကြိုးပမ်းလာခြင်းလည်းဖြစ်သည်။

## ရှက်တာဒိုးနက်စ်အသင်း၏ ဘရာဇီးလ်ကွင်းလယ်လူ ဝီလျံအား ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် ချဲလ်ဆီးအသင်း ကြိုးပမ်းလာ




ပရီးမီးယားလိဂ်ထိပ်သီးကလပ် ချဲလ်ဆီးအသင်းသည် ယူကရိန်းကလပ် ရှက်တာဒိုးနက်စ်အသင်း၏ ဘရာဇီးလ်ကွင်းလယ်လူ ဝီလျံဘိုဂက်စ် ဒါဆေးလ်ဗားကို ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန်ကြိုးပမ်းနေလျက်ရှိကြောင်း သိရသည်။

အသက် ၂၃ နှစ်သာရှိသေးသည့် ဝီလျံသည် ပြီးခဲ့သည့်ရာသီက ရှက်တာဒိုးနက်စ်အသင်းနှင့်အတူ ချန်ပီယံလိဂ်တွင် ခြေစွမ်းပြကစားနိုင်ခဲ့သောကြောင့် ဥရောပအသင်းကြီးအတော်များများက ခေါ်ယူရန် မျက်စိကျနေခြင်းလည်းဖြစ်သည်။ ကွင်းလယ်ကစားသမားဖြစ်သူ ဝီလျံသည် ဘယ်တောင်ပံနေရာနှင့် နောက်ချန်တိုက်စစ်မှူးနေရာများကိုပါ ကစားနိုင်သူလည်းဖြစ်သည်။ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အာဆင်နယ်အသင်း မန်နေဂျာ အာစင်ဝင်းဂါးသည် ဝီလျံကို ခေါ်ယူရန် ကြိုးစားခဲ့ဖူးပြီး ရှက်တာဒိုးနက်စ်အသင်းအား ပြောင်းရွှေ့ကြေးသတ်မှတ်ပေးရန် တောင်းဆိုခဲ့ဖူးကြောင်း သိရသည်။

ချဲလ်ဆီးအသင်းမန်နေဂျာ ဘိုအက်ရှ်သည်ဝီလျံအားခေါ်ယူရန်ဆန္ဒပြင်းပြနေသော်လည်းအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်၏သဘောထားအရ ကစားသမားတစ်ဦးကိုပြန်လည်ရောင်းထုတ်ပေးရမည် ဖြစ်သည်။ ရှက်တာဒိုးနက်စ်အသင်းသည်ဝီလျံကိုရောင်းချမည်မဟုတ်ဟုဆိုနေသော်လည်း ပေါင်သန်း ၃၀ ခန့်သာ ပေးချေမည်ဆိုပါကရောင်းချဖွယ်လည်းရှိနေသည်။

## Sports News In Brief

**လီဗာပူးလ်** ➢ လီဗာပူးလ်အသင်း၏ ကစားသမားဟောင်းဖြစ်သူ ဟာမန်းသည် လောင်းကစားလုပ်မှုကြောင့် ပေါင် ၂၈၈၀၀၀ ဆုံးရှုံးခဲ့သည်။

**ရီးဒင်း** ➢ ရီးဒင်းအသင်းဥက္ကဋ္ဌ မာဒက်စကီသည် အသင်းကို ပေါင်သန်း ၄၀ ဖြင့် ရုရှားကုမ္ပဏီတစ်ခုထံ ရောင်းချရန် ဆောင်ရွက်နေသည်။

**ဘရာဇီးလ်** ➢ ဘရာဇီးလ်အသင်း၏ လက်ရွေးစင်ကစားသမားဟောင်းဖြစ်သူ ရိုနယ်လ်ဒင်ဟိုသည် ဘိုလီးဗီးယားသမ္မတနှင့်တွေ့ဆုံခဲ့သည်။

**ဘာစီလိုနာ** ➢ ဘာစီလိုနာအသင်း၏ ကစားသမားဟောင်းဖြစ်သူ အာဂျင်တီးနားကွင်းလယ်လူ ရီကွယ်လ်မီးက အင်နီယေစတာမှာ အံ့သြဖွယ်ကောင်းလောက်အောင် ထူးချွန်သည့်ကစားသမားဟု ဆိုခဲ့သည်။

**အာဆင်နယ်** ➢ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက နောက်တန်း ဘယ်အစွန်ကစားသမားတစ်ဦး ခေါ်ယူမည်ဟု အတည်ပြုခဲ့သည်။

**ကော်စတာရီကာ** ➢ အာဖရိကဖလား ပြိုင်ပွဲဝင်နေသည့် ကော်စတာရီကာအသင်း၏ အာဆင်နယ်တိုက်စစ်မှူး ဂျာဗင်ဟိုက ကော်စတာရီကာအသင်းမှာ ၎င်းအတွက်အာဆင်နယ်ကဲ့သို့ပင် အရေးပါသည်ဟု ပြောကြားခဲ့သည်။

**မန်စီးတီး** ➢ မန်စီးတီးအသင်းနည်းပြ မန်စီနီက အသင်းသို့ တီဗက်ဇ်ပြန်လာရန်မှာ မဖြစ်နိုင်ဟု ပြောကြားခဲ့သည်။

## ဒရော့ဘာအား တစ်ပတ်ပေါင် ၂၆၇၀၀၀ ဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုရန် ရှန်ဟိုင်းရှင်ဟွာ ကမ်းလှမ်း




တရုတ်စူပါလိဂ်ကလပ်ရှန်ဟိုင်းရှင်ဟွာအသင်းသည် ချဲလ်ဆီးအသင်း၏ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာအား တစ်ပတ်ပေါင် ၂၆၇၀၀၀ ဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

သို့သော် ဒရော့ဘာက လက်ရှိဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ချဲလ်ဆီးအသင်းမှ ထွက် ခွာဦးမည်မဟုတ်ဘဲရာသီကုန်အထိဆက်လက်ရှိနေမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ဒရော့ဘာက "ကျွန်တော် ပရိသတ်အသစ်တွေ၊ အတွေ့အကြုံသစ်တွေ၊ဖိအားအသစ်တွေ ရှာချင် ပါတယ်။ ချဲလ်ဆီးအသင်းမှာ ဒီရာသီကုန်တဲ့အထိနေဖို့ ဆန္ဒရှိပါတယ်။ ကျွန်တော့်ရဲ့အလုပ်ဟာ ပရိသတ်တွေအပေါ်မှာမူတည်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက ချဲလ်ဆီးအသင်းကနေမထွက်ခွာသေးလူးဆိုတာကိုပါ။ ဇွန်လအထိ ကျွန်တော် ဒီမှာရှိနေမှာပါ"ဟု ပြောကြားခဲ့သည်။

တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းသည် ချဲလ်ဆီးအသင်း၏ ပြင်သစ်တိုက်စစ်မှူး အနယ်လ်ကာကိုလည်းတစ်ပတ်ပေါင်နှစ်သိန်းဖြင့် ခေါ်ယူထားလျက်ရှိသည်။ ချဲလ်ဆီးအသင်းသည် ဒရော့ဘာအား တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း ဒရော့ဘာက နှစ်နှစ်စာချုပ်ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သိရသည်။




## အားကစားသတင်း အတိုအထွာများ

➢ ဇန်နဝါရီလအတွက် ဖီဖာကမ္ဘာ့ဘောလုံးအဆင့်များကိုထုတ်ပြန်ခဲ့ရာ မြန်မာအသင်းသည် အဆင့်ရပ်တည်မှုပြောင်းလဲချက်မရှိဘဲ ကမ္ဘာ့အဆင့် ၁၇၂ ၌ရပ်တည်လျက်ရှိကြောင်း သိရသည်။ မြန်မာအသင်းသည် အဆင့်ရပ်တည်မှုအပြောင်းအလဲမရှိသော်လည်း ဒေသတွင်းအသင်းများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့မှာ အဆင့်များအသီးသီးကျဆင်းခဲ့သည်ကို တွေ့ရသည်။ပြီးခဲ့သည့်လက ကမ္ဘာ့အဆင့် ၉၈ အထိ တက်ရောက်နိုင်ခဲ့သော ဗီယက်နမ်အသင်းမှာ ၁၀၁ သို့လည်းကောင်း၊ ထိုင်းအသင်းမှာ အဆင့် ၁၂၄ သို့လည်းကောင်း၊ အင်ဒိုနီးရှားအသင်းမှာ ၁၄၃ သို့ လည်းကောင်း၊ စင်ကာပူအသင်းမှာ ၁၄၇ သို့လည်းကောင်း အသီးသီးကျဆင်းသွားခဲ့ကြောင်း သိရသည်။

➢ မကွေးအသင်းနှင့် ရတနာပုံအသင်းတို့၏ပွဲစဉ်တွင် ကွင်းလယ်ဒိုင်၏ဆုံးဖြတ်ချက်ကို ပြင်းပြင်းထန်ထန်စောဒကတက်မှုများပြုလုပ်ခဲ့သော ရတနာပုံအသင်း၏ နည်းစနစ်ဒါရိုက်တာဖြစ်သူ မစ္စတာ ရောဘတ်အားမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေကျပ် သုံးသိန်း ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရှိရသည်။ ထို့အပြင် အဆိုပါပွဲတွင် တာဝန်ယူကိုင်တွယ်ခဲ့သော ကွင်းလယ်ဒိုင်ဖြစ်သူ ဦးလှမင်းအားလည်း မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၃)အား ပွဲကြီးကြပ်စေခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

➢ အာရှဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်မည့် AFC Elite Education Seminar 2012 သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတက်ရောက်သွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းသင်တန်းကို MFF မှ မြန်မာနေရှင်နယ်လိဂ်တာဝန်ခံဦးဝင်းသူမိုးနှင့် လက်ထောက်နည်းပြ ဦးအောင်အောင်ထွန်းတို့တက်ရောက်သွားမည်ဖြစ်သည်။ ဦးဝင်းသူမိုးသည် AFC၏ "A" လိုင်စင်နည်းပြလက်မှတ်ရရှိထားသူဖြစ်ပြီး ဦးအောင်အောင်ထွန်းမှာလည်း ယခင်ကမြန်မာ့လက်ရွေးစင်အသင်းလက်ထောက်နည်းပြအဖြစ်ဆောင်ရွက်ခဲ့ကာ လက်ရှိတွင် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင်မည့် ယူ-၂၁ အသင်း၏လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်လျက်ရှိသည်။

➢ ဟံသာဝတီယူနိုက်တက်(ယခင်ဥဿာယူနိုက်တက်)အသင်း၏ နည်းပြဟောင်းဖြစ်သူ ဆာဗာဂျီသည် ကမ္ဘောဇအသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိထားပြီဖြစ်ပြီး ကမ္ဘောဇအသင်းတွင် ဦးအေးမောင်ကြီး၊ ဦးသန်းထိုက်တို့နှင့်တွဲ၍ တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင်မှ နိုင်ငံခြားသားကစားသမားများ စတင်ခေါ်ယူခဲ့သော ကမ္ဘောဇအသင်းသည် ၂၀၁၂ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ ရမှတ်ခြောက်မှတ်ဖြင့် ဟံသာဝတီယူနိုက်တက်အသင်းနှင့်အတူ အမှတ်ပေးဇယားတွင် ထိပ်ဆုံးနေရာ၌ရပ်တည်လျက်ရှိကြောင်း သိရသည်။

## MNL ပွဲစဉ်(၃)တွင် လက်ရှိချန်ပီယံ ရန်ကုန်နှင့် ၂၅ ပွဲဆက် ရှုံးပွဲမရှိသေးသော ဇေယျာဝတီယူနိုက်တက်တို့ရှုံးနိမ့်ခဲ့ပြီး ဟံသာဝတီနှင့်ချင်းယူနိုက်တက်၊ မကွေးနှင့်ရက္ခပူရတို့သရေကျ




မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၃)ကို ဇန်နဝါရီလ ၂၁ ရက်နေ့က အောင်ဆန်း၊ ပဒုမ္မာ၊ တောင်ကြီးနှင့် မုံရွာကွင်းတို့တွင်ကျင်းပခဲ့ရာ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ၂၅ ပွဲဆက်တိုက် ရှုံးပွဲမရှိသေးသော ဇေယျာဝတီအသင်းတို့ ရှုံးနိမ့်ခဲ့ပြီး ဟံသာဝတီနှင့် ချင်းယူနိုက်တက်၊ မကွေးနှင့် ရက္ခပူရအသင်းတို့ သရေကျသွားခဲ့ကြောင်း သိရသည်။

တောင်ကြီးကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော ကမ္ဘောဇအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့၏ ပွဲစဉ်တွင် ပထမပိုင်းပြီးသည်အထိ ဂိုးမရှိသရေကျခဲ့ပြီး ဒုတိယပိုင်း ၆၇ မိနစ်တွင်ကမ္ဘောဇအသင်း၏ ကစားသနားသစ် နူနက်စ်က ၃၅ ကိုက်အကွာမှကန်သွင်းခဲ့ပြီး ကမ္ဘောဇအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုရယူနိုင်ခဲ့သည်။ ယင်းရလဒ်ကြောင့် ကမ္ဘောဇအသင်းသည် သုံးပွဲကစား၊ ရမှတ် ၉ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

မုံရွာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သောပွဲစဉ်၌ ဇေယျာရွှေမြေအသင်းက ၂၅ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်ထားသောဇေယျာဝတီယူနိုက်တက်အသင်းကို (၁-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဇေယျာရွှေမြေအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူးကျော်ကိုကိုက ပင်နယ်တီမှတဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော ဟံသာဝတီယူနိုက်တက်အသင်းနှင့် အသင်းသစ် ချင်းယူနိုက်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ပြီး ပဒုမ္မာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော မကွေးအသင်းနှင့် ရက္ခပူရအသင်းတို့ပွဲစဉ်မှာလည်း ဂိုးမရှိသရေပွဲဖြင့် ပြီးဆုံးသွားခဲ့သည်။

## Road to 27th SEA GAME ဓာတ်ပုံပြပွဲကျင်းပမည်

Road to 27th SEAGAME အမည်ဖြင့် ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ရှိ အာရှပလာဇာဟိုတယ်တွင် ဇန်နဝါရီလ ၂၉ ရက်မှ ၃၁ ရက်နေ့အထိကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဓာတ်ပုံပြပွဲတွင် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပခဲ့ပုံများ၊ မြန်မာနိုင်ငံမှ အားကစားအဖွဲ့ချုပ်အသီးသီး၏ယှဉ်ပြိုင်ခဲ့ကြပုံမှတ်တမ်းဓာတ်ပုံများကို ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲပြသရခြင်းနှင့်ပတ်သက်၍ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် တာဝန်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံအစိုးရ၊ ပြည်သူများ၊ လူငယ်များ၊ အားကစားရေးရာဝန်ကြီးဌာန၊ အိုလံပစ်ကော်မတီ၊ အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီတို့လက်တွဲ၍ အောင်မြင်စွာကျင်းပခဲ့မှု ဓာတ်ပုံမှတ်တမ်းများကိုလေ့လာခြင်းဖြင့် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် တာဝန်ယူကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် တစ်ထောင့်တစ်နေရာမှပါဝင်ပူးပေါင်းဆောင်ရွက်လိုစိတ်များပေါ်ပေါက်လာစေရန် ရည်ရွယ်သည်ဟုလည်း စီစဉ်သူများထံမှ သိရှိရပါသည်။



# ဂရိတ်ဗြိတိန်ဘောလုံးအသင်းတွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူလိုကြောင်း ဒေးဗစ်ဘက်ခမ် ဝန်ခံပြောကြား

အင်္ဂလန် နာမည်ကျော်ကစားသမားဒေးဗစ်ဘက်ခမ်သည်လာမည့် ၂၀၁၂ ဗြိတိန်အိုလံပစ်တွင်ပြိုင်ပွဲဝင်မည့် ဂရိတ်ဗြိတိန်ဘောလုံးအသင်းတွင်ပါဝင်ယှဉ်ပြိုင်ကာအသင်းခေါင်းဆောင်ရာထူးကိုရယူလိုကြောင်းပြောကြားလိုက်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက LA ဂလက်ဆီအသင်းနှင့်အတူ နှစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည့်ဘက်ခမ်က အသင်းနှင့်အတူ ပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင် ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်သည့် ဘက်ခမ်က "ဂရိတ်ဗြိတိန်အသင်းရဲ့ အသင်းခေါင်းဆောင်ရာထူးကို ကျွန်တော်အလွန်အလိုရှိပါတယ်။ အင်္ဂလန်လက်ရွေးစင်အသင်းကို ဦးဆောင်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ယူရိုပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ခဲ့ဖူးတဲ့ ကျွန်တော့်အတွက် ဂရိတ်ဗြိတိန်အသင်းကိုဦးဆောင်ပြီး အိုလံပစ်ပြိုင်ပွဲမှာယှဉ်ပြိုင်ခွင့်ရခဲ့ရင်အလွန်ကံကောင်းတဲ့ကစားသမားတစ်ဦးအဖြစ်မှတ်ယူနိုင်ပါလိမ့်မယ်။ အိုလံပစ်ပြိုင်ပွဲဟာ ကျွန်တော်ငယ်စဉ်က ကြီးပြင်းခဲ့တဲ့ဒေသဖြစ်တဲ့ လန်ဒန်အရှေ့ဖျားဒေသမှာ ကျင်းပမှာဖြစ်လို့ ကျွန်တော်အရမ်းစိတ်လှုပ်ရှားနေပါတယ်"ဟု ပြောကြားခဲ့သည်။ ထို့ပြင် ဘက်ခမ်က အသင်းနှင့်စာချုပ်သက်တမ်းမတိုးမီ ပရီးမီးယားလိဂ်အသင်းများ၏ကမ်းလှမ်းမှုကိုရရှိခဲ့ကြောင်းလည်းပြောကြားခဲ့သည်။ ဘက်ခမ်က ပရီးမီးယားလိဂ်မှ အသင်းနှစ်သင်းက ၎င်းအား အင်္ဂလန်မြေတွင် ပြန်လည်ခြေစွမ်းပြနိုင်ရန် အခွင့်အရေးပေး ကမ်းလှမ်းခဲ့ကြောင်း၊ သို့သော် မိမိ၏မိသားစုမှာ အမေရိကန်တွင် အခြေကျနေပြီဖြစ်သလိုမိမိကိုယ်တိုင်လည်း LA ဂလက်ဆီအသင်းတွင် ကစားနေရသည်ကို ပျော်ရွှင်နေသဖြင့် အသင်းနှင့်စာချုပ်သက်တမ်းတိုးခဲ့ခြင်းဖြစ်ကြောင်းလည်းပြောကြားခဲ့သည်။

ဂရိတ်ဗြိတိန်အသင်းနည်းပြ စတူးဝပ်ပီယာ့ကလည်း LA ဂလက်ဆီအသင်းတွင်ဆက်နေမည့်ဘက်ခမ်၏ဆုံးဖြတ်ချက်ကိုချီးကျူးခဲ့ပြီး အိုလံပစ်ပြိုင်ပွဲကျင်းပချိန်တွင်ကြံ့ခိုင်မှုပြည့်ဝနေမည့်ဘက်ခမ်း၏အခြေအနေကအသင်းအတွက်အလွန်အကျိုးရှိမည်ဖြစ်ကြောင်းပြောကြားလိုက်သည်။




# လန်ဒန်အိုလံပစ်ပြိုင်ပွဲ၏ လုံခြုံရေးဝတ်စုံပြည့်လေ့ကျင့်မှုများကို လန်ဒန်မြို့ရှိ သိမ်းစ်မြစ်အတွင်းပြုလုပ်




၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက်လုံခြုံရေးဝတ်စုံပြည့်လေ့ကျင့်မှုများကို လန်ဒန်မြို့ရှိသိမ်းစ်မြစ်အတွင်း ပြီးခဲ့သည့်ကြာသပတေးနေ့က ပြုလုပ်ခဲ့ကြကြောင်းသိရှိရသည်။

Operation Woolwich Arsenal Pier ဟု အမည်ပေးထားသည့် ယင်းလေ့ကျင့်မှုတွင် အင်္ဂလန်ရေတပ်သားများနှင့်အတူ စကော့တလန်ယာ့ဒ်ရဲတပ်ဖွဲ့မှတပ်သားများအတူပူးတွဲပါဝင်ခဲ့ကြသည်။ အရေအတွက်အားဖြင့် ရေတပ်သား ၁၀၀ ခန့်နှင့် ရဲအရာရှိ ၅၀ ခန့်ပါဝင်ခဲ့သည့် ယင်းလေ့ကျင့်မှုကိုရက်သတ္တပတ်တစ်ပတ်ကြာပြုလုပ်သွားမည်လည်းဖြစ်သည်။

လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် လုံခြုံရေးဝန်ထမ်း ၂၅၀၀၀ ဝန်းကျင်ခန့်ထားရှိမည်ဖြစ်ပြီး စုစုပေါင်းအသုံးစရိတ် ပေါင် ၅၅၃ သန်းခန့်အထိ အသုံးပြုမည်လည်းဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲ လုံခြုံရေး တာဝန်ရှိသူများက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင်ဖြစ်ပွားခဲ့သည့်ဟိုတယ်အပိုင်စီးသောအကြမ်းဖက်မှုမျိုးဖြစ်ပွားမည်ကို စိုးရိမ်နေကြသည်။ယခုလေ့ကျင့်မှု၏အုပ်ချုပ်ရေးမှူးဖြစ်သူ လက်ထောက်ရဲမင်းကြီး ခရစ္စအယ်လီဆင်က "အမှန်အတိုင်းပြောရရင် သိမ်းစ်မြစ်ဆီကနေ စိုးရိမ်စရာကောင်းတဲ့အကြမ်းဖက်မှုတွေဖြစ်လာဖို့ကအခွင့်အလမ်းနည်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့တာဝန်တွေကို အကောင်းဆုံးတာဝန်ကျေအောင်ဆောင်ရွက်သွားမှာပါ။ သိမ်းစ်မြစ်ဟာလန်ဒန်မြို့ရဲ့အသည်းနှလုံးလို့ပြောလို့ရပြီး ဒီနေရာဟာ အိုလံပစ်ပြိုင်ပွဲရဲ့ အထင်ကရနေရာတစ်ခုဖြစ်လာပါလိမ့်မယ်။ ဒီနှစ်နွေရာသီကတော့ လန်ဒန်မြို့အတွက် တခြားနွေရာသီတွေနဲ့မတူဘဲ တစ်မူထူးခြားနေပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။



လန်ဒန်မြို့လယ်မှ ဖြတ်သန်းစီးဆင်းသည့် သိမ်းစ်မြစ်သည် O2 Arena အားကစားကွင်းအနီးမှဖြတ်သန်းစီးဆင်းပြီးယင်းအားကစားကွင်းတွင် လန်ဒန်အိုလံပစ်ပြိုင်ပွဲ၏ ကျွမ်းဘားပြိုင်ပွဲများကိုလက်ခံကျင်းပမည်ဖြစ်သည်။ ထို့ပြင်သိမ်းစ်မြစ်အတွင်းလှေငယ်များဖြင့် ပရိသတ်များနှင့် ခရီးသွားများကိုသယ်ယူပို့ဆောင်မှုများပြုလုပ်မည်လည်းဖြစ်သလို သိမ်းစ်မြစ်ကမ်းပါးသို့လည်း ပရိသတ်များစွာလာရောက်အပန်းဖြေကြလိမ့်မည်ဟု လုံခြုံရေးတာဝန်ရှိသူများက ခန့်မှန်းထားကြသည်။ အိုလံပစ်ပြိုင်ပွဲအတွက် လုံခြုံရေးအစီအစဉ်များတွင် လုံခြုံရေးတပ်သားများနှင့်အတူတိုက်လေယာဉ်များ၊ တိုက်သင်္ဘောနှစ်စီးနှင့်အတူ မြေပြင်မှဝေဟင်ပစ်ဒုံးပျံများလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင်လိုအပ်ပါက ဗြိတိန်တပ်မတော်၏အကူအညီကိုလည်း ရယူသွားမည်ဖြစ်ကြောင်းသိရသည်။

# ငါးနိုင်ငံ ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ဒေသတွင်းနိုင်ငံများမှ ကားမောင်းသမားများ ပါဝင်ယှဉ်ပြိုင်ကြမည့် ငါးနိုင်ငံချစ်ကြည်ရေး ကားမောင်းပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလနောက်ဆုံးပတ်၌ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းကားမောင်းပြိုင်ပွဲကို ရန်ကုန်မြို့ရှိ Top Ruby Land ကားမောင်းကလပ်တွင်ကျင်းပမည် ဖြစ်ပြီးထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများမှ ကားမောင်းသမား ၂၀ ဦးခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အဆိုပါကားမောင်းပြိုင်ပွဲကို ၂၀၀၉ ခုနှစ်ကလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလတွင်း ထိုင်းနိုင်ငံတွင် ထိုင်းခရီးသွားလာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခဲ့သည့် အာဆီယံမိသားစုကားမောင်းပြိုင်ပွဲတွင်အနိုင်ရခဲ့ဖူးကြောင်း သိရှိရသည်။

ရန်ကုန်မြို့ သုဝဏ္ဏရှိ Top Ruby Land ကားမောင်းကလပ်သည် ၂၀၀၉ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြေအကျယ် ၂ ဒသမ ၆၃၂၅ ဟက်တာ ကျယ်ဝန်းကာ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် အသုံးပြုနိုင်ရန်အတွက် ကားမောင်းကွင်းသစ်တစ်ခုကို မန္တလေးမြို့တွင် ဆောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်းလည်း သိရှိရသည်။



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် အမေရိကန်အထက်လွှတ်တော်အမတ်ဂျွန်မက်ကိန်းတို့ တွေ့ဆုံခဲ့ပြီး လွှတ်တော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်လွှတ်တော်သို့ လာရောက်လေ့လာရန်ဖိတ်ကြားခဲ့

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းတို့ ဇန်နဝါရီလ ၂၂ ရက်နေ့က နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံတွင်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

ယင်းကဲ့သို့ တွေ့ဆုံဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်အမေရိကန်လွှတ်တော်သို့လာရောက်လေ့လာရန်ဖိတ်ကြားခဲ့ပြီး လွှတ်တော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ပါက မြန်မာ့လွှတ်တော်၏ အရည်အသွေးပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ လွှတ်တော်အရည်အသွေးများ ပိုမိုကောင်းမွန်လာပါက ဒီမိုကရေစီအရေးဆောင်ရွက်ရာတွင် ထက်ထက်မြက်မြက်စွမ်းဆောင်လာနိုင်မည်ဖြစ်၍လာရောက်လေ့လာရန်ဖိတ်ကြားခဲ့ကြောင်းသိရသည်။

"အခုလာရောက်ဆွေးနွေးတဲ့ ဂျွန်မက်ကိန်းဦးဆောင်တဲ့အဖွဲ့မှာ ဆီနိတ်တာလေးယောက်ပါလာပါတယ်။ နှစ်ယောက်ကတော့ သမတ္တလောင်းတွေဖြစ်ခဲ့ဖူးပါတယ်။ Sanctionsကိစ္စတွေကိုလည်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ဖို့ တစ်ဆင့်ချင်းတိုးတက်အောင်ဆောင်ရွက်ပေးသွားမယ်။ သံတမန်အဆင့်တိုးမြှင့်မှာလည်း သေချာပါတယ်။ သူတို့ကလည်းအဆင့်လိုက်အဆင့်လိုက်ဆောင်ရွက်နေတာဆိုတော့ ရက်အတိအကျမပြောသေးပါဘူး"ဟုပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားခဲ့သည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့် အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းတို့တွေ့ဆုံကြစဉ်

ဆက်လက်ပြီးဂျွန်မက်ကိန်းကလည်း"ဒီမိုကရေစီအမှန်တကယ်ရရှိဖို့အစွမ်းအထက်ဆုံးလက်နက်ကလွှတ်တော်ပါပဲ။ လွှတ်တော်မကောင်းရင်ဒီမိုကရေစီမဖြစ်ပါဘူး။ နောက်ပြီး လွှတ်တော်ကနိုင်ငံရဲ့ဘတ်ဂျက်တွေကို သေသေချာချာစိစစ်မပေးနိုင်ရင်အဆင်မပြေဘူး။ အဲဒါကိုသေသေချာချာတိတိကျကျစိစစ်ပေးနိုင်ရမယ်။ အရေးကြီးဆုံးနောက်တစ်ခုကတော့ ရေးရာကော်မတီတွေအလုပ်မဖြစ်လို့ မဖြစ်ဘူး။ အဲဒီရေးရာ ကော်မတီတွေအသက်ဝင်မှဒီမိုကရေစီစစ်ကိုရောက်မယ်"ဟုအကြံပြု ဆွေးနွေးခဲ့သည်။

လွှတ်တော်အနေဖြင့် နိုင်ငံတိုးတက်ရန်အတွက်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်အထက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံရာမှာလည်း တိုင်းရင်းသားကိုယ်စားလှယ်တွေရှေ့မှာပဲပွင့်ပွင့်လင်းလင်းဆွေးနွေးကြောင်း၊ လျှို့ဝှက်စရာမရှိကြောင်း၊ နိုင်ငံ့အကျိုးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ပြောကြားချက်များအရ သိရပါသည်။

# ကြားဖြတ်ရွေးကောက်ပွဲသာ လွတ်လပ်ပြီးတရားမျှတပါက အရေးယူပိတ်ဆို့မှုများရုပ်သိမ်းရန်အမေရိကန်အသင့်ရှိ

လွတ်လပ်ပြီးတရားမျှတ သည့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးရေးအပါအဝင် မြန်မာအရပ်သားအစိုးရကသာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်ပါကအမေရိကန်ပြည်ထောင်စုအနေဖြင့် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန်အသင့်ရှိကြောင်း အမေရိကန်အထက်လွှတ်တော်အမတ်များက မြန်မာနိုင်ငံသို့မလာရောက်မီ ဘန်ကောက်မြို့တွင်ရောက်ရှိစဉ်ပြောကြားခဲ့သည်။

ဂျွန်မက်ကိန်း၊ ဂျိုးဆက်ဖ်လီဗာမင်းန်တို့ဦးဆောင်သော ဝါရင့်အမေရိကန်အထက်လွှတ်တော်အမတ်များသည် မြန်မာနိုင်ငံသို့မလာရောက်မီ ဒီဇင်ဘာလ ၂၁ ရက်နေ့က ထိုင်းနိုင်ငံတွင်ရှိနေစဉ်သတင်းထောက်များကိုပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော့်စိတ်ထဲမှာသံသယမရှိတာက လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲသာဖြစ်ရင် အရေးယူပိတ်ဆို့မှုတွေအဆုံးသတ်ဖို့ ကမ္ဘာပေါ်ကဘယ်တိုင်းပြည်နဲ့မဆို ပူးပေါင်းဆောင်ရွက်ဖို့အသင့်ပါပဲ" ဟု မက်ကိန်းက ပြောကြားခဲ့သည်။

*Ref;VOA*

# အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းနှင့် အထက်လွှတ်တော်အမတ်လေးဦး ရန်ကုန်မြို့ အမေရိကန်စင်တာ၌သတင်းစာရှင်းလင်းပွဲပြုလုပ် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းရန် မည်မျှအချိန်ယူရမည်ဆိုသည်ကို ခန့်မှန်းရခက်ကြောင်း ဂျွန်မက်ကိန်း ပြောကြား

မြန်မာနိုင်ငံသို့ ဇန်နဝါရီလ ၂၂ ရက်နေ့ကရောက်ရှိလာခဲ့သည့်အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း အပါအဝင် အထက်လွှတ်တော်အမတ်လေးဦးသည်ရန်ကုန်မြို့ရှိအမေရိကန်စင်တာ၌သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို အဆိုပါနေ့ ညနေ ၆နာရီ ၁၅မိနစ်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင်အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း၊ ဂျိုးလီဘာမင်၊ ရှယ်လ်ဒန်ဝှိုက်ဟောက်စ်၊ ကယ်လီအာယိုတီတို့က မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုက ပိတ်ဆို့အရေးယူထားမှု၊မြန်မာနိုင်ငံတွင်း ဒီမိုကရေစီလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံဆက်ဆံရေး၊ ဧပြီလ ၁ ရက်နေ့တွင်ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံတွင်းဖြစ်ပွားနေသည့် တိုင်းရင်းသားလူမျိုးများနှင့် ပဋိပက္ခအရေး၊ အကျဉ်းထောင်များတွင် ကျန်ရှိနေသည့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများလွှတ်ပေးရေး၊ တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ရေးသားဖြန့်ဝေခွင့်၊ လွတ်လပ်စွာစုဝေးခွင့် စသည့်အကြောင်းအရာများကို တစ်ဦးချင်းစီပြောကြားခဲ့သည်။



အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက"အရေးယူပိတ်ဆို့မှုတွေ ရုပ်သိမ်းဖို့အတွက် ဘယ်လောက်အချိန်ယူရမယ် ဆိုတာခန့်မှန်းရခက်ပါတယ်။ဒါက တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုတွေနဲ့ တိုက်ရိုက်သက် ဆိုင်နေလို့ပါ။ ပထမဦးဆုံးအဓိကခြေလှမ်းကတော့ ဧပြီလမှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲတွေပါ" ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည့်အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း၊ ဂျိုးလီ ဘာမင်၊ ရှယ်လ်ဒန်ဝှိုက်ဟောက်စ်၊ ကယ်လီအာယိုတီတို့သည် နေပြည်တော်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ရန်ကုန်မြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့နှင့်လည်း ဇန်နဝါရီလ ၂၂ ရက်နေ့က သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးကိစ္စရပ်များ၊ လာမည့် ကြားဖြတ်ရွေးကောက်ပွဲများတွင် လေ့လာသူများ ခွင့်ပြုရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

မြန်မာ့ဒီမိုကရေစီရေးကို အစဉ်တစ်စိုက်အားပေးထောက်ခံသူတစ်ဦးဖြစ်သည့် အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် ၂၀၀၈ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အိုဘားမားနှင့် ယှဉ်ပြိုင်ခဲ့သူဖြစ်ပြီး အမေရိကန်ပြည်ထောင်စု ရီပတ်ဘလီကန်ပါတီ၏အထက်လွှတ်တော်အမတ်တစ်ဦးလည်းဖြစ်သည်။

အမေရိကန်သမ္မတ အိုဘားမားလက်ထက်တွင် အမေရိကန်သည် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ၎င်းတို့၏ မူဝါဒကို ပြောင်းလဲခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံဆွေးနွေးသွားမည့်လမ်းစဉ်ကို ကျင့်သုံးလာခဲ့သည်။ အမေရိကန်-မြန်မာ သံတမန်ဆက်ဆံရေးသည် ၁၉၄၇ ခုနှစ်ကတည်းက စတင်ခဲ့သည်။

# အရေးပါသော တောင်ကာရိုလိုင်းနားအကြိုရွေးကောက်ပွဲတွင် နယူတန်ဂင်းဂရစ်ချ်အနိုင်ရ

အရေးပါသော တောင်ကာရိုလိုင်းနားပြည်နယ် ရီပတ်ဘလီကန်သမ္မတလောင်းအကြိုရွေးကောက်ပွဲတွင် အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း နယူတန်ဂင်းဂရစ်ချ်က အံ့အားသင့်ဖွယ် အနိုင်ရသွားခဲ့ကြောင်း သိရသည်။


ဇန်နဝါရီလ ၂၁ ရက်နေ့က နယူတန်ဂင်းဂရစ်ချ်နှင့် ဇနီးဖြစ်သူ ကယ်လစ္စတာ ဂင်းဂရစ်ချ်တို့ အောင်ပွဲခံနေကြစဉ်

ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပသည့် အကြိုရွေးကောက်ပွဲတွင် ရေပန်းစားနေသည့် မက်ဆာချူးဆက်ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း မစ်ရွမ်နေကို ဂင်းဂရစ်ချ် က အပြတ်အသတ်အသာရခဲ့ခြင်းဖြစ်သည်။

၂၀၁၂ အမေရိကန်သမ္မတ ရွေးကောက်ပွဲ တွင် ဒီမိုကရက်တစ်ပါတီဘက်မှ လက်ရှိသမ္မတ ဘာရက်အိုဘားမားနှင့် ယှဉ်ပြိုင်မည့် ရီပတ်ဘလီကန် သမ္မတလောင်းကို ရွေးချယ်ရန် အကြိုရွေးကောက်ပွဲများကို ပြည်နယ်အသီးသီးတွင် ကျင်းပနေခြင်းဖြစ်ပြီး တောင်ကာရိုလိုင်းနားမှာ တတိယမြောက်ပြည်နယ်ဖြစ်သည်။

ကျင်းပခဲ့သော အိုင်အိုဝါနှင့် နယူးဟမ်ရှိုင်းယားအကြိုရွေးကောက်ပွဲများတွင် စတုတ္ထနေရာ၌သာရပ်တည်ခဲ့သော ဂင်းဂရစ်ချ်သည် ပြိုင်ပွဲမှ ထွက်ရတော့မည်ဟု လေ့လာသူအများစုကမှတ်ယူထားခဲ့ကြသော်လည်း တစ်ကျော့ပြန်လာနိုင်ခဲ့ခြင်းဖြစ်သည်။

မဲ ၉၅ ရာခိုင်နှုန်းရေတွက်ပြီးချိန်တွင် ဂင်းဂရစ်ချ်က မဲ ၄၀ ရာခိုင်နှုန်းရခဲ့ပြီး ရွမ်နေက ၂၇ ရာခိုင်နှုန်း၊ အထက်လွှတ်တော်အမတ်ဟောင်း ရစ်ဆန်တိုရမ်က ၁၇ ရာခိုင်နှုန်း၊ တက္ကဆက်အောက်လွှတ်တော်အမတ် ရွန်ပေါလ်က ၁၃ ရာခိုင်နှုန်းရရှိခဲ့သည်ဟု မဲရုံအထွက်စစ်တမ်းကောက်ယူမှုများက ဖော်ပြသည်။

ဂင်းဂရစ်ချ်သည် တောင်ကာရိုလိုင်းနားတွင် ပြုလုပ်ခဲ့သော သမ္မတလောင်းများ၏စကားစစ်ထိုးပွဲနှစ်ခုတွင် သိသိသာသာ အသာရခဲ့သောကြောင့် ရုတ်ချည်းထောက်ခံမှုမြင့်သွားကာ အနိုင်ရသွားခြင်းဖြစ်သည်။

ရီပတ်ဘလီကန်ပါတီသမိုင်းတစ်လျှောက်တွင် အစောဆုံးအကြိုရွေးကောက်ပွဲသုံးခု၌ မတူညီသော သမ္မတလောင်းသုံးဦး (အိုင်အိုဝါတွင် ဆန်တိုရမ်၊နယူးဟမ်ရှိုင်းယားတွင် ရွမ်နေ၊တောင်ကာရိုလိုင်းနားတွင် ဂင်းဂရစ်ချ်) အနိုင်ရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် တောင်ကာရိုလိုင်းနားတွင် နိုင်သောသူသည် ရီပတ်ဘလီကန်သမ္မတလောင်းဖြစ်လေ့ရှိသည်။မစ်ရွမ်နေ၏ သိသိသာသာ ဦးဆောင် နေမှုကိုချေဖျက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။စတုတ္ထပြည်နယ်အဖြစ် ဖလော်ရီဒါတွင် ဇန်နဝါရီလ ၃၁ ရက်နေ့၌အကြိုရွေးကောက် ပွဲကျင်းပမည်ဖြစ်သည်။ *Ref;CNN*


ရစ်ဆန်တိုရမ်


မစ်ရွမ်နေ

# နဂါးနှစ်တွင်စိန်ခေါ်မှုကြီးများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း တရုတ်ဝန်ကြီးချုပ်ပြောကြား

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ဇန်နဝါရီလ ၂၁ ရက်နေ့က ပြုလုပ်ခဲ့သော အစည်းအဝေးတစ်ခု၌"တရုတ်တို့၏ရာသီတစ်ဆယ့်နှစ်ခုအနက်အရေးကြီးဆုံးနှင့် အလေးအနက်အထားဆုံးနဂါးနှစ်တွင် စိန်ခေါ်မှုကြီးများကို ရင်ဆိုင်ရလိမ့်မည်" ဟု ပြောကြားခဲ့ပါသည်။

ဝန်ကြီးချုပ်ဝမ်သည် နိုင်ငံ၏စီးပွားရေးအား ချမ်းသာကြွယ်ဝမှုဝေမျှခြင်းဖြင့်တိုးတက်စေရမည်ဟုလည်း ကတိပေးထားသည်။ ဝန်ကြီးချုပ်ဝမ်က ယခုအချိန်၌ နိုင်ငံတကာစီးပွားရေးသည် ရှုပ်ထွေးတင်းကျပ် သောအခြေအနေဖြစ်၍ တရုတ်တို့သည် ဆယ့် နှစ်ကြိမ်မြောက်ငါးနှစ်တာစီမံကိန်းတွင် ကောင်းသောစတင်မှုဖြင့်စတင်ရန်လိုကြောင်း ပြောကြားခဲ့သည်။

သမ္မတဟူကျင်တောင်သည် ပါတီခေါင်းဆောင်ဒုတိယသက်တမ်းယခုနှစ်တွင်ကုန်ဆုံးမည်ဖြစ်ပြီး ဆက်ခံသူတစ်ဦးကို လွှဲပေးရမည်ဖြစ်ကာ ဒုတိယသမ္မတ ရှီကျင်ပင်းက ဆက်ခံဖွယ်ရှိနေသည်။ ပါတီခေါင်းဆောင်သစ်ဖြစ်လာမည့်သူသည်ဟူ၏သမ္မတနေရာကိုလည်း ၂၀၁၃ ခုနှစ် မတ်လတွင် လွှဲယူရမည်ဖြစ်ကာ ဝမ်ကျားပေါင်ဦးဆောင်သောအစိုးရအဖွဲ့သည်လည်း ရာထူးမှအနားယူကြမည်ဖြစ်သည်။ *Ref;AFP*

# အီဂျစ်ရွေးကောက်ပွဲများတွင်အစ္စလာမစ်များ အနိုင်ရရှိကြောင်းနောက်ဆုံးရလဒ်များကအတည်ပြု

အီဂျစ်၏သမိုင်းဝင် အစ္စလာမစ်နိုင်ငံရေးပါတီသည် တော်လှန်ရေးလွန်ကာလ ပထမဆုံးပါလီမန်တွင် အပြတ်အသတ်သာလွန်သောပမာဏဖြင့် အမတ်နေရာအများဆုံးကိုရရှိခဲ့ကြောင်း နောက်ဆုံးရလဒ်များက ဇန်နဝါရီလ ၂၁ ရက်နေ့တွင် အတည်ပြုခဲ့ရာ အခြေခံဥပဒေသစ်တစ်ခု၏မူကြမ်းကို ရေးဆွဲရာတွင် လွှမ်းမိုးနိုင်သည့်ကဏ္ဍမှပါဝင်နိုင်တော့မည်ဖြစ်သည်။

Muslim Brotherhood ၏ Freedom and Justice Party သည် အောက်လွှတ်တော်တွင်အမတ်ဦးရေ ၄၇ရာခိုင်နှုန်းရရှိခဲ့ပြီးပြင်းထန်သည့် ကွန်ဆာဗေးတစ် Salafist Nour Party ကအမတ်နေရာ ၂၅ ရာခိုင်နှုန်းရရှိခဲ့သည်။ Muslim Brotherhood သည်သမ္မတဟောင်းမူဘာရက် လက်ထက်က ပိတ်ပင်ခံခဲ့ရသော်လည်း လွန်ခဲ့သည့်နှစ်ကဖြစ်ပေါ်ခဲ့သည့်လူထုအုံကြွမှုဖြစ်ပေါ်ပြီးနောက်ပိုင်း နိုင်ငံရေးမျက်နှာစာတွင် အဓိကကျသော အင်အားစုကြီးတစ်ခုအဖြစ် ထွက်ပေါ်လာခဲ့သည်။ နိုင်ငံရေးအဖွဲ့အစည်းအားလုံးပါလီမန်၌ အရေးပါသော အခန်းကဏ္ဍတွင်ရှိမည်ဖြစ်ကြောင်း Freedom and Justice Party က ပြောကြားခဲ့သည်။ အခြေခံဥပဒေသစ်ရေးဆွဲရန်အဖွဲ့တစ်ဖွဲ့ကိုပါလီမန်ကခန့်အပ်ရမည်ဖြစ်သည်။

Freedom and Justice Party မှအတွင်းရေးမှူးချုပ် မိုဟာမက်ဆာအက်ကာတတ်နီသည် ပါလီမန်ဥက္ကဋ္ဌရာထူးကရယူရန် ပါတီရာထူးမှနုတ်ထွက်ခဲ့ သည်။

နိုင်ငံ၏အာဏာရဗိုလ်ချုပ်ကြီးများကအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် လွှမ်းမိုးလိုသည့်ဆန္ဒရှိကြောင်း ရှင်းရှင်းလင်းလင်းပြောကြားထားသော်လည်း ဥပဒေပြုရေးအာဏာကိုအပြည့်အဝရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း ပါလီမန်အမတ်များက ပြောကြားခဲ့သည်။

အီဂျစ်သည်ရှုပ်ထွေးသည့်မဲပေးမှုစနစ်ကိုကျင့်သုံးခဲ့ပြီး မဲဆန္ဒရှင်များသည်သီတင်းပတ်ခြောက်ပတ်ခန့်အတွင်းအဆင့်သုံးဆင့်ခွဲ၍မဲပေးခဲ့ရသည်ဟုသိရသည်။

Ref:Washington Post

# သမ္မတဆာလက်ဟ်တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် ဥပဒေ ယီမင်ပါလီမန်အတည်ပြု

သမ္မတဆာလက်ဟ်အားတရားစွဲဆိုခံရခြင်းမှ လုံးဝကင်းလွတ်မှုကိုသေချာစေသည့်အငြင်းပွားဖွယ်ဥပဒေတစ်ရပ်အားယီမင်ပါလီမန်က ဇန်နဝါရီလ ၂၁ ရက်နေ့ကအတည်ပြုပေးခဲ့သည်။


ဇန်နဝါရီလ ၂၁ ရက်နေ့က ဆာလက်ဟ်ကို တရားစွဲဆိုမှုကင်းလွတ်ခွင့်ပြုသည့် ဥပဒေအတည်ပြုရေး လွှတ်တော်တွင် လက်ထောင်မဲခွဲဆုံးဖြတ်နေစဉ်

ဆာလက်ဟ်က ၎င်း၏လက်ထောက်များကို အရေးယူခံရခြင်းမှ တစ်စိတ်တစ်ပိုင်း အကာအကွယ်ပေးရန်အတွက်တိကျသောအပြောင်းအလဲများပြုလုပ်ရန် တောင်းဆိုနေသဖြင့် ဥပဒေအတည်ပြုရေးမှာ သီတင်းပတ်များစွာနှောင့်နှေးခဲ့သည်။

တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ပြုသည့်အတွက် အပြန်အလှန်အနေဖြင့် နိုင်ငံကို ၃၃ နှစ်ကျော်အုပ်ချုပ်ခဲ့သောဆာလက်ဟ်သည် လာမည့်လတွင် ရာထူးမှဆင်းပေးရမည်ဖြစ်သည်။

ဆာလက်ဟ်အား တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုသည့်ဥပဒေသည် နိုင်ငံအတွက်အကောင်းဆုံးရွေးချယ်မှုဖြစ်ပြီး ယခုအခါပြည်သူများအနေဖြင့် ပြောင်းလဲမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကိုမျှော်ကြည့်နိုင်ပြီဖြစ်ကြောင်း ယီမင် ပြန်ကြားရေးဝန်ကြီး အလီအယ်လ်အမ်မရာနီက ပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် နိုင်ငံကိုသမ္မတသစ်တစ်ဦးက ဦးဆောင်တော့မည်ဟုလည်း၎င်းကပြောကြားခဲ့သည်။ ဥပဒေအတည်ပြုခဲ့သည့်အပြင်ဒုတိယသမ္မတအက်ဘဒူရာဘူဟာဒီအားသမ္မတရာထူးအတွက် အမည်စာရင်းတင်သွင်းထားခြင်းကိုလည်း ပါလီမန်ကလက်ခံခဲ့သည်။

တရားစွဲဆိုမှု ကင်းလွတ်ခွင့်ပြုသည့်ဥပဒေသည် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ အာဏာလွှဲပြောင်းရေး သဘောတူညီချက်တွင်အဓိကကျသည့်အချက်တစ်ခုဖြစ်သည်။

အာဏာလွှဲပြောင်းရေးသဘောတူညီချက်ကို ယီမင်ရှိအတိုက်အခံပါတီများကလက်ခံကြိုဆိုခဲ့သော်လည်း လူငယ်ဆန္ဒပြသူများနှင့် နိုင်ငံတကာအခွင့်အရေးအုပ်စုများကမူနိုင်ငံတကာဥပဒေကိုချိုးဖောက်ခြင်းဖြစ်ကြောင်း ပြောကြားလျက်ရှိသည်။ ဇန်နဝါရီလ ၂၁ရက်နေ့ကပြည်နယ် ၁၃ ခုတွင်ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။

*Ref:CNN*